ဂု ရက် သတင်းဂျာနယ်
7 DAY NEWS
JOURNAL
http://www.7daynewsjournal.com




အတွဲ(၉)၊ အမှတ်(၄၉) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ၊ ကြာသပတေး၊ (မတ် ၁ ၊ ၂၀၁၂)

# အစိုးရသစ်၏ပထမဆုံးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃

**အစိုးရသစ်တာဝန်ယူမည့်ပထမဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေခွဲဝေချထားပေးသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (ဘတ်ဂျက်) ကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်လိုက်သည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်-၉/ ၂၀၁၁ဖြင့် ဇန်နဝါရီ ၂၇ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေကို ဖေဖော်ဝါရီ၁ရက်တွင် ထုတ်ပြန်သော နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြထားသည်။ "အစိုးရသစ်အတွက် ဘတ်ဂျက်ထုတ်ပြန်ပေးလိုက်တာကြားလည်းကြားရတယ်။ ပြန်တမ်းမှာတွေ့ရတယ်။ နှစ်ပေါင်းအနည်းငယ်အတွင်းမှာ ဘတ်ဂျက်ကို လူထုအနေနဲ့ ပထမဆုံး မြင်ရသိခွင့်ရတာပါပဲ။ ဒီမိုကရေစီအလေ့အကျင့်တွေက ဒီလိုပဲစရတာလို့ထင်တယ်။

စာ(၁၂)သို့

တောရိုင်းတိရစ္ဆာန် အရေးယူမှု

## ဆင်စွယ်ထွက်ပစ္စည်း ရောင်းဝယ်နေမှုများကို အရေးယူတော့မည်

အေးမြကျော်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၇


ရှားပါးမျိုးစိတ်စာရင်းဝင်ဆင်၏အစိတ်အပိုင်းဖြစ်သောဆင်စွယ်ဖြင့် လက်မှုအနုပညာပစ္စည်းများ၊ ပန်းပုရုပ်ထုများ ထုလုပ်ရောင်းချနေသည်ကိုတွေ့ရှိနေသည့်အတွက် မကြာမီ ဆင်စွယ်တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုများကို ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိလက်မှုပစ္စည်းရောင်းဝယ်ဖောက်ကားသောဆိုင်များ၊ ပန်းပုဆိုင်များတွင် ဆင်စွယ်ကိုထုလုပ်ရောင်းချနေမှုများကိုတွေ့ရှိရသဖြင့် ကွင်းဆင်းစစ်ဆေးကာ အရေးယူခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၂)သို့

## မလေးရှားသံရုံးကဗီဇာထုတ်ပေးမှုကန့်သတ်

သတင်း စာ(၆)သို့



မလေးရှားသံရုံးရှေ့တွင် ဗီဇာနှင့်သက်ဆိုင်သည့်သတင်းနှင့်ကြေညာချက်များကို စိတ်ဝင်တစား ဖတ်ရှုနေသူများ။
ဓာတ်ပုံ - အောင်သူရ

ပြည်ပပို့ကုန် ဆန်

## ပြည်ပသို့ ဆန်တင်ပို့မှု ယာယီရပ်ဆိုင်း

အားမာန်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၈

ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်နေစေရန် ပြည်ပဆန်တင်ပို့မှုကို ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယာယီရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများကပြောသည်။

သက်ဆိုင်ရာက ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်စေရန် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ပြည်ပဆန်တင်ပို့မှုကို ရပ်ဆိုင်းထားရန် ဆန်ပို့ကုန်လုပ်ငန်းရှင်များအားလုံးကို အသိပေးခဲ့ခြင်းဖြစ်ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။

ဆန်ပြည်ပတင်ပို့မှုရပ်ဆိုင်းခြင်းမှာ ခေတ္တသာဖြစ်နိုင်ပြီး နွေစပါးများ ထွက်လာချိန်တွင် ပြန်လည်ခွင့်ပြုဖွယ်ရာရှိကြောင်း ပြည်ပတင်ပို့သော ဆန်လုပ်ငန်းရှင်အချို့ကပြောသည်။

လက်ရှိပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိသည်။ သို့သော် ပြည်ပဆန်တင်ပို့မှုကိုယာယီရပ်ဆိုင်းပြီး

စာ(၁၂)သို့

## ရန်ကုန်မြို့တွင် ဗုံးပေါက်ကွဲ၍ လူရှစ်ဦး ဒဏ်ရာရ

သန်းဌေး

သတင်းအပြည့်အစုံ(၂၉) သို့



ပုဂ္ဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်တွင် စက်သုံးဆီရောင်းချနေစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စက်သုံးဆီဈေးနှုန်းများ ၂နှစ်ကျော်အတွင်း အမြင့်ဆုံးရောက်


အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄

အီရန်နှင့် လစ်ဗျားအစရှိသော အရှေ့အလယ်ပိုင်းနိုင်ငံများတွင် နိုင်ငံရေးမငြိမ်မသက်ဖြစ်ပွားမှုများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာပြီး ပြည်တွင်း ဒီဇယ်၊ဓာတ်ဆီဈေးနှုန်းမှာ ၂နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးရောက်ရှိလာကြောင်း သတင်းရရှိသည်။

"ဖေဖော်ဝါရီလဆန်းထိ ဒီဇယ်တစ်ပီပါကို တစ်သိန်းငါးသောင်းရှိနေတာကနေ တစ်ပတ်အတွင်း တဖြည်းဖြည်း တက်လာတာ၊ ဖေဖော်ဝါရီ ၂၂ရက်မှာ တစ်ပီပါကို ကျပ်တစ်သိန်းရှစ်သောင်းကျပ်ဖြစ်သွားပြီ"ဟု ဒီဇယ်ရောင်းချသူတစ်ဦးကဆိုသည်။

စာ(၂၈)သို့



7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# လာမည့်နွေတွင် သောက်သုံးရေအတွက် စိတ်ပူစရာမလိုတော့ဟု မြို့တော်ဝန်ပြောကြား

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၇**

လှော်ကားရေလှောင်ကန်အတွင်းသို့ တစ်နေ့လျှင် ရေဂါလန်သန်း ၄၀ ဖြည့်သွင်းနိုင်မည့် အောင်တံခွန်ရေပေးဝေရေးစီမံကိန်း ပြီးစီးသွားပြီဖြစ်ရာ လာမည့်နွေရာသီအတွက်ရန်ကုန်မြို့နေလူထု သောက်သုံးရေရရှိရေးအတွက် တွေးပူစရာမလိုတော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကပြောသည်။

ကျပ်သိန်းပေါင်း တစ်သောင်းကျော် ကုန်ကျခံတည်ဆောက်ခဲ့သည့် အောင်တံခွန်ရေပေးဝေရေးစခန်းကို မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးပေါ်တွင် ယနေ့စတင်ဖွင့်လှစ်ရာ အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် အထက်ပါပုဂ္ဂိုလ်ကပြောခဲ့သည်။

"လက်ရှိရန်ကုန်မြို့ရဲ့ လူဦးရေနဲ့ နောင်တိုးလာမယ့် လူဦးရေကို ချိန်ဆပြီး ဒီစီမံကိန်းကိုလုပ်တာ။ အခုဆိုရင် တစ်နေ့ကို ရေဂါလန် ၁၅ သန်းလောက်ပိုပေးလာနိုင်တော့မယ်။ ရန်ကုန်မြို့ထဲကို ရေဖောဖောသီသီပေးနိုင်ပြီ။ ရေနဲ့ပတ်သက်ပြီး ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် တွေးပူစရာမလိုတော့ဘူး"ဟု ရန်ကုန်မြို့၏လက်ရှိမြို့တော်ဝန်ဦးအောင်သိန်းလင်းကပြောသည်။

ရန်ကုန်မြို့နေလူထုသို့ နေ့စဉ် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသည့် ဂျိုးဖြူ ဖူးကြီး၊ လှော်ကားနှင့် ငမိုးရိပ်လှောင်ကန်များအနက် လှော်ကားရေလှောင်ကန်သည် နေ့စဉ်ရေပေးဝေမှုပမာဏ၏ ၄၃ရာခိုင်နှုန်း ပေးဝေရသောကြောင့် ရေလှောင်ပမာဏ ပိုမိုရရှိစေရန်အတွက် တစ်နေ့လျှင် ရေဂါလန်သန်း၄၀ ဖြည့်သွင်းနိုင်ရန် အောင်တံခွန်ရေပေးဝေရေး စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်းသိရသည်။

"ရန်ကုန်မြို့ထဲကို ရေဖောဖောသီသီပေးနိုင်ပြီး ကျွန်တော်တို့မှာ သဘာဝသယံဇာတတွေရှိတယ်။ ဒါကိုစိတ်စေတနာကောင်းကောင်းနဲ့ အသုံးချမယ်ဆိုရင် ပြည်သူတွေရဲ့နေ့စဉ်လိုအပ်ချက်တွေကို ဖြည့်နိုင်မယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက် ပြောသည်။

အောင်တံခွန်ရေပေးဝေရေးစီမံကိန်းသည် မင်္ဂလာဒုံမြို့နယ်၊ တံခွန်တိုင်ရွာအနီးရှိ ဘားလားချောင်းမှ သဘာဝရေအရင်းအမြစ်ကို အသုံးပြုထားခြင်းဖြစ်ရာ အကုန်အကျသက်သာသော စီမံကိန်းတစ်ခုဖြစ်ပြီး အဆိုပါစီမံကိန်းကို နှစ်လတာအတွင်း ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင် ကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လူဦးရေ ခြောက်သန်းကျော်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ရန်ကုန်မြို့အတွက် တစ်ရက်လျှင် ရေဂါလန်သန်းပေါင်း ၁၆၀ ပေးဝေလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်မှုနှင့် အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ၂၀၁၀ နွေရာသီတွင် ရန်ကုန်မြို့၌ ရေပေးဝေနိုင်မှုလျော့ကျခဲ့၍ မြို့ခံအချို့ရေအခက်အခဲနှင့်ကြုံတွေ့ခဲ့ရသည်။



ဓာတ်ပုံ - မြတ်စုမွန်

ပြည်သူလူထုထံမှ ရေနှင့်ပတ်သက်သောအဆင်မပြေမှုများကို ဆက်သွယ်တိုင်ကြားလာပါက ချက်ချင်းပြန်လည်ဖြေရှင်းပေးရန်နှင့် ပြန်လည်သတင်းပို့ရန် ညွှန်ကြားချက်များထုတ်ထားကြောင်း ရေနှင့်သန့်ရှင်းရေးဌာနမှဌာနမှူး ဦးသန်းထိုက်ကပြောကြားသည်။

"အိမ်မှာ ရေမလာဘူးဆို ရင် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးတွေကိုဖုန်းနဲ့ဆက်သွယ် အကြောင်းကြားပါ။ ရေမလာဘူးဆိုတာက တစ်ခါတစ်လေမှာ ပိုက်မှာ လေခိုနေတာ၊ မော်တာပျက်နေတာမျိုးတွေဖြစ်နိုင်ပါတယ်။ ဒါကို အကြောင်းကြားရင် ဖြေရှင်းပေးနိုင်ပါတယ်။ လိုအပ်တဲ့ အကြံဉာဏ်လည်း ပေးနိုင်တယ်။ ပြည်သူလူထုဆီက ကွန်ပလိန်းတက်လာရင် ချက်ချင်းဆောင်ရွက်ဖို့ အုပ်စုတွေခွဲပြီး တာဝန်ယူထားကြတယ်"ဟု ဦးသန်းထိုက်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့နေလူထုသို့ ဂျိုးဖြူ ဖူးကြီး၊ လှော်ကားနှင့် ငမိုးရိပ်ရေလှောင်ကန်များအပြင် အဝီစိတွင်းစုစုပေါင်း ၆၁၂ တွင်းမှလည်းသောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့ရဲ့ လူဦးရေ ၆၀ ရာခိုင်နှုန်းလောက်အထိကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သောက်သုံးရေသန့်ဖြန့်ဝေဖို့ဆိုတဲ့ ရည်မှန်းချက်ထားပြီးလုပ်ဆောင်နေပါတယ်"ဟု အထက်ပါဌာနမှူးက ဆက်လက်ပြောသည်။

မြို့တော်စည်ပင်က ဖြန့်ဝေပေးလျက်ရှိသော သောက်သုံးရေသန့်ရှင်းမှုကို မြို့တော်စည်ပင်ကျန်းမာရေးဌာနတွင် တစ်ပတ်လျှင် ၁ ကြိမ်စစ်ဆေးခံလျက်ရှိကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

# နေပြည်တော်တွင် ဒုတိယအကြိမ်ကျင်းပမည့် ကျောက်မျက်ပြပွဲ ကျောက်စိမ်းတွဲများ ပိုမိုပါဝင်ပြသမည်

**စိုင်းသာအောင်၊ မင်းဒင်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၆**

နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျောက်စိမ်း အတွဲပေါင်းတစ်သောင်းရှစ်ထောင်ကျော်သည်အထိပြသရန် လျှောက်ထားခဲ့ကြရာ ယခင်ပြပွဲထက် နှစ်ဆကျော်မြင့်မားနေကြောင်းကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မတ်လ ၁၀ ရက်တွင်ကျင်းပမည့် ပြပွဲ၌ ပြသရန် ကျောက်စိမ်းအတွဲများ များပြားလာခြင်းသည် ပြီးခဲ့သည့် ပြပွဲတွင် ဈေးနှုန်းရရှိခဲ့မှု ရလဒ်ကောင်းများကြောင့် ဖြစ်နိုင်ကြောင်း ၎င်း၏ အမြင်အား ဆက်လက်ပြောကြားသည်။

ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ကျောက်စိမ်း မှော်များအထိ သွားရောက်စုဆောင်းကာ ယခုပြပွဲတွင် ပြသရောင်းချနိုင်ရန် ကြိုးစားထားကြကြောင်း ဖားကန့်ဒေသအထိသွားရောက်ကာ ကျောက်မျက်အရိုင်းများ ဝယ်ယူခဲ့သူတစ်ဦးက ပြောသည်။

"ဒီပြပွဲအတွက် ကြိုတင် ပြင်ဆင်ခဲ့ရတာ။ အရောင်တင်တာ၊ ခေါင်းတာ၊ ဖြတ်တာတွေ စိတ်ကြိုက်ပြင်ဆင်တယ်။ ပြည်တွင်းဝယ်လက်ရော၊ ပြည်ပဝယ်လက်ပါ ဈေးကောင်းပေးဝယ်ကြမှာပါ" ဟု ပြပွဲတင်ထားတဲ့ ကျောက်မျက်များအတွက် ဈေးကောင်းရရန်မျှော်လင့်နေသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ - စိုင်းသာအောင်

**ပြပွဲအတွက် နေပြည်တော်သို့ရောက်ရှိလာသော ကျောက်စိမ်းတုံးများ။**

ကျောက်မျက်ပြပွဲအတွင်း လေလံဈေးနှုန်းနှင့် ကျောက်မျက်ရရှိမှုများသည် မန္တလေးကျောက်စိမ်းဈေးကွက်ချောထည် လုပ်ငန်းများအပြင် ကားအိမ်ခြံမြေစသည့် ဈေးကွက်များပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

"ကိုယ်တင်လိုက်တဲ့အတွဲတွေက လေလံအောင်နိုင်ခြေများတာပဲတင်တယ်။ ဘာလို့လဲဆိုတော့ သယ်ယူစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်စတဲ့ စရိတ်တွေရှိတယ်။ တကယ်လို့ ကိုယ်တင်တဲ့အတွဲ လေလံမအောင်ရင်စရိတ်ရှုံးတယ်။ ဒါကြောင့်လေလံအောင်နိုင်ခြေများတဲ့ အတွဲတွေပဲတင်ဖြစ်တာပါ"ဟု ခါးပိုင်းခေါ်သည့် အလတ်တန်းစားကျောက်မျက်များ ကိုင်တွယ်လုပ်ကိုင်သူတစ်ဦးက ဆုံးဖြတ်လုပ်ကိုင်ရပုံကိုပြောသည်။

ယခုကျောက်မျက်ပြပွဲတွင် လူဝင်ရောက်မှုများပြားမည်ဟု မျှော်လင့်ကြောင်းနှင့် ပြပွဲအတွင်းဝင်ရောက်ခွင့်ကတ်ပြုလုပ်စရိတ်တက်မည်ဟုသိထားရကြောင်း နေပြည်တော်တွင် ရောက်ရှိနေသူကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုအခါ ကျောက်စိမ်းမှော်များမှ ကျောက်စိမ်းများ နေပြည်တော်သို့ ပို့ဆောင်၍ အလေးချိန်ချိန်တွယ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းများ ပြုလုပ်နေကြပြီဖြစ်သည်။

" ကမ္ဘာမှာ ကျောက်စိမ်းနဲ့ပတ်သက်ပြီး မြန်မာ့ကျောက်စိမ်းက အကောင်းဆုံးပါပဲ။ တရုတ်လူမျိုးတွေကတော့ ကျောက်စိမ်းရတနာဟာ သူတို့မိဘရိုးရာ၊ မျိုးနွယ်ဆက်တွေရဲ့ရတနာပစ္စည်းအဖြစ် တန်ဖိုးထားတော့ မြန်မာ့ကျောက်စိမ်းရဲ့ အဓိကဈေးကွက်က တရုတ်နိုင်ငံပါပဲ။

စာ(၁၂)သို့

## တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလအတွင်း မိတ္တူချုံ့ကူးခြင်း၊ လော်စပီကာဖွင့်ခြင်းများ တားမြစ်မည်ဟုဆို

### စာမေးပွဲနောက်ဆုံးနေ့တွင် အရက်ရောင်းချခြင်းကိုပါ တားမြစ်...

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁**

တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလအတွင်း မိတ္တူချုံ့ကူးခြင်း၊ အသံချဲ့စက်လော်စပီကာ ကျယ်လောင်စွာဖွင့်ခြင်း မပြုလုပ်ရန် သက်ဆိုင်ရာမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

လာမည့်မတ်လ ၇ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများ စာမေးပွဲအတွက် ပြင်ဆင်ကျက်မှတ်ချိန်တွင် အနှောင့်အယှက်မဖြစ်စေရန် အသံချဲ့စက်(လော်စပီကာ) အသုံးပြုသည့် အလှူခံမဏ္ဍပ်များ၊ လက်ဖက်ရည်ဆိုင်များ၊ ထီလှည့်လည်ရောင်းချသူများ အသံကျယ်လောင်စွာမဖွင့်ကြရန်နှင့် မိတ္တူကူးဆိုင်များတွင် သင်ခန်းစာများနှင့် ပတ်သက်၍စာမေးပွဲခန်းမအတွင်း လျှို့ဝှက်စွာယူဆောင်ရန် မိတ္တူချုံ့ ခြင်း(Micro Copy)မပြုရန်ညွှန်ကြားထားသည်။

"အလှူခံမဏ္ဍပ်တွေကတော့ သက်ဆိုင်ရာရပ်ကွက်မှာရှိတဲ့ ရ. ယ. က ရုံးတွေကို အသိပေးပြီးမှ အလှူခံခွင့်ပြုတာပါ။ ဒါပေမဲ့ အသံချဲ့စက်ကို ကျယ်ကျယ်လောင်လောင်ဖွင့်ပြီး အသုံးမပြုဖို့မှာထားတယ်"ဟု ရယကမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

"အရက်ဆိုင်တွေကိုတော့ အထူးသဖြင့် ကျောင်းသားလူငယ်တွေ စာမေးပွဲဖြေစဉ်အတွင်းမှာ အနှောင့်အယှက်မဖြစ်အောင်ရယ် စာမေးပွဲနောက်ဆုံးနေ့တွေမှာ အရက်သေစာကို ကျောင်းသားလူငယ်တွေကို မရောင်းဖို့ ကန့်သတ်ထားပါတယ်"ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယစ်မျိုးနည်းဥပဒေ-၂၁အရ အရက်၊ ဘီယာရောင်းချသူများအား အသက် ၁၈နှစ်အောက် မည်သူကိုမဆို ရောင်းချခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

### ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# သဘာဝအခြေခံခရီးသွားဒေသ ၂၁ခုအားထုတ်ပြန်

**အောင်သူရ၊ အေးမြကျော်**

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၃

**သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် သွားရောက်လည်ပတ်နိုင်သည့်သဘာဝနယ်မြေ ၂၁ခုအား သက်ဆိုင်ရာက ထုတ်ပြန်သတ်မှတ်ပေးလိုက်သည်။**



အရှေ့တောင်အာရှတွင် တစ်ခုတည်းသော နှင်းဖုံးတောင်ဒေသဖြစ်သည့် ပူတာအိုဒေသ။
ဓာတ်ပုံ–myanmarmobydicktravel.com

သစ်တောရေးရာဝန်ကြီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းဝင်ကုမ္ပဏီများ သိရှိရန် ထုတ်ပြန်ပေးလိုက်ခြင်းဖြစ်သည်။

"သွားလို့မရတဲ့နေရာနဲ့ သွားလို့ရတဲ့နေရာ ခွဲခြားသတ်မှတ်ပေးလိုက်တော့ ကုမ္ပဏီတွေအတွက် အလုပ်လုပ်ရတာ အဆင်ပြေသွားတာပေါ့"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းဝင်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကော်မတီကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် သဘာဝအခြေခံခရီးသွားစခန်း ၁၅ခုသတ်မှတ်ခဲ့သည်။ ထို့နောက် ဖိုးကျားဆင်စခန်းနှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့အား ထပ်မံတိုးချဲ့သတ်မှတ်ခဲ့သည်။ ယခုထုတ်ပြန်လိုက်သော ဒေသစာရင်းတွင် ယခင်ထုတ်ပြန်ခဲ့သောစာရင်းမှ မည်သူမဆိုသွားရောက်နိုင်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် စိမ်းရေသစ်တောစခန်းတို့ကို ပယ်ဖျက်ခဲ့ပြီး၊ ဒေသ၇ခုထပ်မံသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

စာ(၆)သို့

# လူငယ်ဒါရိုက်တာတစ်ဦးအား မူးယစ်ဆေးဝါးမှုဖြင့် အရေးယူ

**အိမြူလွင်**

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၆

လူငယ်ဒါရိုက်တာတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအား ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ယခု ၁၉ ရက် မွန်းလွဲ၂ နာရီခန့်အချိန်တွင်ရန်ကုန်(မူးယစ်/အရှေ့) အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းပေါ်ရှိ ၆၃ ဟိုတယ်၊ အခန်းအမှတ် (၄၁၄)အား သက်သေများနှင့်အတူရှာဖွေရာမှ အသက် ၄၉ နှစ်အရွယ်ရှိ ဒေါ်. . . နှင့် အသက် ၃၂ နှစ်ရှိ ဒါရိုက်တာကို . . . နှစ်ဦးအား WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ပြားနှင့်အတူ ဖမ်းဆီးမိခဲ့သည်။ အဆိုပါအခန်းသို့ ထပ်မံရောက်ရှိလာသူ မ. . . ထံမှလည်း စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြားကို သိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။

ထိုသို့ဆေးပြားများဖမ်းဆီးရမိခဲ့သဖြင့်ဗိုလ်တထောင်မြို့နယ် ရဲစခန်းတွင် မယ(ပ)၁/ ၂၀၁၁၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆ (ဂ)/ ၂၁ ဖြင့် အလုံမြို့နယ်နေ ဒေါ်. . နှင့် လူငယ်ဒါရိုက်တာ. . . တို့အား အမှုဖွင့်အရေးယူထားပြီး၊ မရမ်းကုန်းမြို့နယ်နေ မ. . . အား မယ(ပ)၂/ ၂၀၁၁ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

## CRIME CORNER

### တရုတ်အမျိုးသား၏ အဓမ္မထိမ်းမြားခြင်းခံရသော မြန်မာအမျိုးသမီးအား နိုင်ငံတော်သီချင်းကြောင့် ကယ်တင်နိုင်

နေလင်းအောင်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃

လူကုန်ကူးသူ ပွဲစားတစ်ဦးကြောင့် တရုတ်အမျိုးသားတစ်ဦးနှင့် တစ်နှစ်ကျော်ကြာ အဓမ္မထိမ်းမြားခြင်း ခံခဲ့ရသော မြန်မာအမျိုးသမီးတစ်ဦးအား မြန်မာနိုင်ငံတော်သီချင်းကြောင့် ပြန်လည်ကယ်တင်နိုင်ခဲ့သော ဖြစ်စဉ်တစ်ခုပေါ်ပေါက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

လူပွဲစားတစ်ဦးကြောင့် တရုတ်နိုင်ငံ ဂျန်ဒူခရိုင်ယီလင်းမြို့ရှိ တရုတ်မိသားစုတစ်ခုထံ ၂၀၁၀ပြည့်နှစ်တွင် ရောင်းချခြင်းခံခဲ့ရသော မဝမ်မာဆိုသူသည် အသက် ၂၈နှစ် အရွယ်ရှိနေပြီး ယင်းမိသားစုထံသို့ ပွဲစားက ဝမ်ငွေ၃၀,၀၀၀ ရယူ၍ချန်ထားခဲ့ခြင်းဖြစ်သည်။

ယင်းမိသားစုသည် မဝမ်မာအား ၎င်းတို့ 'ရှီ'မျိုးနွယ်ဝင် အမျိုးသားတစ်ဦးနှင့် လက်ထပ်စေခဲ့ပြီး နေထိုင်စေခဲ့သည်။ ထို့နောက်တွင် အိမ်နီးချင်းများက မဝမ်မာအား တရုတ်နိုင်ငံသူမဟုတ်မှန်းသိရှိခဲ့၍ တရုတ်ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ရာမှ စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

တရုတ်ရဲတပ်ဖွဲ့ဝင်များသည် မဝမ်မာအား စစ်ဆေးရာတွင် ဘာသာ စကားအခက်အခဲကြောင့် မည်သည့်နိုင်ငံသားမှန်း ခန့်မှန်းရခက်နေရာမှ နောက်ဆုံးတွင် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံတော်သီချင်းများအား တစ်ပုဒ်စီဖွင့်ပြခဲ့ရာ မြန်မာနိုင်ငံသီချင်းအရောက်တွင်မှ မဝမ်သာက သိရှိကြောင်းဖော်ပြသဖြင့် မြန်မာနိုင်ငံသားအဖြစ် ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဂျန်ဒူရဲတပ်ဖွဲ့မှာ ဘေဂျင်းမြို့ရှိ မြန်မာသံရုံးသို့ဆက်သွယ်၍ ယခုလဆန်းပိုင်းတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့များ ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ယခုအခါ အဆိုပါအမျိုးသမီးအား ရောင်းစားခဲ့သည့် 'လီ' ဆိုသူ အမျိုးသမီးအား တရုတ်ရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်ပြန်ကြေညာထားပြီး အလိုရှိသူအဖြစ် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

## အိမ်အကူအား လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်သူအိမ်ရှင်ကို အမှုဖွင့်အရေးယူ

စိုင်းသာအောင်

မန္တလေး၊ ဖေဖော်ဝါရီ - ၂၃

မန္တလေးအောင်မြေသာစံမြို့နယ် ဥပုသ်တောင်ရပ်ကွက်တွင် အိမ်ရှင်အမျိုးသမီးတစ်ဦးက အိမ်အကူအမျိုးသမီးငယ်တစ်ဦးအား ဟင်းခိုးစားသည်ဟုဆိုကာ နှိပ်စက်ညှဉ်းပန်းမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် ဥပဒေအရအရေးယူဆောင်ရွက်ခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ရက်ညနေ ၇နာရီက ဥပုသ်တောင်ရပ်ကွက် ဒေါ်. . . သည် ၎င်း၏ အိမ်အကူဖြစ်သူ မ. . . အား ဟင်းခိုးစားသည်ဆိုကာ ဦးခေါင်းအား နံရံဖြင့်တိုက်ခြင်း၊ ဝါယာကြိုးဖြင့် ရိုက်ခြင်း၊ လက်နှစ်ဖက်အား ဆိုင်ကယ်နောက်ခုံတွင် ကြိုးနှင့်တုပ်၍ ဒရွတ်တိုက်မောင်းနှင်ခြင်း၊ အိမ်ရှေ့ ကျောက်လမ်းပေါ်တွင် ဒူးထောက်သွားခိုင်းနေခြင်းတို့ပြုလုပ်နေသဖြင့် ရပ်ကွက် နေပြည်သူတစ်ဦးက အမြင်မတော်ညှဉ်းပန်းနှိပ်စက်မှုအား မခံမရပ်နိုင်ဖြစ်၍ ရဲစခန်းသို့ ဆက်သွယ်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အိမ်အကူ မ. . . တွင် ယာ နားထင်ဦးခေါင်းဝဲချိုဆောင်း ဝဲမျက်ခုံး၊ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့တွင် ပေါက်ပြဲဒဏ်ရာများနောက်ကျောပေါင်၊ ခြေသလုံးတို့တွင် ညိုမဲဒဏ်ရာများဖြင့် ည ၁၁နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်သူ အိမ်ရှင် ဒေါ်. . . အား အမှတ် (၂)ရဲဌာနခန်းက (ပ)၁၈/၂၀၁၁ ပုဒ်မ ၃၂၅ အရ အမှုဖွင့်အရေးယူထားသည်။

## ဧည့်လမ်းညွှန်အစားမထိုးရန် အကြောင်းကြား

အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃

လိုင်စင်ရ ခရီးသွားကုမ္ပဏီများ အနေဖြင့် ခရီးစဉ်ခွင့်ပြုချက် ရရှိရန် တင်ပြသော ဧည့်လမ်းညွှန်နှင့် အမှန်တကယ် ခရီးစဉ်ပို့ဆောင်မည့် ဧည့်လမ်းညွှန်ပြောင်းလဲမှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ခရီးစဉ်တွင် ဧည့်လမ်းညွှန်ပြောင်းလဲမှုရှိပါက ဝန်ကြီးရုံးသို့ အချိန်နှင့် တစ်ပြေးညီ ပြန်လည်ခွင့်ပြုချက်တောင်းခံတင်ပြ ဆောင်ရွက်သွားရန် ထပ်ဆင့်ညွှန်ကြားလာခြင်းကို အကြောင်းကြားခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ၂၁ရက်တွင် ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။



"ခရီးသွားကုမ္ပဏီတွေအနေနဲ့တော့ ဒီလို ခရီးစဉ်တွေမှာ သွားနေကျ ဧည့်လမ်းညွှန်ကိုပဲ ထည့်ချင်တာ။ တစ်ခါတလေ သူတို့ မအားရင် အားတဲ့လူနဲ့တင် ထးလိုက်ရတာ" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ချင်းပြည်နယ် နတ်မတောင်ကဲ့သို့ ခရီးစဉ်များအား သက်ဆိုင်ရာသို့ ခွင့်ပြုချက် နှစ်ပတ်ခန့် ကြိုတင်ရယူပြီးမှ သွားရောက်ကြရသည်။ ယခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုများပြားနေသဖြင့် ဧည့်လမ်းညွှန်များ အလုပ်များလျက်ရှိပြီး ပုံမှန်အားဖြင့် ခရီးသွားလျော့နည်းလေ့ရှိသောကာလ (မေလမှ စက်တင်ဘာလလယ်အထိ) အတွင်းမှာပင် ခရီးစဉ်များ ရရှိထားကြောင်း ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

## ပလတ်စတစ်သေနတ်ဖြင့် ရွှေဆိုင်အား ဓားပြတိုက်

အိဖြူလွင်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅

ပလတ်စတစ် သေနတ်ဖြင့်ချိန်ကာ ရွှေဆိုင်မှ ၁၆၇သိန်းကျော်ဖိုး ရွှေထည်ပစ္စည်းများလုယူသွားခဲ့သည့် လုယက်မှုတစ်ခု ကရင်ပြည်နယ်လှိုင်းဘွဲမြို့တွင် ဖေဖော်ဝါရီ ၁၆ရက်က ဖြစ်ပွားခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းထုတ်ပြန်သည်။

ဖြစ်ပွားပုံမှာ ယင်းနေ့နံနက် ၇နာရီ ၄၀မိနစ်အချိန်တွင် လှိုင်းဘွဲမြို့ (ခ)ရပ်ကွက်၊ ကုန်သည်လမ်းရှိ အေးရတနာရွှေဆိုင်သို့ လူရွယ်တစ်ဦးဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆိုင်ရှင်၏ သမီး ၂ဦးကို သေနတ်တိုတစ်လက်ဖြင့်ချိန်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၂၇ကျပ်ခွဲသားခန့်ကို ယူဆောင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

လှိုင်းဘွဲမြို့နယ်ရဲစခန်းမှ မြို့ပေါ်ရပ်ကွက်များတွင် ရှာဖွေခြင်း၊ တခြားမြို့ရွာများသို့ အထွက်လမ်းကြောင်းများတွင် ပိတ်ဆို့ ရှာဖွေခြင်းများကို ချက်ချင်းဆောင်ရွက်ခဲ့ပြီး လှိုင်းဘွဲမှ ပိုင်ကျုံလမ်းကြောင်း၊ ရွှေဂွန်းလမ်းကြောင်း၊ မဲသဝေါလမ်းကြောင်းနှင့် ဘားအံလမ်းကြောင်းတို့တွင်လည်း ရဲတပ်ဖွဲ့မှ အဖွဲ့များခွဲပြီး ရှာဖွေခဲ့သည်ဟုသိရသည်။

ထိုသို့ရှာဖွေရာမှ မွန်းလွဲ ၂ နာရီခန့်အချိန်တွင် လှိုင်းဘွဲ-ဘားအံလမ်းကြောင်းရှိ လှိုင်းဘွဲမှ ၁၈ မိုင်ခန့်ကွာဝေးသော တောင်ကလေးစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်ယာဉ်တစ်စင်းပေါ်မှ အမူအယာပျက်ယွင်းနေသူတစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် အသေးစိတ်စစ်ဆေးရာမှ အခင်းဖြစ်ရွှေဆိုင်မှ လုယူခဲ့သော ရွှေထည်ပစ္စည်းထုပ်အား သိမ်းဆည်းရမိခဲ့သည်ဟုသိရသည်။

အဆိုပါသူသည် လှိုင်းဘွဲဇာတိ အသက် ၃၀နှစ်ရှိ ×××××ဆိုသူဖြစ်ပြီး ရွှေဆိုင်သို့ဝင်ရောက်လုယူပြီးနောက် ပိုင်ကျုံးဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်ပြေးကာ တောထဲတွင် အဝတ်အစားများလဲလှယ်၍ ဘားအံဘက်သို့ ခရီးသည်တင်ယာဉ်ဖြင့် ပြန်လည်လိုက်ပါခဲ့ခြင်းဖြစ်ကြောင်းသိရ၍ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော ဆိုင်ကယ်၊ သေနတ်နှင့် အဝတ်အစားများအား တောထဲ သို့ဝှက်ထားခဲ့ကြောင်း စစ်ဆေးသိရသည်။

အဆိုပါအမှုကို လှိုင်းဘွဲမြို့နယ်ရဲစခန်းမှ (ပ)၅/၂၀၁၁ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၉၂(လုယက်မှု)ဖြင့် အမှုဖွင့်၍ ထိရောက်ပြစ်ဒဏ်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## ၃၅ မိနစ်ကြာ လောင်ကျွမ်းသောမီးကြောင့် အိမ်ထောင်စု ၁၂ ခု အိုးမဲ့အိမ်မဲ့ဖြစ်

သန်းဌေး၊ အိဖြူလွင်၊ ပြည့်သိမ်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာတွင် ဖေဖော်ဝါ ရီ ၂၃ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က အခန်း ၁၂ ခန်းပါသော အိမ်ငှားလိုင်းခန်းတွဲမှ မီးစတင်လောင်ကျွမ်းခဲ့ရာ အိမ်ခန်း ၅ ခန်းနှင့်တစ်ခြမ်း မီးလောင်ကျွမ်းခံခဲ့ရကြောင်း သတင်းရရှိသည်။



မီးလောင်ပြီးမြင်ကွင်း။

ဓာတ်ပုံ - သန်းဌေး

မီးစတင်လောင်ကျွမ်းပြီး ၆ နာရီ ၁၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း ရပ်ကွက်အတွင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မီးလောင်တယ်ဆိုလို့ အိမ်ကိုအမြန်ပြေးသွားတာ၊ မီးကလောင်နေပြီ၊ ရသလောက်ပစ္စည်းတွေတော့ လမ်းပေါ်ဆွဲထုတ်လိုက်ရတယ်"ဟု မီးလောင်ရာတွင် အိမ်ခန်းပါသွားသော အမျိုးသားတစ်ဦးကပြောသည်။

ခြံအမှတ် (၁၁၁ စီ) လိုင်းခန်းအမှတ်အီးတူးတွင် ငှားရမ်းနေထိုင်သူ ဒေါ်×××××မှ လျှပ်စစ်မီးဖိုဖြင့်ဟင်းချက်ထားစဉ် ရှော့ခ်ဖြစ်၍လောင်ကျွမ်းပြီး လိုင်းခန်းအမှတ် ဂျီဝမ်း၊ တူး၊ သရီးများသို့ ကူးစက်ခဲ့ကြောင်း ရပ်ကွက်အတွင်းမှ တာဝန်ရှိတစ်ဦးကပြောသည်။

မီးလောင်ကျွမ်းမှုကြောင့် အမျိုးသား ၂၀ဦး၊ အမျိုးသမီး ၂၄ ဦး၊ အိမ်ထောင်စု ၁၂ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ခန့်မှန်းခြေကျပ်ငွေ သိန်း ၂၀ ဖိုးခန့် ဆုံးရှုံးခဲ့ရကြောင်း သတင်းရရှိသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် ၃၄ စီး၊ အုပ်ချုပ်မှု ယာဉ် ၆စီးဖြင့် လာရောက်ပြီး သနွှေမီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၄ ဦး တို့လာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးဘေးဒုက္ခသည်များအား မင်္ဂလာသီရိ ပဏ္ဍိတာရာမ ဘုန်းတော်ကြီးကျောင်းတိုက်တွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားသည်။

အဆိုပါမီးလောင်မှုကို အင်းစိန်မြို့နယ် ရဲစခန်း၌ ပ-၃၃၉/၂၀၁၁ ပုဒ်မ-၂၈၅ ဖြင့် မီးစတင်လောင်ကျွမ်းသော အိမ်ရှင်ဒေါ်×××××အား အမှုဖွင့်အရေးယူထားကြောင်းသိရသည်။


TRI
LIVE BRILLIANTLY
Travelling With TRI


Giorenzo
COLLECTION
GIORENZO THE QUALITY OF DREAM
Men's & Ladies' Wears
Ph : ( 01 ) - 203166, 200796

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

မျက်နှာဖုံးသတင်း

# မလေးရှားသံ ုံးက ဗီဇာထုတ်ပေးမှုကန့်သတ်

အောင်သူရ

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၄**
မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးက တစ်ရက်လျှင် လူမှုရေးဗီဇာလျှောက်ထားသူ ၁၀၀ ဦးနှင့် အလုပ်သမား ဗီဇာလျှောက်ထားသူ ၂၀၀ ဦးကိုသာ တစ်ပတ်လျှင် လေးရက်နှုန်းဖြင့် မတ်လ ၁၈ရက်မှစ၍ ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါဗီဇာလျှောက်ထားသူများအနေဖြင့် တနင်္လာနေ့မှ ကြာသပတေးနေ့အထိသာ လျှောက်ထားနိုင်ပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်းသာ လျှောက်ထားနိုင်သည်။ နေ့လယ် ၁၂နာရီမှ ၁ နာရီအထိ ထမင်းစားချိန်ရပ်နားမည်ဖြစ်သည်။

လူမှုရေးနှင့် အလုပ်သမားပြည်ဝင်ခွင့် လျှောက်ထားသူများသည် မလေးရှားနိုင်ငံသို့ သွားရောက်မည့်နေ့မတိုင်မီ နှစ်ပတ် (၁၄ ရက်) ကြိုတင်လျှောက်ထားရမည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အပြင် တစ်ရက်လျှင် လူ ၂၀၀ သာ ခွင့်ပြုပေးမည့် အလုပ်သမားပြည်ဝင်ခွင့်အတွက် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုအား တစ်နေ့လျှင် လုပ်သား ၁၅ ဦးသာ ဗီဇာလျှောက်ထားခွင့်ရှိကြောင်း ယနေ့ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြထားသည်။

"အရင်တုန်းကတော့ ကန့်သတ်ချက်မရှိဘူး။ အထောက်အထားပြည့်စုံရင် နှစ်ရက်၊ သုံးရက်ကြိုလျှောက်ရင်ရတယ်"ဟုအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ယခင်က မလေးရှားအလုပ်သမားဗီဇာလျှောက်ထားမှုမှာ တစ်ရက်လျှင် လူဘယ်နှဦးဟု ကန့်သတ်ချက်မရှိခဲ့ကြောင်း သိရသည်။

တနင်္လာနေ့တွင် လျှောက်ထားသော အလုပ်သမားပြည်ဝင်ခွင့်ဗီဇာများအား ကြာသပတေးနေ့တွင် ပြန်ထုတ်ပေးမည်ဖြစ်သော်လည်း အင်္ဂါနေ့တွင်လျှောက်ထားသောဗီဇာများကိုမူ နောက်တစ်ပတ် တနင်္လာနေ့မှ ထုတ်ပေးမည်ဖြစ်သည်။

လူမှုရေးဗီဇာလျှောက်ထားသူများအနေဖြင့် မလေးရှားနိုင်ငံရှိ မိသားစုဝင်ဖိတ်ခေါ်စာမှာ အရေးကြီးပြီး အိမ်ထောင်စုစာရင်းနှင့်လက်ထပ်စာချုပ်(မူရင်းနှင့် နိုင်ငံတော်ဘာသာပြန်)တို့ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကာ ဖိတ်ကြားသူ အလုပ်လုပ်နေသည့် ကုမ္ပဏီ စသည်တို့ပါရှိရမည်ဟု သတ်မှတ်ထားသည်။

"ထုတ်ပြန်ချက်မှာ ပါတာတွေကတော့ သိပ်မထူးဘဲ အရေးကြီးတာက ခေါ်စာနဲ့ နောက် ၁၄ ရက်အချိန်ယူထားတဲ့အတွက် သေသေချာချာစစ်ဆေးတော့မှာ" ဟု မလေးရှားနိုင်ငံသို့ မကြာခဏ သွားရောက်သူတစ်ဦးကဆိုသည်။

လူမှုရေးဗီဇာဆိုသည်မှာ မလေးရှားနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်နေသူက မြန်မာနိုင်ငံရှိနေသူ၏ဇနီး၊ ကလေးနှင့် မိသားစုဝင်များအား လှမ်းခေါ်သည့်ဗီဇာဖြစ်သည်။

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအား အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအချို့အပါအဝင် ပွဲစားများက ဗီဇာတုံးအတုနှင့် လက်မှတ်အတုများ ပြုလုပ်၍ စေလွှတ်သူ ၁၀၀ ကျော်အား လေဆိပ်တွင် စစ်ဆေးတွေ့ရှိခဲ့ပြီးနောက်ပိုင်း မလေးရှားသံရုံးက စိစစ်လာခြင်းဖြစ်သည်ဟု အေဂျင်စီအသိုင်းအဝိုင်းက သုံးသပ်ကြသည်။

လက်ရှိတွင် မလေးရှားနိုင်ငံသို့ အဲအေးရှားလေကြောင်း လိုင်းက ၁၈၀ဦး စီးနိုင်သော လေယာဉ်ဖြင့် နေ့စဉ်ပျံသန်းပေးနေပြီး၊ မလေးရှားလေကြောင်းလိုင်းက ၁၆၀ဦး စီးနိုင်သော လေယာဉ်ဖြင့် နေ့စဉ်ပျံသန်းပေးနေသည်။

အမ်အေအိုင်လေကြောင်းလိုင်းက လူ၁၆၂ဦး စီးနိုင်သော လေယာဉ်ဖြင့်တစ်ပတ်လျှင် ၆ရက် ပျံသန်းပေးလျက်ရှိသည်။

# နေပြည်တော် ကျောက်မျက်ပြပွဲသို့ ပါရမီတက္ကစီ ၁၅၀ သွားရောက်ပြေးဆွဲမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ –**
နေပြည်တော်တွင် ဒုတိယအကြိမ်ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲသို့ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီတက္ကစီ ၁၅၀ စီးထိ သွားရောက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။



ပထမအကြိမ်ပြုလုပ်သော ကျောက်မျက်ရတနာပြပွဲသို့ ပါရမီတက္ကစီအစီး ၁၀၀ သွားရောက် ပြေးဆွဲခဲ့၍ ယခုတစ်ကြိမ်၌ ၁၅၀ ထိ ပြေးဆွဲ၍ ယခင်တစ်ကြိမ်ထက် အစီး ၅၀ပိုများကြောင်းသိရသည်။

"ကျောက်မျက်ပွဲမှာ အစီး ၁၅၀ သွားဆွဲပေးရမယ်လို့တော့ သိထားတယ်။ ဘယ်ရက်ကစပြီး သွားရမယ်ဆိုတာနဲ့ အစီးအရေအတွက်ကို တရားဝင်စာတော့ မထွက်သေးဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုကဲ့သို့ တက္ကစီများသွားရောက်ပြေးဆွဲရခြင်းမှာ ပြည်ပမှလာရောက်သော လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်းသိရသည်။ ပါရမီတက္ကစီယာဉ်များမှာ သဘာဝဓာတ်ငွေ့သုံးယာဉ်များ မဟုတ်ဘဲ အောက်တိန်းအသုံးပြုယာဉ်များဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ်ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲမှာ မတ်လ ၉ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ် ပြုလုပ်ခဲ့သော ကျောက်မျက်ရတနာပြပွဲသို့ တက္ကစီအစီးရေ ၁၀၀မှာ နှစ်ပတ်သွားရောက်ပြေးဆွဲပေးခဲ့သည်။

# ကမ္ဘောဇလေကြောင်းလိုင်းအတွက်လေယာဉ်တစ်စီးစတင်ရောက်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၇**
ပြည်တွင်းခရီးစဉ်များ ပျံသန်းရန်စီစဉ်နေသော အဲကမ္ဘောဇလေကြောင်းလိုင်းခရီးစဉ်များ ပျံသန်းရန်အတွက် လေယာဉ်တစ်စီး ဖေဖော်ဝါရီ ၂၇ရက်ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရောက်ရှိလာသော လေယာဉ်မှာ ပြင်သစ်နိုင်ငံလုပ် ATR-72 500 လေယာဉ်အမျိုးအစားဖြစ်ပြီး ထိုင်ခုံ၆၄ခုံသာပါရှိကြောင်း သိရှိရသည်။

အဆိုပါ လေယာဉ်အား ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရန် သက်ဆိုင်ရာမှ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ ပျံသန်းနိုင်မည်ဖြစ်သည်။

အဲကမ္ဘောဇလေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များ ပျံသန်းနိုင်ရန် ၂၀၁၀ ပြည့်နှစ်အလယ်ပိုင်းမှစတင်ကြိုးစားနေခဲ့ပြီး ဝန်ထမ်းခန့်ထားခြင်းနှင့် ရုံးခန်းတည်နေရာတို့အား ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင်ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော ရန်ကုန်အဲဝေးခရီးစဉ်များ ရပ်နားခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် Asian Wings လေကြောင်းလိုင်းသစ်က စတင်ပျံသန်းခဲ့ပြီး ယခုလက်ရှိတွင် လေကြောင်းလိုင်း သုံးလိုင်းက ပြည်တွင်းခရီးစဉ်များအား ပျံသန်းပေးလျက်ရှိသည်။

# ၈ – ၃၊ သဘာဝအခြေခံခရီးသွားဒေသ ၂၁ ခုအားထုတ်ပြန်မှု

အသစ်ထပ်မံတိုးလိုက်သည့်ဒေသများတွင် မကြာမီကမှ ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်လာသော ဟူးကောင်းဘေးမဲ့တော ပါဝင်လာသည်ကို တွေ့ရသည်။ သဘာဝအခြေခံခရီးသွားစခန်းအဖြစ် သတ်မှတ်ထားသည့် သဘာဝနယ်မြေများတွင် ခွင့်ပြုချက်တင်ပြရန် သတ်မှတ်ထားသည့် ဒေသ၁၁ခုပါဝင်ပြီး၊ ကျန်ဒေသ၁၀ခုမှာ ခွင့်ပြုချက်တင်ပြရန်မလိုကြောင်းသတင်းရရှိသည်။ အဆိုပါခွင့်ပြုချက် ကြိုတင်ယူရသောဒေသများသို့ သွားရောက်လိုပါက သုံးပတ်ခန့် သက်ဆိုင်ရာသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

မူလရှိပြီးစာရင်းတွင် အသစ်ထပ်မံတိုးလိုက်သော သဘာဝအခြေခံခရီးသွားဒေသ၇ခုမှာ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကျိုက်ထီးရိုး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လောကနန္ဒာဘေးမဲ့တော၊ ဝက်သည်းကန်ဘေးမဲ့တော၊ သမီးလှကျွန်းဘေးမဲ့တောနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ဖြစ်သည်။


**သဘာဝနယ်မြေ ၂၁ ခု**

၁။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်❖**(ကချင်ပြည်နယ်)**
၂။ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖ (॥)
၃။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖ (॥)
၄။ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖ (॥)
၅။ နတ်မတောင်အမျိုးသားဥယျာဉ်❖**(ချင်းပြည်နယ်)**
၆။ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော **(မွန်ပြည်နယ်)**
၇။ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော **(ရှမ်း/တောင်)**
၈။ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖(॥)
၉။ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်**(စစ်ကိုင်းတိုင်းဒေသကြီး)**
၁၀။ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖(॥)
၁၁။ ပုပ္ပါးတောင်ဥယျာဉ် **(မန္တလေးတိုင်းဒေသကြီး)**
၁၂။ လောကနန္ဒာတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (॥)
၁၃။ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော **(မကွေးတိုင်းဒေသကြီး)**
၁၄။ ဝက်သည်းကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (॥)
၁၅။ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖**(ပဲခူး/ရှေ့)**
၁၆။ လှော်ကားဥယျာဉ် **(ရန်ကုန်တိုင်းဒေသကြီး)**
၁၇။ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖ **(ဧရာဝတီ)**
၁၈။ သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော❖(॥)
၁၉။လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်❖**(တနင်္သာရီတိုင်းဒေသကြီး)**
၂၀။ မြိုင်ဟေဝန်ဆင်စခန်း
၂၁။ ဖိုးကျားဆင်စခန်း

မှတ်ချက်။ ။ သဘာဝအခြေခံခရီးသွားစခန်းအဖြစ် သတ်မှတ်ထားသည့် သဘာဝနယ်မြေများအနက်(❖)ပြသထားသည့် ဘေးမဲ့တော/ဥယျာဉ်များအတွက်သာ ခွင့်ပြုချက်တင်ပြရန်ဖြစ်ပါသည်။

**–ပြင်ဆင်ချက်**

7Day Newsဂျာနယ် အတွဲ(၉)၊ အမှတ်(၄၈) မျက်နှာဖုံးမှ 'ဂီရိအလွန်ခြောက်လ ဒိုင်ယာရီ' စာသားအစား **'ဂီရိအလွန် လေးလ ဒိုင်ယာရီ'**ဟုလည်းကောင်း၊ စာ(၂၆)မှ '၂၀၁၀ပြည့်နှစ် ဩဂုတ်လ ၂၂ရက်'အစား '**၂၀၁၀၊ အောက်တိုဘာ ၂၂**'ရက်ဟုလည်းကောင်း၊ စာ-၁၅ပါ မန္တလေးမြို့လယ်ရှိ မစိုးရိမ်ရပ်ရှင်ရုံကို လေလံတင်ရာတွင် ကျပ်သန်း ငါးထောင်ဖြင့်အောင် သတင်းမှ 'မြေဈေးကတစ်ပေပတ်လည်ကို ရောင်းဈေးကျပ်သိန်း ၂၈၀၊ ဝယ်ဈေး သိန်း ၃၀၀ဈေးရှိတယ်'စာသားအစား '**မန္တလေးမြို့ မြေဈေးမှာ နေရာပေါ်မူတည်၍ ဈေးအမျိုးမျိုးရှိပြီး မြို့သစ်ရှိ ၆၂လမ်း၏ ရွှေဝါထွန်းနှင့်မနော်ဟရီကြား ပေ၄၀×၆၀မြေတစ်ကွက်လျှင် ကျပ်သိန်း ၅၅၀၀ရှိသည်**'ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် အယ်ဒီတာအဖွဲ့၏ ပေါ့ဆမှုအတွက် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။




7 DAY NEWS JOURNAL
Vol.9, No.49 ▪ MARCH 3, 2011

# မန္တလေးပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း၏ သင်းဖွဲ့စည်းမျဉ်းအချို့ပြင်ဆင်


ဓာတ်ပုံ-ဖြိုး

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၅**

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များကထိန်တော်အသင်း၏ သင်းဖွဲ့စည်းမျဉ်းအချို့ခေတ်ကာလနှင့်အညီ ပြင်ဆင်ဖြည့်စွက်ခဲ့ကြောင်းသတင်းရရှိသည်။

ပြင်ဆင်ဖြည့်စွက်ခဲ့သော အချက်များထဲတွင် အသင်း၏ ဥက္ကဋ္ဌ သက်တမ်းတစ်ကြိမ်လျှင် ၂ နှစ်သာရှိရမည်ဖြစ်ပြီး ဆက်တိုက်သက်တမ်း ၂ ကြိမ်ထက် ပိုပြီးတင်မြှောက်ခွင့်မရှိစေရဟု ပါဝင်သည်။ထို့အပြင် ဥက္ကဋ္ဌ၏အသက်မှာ ၅၀ နှစ်မှ ၇၀ အတွင်းဖြစ်ရမည်ဖြစ်ပြီး၊ ဥက္ကဋ္ဌသည် ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးတွင် အလုပ်အမှုဆောင်(သို့)အမှုဆောင်လူကြီးအဖြစ် အနည်းဆုံး ၄ နှစ်တာ တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်ဟု သတ်မှတ်ချက်များပါဝင်သည်။

အသင်း၏ ရန်ပုံငွေများကို နိုင်ငံရေးပါတီများအတွက် သုံးစွဲခြင်း၊ လှူဒါန်းခြင်းမပြုရန် ကထိန်တော်အသင်းတိုက်အတွင်းတွင် မည်သည့် နိုင်ငံရေးပါတီကိုမှ စည်းရုံးခွင့်၊ ဟောပြောခွင့်၊ စည်းဝေးခွင့်မပြုရန်တို့ဖြစ်သည်ဟု ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းတာဝန်ရှိသူကပင်“အရင်က ဥက္ကဋ္ဌသက်တမ်းကို ကန့်သတ်မထားဘူး၊ အသင်းသားတွေစိတ်ကြိုက်ရွေးချယ်တဲ့သူကိုပဲ နှစ်အကန့်အသတ်မရှိ တာဝန်ယူစေခဲ့တာပါ။ ပြီးတော့ အရင်က အသင်းသားအဖြစ် ၁၀ နှစ်တာဝန်ထမ်းဆောင်ဖူးရင် ဥက္ကဋ္ဌဖြစ်လို့ရတယ်။ ခုတော့ အဲဒီဆယ်နှစ်ထဲမှာ အလုပ်အမှုဆောင်နဲ့ အမှုဆောင်လူကြီးအဖြစ် အနည်းဆုံးလေးနှစ် တာဝန်ထမ်းဆောင်ဖူးရပါမယ်။ ကျန်တဲ့အချက်တွေကတော့ ခေတ်ကာလနှင့်အညီ ဖြည့်စွက်ရခြင်းဖြစ်ပါတယ်”ဟု စည်းမျဉ်းပြင်ဆင်ဖြည့်စွက်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ယခုလက်ရှိ ၎င်းအသင်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသူမှာ အသက် ၈၆ နှစ်ရှိပြီဖြစ်သည့် အရီးတောင်းလက်ဖက်လုပ်ငန်းပိုင်ရှင် ဦးကျော်သိန်းဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် သက်တမ်း ၂၅နှစ်ရှိပြီဟုသိရသည်။

# MAI ဖြင့် ကမောဒီးယားသွားပါက ဆိုက်ရောက်ဗီဇာရ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

မြန်မာနိုင်ငံမှ ကမ္ဘာကျော်အန်ကောဝပ်ဘုန်းကြီးကျောင်း တည်ရှိရာ ကမ္ဘောဒီးယားနိုင်ငံသို့သွားရောက်မည့်သူများအား ဗီဇာကြိုယူစရာ မလိုဘဲ ဆိုက်ရောက်ပြည်ဝင်ခွင့်ဖြင့် သွားရောက်နိုင်ကြောင်းMAI (အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း)မှ တာဝန်ရှိသူက သတင်းထောက်များအားပြောသည်။

“လေးလအတွင်း ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံကပ်ရမယ်၊ လေယာဉ်ပေါ်မှာ Arrival ကတ်ပြည့်ရမယ်။ ဗီဇာကြေးက ဒေါ်လာ ၂၀ပါ”ဟု MAI လေကြောင်းလိုင်း မှ Commercial Manager ကိုဝင်းဖုန်းညဏ်က ပြောသည်။ MAI လေကြောင်းလိုင်းသည် ဖေဖော်ဝါရီလ ၂၃ရက်မှစ၍ ရန်ကုန်-စီရမ်ရိပ်ခရီးစဉ်အား အပတ်စဉ် စနေနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ပျံသန်းပေးမည်ဖြစ်ပြီး အသွားအပြန် တစ်လလက်မှတ် တစ်စောင်အား ၂၂၀ ဒေါ်လာခန့်သာ ကျသင့်မည်ဖြစ်သည်။

ထို့အပြင်MAI လေကြောင်းလိုင်းသည် နေပြည်တော်၌ မတ်လတွင် ကျင်းပမည့် ကျောက်မျက်ပြပွဲအတွက် ကွမ်ကျိုးမြို့မှ နေပြည်တော်သို့ စင်းလုံးငှား လေယာဉ်ပျံသန်းရန်စီစဉ်ထားကြောင်း သိရှိရသည်။

# စက်သုံးဆီဈေးမြင့်တက်သော်လည်း ကုန်တင်ခမပြောင်းသေးဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆**

စက်သုံးဆီဈေးနှုန်းများ ယခုရက်ပိုင်းတွင် မြင့်တက်နေသော်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၏ တန်ဆာခများ မြင့်တက်ရန် မရှိသေးကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

ဆီဈေးတက်နေသော် လည်း တန်ဆာခမြင့်တက်ခြင်းမရှိခြင်းမှာ အာဆီယံသတ်မှတ်ချက်များကြောင့် တန်ဆာခ ၂ ဆကျော် မြင့်တက်ထားခြင်းနှင့် တန်ဆာခမြင့်တက်ခြင်းမှာ ဆီဈေးပြောင်းလဲခြင်းထက် ကုန်တင်ပို့မှုပေါ်မူတည်၍ ကုန်ကားအနည်းအများပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲခြင်းဖြစ်ကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

“ဆီဈေးတက်ပေမယ့် တန်ဆာခက ပြောင်းလဲဖို့မရှိသေးဘူး။ အာဆီယံသတ်မှတ်ချက်တုန်းကတက်ထားတာကလည်း များတော့ ထပ်မတက်နိုင်သေးဘူး”ဟု မြစ်ဝကျွန်းပေါ်-ရန်ကုန်ပြေးဆွဲနေသော ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အာဆီယံသတ်မှတ်ချက်များကြောင့် ရန်ကုန်-တောင်ကြီးကားလမ်းတွင် ၁ တန် ၂၀,၀၀၀ ကျပ်မှ ၈၀,၀၀၀ ကျပ်၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ၁ တန် ၂၀,၀၀၀ ကျပ်မှ ၆၀,၀၀၀ ကျပ်၊ ရန်ကုန်-မော်လမြိုင်လမ်းတွင် ၁ တန်လျှင် ၁၂,၀၀၀ ကျပ်မှ ၄၀,၀၀၀ ကျပ်၊ ရန်ကုန်-ပုသိမ်လမ်း၌ ၁ တန် ၈,၀၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်သို့လည်းကောင်း၊ အသီးသီးမြင့်တက်ခဲ့ကြသည်။


“တန်ဆာခတက်တာက ဆီဈေးအများကြီးတက်ရင်တက်ပေမယ့် တန်ဆာခက ဆီနဲ့တော့ တိုက်ရိုက်အချိုးမကျဘူး။ကုန်တင်တဲ့အနေအထားနဲ့ ကားပေါတာ ရှားတာပေါ်မူတည်ပြီးဈေးပြောင်းတာများတော့အခုတက်တဲ့ဆီဈေးကြောင့်တော့ ဈေးတက်ဖို့မရှိသေးဘူး”ဟု ရန်ကုန်-မန္တလေးလမ်းပိုင်းမှ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုရက်ပိုင်းတွင် နိုင်ငံခြားစက်သုံးဆီဈေးမှာ တစ်စည်လျှင် ၁၁၂ ဒေါ်လာထိမြင့်တက် လာသကဲ့သို့ ပြည်တွင်းရှိ ဒီဇယ်ဈေးမှာလည်း တစ်ပီပါလျှင် ၂၀၀,၀၀၀ ကျပ်ထိမြင့်တက်လာခဲ့သည်။

“အခုဆီဈေးက ၂၀၀၈ တုန်းက တက်သွားတဲ့ ၁ ပီပါ ၃၅၀,၀၀၀ ကျပ်နဲ့ စာရင်နည်းသေးတယ်။ ဆီဈေးအများကြီး ထက်မတက်ရင်တော့ တန်ဆာခတွေ မတက်နိုင်ပါဘူး”ဟုရန်ကုန်-ပုသိမ်လမ်းရှိ ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



Life
7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011


ဓာတ်ပုံ - ဉတ္တာကိုကို

တယ်။ ဒါပေမဲ့ ကံ့ကော်ရွာမိသားစုလေးကတော့ မပျက်သွားခဲ့ဘူး။ နှစ်စဉ် ကံ့ကော်ပွင့်ချိန်မှာ ကျင်းပမြဲပါပဲ”ဟု ပန်းချီမျိုးမြင့်လေးက ပြောသည်။

ယခုနှစ်တွင်လည်း အစဉ်အလာမပျက်စေရန် သူတို့တွေ ကြိုးစားအားထုတ်ထားကြသည်။ သူတို့၏ပန်းချီပညာကို စတင်မျိုးစေ့ချသင်ကြားပေးခဲ့သည့် ပန်းချီဆရာကြီးဦးသိန်းဟန်၊ ဦးလွန်းကြွယ်တို့နှင့် ဦးသုခ၊ ဦးနန်းဝေတို့၏ ပန်းချီလက်ရာများကိုလည်း

ကံ့ကော်ရွာသားများမှာ အချိန်ကြာလာသည်နှင့်အမျှ အချို့က ပြည်ပသို့ ရောက်ရှိသွားကြခြင်း၊ အချို့မှာ ကွယ်လွန်သွားကြခြင်း၊ အချို့မှာ ပန်းချီလောကမှ ထွက်ခွာသွားကြခြင်းတို့ကြောင့် လူအင်အားတဖြည်းဖြည်းလျော့နည်းလာခဲ့သည်။ ရွာသားများမှာ လူတန်းစားပေါင်းစုံဖြစ်ပြီး အများစုမှာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသဖြင့် ကံ့ကော်ပွင့်ချိန်ရောက်မှ ပြပွဲအတွက် အချိန်မီရေးဆွဲကြ



# ကံ့ကော်ရွာမှ ပန်းချီဝတ်ဆံများ

ဉတ္တာကိုကို

“အခုလို ကံ့ကော်ပွင့်ချိန်ဆိုရင် စိတ်လှုပ်ရှားလာတာအမှန်ပဲ” ဟု သူတို့ကပြောကြသည်။ သူတို့ဆိုသည်က ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်းကြီးများလည်းဖြစ်၊ ပန်းချီဆရာ၊ ပန်းချီရေးသူများလည်းဖြစ်ကြသော ‘ကံ့ကော်ရွာသား’တို့ပင် ဖြစ်သည်။

နှစ်စဉ် ဖေဖော်ဝါရီလ၊ မတ်လ နွေဦးသို့ရောက်ပြီး ကံ့ကော်ဖူးများ ပွင့်လန်းတော့မည့်ကာလတွင် သူတို့တွေ ရင်ခုန်လာကြသည်။ လန်းဆန်းလာကြသည်။ ပျော်ရွှင်လာကြသည်။ အသက်အရွယ်အားဖြင့် ဆယ့်ရှစ်နှစ်သို့ပင် ပြန်ရောက်သွားကြသယောင် ခံစားတက်ကြွလာကြသည်။ ထို့နောက် ပြန့်ကျဲနေသော ကံ့ကော်ရွာသားတွေ ပြန်လည်စုစည်းကြလေသည်။ သူတို့လက်ထဲတွင်တော့ ပန်းချီကားချပ်ကိုယ်စီနှင့် ဖြစ်သည်။

‘ကံ့ကော်ရွာ’ဟု အမည်ပေးထားသည့် ပန်းချီပြပွဲကို လောကနတ်ပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ရက်အထိပြသခဲ့သည်။ ယခုနှစ်သည် ကံ့ကော်ရွာပန်းချီမိသားစုလေး၏ (၂၂)ကြိမ်မြောက်ပြပွဲဖြစ်သည်။ သူတို့ကိုယ်သူတို့ ရာဇူး(RASU)ကျောင်းသားဟု ဂုဏ်ယူစွာပြောဆိုကြသောရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကျောင်းသားဟောင်း ပန်းချီဆရာကြီးများ၏ တက္ကသိုလ်ပြင်ပတွင်ပြသသော ကံ့ကော်ရွာပန်းချီပြပွဲ (၂၂)ကြိမ်မြောက်လည်းဖြစ်သည်။

ကံ့ကော်ရွာ ပန်းချီပြပွဲများသည် ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၊ ပန်းချီခန်းမမှ စတင်ပေါက်ဖွားလာခြင်းဖြစ်ပြီး ယခင်က ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ရှိ အာရ်စီဟု နာမည်ကျော်သည့် အပန်းဖြေရိပ်သာတွင် နှစ်စဉ်ပြသခဲ့ကြရာမှ ကျောင်းပြီးဆုံး၍ ကျောင်းဝင်းပြင်ပသို့ ထွက်ခွာလာခဲ့ကြရသော ကျောင်းသားပန်းချီ ဆရာများ၏ အမှတ်တရ လက်ဆင့်ကမ်း ရှင်သန်လာခဲ့သည့် ပြပွဲများဖြစ်သည်။

ပြင်ပတွင် ကံ့ကော်ရွာဟူသောအမည်ဖြင့် ကျောင်းသားများ စတင်ပြသခဲ့ကြသည်မှာ ၁၉၇၉ခုနှစ်တွင်ဖြစ်သည်။ ရာဇူး (ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်) ပြင်ပ၌ ပထမဆုံးပြသသည့်နေရာမှာ ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁)မှ လိပ်ခုံးခန်းမတွင်ဖြစ်ပြီး ရာဇူးအနီးအနားရှိ ယုဒသန်ရိပ်သာတွင်လည်း ၁၉၉၅ခုနှစ်အထိ ပြသခဲ့ကြသည်။ နောက်ပိုင်းတွင် အကြောင်းကြောင်းကြောင့် တက္ကသိုလ်အနီးတွင် ပြသရန်ခက်ခဲလာသဖြင့် ရန်ကုန်မြို့တွင်းရှိ လောကနတ်ပန်းချီပြခန်းသို့ ၂၀၀၀ ခုနှစ်မှစတင်၍ယနေ့အထိပြောင်း ရွှေ့ပြသခဲ့ကြရသည်။

“ယဉ်ကျေးမှု တက္ကသိုလ်(အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်) ပေါ်လာတယ်။ နောက်ပိုင်းမှာ ရာဇူးက အနုပညာအသင်းလည်း ပျက်သွားတယ်။

ယခုနှစ်ပြပွဲတွင် ပါဝင်ပြသခဲ့ကြသော ကံ့ကော်ရွာသားများမှာ ပန်းချီအောင်ကျော်မိုး၊ ဒါလီ၊ ဖော်မတ်၊ လှတိုး၊ ငွေးမြင့်၊ ငွေးငွေးမြင့်၊ ကြီးမြင့်စော၊ ခင်ဆွေဝင်း၊ ခင်မောင်ဗိုလ်၊ ကိုကိုနိုင်၊ ကြည်သာအေး၊ လမင်းအောင်ဇင်၊ လွန်းသစ်၊ မမွှေး၊ မိုးကျော်သူ၊ မြိုင်သန်းဦး၊ မျိုးမြင့်လေး၊ မျိုးဝေ၊ ညီညီ၊ စံမင်း၊ စိုးနိုင်၊ သောင်းထွန်း၊ သပြေထွန်း၊ သည်ဝင်းနိုင်၊ တင်ဝင်း(ကံ့ကော်ရွာ)၊ တီးတို၊ တင်ဝင်းအောင်၊ ဝင်းဖေမြင့်၊ ဇော်လူဝင်း၊ ဇော်ဝင်းလှိုင်၊ ဇင်ဝေလတ်တို့ဖြစ်ကြသည်။

ရသောကြောင့် လက်ရာပိုင်းဆိုင်ရာအားနည်းမှုများ ရှိနေဆဲဖြစ်သည်ဟု သူတို့ကဆိုကြသည်။

“ဒီပွဲတွေမှာ ပါဝင်ဖူးတဲ့သူတွေ ၈၀ လောက်ရှိတယ်။ ဆုံးသွားတဲ့လူကတော့ ၁၅ ယောက်လောက်ရှိပြီ။ ပရော်ဖက်ရှင်နယ်ပွဲတွေနဲ့တော့ နည်းနည်းကွဲမယ်။ တို့အထဲမှာ ပန်းချီနဲ့အသက်မွေးတဲ့သူ သုံးပုံတစ်ပုံပဲပါတယ်။ ပန်းချီဆွဲရင်း အခြားအလုပ်လုပ်တဲ့သူတွေပါတယ်။ ပွဲလုပ်ကာနီးမှ ဝါသနာအလျောက် ဝင်ဆွဲတဲ့သူတွေပါတယ်”ဟု ကံ့ကော်ရွာသူကြီးဟောင်းတစ်ဦးဖြစ်သော ပန်းချီမျိုးမြင့်လေးကပြောပြသည်။

စာ(၁၁)သို့

## ဈေးဝယ် လှပ ုပ်သွင်ပိုင်ဆိုင်လိုရင် ...

**အိဖြူလွင်**

ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေဝေတဲ့ နွေရာသီ ဥဩသံချိုတေးသံစုံသာတဲ့ နွေရာသီ၊ ပျော်စရာပွဲတော်တွေများတဲ့ ရာသီတစ်ခုကို ကူးပြောင်းရောက်ရှိပါပြီ။

ဥတုတစ်ခုကို ကူးပြောင်းပြီဆိုတာနဲ့ အပူအအေးကွာဟချက်က ပြောင်းလဲသလို ဆောင်းရာသီမှာ ဝတ်ခဲ့တဲ့အသုံးအဆောင်တွေကိုစွန့်ပြီး နွေရာသီနဲ့သင့်တော်တဲ့ ပစ္စည်းတွေကို ပြောင်းလဲအသုံးပြုဖို့လိုလာပါပြီ။

ငွေကြေးတတ်နိုင်သူတွေကလည်း တတ်နိုင်သလို မတတ်နိုင်သူတွေကလည်း သူတို့ရဲ့အတိုင်းအတာနဲ့ နွေရာသီနဲ့သင့်တော်မယ့် ပစ္စည်းတွေကို ပြောင်းလဲအသုံးပြုရာမှာ မဖြစ်မနေ ဂရုစိုက်ပြီး ပြောင်းလဲသင့်တာကတော့ အစားပြန်မရနိုင်တဲ့ မျက်နှာတစ်ခုအတွက် လိုအပ်တဲ့အသားအရေထိန်းပစ္စည်းတွေပါ။

လူ့ခန္ဓာကိုယ်မှာ အရေးကြီးဆုံးအစိတ်အပိုင်းဖြစ်တဲ့ မျက်နှာက ပျက်စီးသွားရင် ပြုပြင်ဖို့ခက်လို့ ပူပြင်းလှတဲ့ နွေရာသီအပူရှိန်ကိုကာကွယ်နိုင်ဖို့အတွက် တတ်နိုင်သလောက် ဂရုစိုက်သင့်တယ်ထင်ပါတယ်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဓာတုပစ္စည်းလုံးဝမပါဘဲ သဘာဝကထုတ်တဲ့ အသီးအနှံများနဲ့သာ ပြုလုပ်ထားတဲ့ LASHIOU အမှတ်တံဆိပ် အသားအရေထိန်းပစ္စည်းတွေက လူငယ်၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီး အရွယ်မရွေး သုံးနိုင်တဲ့ပစ္စည်းတွေလို့သိရပါတယ်။

အမေရိကန်နည်းပညာနဲ့ တရုတ်နိုင်ငံစက်ရုံကဖြန့်ချိတဲ့ ဒီအမှတ်တံဆိပ်ပစ္စည်းတွေမှာ eyecream၊ toner၊ moisturizer၊ foundation၊ mask၊ facial foam စသဖြင့် ပစ္စည်းအမျိုး အစားတွေ ပါဝင်တယ်လို့သိရပါတယ်။

နေရောင်ခြည်ဒဏ်က ကာကွယ်ပေးနိုင်ပြီး သင့်တော်တဲ့မျက်နှာအသားအရေကို ပြုပြင်ပေးနိုင်တဲ့ ဒီပစ္စည်းတွေကို အိမ်မှာပဲ ဝယ်ပြီး လိမ်းလို့ရသလို ဆိုင်မှာလည်း ပြုပြင်လို့ရနိုင်ပါတယ်။

အိမ်မှာပဲ ပြင်ဆင်ထိန်းသိမ်းနိုင်သလို ဆိုင်မှာလည်း ပြင်ဆင်နိုင်တဲ့ ဒီအမှတ်တံဆိပ်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေက ကျပ် ၂၀,၀၀၀ ဝန်းကျင်ဖြစ်ပြီး၊ ပရိသတ်ကြီး ဈေးဝယ်ထွက်ဖို့ ရနိုင်တဲ့ဆိုင်ကတော့ အနော်ရထာလမ်းပေါ် လမ်းမတော် ၅ လမ်းနဲ့ ၆လမ်းကြားမှာရှိတဲ့ အမှတ်-၂၉၂က AIDY ဆိုင်မှာလို့ သတင်းပေးရင်း. . . .။

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011



# ပထမဆုံးရတဲ့ လျော်ကြေး

ဝင်းနိုင်ထွန်း

**ဘန်ကောက်မြို့တောင်ဘက်ရှိ ပြစ်မှုဆိုင်ရာတရားရုံးက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ က အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရသော မြန်မာရွှေ့ပြောင်းအလုပ် သမားချာလီကို ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ အမြန်ဆုံးလွှတ်ပေးရန်၊ ထိခိုက်အနာတရဖြစ်မှုအတွက် လျော်ကြေးပါ ပေးလျော်စေရန်အမိန့်ချမှတ်ခဲ့သည်။ ထိုအလုပ်သမားကို ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဘန်ကောက်ရဲဆေးရုံတွင် အချုပ်ဖြင့် ထိန်းသိမ်းထားသောကြောင့်ဖြစ်သည်။**

အသက် ၃၃နှစ်အရွယ် မြန်မာအလုပ်သမားချာလီခမျာမှာ ထိုအချုပ်တွင် နှစ်ပတ်ကျော်ကြာနေပြီဖြစ်သည်။ အလုပ်ခွင်တွင် အူပေါက်ထွက်ခဲ့သည်။ ပေါင်ကျိုးခဲ့ရသည်။ ထိုဝေဒနာများကို ခွဲစိတ်ကုသမှုခံရသည့်အချိန်မှာပင် အချုပ်နှောင်ခံခဲ့ရသည်။

ချာလီကြုံတွေ့ရသောအခက်အခဲမှာ အလုပ်ရှင်ကိုယ်တိုင် ဆေးဝါးကုသခ မပေးလိုသဖြင့် ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်သည်။ သို့ကြောင့် ဖြစ်ဖြစ်ချင်း တက်ရောက်ကုသခံယူရသည့် ပသွန်ဌာနီဆေးရုံတွင် သုံးပတ်စာဆေးကုသမှုဆေးဖိုး မပေးနိုင်တော့ဘဲ၊ နောက်ဆုံး၌ ရဲဆေးရုံသို့ အချုပ်နှင့်ရောက်လာခဲ့ရသည်။ အလုပ်ခွင်ဒဏ်ရာကြောင့် အိပ်ရာပေါ်ပက်လက်နေရသည့်သူ့ကို လက်ထိပ်၊သံခြေချင်းခတ်ထားကြသည်။ သူ့ကို ထိုသို့ဆက်ဆံပြုမူခြင်းသည် တရားမဝင်အလုပ်သမားဖြစ်လို့၊ အလုပ်လုပ်ခွင့်လက်မှတ်မရှိလို့၊ မှတ်ပုံတင်ကတ်မပြနိုင်လို့ဟု သတ်မှတ်ကာ ဆက်ဆံပြုမူကြခြင်းဖြစ်သည်။ အလုပ်ရှင်က ထွက်ပြေးတိမ်းရှောင်ခဲ့သည့်အတွက် အလုပ်သမားများ လျော်ကြေးရန်ပုံငွေနှင့် ကျန်းမာရေးအာမခံထုတ်ပေးမှုများ ပျက်ကွက်ခဲ့သဖြင့် တစ်စုံတစ်ရာ မကူညီနိုင်သကဲ့သို့ ဖြစ်ရသည်။ထိုသို့အချုပ်နှောင်ဖြင့် ထားသည်ကို လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ထိုင်းရဲသို့ ကန့်ကွက်ဆန္ဒပြသောကြောင့် လွန်ခဲ့သောလေးရက်မှစပြီး လက်ထိပ်သံခြေချင်းတို့ ဖြုတ်ပေးလိုက်သည်။ ရှေ့နေများကောင်စီကလည်း ချာလီ၏အမှုကိုလက်ခံကာ တရားရုံးတွင် တရားဝင်အလုပ်သမားဖြစ်ကြောင်း၊ မှတ်ပုံတင်ထားသူဖြစ်ကြောင်း၊ အချုပ်အနှောင်ဖြင့် မထားသင့်ကြောင်း စောဒကတက်တော့သည်။

တရားရုံးက သူ့၏အမှုကို နှစ်ရက်ကြာ ကြားနာပြီးနောက် အချုပ်မှ ချက်ချင်းလွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

စာ(၁၂)သို့









## စာ-၉၊ ကံ့ကော်ရွာမှ ပန်းချီဝတ်ဆံများ မှ

ပန်းချီနည်းစနစ်များအနေဖြင့် ကိုယ်နှစ်သက်ရာကို ရွေးချယ်ရေးဆွဲပြသကြခြင်းကြောင့် ကံ့ကော်ရွာပြပွဲများမှာ ပုံစံမျိုးစုံဖြင့် ပန်းချီလက်ရာ စုံလင်ကြသည်။ ယခုနှစ်တွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခတ်ပုံပန်းချီ၊ ပန်းပု၊ ဖယောင်း၊ ပရင့်စသော ရေးဆွဲနည်းအမျိုးမျိုးဖြင့် ကိုယ်နှစ်သက်ရာရေးဆွဲတင်ပြခဲ့ကြသည်ကိုတွေ့ရသည်။

ပန်းချီကားများမှာအကြောင်းအရာအမျိုးမျိုးဖြစ်သော်လည်း သူတို့ရောက်ရှိကျင်လည်ခဲ့၊ ပညာရင်နို့သောက်စို့ခဲ့သည့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဦးစားပေးရေးဆွဲကြသည်ကိုလည်း တွေ့မြင်ရသည်။ ထို့ကြောင့် ကံ့ကော်ရွာပြပွဲများတွင် ကံ့ကော်၊ သစ်ပုပ်ပင်၊ အင်းလျားကန်၊ ရွက်လှေများ၊ ဂျပ်ဆင်၊ ဘွဲ့နှင်းသဘင်ခန်းမ စသောပန်းချီကားချပ်များကို အမြဲမြင်တွေ့ကြရမည်ပင်ဖြစ်သည်။

"အချို့ကားတွေဆိုရင် ကျောင်းတုန်းကပဲ ဆွဲထားတာကို အမှတ်တရအနေနဲ့ ပြန်တင်ကြတယ်။ အသစ်တွေတော့ များပါတယ်"ဟု ကံ့ကော်ရွာသားပန်းချီဆရာတစ်ဦးကပြောသည်။

သူတို့အားလုံးက မိသားစုလိုပင်ဖြစ်နေကြပြီဖြစ်သည်။ နှစ်ပေါင်း ၃၀ ကျော်တွင် ပြပွဲပေါင်း ၂၂ ပွဲပြသခဲ့သည့် တစ်လျှောက် သူတို့၏ သံယောဇဉ်တွေ မြဲမြံခဲ့ကြသည်။

"ဆွေမျိုးတွေလိုပါပဲ။ ရင်ဘတ်ချင်းတူတဲ့ အသိုင်းအဝိုင်းတွေတစ်နှစ် တစ်ကြိမ်ပြန်တွေ့ကြတာပေါ့။ မတွေ့ရရင်လည်း မနေနိုင်ဘူး"ဟု သူတို့က ပြုံးရယ်ရင်းပြောကြသည်။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးတွင် သူတို့ပညာသင်ကြားနေစဉ် ပထမနှစ်ကာလများမှာပင် တက္ကသိုလ်အနုပညာအသင်း၊ ပန်းချီဌာနစိတ်မှ ဦးစီးသင်ကြားသော ပန်းချီသင်တန်းကို ဝါသနာအလျောက်တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ဆရာကြီး ဦးသိန်းဟန်နှင့် ဦးလွန်းကြွယ်တို့က အဓိကသင်ကြားပေးကြပြီး တစ်ခါတစ်ရံမှာတော့ ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး ဦးသုခနှင့် ဦးနန်းဝေတို့က လာရောက်ပို့ချပေးကြောင်း သိရသည်။ ပထမနှစ်ကျောင်းသားငယ်လေးများကို ကျောင်းသားကြီးများကလည်း ကူညီပြသပေးကြလေသည်။ သင်တန်းကို ကျောင်းဖွင့်စမှနေ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သည်ဟုသိရသည်။

"၁၉၇၆ ခုနှစ်မှာ သင်တန်းက ၂၅နှစ်ပြည့်ငွေရတုဖြစ်နေပြီ။ တော်တော်ကြာခဲ့ပြီပေါ့။ အဲဒီအချိန်ထိ ပထမနှစ်သင်တန်းတစ်ခုပဲရှိတယ်။ ၁၉၇၇လောက်ကစပြီး ဒုတိယနှစ်သင်တန်း ဖြစ်လာတယ်။ ၁၉၈၁ခုနှစ်လောက်မှာတော့ တတိယနှစ်သင်တန်းရှိလာတယ်။ နောက်ပိုင်းမှာ ပန်းချီဆရာကြီး မန္တလေးဦးတင်အေး သင်ပေးခဲ့တယ်လို့ကြားရတယ်"ဟု ကံ့ကော်ရွာပန်းချီဆရာတစ်ဦးကပြောပြသည်။

"အဲဒီတုန်းက အသက်တွေက ၁၉-၂၀ ပတ်ဝန်းကျင်တွေ။ ဝါသနာလေးနဲ့ပျော်ပြီး လုပ်ကြတာ။ ဆွဲတာတွေကလည်း တက္ကသိုလ်အနံ့အသက်လေးတွေပေါ့။ ကံ့ကော်ပါမယ်။ ကျောင်းပတ်ဝန်းကျင်တွေပါမယ်။ အစ်ကိုတွေကလည်း ကူညီပေးကြပါတယ်" ကျောင်းသူဟောင်းတစ်ဦး ဖြစ်သော ကံ့ကော်ရွာသူဒေါ်သင်းသင်းမာကပြောသည်။

နှစ်စဉ်ကျောင်းမှ ရွေးကောက်တင်မြှောက်သော ပန်းချီဌာနစိတ်မှူးကြီးမှူး၍ အာရ်စီ(တက္ကသိုလ်အပန်းဖြေရိပ်သာ)တွင် သင်တန်းမှ ကျောင်းသားများနှင့် တခြားဝါသနာရှင်ကျောင်းသားများ စုစည်းပြီး ပန်းချီပြပွဲများကိုပြသကြလေ့ရှိကြောင်းသိရသည်။ တက္ကသိုလ်စာမေးပွဲများနီးချိန်တွင် သင်တန်းပိတ်ပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ သင်တန်းဆင်းပန်းချီပြပွဲကိုပါ တစ်ပါတည်းပြုလုပ်ကြခြင်းဖြစ်သည်။

ထိုစဉ်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အနုပညာအသင်းမှ ပြုလုပ်သော ပန်းချီပြပွဲများသည် အကြီးအကျယ်အောင်မြင်စည်ကားခဲ့သည်ဟု သိရသည်။ ကျောင်းနှစ်ပတ်လည်ပြပွဲများစည်ကားရခြင်းမှာ ရာဇူမှ ပန်းချီ ဝါသနာရှင်ကျောင်းသားများသာမကဘဲ ဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပန်းချီဝါသနာရှင် ကျောင်းသားများပါ လာရောက်ပူးပေါင်းပါဝင်ပြသခဲ့ကြသောကြောင့် ဖြစ်သည်ဟုဆိုကြသည်။

"နှစ်ပတ်လည် ပန်းချီပြပွဲတွေတိုင်း ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နဲ့ တခြားကျောင်းကကျောင်းသားတွေပါ အကုန်ပါဝင်ပြသကြတာ။ အာရ်စီဟောကြီးနဲ့အပြည့်ပဲ။ ပန်းချီကားတွေက ကားပေါင်း ၅၀၀ နဲ့ ၁၀၀၀ ကြားမှာရှိတယ်။ ပန်းချီကားတွေဆိုဟည်းထနေတာပဲ"ဟု ၁၉၇၇ ခုနှစ်တွင် ကျောင်းပြီးခဲ့ပြီး နှစ်ပတ်လည်ပြပွဲခြောက်ပွဲခန့် ပါဝင်ပြသခဲ့ဖူးသော ပန်းချီဆရာမျိုးမြင့်လေးက အားပါးတရပြန်ပြောပြသည်။ သူတို့လုပ်ခဲ့ကြသော တက္ကသိုလ်ပြပွဲများသို့ ပြင်ပမှလူအများလည်း လာရောက်ကြည့်ရှုဝယ်ယူကြသည်ဟုသိရသည်။ ရန်ကုန်တက္ကသိုလ်အနုပညာအသင်းမှ ထွက်သွားကြသော ကျောင်းသားဟောင်းကြီးများထဲမှာ အောင်မြင်နေကြသူတွေ အများကြီးရှိကြသည်။ အထူးသဖြင့် လူရွှင်တော်များမှာ လူသိပိုများကြသည်။

ကံ့ကော်ရွာ ပန်းချီဆရာကျောင်းသားဟောင်းများမှာ ကျောင်းဆင်းပြီးနောက်ပိုင်းတွင်မှ ပြန်လည်စုစည်းခဲ့ကြခြင်း ဖြစ်သည်။အချို့ကျောင်းသားဟောင်းကြီးများက ထိုအချိန်မှာ ပြင်ပပန်းချီလောကကြီးအတွင်းသို့ တိုးဝင်နေကြပြီဖြစ်သည်။ ထိုစဉ်မှာပင် သူတို့နားခိုခဲ့သည့် ကျောင်းပန်းချီခန်းမမှ ညီငယ်မောင်ငယ်မျိုးဆက်သစ်တို့အတွက် နေရာပေးရန်၊ ပြင်ပပန်းချီလောကနှင့် ပေါင်းကူးပေးရန် ပန်းချီအဖွဲ့တစ်ဖွဲ့လိုအပ်လာပြီဟုသူတို့တွေးမိလာကြသည်။

၁၉၇၉ ခုနှစ်၊ နှစ်ဆန်းပိုင်း မှာတော့ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဝင်းအတွင်းလက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ပြင်ပရောက်အနုပညာအသင်းမှ ပန်းချီဆရာကျောင်းသားဟောင်းများနှင့် ပန်းချီခန်းမသို့ အသစ်ရောက်ရှိလာကြသည့် ဂျူနီယာကျောင်းသားလေးများ စိတ်အားထက်သန်စွာ တစ်စုံတစ်ခုကို ဆွေးနွေးနေကြသည်။ ငြင်းခုံသံများ၊ ထောက်ခံသံများ၊ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ အဆုံးမှာတော့ သဘောတူညီချက်တစ်ခုကို သူတို့ရရှိသွားကြပြီဖြစ်သည်။

စာရွက်လွတ်တစ်ရွက်တွင် အမည်နာမပေါင်းမြောက်မြားစွာကို ရေးခြစ်ထားကြရာမှ ဆရာခင်အောင်အေးရေးထားသော နာမည်တစ်ခုကို သူတို့အားလုံး ရင်ခုန်နှစ်သက်စွာ အတည်ပြုလိုက်ကြတော့သည်။ ထိုနာမည်က "ကံ့ကော်ရွာ" ။

ကံ့ကော်ပင်ပေါင်းများစွာပေါက်ရောက်ရှင်သန်လျက်ရှိသော အမိတက္ကသိုလ်ရင်ခွင်ကြီးကို ကိုယ်စားပြုစေရန် 'ကံ့ကော်'ဟူသောစာလုံးနှင့် မြန်မာမိသားစုပုံစံစည်းလုံးညီညွတ်မှုရှိစေရန်အတွက် 'ရွာ' ဟူသောစကားလုံးတို့ကို အဓိပ္ပာယ်ရှိစွာ ပေါင်းစပ်၍ ကံ့ကော်ရွာဟူသည့် ကျောင်းသားဟောင်းပန်းချီသမားများ၏ အနုပညာလှုပ်ရှားမှုတစ်ရပ် ထိုသို့ဖြင့် ပေါ်ထွန်းခဲ့လေသည်။

"ကျောင်းထဲကနေ အပြင်ရောက်လာတဲ့လူတွေမှန်သမျှ စုစည်းမိတဲ့သဘောပါ။ ကျောင်းအပြင်ရောက်တော့ ကျောင်းထဲပြန်ဝင်ပြီး ပြပွဲတွေပြဖို့က အခက်အခဲရှိသွားပြီလေ။ အဲဒါနဲ့ အပြင်ရောက်တဲ့လူတွေနဲ့ စုပြဖို့ဆိုပြီး လုပ်ဖြစ်ကြတယ်"ဟု ပန်းချီဆရာခင်မောင်ဗိုလ်ကပြောသည်။

ကံ့ကော်ရွာအဖွဲ့မှ ပန်းချီဆရာ၊ ဆရာမများသည် သူတို့ကိုယ်သူတို့ ရွာသူရွာသားများဟု ဝံ့ကြွားဂုဏ်ယူစွာ သုံးနှုန်းကြသည်။ သူတို့၏ကံ့ကော်ရွာတွင် ရွာသူရွာသားပန်းချီဆရာများရှိသလိုရွာကို အုပ်ချုပ်သည့် သူကြီးဆိုတာလည်းရှိနေသည်ကိုတွေ့ရသည်။ ပန်းချီပြပွဲများပြုလုပ်သည့် နှစ်တိုင်းပြပွဲကို တာဝန်ခံရသည့် တာဝန်ခံတစ်ဦးကို ရွေးချယ်ကြပြီး သူ့ကိုသူကြီးဟု ခေါ်ဝေါ်ကြသည်။ တာဝန်ကျသည့်သူကြီးအား ကျန်သူကြီးဟောင်းများနှင့် ရွာသားပန်းချီဆရာများက ဝိုင်းဝန်းကူညီကြရသည့် ချစ်စဖွယ်အလေ့အထကို သူတို့ကျေနပ်စွာ ကျင့်သုံးကြသည်။ ယခင်က ကံ့ကော်ရွာသူကြီးတာဝန်ကို ကျောင်းတုန်းက အတွင်းရေးမှူးဟောင်းများမှ အလှည့်ကျတာဝန်ယူခဲ့ကြသော်လည်း ၂၀၀၁ ခုနှစ်မှစတင်ကာ ရွာသူရွာသားများထဲမှ စီနီယာကျသူများကို အလှည့်ကျသူကြီးအဖြစ် တာဝန်ယူစေခဲ့ကြကြောင်း သိရသည်။

ပန်းချီပြပွဲများကိုလည်း ငွေကြေးတတ်နိုင်သည့် ရွာသားက တတ်နိုင်သလောက် ပိုထည့်ပြီး မတတ်နိုင်သူကို လျှော့ပေါ့ထည့်စေကာ ပြည်ပရောက် ရွာသားများ၏ ပံ့ပိုးပေးမှုများဖြင့် ရုန်းကန်နေကြရသည်ဟုသိရသည်။


ကံ့ကော်ရွာ ကျောင်းသားဟောင်းကြီးများတွင် အသက်အကြီးဆုံးအဖွဲ့ဝင်မှာ အသက် ၇၀ နှစ်ဝန်းကျင်ရှိနေပြီဖြစ်ပြီး အငယ်ဆုံးအဖွဲ့ဝင်မှာ အသက် ၄၀ နှစ်ခန့်ရှိနေကြပြီဖြစ်သည်။ ပြည်ပထွက်ခွာကြသူများ၊ ကွယ်လွန်သွားကြသူများ၊အဆက်အသွယ်ပြတ်တောက်သွားကြသူများဖြင့် ကံ့ကော်ရွာကလေးသည် တဖြည်းဖြည်းနှင့် တိတ်ဆိတ်မယောင်ဖြစ်လာနေသည်။ ထို့ကြောင့် ရွာကလေး ဆက်လက်ရှင်သန်နိုင်ရန်အတွက် ရွာသားများကို ထပ်မံမွေးထုတ်ရန်လိုအပ်လာပြီဖြစ်ကြောင်း သူတို့သတိထားမိကြသည်။

ထို့အတွက် ကံ့ကော်ရွာမိသားစုဝင်များထဲမှ ပန်းချီဝါသနာပါသော သားသမီးများ၊ ရန်ကုန်တက္ကသိုလ်ပန်းချီခန်းမတွင် သင်တန်းမတက်ဖူးသော်လည်း ဝါသနာပါသူ ကျောင်းသားဟောင်းများကို စိစစ်ရွေးချယ်၍ တစ်နှစ်လျှင် နှစ်ဦး၊ သုံးဦးခန့် ပြသစေခဲ့သည်။ လက်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပန်းချီကျောင်းသား ကျောင်းသူများကိုလည်း နှစ်စဉ် ရွေးချယ်ခေါ်ယူသွားရန်ဆောင်ရွက်ကြသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ကံ့ကော်ပွင့်ချိန်က (၁၇)ကြိမ်မြောက် ကံ့ကော်ရွာပန်းချီပြပွဲကို သုဝဏ္ဏဘူမိ ဂယ်လာရီ၏စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် တစ်ကြိမ် သွားရောက်ပြသခဲ့ကြပြီးဖြစ်ကြောင်းသိရသည်။ ကံ့ကော်ရွာ၏ပန်းချီပြပွဲ နောက်ဆုံးပိတ်ပွဲတွင် ရောင်စုံဝေဒနာအမည်ရှိ ကဗျာစာအုပ်ကိုလည်း အမှတ်တရ ထုတ်ဝေလေ့ရှိကြောင်းသိရသည်။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အနုပညာအသင်း ပန်းချီခန်းမသမိုင်းကို စာအုပ်တစ်အုပ်ပြည့်စုံစွာ ပြုစုထုတ်ဝေနိုင်ရန်လည်း သူတို့ ကြိုးစားနေကြသည်ဟုသိရသည်။

နောက်လာမည့် ၂၀၁၄ ခုနှစ်တွင် ကံ့ကော်ရွာပန်းချီပြပွဲများသည် ၂၅နှစ်ပြည့်ငွေရတုတိုင်တော့မည်ဖြစ်သည်။ ငွေရတုပွဲကို ကံ့ကော်ရွာသူရွာသားများ ရင်ခုန်ငံ့လင့်နေကြသည်။ သူတို့အားလုံးတညီတညာတည်း ဆန္ဒရှိနေကြသည်က သူတို့၏ ဘူမိနက်သန်နယ်မြေဖြစ်သော ရာဇူ(ခေါ်) ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဝန်းကျင်တွင် ကံ့ကော်ရွာ၏ ၂၅ နှစ်ပြည့် ငွေရတုပန်းချီပြပွဲလေးကို ကျင်းပပြုလုပ်ချင်ကြခြင်း ဖြစ်သည်။

"တက္ကသိုလ်ထဲမှာ မဟုတ်ရင်တော့ တက္ကသိုလ်နဲ့အနီးဆုံးနေရာမှာ ပြပွဲလုပ်လို့ရအောင် ကြိုးစားနေကြပါတယ်" ဟု ၁၉၇၄ ခုနှစ်က ကျောင်းပြီးခဲ့ပြီး ယခုနှစ် ကံ့ကော်ရွာ၏ သူကြီးဖြစ်သူ ပန်းချီဦးစံမင်းက ၂၀၁၄ ခုနှစ် ကံ့ကော်ပွင့်ချိန်ကို ယခုပင် မြင်ယောင်မျှော်လင့်နေဟန်ဖြင့်ပြောလေသည်။ ။



**ဝမ်း**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## လူ့သဘာဝကိုဆင်ခြင်ခြင်း။ ။ ။

လူသားဟာ လကမ္ဘာပေါ်မှာ ခြေချနိုင်သည်အထိ အသိဉာဏ်ပညာရှိခဲ့တယ်။ စကြဝဠာကြီးရဲ့ အံ့ဖွယ်ကောင်းတဲ့ အကြောင်းအရာတွေကိုတောင် ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ သူဟာ သူ့ရဲ့အဇ္ဈတ္တမနောသဘာဝကို ထိုးထွင်းပြီး နှိုက်နှိုက်ချွတ်ချွတ်သိဖို့ကျတော့ လေ့လာသင်ကြားစရာတွေလိုနေသေးတယ်။ သူ့ရဲ့စိတ်ကို အမြင့်ဆုံးကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကိုသိမှသာ သူ့စိတ်ရဲ့သဘာဝအမှန်ကိုသိမြင်နားလည်နိုင်မှာဖြစ်ပါတယ်။

မိမိဘဝဖြစ်တည်နေပုံအမှန်ကို မသိနားမလည်ခဲ့တာကြောင့် လူသားဟာ သူ့ကိုယ်သူ ကိုယ်ကျိုးရှာအတ္တသမားငပွကြီးအဖြစ်ဖော်ဆောင်ခဲ့တာ၊ သူ့ကိုယ်သူ အတ္တစွဲကြီးသူမဟုတ်သလို မတတ်နိုင်တာတွေအတွက် ဟန်ဆောင်ခဲ့ကြရတာတွေဖြစ်ခဲ့ကြရတာပဲမဟုတ်လား။ လူသားအနေနဲ့ အမှန်သစ္စာတရားကိုသိမြင်တဲ့ဉာဏ်ဖြစ်ပေါ်လာဖို့အတွက် အဝိဇ္ဇာကိုကျော်လွှနိုင်အောင်ကြိုးပမ်းကြရမယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားတောင်မှ လူ့သဘာဝအမှန်သစ္စာကိုသိမြင်တဲ့ဉာဏ်ရဖို့ အစွမ်းကုန်အားထုတ်ခဲ့ရတယ်။ သူ့ရဲ့စိတ်ကို ပြုစုပျိုးထောင်ခဲ့ရတယ်လို့ ဟောကြားတော်မူခဲ့တယ်။ ဒါကြောင့် လူသားဟာ သဘာဝလောကကြီးထဲက သူရပ်တည်နေတဲ့နေရာကိုရော၊ သူဖြစ်တည်နေခြင်းဘဝရဲ့ အဓိပ္ပာယ်ကိုရော ကောင်းကောင်း သိနားလည်ဖို့လိုအပ်ပါတယ်။

ရည်ညွှန်း-'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## ရန်ကုန် သန်းခေါင်ယံတွင် ကားပြိုင်ပွဲအချို့ပေါ်ပေါက်

**သားငယ်**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂

ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများပေါ်တွင် ညပိုင်း လူခြေတိတ်ချိန်များ၌ အဖိုးတန်ပြိုင်ကားများနှင့် ယှဉ်ပြိုင်ကြသည့် ကားပြိုင်ပွဲများ ပေါ်ပေါက်လျက်ရှိကြောင်း ညဉ့်နက်ပိုင်း အလုပ်လုပ်သူများနှင့် ကိုယ်တိုင်ကြုံတွေ့သူအချို့ကဆိုသည်။

အဆိုပါပြိုင်ကားများသည် တောင်ဥက္ကလာပမြို့နယ် သုဝဏ္ဏအနီးတစ်ဝိုက်ရှိ လမ်းမကြီးများ၊ ပြည်လမ်းမ၊ ပြည်သူ့ဥယျာဉ်အနီးတစ်ဝိုက်နှင့်အခြားနေရာအတော်များများတွင် မကြာခဏယှဉ်ပြိုင်မောင်းနှင်မှုများရှိနေကြောင်း စုံစမ်းသိရှိရသည်။

"ညပိုင်းကားဆွဲရတာ အခုဆိုသတိထားနေရတယ်။ တစ်ခါက သုဝဏ္ဏဘက်မှာ သူတို့ ပြိုင်မောင်းလာတာကို ဘေးမချပေးလို့ အဆဲခံရဖူးတယ်။ အစ်ကို့သူငယ်ချင်းတစ်ယောက်ကိုဆို ဝိုင်းရိုက်မလိုတောင် ဖြစ်ခဲ့ဖူးတယ်။ တစ်ခါတလေပွိုင့်တွေဘာတွေဖြတ်ရင် မီးစိမ်းရင်တောင်မထွက်ရဲဘူး။ အဲဒီ့ကားလေးတွေက လှစ်ခနဲ ထွက်ထွက်လာတတ်တော့ သတိထားနေရတယ်"ဟု မြို့တွင်း ညဉ့်နက်ပိုင်းတက္ကစီမောင်းနှင်သူတစ်ဦးကဆိုသည်။

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

## မျက်နှာဖုံး – ဆင်စွယ်ထွက်ပစ္စည်း ရောင်းဝယ်နေမှုများကို အရေးယူတော့မည် မှ

အချို့သောဆိုင်များမှာမူ ဆင်စွယ်ကို ဥပဒေအရတားမြစ်ထားကြောင်းကိုသိရှိခြင်းမရှိဘဲ ပြည်ပခရီးသွားများကို ရောင်းချနေကြသည်ကိုတွေ့ရကြောင်း အဆိုပါတာဝန်ရှိသူတစ်ဦးကပြောသည်။

ဆင်စွယ်နှင့်ထုလုပ်ထားသည့်လက်မှုပစ္စည်းများကိုဝယ်ယူခဲ့ပြီးသယ်ဆောင်လာသောပြည်ပခရီးသွားများအနေနှင့်လည်း မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသည့်အခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးသိမ်းဆည်းခြင်းခံရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံတွင် အိမ်မွေးဆင်များအဖြစ် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပေးထားပြီး ထိုဆင်ပိုင်ဆိုင်ခွင့်ရရှိထားသူသည် ဆင်စွယ်ကိုပါ ဥပဒေအရအလိုအလျောက် ပိုင်ဆိုင်ပြီး ပိုင်ဆိုင်ခွင့်အတွက် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရန်လိုကြောင်း သိရသည်။

ဆင်စွယ်ပိုင်ဆိုင်မှု မှတ်ပုံတင်ထားသူသည် အထိမ်းအမှတ်အဖြစ် ထုလုပ်ပြင်ဆင်ကာ သိမ်းဆည်းထားခွင့်ရှိသော်လည်း လွှဲပြောင်းရောင်းချခြင်းများပြုလုပ်ခွင့်မရှိကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

ဆင်သည်အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း(CITES)မှ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများအရ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ကြုံတွေ့နေရသော မျိုးစိတ်စာရင်းတွင် ထည့်သွင်းခံထားရပြီး ဆင်၊ ဆင်စွယ်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့ရောင်းချခြင်းကို ဥပဒေအရ တားမြစ်ထားသည်။

၁၉၉၄ခုနှစ်တွင် ပြဋ္ဌာန်းထားသောတောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ဆင်သည် လုံးဝကာကွယ်ထားသော တိရစ္ဆာန်စာရင်းတွင်ပါဝင်နေပြီး ခွင့်ပြုချက်မရှိဘဲ ဆင်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ ယင်း၏ အစိတ်အပိုင်းကို ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်းတို့ကို တွေ့ရှိပါက ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသောင်းဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူခံရနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် သဘာဝဘောအတွင်း တောဆင်ရိုင်းအကောင်ရေ ဒုတိယအများဆုံးကျန်ရှိသည့် နိုင်ငံဖြစ်သည်။

## စာ-၂၊ နေပြည်တော် ကျောက်မျက်ပြပွဲ ကျောက်စိမ်းတွဲပေါင်း တစ်သောင်းရှစ်ထောင်ကျော် ပြသရန်လျှောက်ထား မှ

နိုင်ငံတကာမှာ နာမည်ကြီးတဲ့ တရုတ်ကုန်သည်ကြီး ဝယ်လက်တွေပါလာမှာမို့ ကျွန်တော်တို့ ဒုတိယအကြိမ် နေပြည်တော်ကျောက်စိမ်းပြပွဲမှာ အကောင်းဆုံးဖြစ်အောင်ကြိုတင် ပြင်ဆင်ထားပါတယ်”ဟု ဖားကန့်ဒေသကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတစ်ခုမှ သူ၏အမြင်ကိုပြောသည်။

ပြီးခဲ့သည့် ကျောက်မျက်ပြပွဲ၌ လေလံအောင်မြင်ခဲ့သော ကျောက်မျက်အတွဲများထဲတွင် အတွဲပေါင်း နှစ်ထောင်ခန့် အနေဖြင့် ရွေးယူရန် ကြန့်ကြာနေပြီး ရွေးယူရန်နောက်ဆုံးခွင့်ပြုရက်မှာ နှစ်ပတ်ခန့်သာကျန်ရှိတော့ကြောင်း စုံစမ်းသိရသည်။


ဓာတ်ပုံ – စိုင်းသာအောင်

အဆိုပါရွေးယူရန် ကျန်ရှိသည့် ကျောက်မျက်အတွဲများတွင် နိုင်ငံခြား ဝယ်လက်အများစု အောင်မြင်ခဲ့သည့် အတွဲများကပိုများကြောင်း ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကျောက်စိမ်းမှာ မြန်မာနိုင်ငံတွင် ထပ်မံတွေ့ရှိရသော မျှော်မရှိတော့ဘဲလာမည့်ဆယ်စုနှစ်အတွင်း ရှားပါးလာမည့် အခြေအနေများကြောင့် ပြည်တွင်း၊ ပြည်ပကုန်သည်များက အရည်အသွေးကောင်း ကျောက်စိမ်းများကို ဝယ်ယူစုဆောင်းလာကြသည်။ ထိုအခြေအနေကြောင့်ပင် ပြည်တွင်းကျောက်စိမ်းကုန်သည်အချို့မှာ ပြည်ပတွင် ကုမ္ပဏီဖွင့်လှစ်ကာ ကျောက်စိမ်းများကို ပြန်လည်ဝယ်ယူ၍ သိုလှောင်မှု များပြားလာကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-အစိုးရသစ်၏ ပထမဆုံးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

အခု စထုတ်ပြန်တဲ့ ဘတ်ဂျက်ကို လာမယ့်နှစ်ကျရင် ထပ်ထုတ်ပြန်မယ့် ဘတ်ဂျက်နဲ့ နှိုင်းယှဉ်ပြီးတော့ ဘယ်ဟာတွေမှာ တိုးတယ်၊ ဘယ်ဟာတွေမှာ လျှော့တယ်ဆိုတာ လူထုအနေနဲ့သိခွင့်ရတော့မှာပေါ့။ ဒီလို ထုတ်ပြန်ပေးတာကောင်းပါတယ်”ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သော ဦးလှမောင်ရွှေက ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

အစိုးရက ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအပြင် နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကိုပါ ပြဋ္ဌာန်းခဲ့သည်။

အစိုးရသစ်အတွက် ထုတ်ပြန်ပေးလိုက်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ သာသနာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အလုပ်သမား၊ သစ်တောရေးရာ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သတ္တုတွင်း၊ အမှတ်(၁)စက်မှု၊ အမှတ်(၂)စက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ စွမ်းအင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအား၊ အမှတ်(၂)လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ သမဝါယမ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးနှင့်အခွန်၊ ပင်စင်လစာငွေများနှင့်ဆုငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ စသည်တို့အတွက် အသုံးပြုမည့် လျာထားငွေစာရင်းတို့အား ဖော်ပြထားသည်ကိုတွေ့ရသည်။




## စာ-၁၀၊ ပထမဆုံးရတဲ့ လျော်ကြေး မှ

ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနသို့လည်း ၎င်းနစ်နာမှုအတွက် ဒဏ်ကြေးအဖြစ် ထိုင်းဘတ်ငွေ ၃,၀၀၀ တစ်ပါတည်းပေးဆောင်စေရန် ဆုံးဖြတ်ပေးခဲ့သည်။ ချာလီကို မဖမ်းဆီးခင်နှင့်ဖမ်းဆီးပြီးနောက်ပိုင်း ထိုင်းရဲနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ တာဝန်ရှိသူများက ၎င်းအား တရားဝင်နေထိုင်ခြင်းရှိ မရှိကို စစ်ဆေးမှုပြုလုပ်ခဲ့ခြင်းရှိ မရှိနှင့်ပတ်သက်၍ တရားရုံးက မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပျက်ကွက်မှုပေါ်ပေါက်ခဲ့ရသည်။

တရားရုံးတွင် အလုပ်သမားဝန်ကြီးဌာနမှ အရာရှိများက ထွက်ဆိုချက်ပေးကြရာတွင် ချာလီထံ၌ရှိသော အလုပ်လုပ်ခွင့်ပါမစ်သည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့ထိ သက်တမ်းရှိသေးကြောင်း၊ သို့သော် ပသွန်ဌာနီရဲများက ဖမ်းဆီးခဲ့သည့်အတွက် ထိုပါမစ်သက်တမ်း၏ နှစ်တိုးရေးကိစ္စကို ရပ်ထားခဲ့ရကြောင်းဖြင့် ထွက်ဆိုချက်ပေးကြသည်။

ထိုင်းလူ့အခွင့်အရေးကော်မတီ၏ ရွှေ့နေများကောင်စီ ခေါင်းဆောင်က ထိုအမှုသည် ထိုင်းနိုင်ငံအာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ အာဏာအလွဲသုံးစားပြုမှုနေမှုများဖြစ်သော ထင်ရာစိုင်းကာ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားလက်လွတ်ပြုမူမှုတို့ကို ထင်ရှားပေါ်လွင်အောင် မီးမောင်းထိုးပြလိုက်သည့်အမှုဖြစ်သည်၊ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများအပေါ် အလွဲသုံးစားပြုမှုများဖြစ်သည်ဟုမှတ်ချက်ပြုလိုက်သည်။

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူက ထိုချာလီအမှုသည် ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းသွားလာမှုများကို စီမံခန့်ခွဲမှုစနစ်နှင့် အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရပါက အကာကွယ်ပေးရေး၊ ထိတွေ့ဆက်ဆံရေးနှင့် လျော်ကြေးငွေထုတ်ပေးရေး စသည့်စနစ်များ၏ စနစ်တကျမရှိမှုကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုဖြစ်စဉ်ကို ပမာယူပြီး ထိုင်းရဲနှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် ရွှေ့ပြောင်းအလုပ်သမားများကို ထိန်းသိမ်းသည့်အခါ ထိုင်းနိုင်ငံသားအပါအဝင် မည်သည့်နိုင်ငံသားကိုမဆို စနစ်တကျ ဥပဒေဘောင်အတွင်းမှ တရားဝင်စွာ ထိန်းသိမ်းမှုရှိရေး၊ မိမိတို့ဆောင်ရွက်ပေးရသည့် တာဝန်ဝတ္တရားအပြည့်အဝအတိုင်း စုံစမ်းမေးမြန်းမှုပြုပြီးမှသာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း နမူနာပြလျက်ရှိနေသည်။ ထိုသို့မဟုတ်ဘဲ လူတစ်ဦး၏ လွတ်လပ်မှုအပေါ် ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ပါက ခံရသူအဖို့ စိတ်ဝေဒနာဒဏ်ရာဒဏ်ချက်အဖြစ် ကျန်ရစ်စေမည်သာဖြစ်သည်။

The Council of Work and Environment Related Patient's Network of Thailand (WEPT) အဖွဲ့မှ ချာလီ၏ ဆေးကုသကုန်ကျမှုစရိတ်အတွက် ထိုင်းဘတ်ငွေ ၇၀,၀၀၀ ကျခံပေးခဲ့သည်။ ချာလီ၏ အလုပ်ရှင်၊ ထိုင်းအလုပ်သမားဝန်ကြီး ဌာန၏ အလုပ်သမားများ နစ်နာကြေးရန်ပုံငွေအဖွဲ့နှင့် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေး အာမခံပေးရေးဌာနတို့မှ ချာလီ၏ဆေးကုသမှုများ ကျခံရန် ငြင်းဆန်သည့်အတွက် ၎င်းတို့အဖွဲ့က ကျခံပေးခဲ့သည်ဟု (WEPT) ၏ဥက္ကဋ္ဌဖြစ်သူကဆိုသည်။

ထိုင်းအစိုးရသည် ရွှေ့ပြောင်းအလုပ်သမားများ အလုပ်ခွင်ထိခိုက်အနာတရဖြစ်သည့်အခါ အလုပ်သမားများ လျော်ကြေးငွေရန်ပုံငွေမှ ထောက်ပံ့ပေးရေးကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၊ ထိုင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့် ကုလသမဂ္ဂမှ ရွှေ့ပြောင်းအလုပ်သမားများနှင့်သက်ဆိုင်သော အထူးကိုယ်စားလှယ်တို့က တောင်းဆိုနေသည့်ကြားကပင် ငြင်းဆန်နေဆဲပင်။ မည်သို့ပင်ဆိုစေကာမူကာ တရားလက်လွတ်ဖမ်းဆီးခြင်းခံခဲ့ရသည့် သားကောင်တစ်ဦးဖြစ်ခဲ့ရသော ချာလီလို ရွှေ့ပြောင်းအလုပ်သမားတစ်ဦးအား တရားသူကြီးတစ်ဦးက ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကိုးကား၍ ထိုင်းအစိုးရတာဝန်ရှိသူများကို နစ်နာကြေးလျော်ကြေးငွေပေးဆောင်စေခြင်းသည် ထိုင်းနိုင်ငံတွင် ပထမဆုံးသောအမှုဖြစ်နေပေတော့သည်။

Source: Court orders migrant worker to be freed from hospital cell http://www.nationmultimedia. com

## မျက်နှာဖုံး – ပြည်ပသို့ဆန်တင်ပို့မှု ယာယီရပ်ဆိုင်း မှ

၂ရက်အလွန် ဖေဖော်ဝါရီ ၂၈ရက် ရန်ကုန်ဈေးကွက်၌ ဆန်ကြမ်းဈေးမှာ တက်ဈေးဖြင့်တန့်သွားပြီဖြစ်သည်။ ဆန်ကြမ်းတစ်အိတ်လျှင် လက်ကားဈေး ၁၇,၅၀၀ မှ ၂၁,၀၀၀အတွင်း ဈေးရှိနေသည်။ သို့သော် ဆန်ချောဈေးမှာ ဆက်လက်ကောင်းနေဆဲဖြစ်ကြောင်း ရန်ကုန်-ဘုရင့်နောင် ဈေးကွက်မှ ဆန်ကုန်သည်တစ်ဦးကပြောသည်။

ယခုဘဏ္ဍာရေးနှစ် (၂၀၁၀-၁၁)အတွင်း ဧပြီ၁ရက်မှ ဇန်နဝါရီ ၁၀ရက်အထိ ၉လကျော်ကာလအတွင်း ပြည်ပသို့ဆန်တန်ချိန် သုံးသိန်းကျော် တင်ပို့ထားသည်။ ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ ဆန်တန်ချိန် ၈သိန်းကျော် တင်ပို့ခဲ့သည်။

Vol.9, No.49 • MARCH 3, 2011



## အမျိုးသမီးများလှပခြင်း၏ လျှို့ဝှက်ချက်

သီဟ

အလှအပသည် အမျိုးသမီးတိုင်းအတွက်ရတနာတစ်ပါးဖြစ်သကဲ့သို့ သဘာဝ၏ ဆုလာဘ်တစ်ခုလည်းဖြစ်သည်။ ထိုသို့အမျိုးသမီးများအတွက် မရှိမဖြစ်လိုအပ်သည့် အလှအပများအား ဖန်တီးပေးလျက်ရှိသည့် အရာမှာလည်း အမျိုးသမီးတိုင်းတွင်ရှိသည့် မ,ဟိုမုန်းဟုခေါ်သည့် အီစထရိုဂျင်ပင်ဖြစ်သည်။

အဆိုပါ အီစထရိုဂျင် ဟိုမုန်းသည် အမျိုးသမီးများအချိုးကျကျ လှပစေရန်အတွက် ဖန်တီးပေးသည့်အတွက် မိန်းကလေးတိုင်းသည် သူ့အတိုင်းအတာနှင့်သူ လှပနေကြခြင်းပင်ဖြစ်ပါသည်။

အမျိုးသမီးတစ်ဦးလှပစေရန် အဓိကအားဖြင့် အကြောင်းအချက်သုံးခုပေါ်တွင် မူတည်နေပြီး ပထမအချက်သည် မျိုးရိုးဗီဇဖြစ်ကာ အဆိုပါ အချက်သည် ပြုပြင်၍မရကြောင်း သိရသည်။ကျန်အချက်နှစ်ချက်ဖြစ်သည့် ပတ်ဝန်းကျင်အခြေအနေနှင့် ဟိုမုန်းတို့သည်ပြုပြင်ဖန်တီး၍ရနိုင်သောအချက်အလက်များဖြစ်သည်ဟု Fame ဆေးဝါးထုတ်လုပ်ရေးမှ မန်းနေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်ကပြောသည်။

ထိုအချက်သုံးချက်အနက်မှ ဟိုမုန်းဆိုင်ရာ အချက်များသည် သိသူနည်းသကဲ့သို့ သိသူများသည်လည်း အသိမှားများဖြစ်နေလေ့ရှိကြသည် ဟုဒေါက်တာခင်မောင်လွင်ကပြောသည်။

ဟိုမုန်းသည် အမျိုးသားရော အမျိုးသမီးများတွင်ပါ ပါဝင်လေ့ရှိကြသော် အမျိုးသမီးတွင်ပါဝင်သည့် ဟိုမုန်းနှင့် အမျိုးသားတွင်ပါဝင်သည့် ဟိုမုန်းအမျိုးအစားမတူညီကြပေ။ သို့သော် အဆိုပါ ဟိုမုန်းများကပင် အမျိုးသား၏ ကြန်အင်လက္ခဏာများနှင့် အမျိုးသမီး၏ ကြန်အင်လက္ခဏာများကို ခွဲခြားပေးခြင်းပင်ဖြစ်ကြောင်း သိရသည်။

အမျိုးသားများတွင် ပါရှိသည့်ဟိုမုန်းအား တက်စထရိုစတီရုန်းဟုခေါ်၍ အမျိုးသမီးများတွင် ပါရှိသည့် ဟိုမုန်းအား အီစထရိုဂျင်ဟိုမုန်းဟုခေါ်ကြောင်း သိရသည်။

အမျိုးသမီးများတွင် ပါရှိသည့် အီစထရိုဂျင်ဟိုမုန်းသည် အမျိုးသမီးများ အပျိုဖော်ဝင်သည့် အချိန်မှစတင်၍ ပေါ်ထွက်လာခြင်းဖြစ်ပြီး အမျိုးသမီးများ သွေးဆုံးချိန်မှသာ ရပ်တန့်သွားသည့် သဘာဝအရာဝတ္ထုတစ်ခုဖြစ်သည်။

အဆိုပါ အီစထရိုဂျင်ဟိုမုန်းအား အမျိုးသမီးများတွင် မျိုးဥအိမ်မှ အဓိကထုတ်လုပ်ခြင်းဖြစ် ပြီး ခန္ဓာကိုယ်အတွက် လိုအပ်သည့် အီစထရိုဂျင်၏ ကိုးဆယ်ရာခိုင်နှုန်းအား ထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သည့်ကျန် အီစထရိုဂျင် ဆယ်ရာခိုင်နှုန်းအား အမျိုးသမီးများ၏ ကိုယ်တွင်း အဆီများက ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလ ၁၁ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်သည့် အမျိုးသမီးများ၏အလှအပနှင့် ဟိုမုန်းဆိုင်ရာ ကျန်းမာရေးဟောပြောပွဲတွင် ဒေါက်တာခင်မောင်လွင်က အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

မဟိုမုန်းဟု ခေါ်သည် အီစထရိုဂျင်သည် အမျိုးသမီးများ အပျိုဖော်ဝင်စအချိန်မှစ၍ ထုတ်လုပ်ခြင်းဖြစ်သဖြင့် အမျိုးသမီးများ အပျိုဖော်ဝင်ချိန်တွင် အမျိုးသားများခန္ဓာကိုယ်အချိုးအစားများ ကွဲပြားသွားခြင်းဖြစ်ပြီး လှပလာရခြင်းဖြစ်ကြောင်း သိရသည်။

စာ(၁၄)သို့

## မုန်တိုင်းသင့်ဂီရိဒေသတွင် သန့်လေးသန့်ဖွံ့ဖြိုးမှုလုပ်ငန်းများ စတင်မည်

မြတ်စုမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၅

ဂီရိဆိုင်ကလုန်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၈ရွာတွင် သန့်လေးသန့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို မတ်လ ပထမပတ်အတွင်း စတင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ သတင်းရရှိသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာခရစ်ယာန်ကျန်းမာရေးလုပ်သားများ ဝန်ဆောင်မှုအသင်းနှင့် အပြည်ပြည်ဆိုင်ရာလူမှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် အဆိုပါစီမံချက်မှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

"ဒီရွာတွေကို အခြားလူမှုရေးအဖွဲ့တွေ လုပ်နေတဲ့နေရာတွေနဲ့ နေရာချင်းမထပ်အောင် ရွေးထားတယ်။ အခု ဝန်ထမ်းတွေအားလုံး ရခိုင်ကိုဆင်းဖို့ပြင်ဆင်နေပြီ။ ရှေ့လပထမပတ်မှာ လုပ်ငန်းစနိုင်မယ်"ဟု မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မြေပုံစီမံချက်တာဝန်ခံဦးအောင်ရှိန်ကပြောသည်။

အဆိုပါစီမံချက်သည် မြန်မာအင်န်ဂျီအိုများ၏ ဘေးအန္တရာယ်အတွက် အရေးပေါ်စီမံချက်ခေါင်းစဉ်အောက်တွင်ပါဝင်ပြီး သန့်လေးသန့်ပညာပေးမှုအစီအစဉ်များ၊ အထောက်အကူပြုပစ္စည်းများဖြန့်ဝေပေးမှုအစီအစဉ်၊ ရေကန်အသစ်များတူးဖော်ခြင်း၊ ရေကန်အဟောင်းများ ပြုပြင်ခြင်းနှင့် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

မြေပုံမြို့သည် ရခိုင်ပြည်နယ်၏မြို့တော်စစ်တွေနှင့် ရေလမ်း ၆၄မိုင် ကွာဝေးကာ အဓိက ရေလမ်းကို အားကိုးသွားလာရသော မြို့တစ်မြို့ဖြစ်ပြီး၊ ကျေးရွာအုပ်စု ၅၁စုနှင့် ကျေးရွာပေါင်း ၁၄၁ရွာရှိကြောင်းသိရသည်။ မြို့ပေါ်ရပ်ကွက် ၉ခုရှိပြီး၊ လူဦးရေ ၁၃၂,၆၃၆ ဦးဝန်းကျင်ရှိကြောင်း သိရသည်။

## ဗီဇပြောင်းလဲ ပိုလီယိုရောဂါပိုးတွေ့ ကာကွယ်ဆေးပြန်တိုက်

မေဝင်းမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၅



သုံးနှစ်ကြာကာလ အထိပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှုကိုရပ်နားထားခဲ့ရာမှ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ဗီဇပြောင်းလဲပိုလီယိုရောဂါပိုးကိုတွေ့ရှိရာမှ အမျိုးသားဆေးတိုက်နေ့များ သတ်မှတ်ကာ ပိုလီယိုရောဂါကာကွယ်ဆေးများပြန်လည်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ယူနီဆက်မှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းမှ ငါးနှစ်အောက်ကလေးငယ်၃ဒသမ၄သန်းကိုပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့်အစီအစဉ်ကို ပြုလုပ်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ဒသမ၁ သန်းခန့်သုံးစွဲသွားမည်ဖြစ်ကြောင်း ယူနီဆက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပိုလီယိုကာကွယ်ဆေးကို မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၀၉ မြို့နယ်တွင် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးနှစ်အောက်ကလေးငယ်များ ပိုလီယိုရောဂါကာကွယ်ဆေး နောက်ဆုံးတိုက်ကျွေးခြင်းကို ၂၀၀၇ခုနှစ်က အမျိုးသားကာကွယ်ဆေးတိုက်နေ့များပြုလုပ်ကာ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ယူနီဆက်တို့ပူးပေါင်းကာ တိုက်ကျွေးခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဗီဇပြောင်းလဲပိုလီယိုရောဂါပိုးတွေ့ရှိခဲ့သဖြင့် အရေးပေါ်ကာကွယ်ဆေးတိုက်ကျွေးမှုများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ၂၀၀၀ပြည့်နှစ်က ကြေညာခဲ့ပြီး ၂၀၀၇ ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်တွင် ရောဂါပိုးပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပိုလီယိုရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အသက်ရှူခက်ခဲခြင်း၊ ခြေလက်များအကြောသေမလှုပ်ရှားနိုင်ခြင်းတို့အပြင်ကလေးများကို အသက်အန္တရာယ်အထိပါပေးနိုင်သည်။




Regional

7 DAY NEWS JOURNAL

Vol.9, No.49 • MARCH 3, 2011

# မန္တလေးမြို့တော်စည်ပင်ဧရိယာအတွင်း အမရပူရမြို့နယ်ပါဝင်လာတော့မည်

စိုင်းသာအောင်၊ မင်းဒင်

**မန္တလေး၊ ဖေဖော်ဝါရီ- ၂၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့ပြဧရိယာအကျယ်အဝန်းတွင် အမရပူရမြို့နယ်ကိုပါ ထည့်သွင်းသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

ထို့ကြောင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲအုပ်ချုပ်မှုအောက်တွင် ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်ဟူ၍ မြို့နယ် (၆)မြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ဌာနမှူးဒေါက်တာခင်မောင်မြင့်က 7Day News သို့ ပြောသည်။

အမရပူရမြို့နယ်သည် ၈၀ ဒသမ ၁၁ စတုရန်းမိုင် ကျယ်ဝန်းကာ မြို့ပေါ်ရပ်ကွက် ၈ ရပ်ကွက် အပါအဝင် ကျေးရွာ အုပ်စု ၄၂ စု၊ ကျေးရွာပေါင်း ၁၇၅ ရွာ၊ အိမ်ခြေ ၂၉၀၅၂ လုံး၊ လူဦးရေ ၁၈၀,၀၀၀ ကျော်ရှိကြောင်း အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမရပူရမြို့နယ် ဖွံ့ဖြိုးရေးအားယခင်နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လွှဲပြောင်းယူတော့မည်ဖြစ်သဖြင့်စည်ပင်လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်အဖွဲ့မှ စစ်ဆေးနေကြောင်း စာရင်းများ စစ်ဆေးပြီးစီးပါက ၂၀၁၁ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်မြေမှ တရားဝင် လွှဲပြောင်းရယူမည်ဖြစ်ကြောင်းဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစစ်ဆေးရေးဌာနမှူး ဦးနေဝင်းမြင့် (အမရပူရ မြို့နယ်လွှဲပြောင်းရယူရေး လုပ်ငန်းကော်မတီ-ဥက္ကဋ္ဌ)က 7Day News ၏ ဆက်သွယ်မေးမြန်းခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က ဖြေကြားခဲ့သည်။ အမရပူရပူရမြို့သည် မန္တလေးမြို့နှင့် တစ်ဆက်တည်းတည်ရှိပြီး၊ မန္တလေးသူ မန္တလေးသားများက တောင်မြို့ဟု ခေါ်ဝေါ်ကြပြီးမြို့ပေါ်(၈)ရပ်ကွက်၊ အိမ်ခြေပေါင်း (၉၀၄၇)လုံးနှင့် လူဦးရေ (၂၉၀၅၂)ဦးရှိကြောင်း တရားဝင်ထုတ်ပြန်ချက်များအရသိရသည်။


အမရပူရမြို့နယ်အတွင်းရှိ နာမည်ကျော်ဦးပိန်တံတား

ဓာတ်ပုံ - SST

အမရပူရမြို့တွင် နာမည်ကျော်ဦးပိန်တံတားနှင့် မဟာဂန္ဓာရုံ ပရိယတ္တိစာသင်တိုက်သည် ထင်ရှားပြီး ပိုးထည်၊ ချည်ထည်များ အဓိကရက်လုပ်ကြကာ ကျေးလက်ဒေသများတွင် တောင်သူလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ယခုအသစ်ဖွဲ့စည်းလိုက်သော မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းပေးလိုက်သော ဝန်ကြီး (၉)ဦးအနက် မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

အမရပူရမြို့သည် မြန်မာဘုရင်များနောက်ဆုံး နန်းစိုက်ရာ မန္တလေးမြို့မတည်ခင်က နန်းစိုက်ရာ မြို့တစ်မြို့ဖြစ်ခဲ့ပြီး မင်းဆက်ငါးဆက်စိုးစံခဲ့သည့် နန်းတော်မြို့ဟောင်းတစ်ခုဖြစ်သည်။

## ကျားသားရေအပါအဝင် တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင် သယ်ဆောင်လာသူများအား ဖမ်းဆီး

စောရန်နိုင်

**ပခုက္ကူ၊ ဖေဖော်ဝါရီ- ၂၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်း ဟီးနိုးကားတစ်စီးအား မသင်္ကာသဖြင့် သက်ဆိုင်ရာသစ်တောဦးစီးဌာနမှ စစ်ဆေးခဲ့ရာမှ တရားမဝင်သစ်တောထွက်ပစ္စည်းများတွေ့ရှိခဲ့မှု ယခုလ ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ပခုက္ကူမြို့နေ ဦးအေးချို(လက်ထောက်ညွှန်မှူး သစ်တောဦးစီးဌာန)နှင့် အဖွဲ့တို့မှ သတင်းအရ ပခုက္ကူခရိုင်ရေပြာရွာအနီး ယာဉ်မောင်း ခင်မောင်ရွှေမောင်းနှင်လာသည့် ဟီးနိုးကားတစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ ထိုယာဉ်ပေါ်၌ တရားမဝင်သစ်တောထွက်ပစ္စည်းမျှောစာထက် ပိုမိုတင်ဆောင်လာသည့် ‘ဝ’ဥ ချောက် ၂၁၉ အိတ်၊ အချိန် ၆၁၄၃ ပိဿာခန့် သစ်ခွပန်းအိုး ၂၅ အိတ်၊ ၃၁၈ ပိဿာ၊ ဂျီသားရေ ၉၈ ပိဿာချပ်၊ အင်းကျားသရေ (ကျားသစ်မျိုးနွယ်) ၃ ချပ်၊ လိပ်ဗိုက်ခွံ ၇၉ ချပ် ၉ ပိဿာ၊ ဆတ်ချို ၆ ချောင်း ၃ ပိဿာ၊ တောကြောင်ရိုးစု ၁ ခု၊ ၁ ပိဿာခွဲ၊ တန်ပိုတင်ဆောင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စာ(၂၀) သို့

## ရန်ကုန်-မုံရွာ ခရီးသည်တင်ယာဉ် ၅၇ စီး တန်ပိုတင်သည်ဆိုကာ အရေးယူခံရ

ရန်နိုင်ကျော်

**မုံရွာ၊**
**ဖေဖော်ဝါရီ- ၂၂**

ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များကြောင့် လမ်းပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေးအတွက် သတ်မှတ်တန်ချိန်ထက် တင်ဆောင်ပြေးဆွဲသော ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဖေဖော်ဝါရီလဆန်းပိုင်းအတွင်း မုံရွာ-ရန်ကုန်ခရီးသည်တင်အမြန်ယာဉ် ၅၇ စီးအား စစ်ကိုင်းမြို့နယ်၊ အုန်းတောတန်ပိုဂိတ်စစ်ဆေးရေးအဖွဲ့မှ အရေးယူဆောင်ရွက်ခဲ့ကြောင်း မုံရွာ-ရန်ကုန်ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်းများကပြောကြားသည်။

“ဖေဖော်ဝါရီလဆန်းပိုင်းကစပြီးတန်ပိုစစ်ဆေးရေးအဖွဲ့ကနေ အရေးယူဆောင်ရွက်ခဲ့တဲ့အခါမှာ ကုန်တင်ယာဉ်တွေသာမက ခရီးသည်တင်ယာဉ်တွေပါစစ်ဆေးအရေးယူခဲ့တယ်။ ခရီးသည်တင်လေအိတ်ကားကြီးတွေက ဝင်ရိုး ၂ ချောင်း၊ ၆ ဘီးယာဉ်အမျိုးအစားဆိုပြီး တန်ပိုစစ်ဆေးခံရတာပါ။ အခုလောလောဆယ်စစ်ကိုင်းမြို့နယ်၊ အုန်းတောတန်ပိုစစ်ဆေးရေးအဖွဲ့က ပထမဆုံးအနေနဲ့ ယာဉ်မောင်းတွေကို စစ်ဆေးအရေးယူခဲ့တာ ဖေဖော်ဝါရီလ ၂၁ ရက် နံနက်ပိုင်းအထိအရေးယူခံရတဲ့ မုံရွာ-ရန်ကုန်ကားတွေ စုစုပေါင်း ၅၇ စီး ရှိသွားပြီ။ တန်ပိုခရီးသည်တင်ယာဉ်မောင်းတွေကတော့ စစ်ကိုင်းမြို့တရားရုံးမှာ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းပြီး သတ်မှတ်ပြီးဒဏ်ကြေးပေးဆောင်ခဲ့ရတယ်”ဟု မုံရွာ-ရန်ကုန် ခရီးသည်တင် ယာဉ်လိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“ခရီးသည်တင်လေအိတ်ကားတွေမှာ ကားအင်ဂျင်နှစ်လုံး၊ ၆ ဘီးအရှည်ပေ ၄၀ ရှိပြီး ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန ခွင့်ပြုခရီးသည် ၄၅ ဦးကနေ ၅၅ ဦးအထိ တင်ဆောင်ခွင့်ရှိတယ်။ ခရီးသည်မပါသေးဘဲ ယာဉ်အလေးချိန် ၁၄ တန်နီးပါးရှိတဲ့ခရီးသည် ၂၀ လောက်နဲ့ ၁၆ တန်ပြည့်ပြီး ခရီးသည်တွေရဲ့ လက်ဆွဲအိတ်တွေကြောင့် ခရီးသည်တွေရဲ့ ပစ္စည်းတွေပါကဲ့ပြီး သယ်နေရတယ်။ တန်ပိုယာဉ်အဖြစ် တရားစွဲအရေးယူမခံရအောင် ခရီးသည်တွေပြောင်းလဲ သယ်ဆောင်ရတဲ့အတွက် ခရီးသည်တွေရဲ့ပစ္စည်းမပျောက်ဆုံးအောင်စောင့်ရှောက်ရသလို ခရီးသည်တွေ လိုရာခရီး အဆင်ပြေချောမွေ့အောင်စီစဉ်ပေးခဲ့ရပေမယ့်ခရီးသည်မှာ စိတ်အနှောင့်အယှက်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရတယ်” ဟု မုံရွာ-ရန်ကုန် ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

စာ(၂၀) သို့



7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# မဟာမုနိဘုရားကြီးရှိ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်တင်ဒါပစ်မည်

စိုင်းသာအောင်


**မန္တလေး၊ ဖေဖော်ဝါရီ- ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးပရဝုဏ်ဧရိယာရှိ လုပ်ငန်း ၁၀ မျိုးကို ၂၀၁၁- ၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ကိုင်ခွင့်များ မတ်လဆန်းတွင် အသစ်ပြန်လည်ချထားပေးမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက ပြောသည်။

လျှောက်လွှာများကို မတ်လတတိယပတ်နောက်ဆုံးထား လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ တင်ဒါရရှိသူများသည် တင်ဒါကြေး၏ ၅၀ ရာခိုင်နှုန်းကို မတ်လ ၃၁ ရက်နောက်ဆုံး ထားပေးသွင်းရမည်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို မေ ၁ ရက်မှ အောက်တိုဘာလကုန်အတွင်း အရစ်ကျပေးသွင်းနိုင်ကြောင်း ထပ်မံပြောပြသည်။

တင်ဒါပေးသွင်းရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၀- ၁၁ ဘဏ္ဍာနှစ်တွင် ပေးသွင်းခဲ့သော တင်ဒါနှုန်းထားများမှာ ရွှေတော်ရေသပ္ပာယ်ခွင့်အတွက် ကျပ် ၄၁၅ သိန်း၊ ဂြိုဟ်ပြေနံ့ပြေရေသပ္ပာယ်ခွင့်အတွက် ကျပ် ၂၂၅ သိန်းကျော်၊ ရင်ပြင်တော်ဥယျာဉ် ဓာတ်ပုံရိုက်ခွင့်အတွက် ကျပ် ၃၇၈သိန်း၊ လိပ်စာ၊ ငါးစာရောင်းချခွင့်အတွက် ကျပ် ၂၂၈ သိန်းကျော်၊ ဗောဓိပင် အရှေ့ဘက် စက်ဘီးဆိုင်ကယ်အပ်နှံခွင့်အတွက် ကျပ် ၂၄၈ သိန်း၊ မြောက်ဘက်မုခ်အနောက်ကား၊ ဆိုင်ကယ်၊ စက်ဘီးအပ်နှံခွင့်အတွက် ကျပ် ၆၅ သိန်းကျော်၊ အာနန္ဒာဘုရားမြောက်ဘက်စက်ဘီး၊ ဆိုင်ကယ်အပ်နှံခွင့်အတွက် ကျပ် ၂၉၀ သိန်း၊ ဒုတိယတိုက်တန်းနှင့် လိပ်ကန်ဥယျာဉ်အတွင်း ရေချိုးခန်း၊ ရေအိမ်လုပ်ကိုင်ခွင့်အတွက် ကျပ် ၁၄၃ သိန်းကျော်၊ ရာဟုထောင့် အဆင့်မြင့်ရေအိမ်အတွက် ကျပ် ၁၄၄ သိန်း၊ နတ်စင်ဝင်းရေအိမ်အတွက် ကျပ် ၁၆ သိန်းကျော်၊ တောင်စောင်းတန်းအရှေ့ဘက် ရေအိမ်အတွက်ကျပ် ၃၀ သိန်းကျော်၊ ဗုဒ္ဓဝင်မြောက်ဘက်ကား၊ စက်ဘီး၊ ဆိုင်ကယ်ရပ်နားခွင့်အတွက် ကျပ်သိန်း ၃၀၀ မြောက် ဘက်မုခ်အရှေ့ရေအိမ်အတွက် ကျပ် ၁၂ သိန်းကျော်တို့ဖြစ်ကြောင်း သိရသည်။

မဟာမုနိဘုရားကြီးသည် မန္တလေးမြို့တွင်ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည် အများဆုံးလာရောက်သော နေရာဖြစ်ကြောင်း သိရသည်။






## စစ်တွေမြို့တွင် ကြက်သားပြန်လည်ရောင်းချ

ဂျွန်ကိုလင်း

**စစ်တွေ၊ ဖေဖော်ဝါရီ-၂၅**

အပြင်းစားကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားခဲ့သောကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလဒုတိယအပတ်မှစ၍ စစ်တွေမြို့တွင် ကြက်သားရောင်းချခြင်း ပိတ်ပင်ခဲ့ရာမှ ဖေဖော်ဝါရီ ဒုတိယပတ်မှ စတင်၍ပြန်လည်ရောင်းချခွင့် ပြုခဲ့သည်။

ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်ကာ သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးတို့က စစ်တွေမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆက်လက်မဖြစ်ပွားသောကြောင့် ဒေသတွင်းဈေးများတွင် ကြက်သားနှင့်ကြက်ဥရောင်းချခွင့်များပေးထားကြောင်း သိရသည်။ ကြက်သားပြန်လည်ရောင်းချခွင့်ပြုခြင်းကြောင့် ကြက်သားဈေးပြန်လည်မြင့်တက်လာပြီး ကြက်ကင်များနှင့် ကြက်ဥရောင်းချမှုများမှာ ပုံမှန်အနေအထားတစ်ရပ်သို့ ရောက်ရှိလာကြောင်း ဈေးကွက်တွင်းမှ သိရသည်။

## ပေါင်းမြက်ကြောင့် နှမ်းစပါးအထွက်နှုန်း ထက်ဝက်ခန့် လျော့ကျနိုင်

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂၆**

တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးလေ့ရှိသော နွေစပါးစိုက်ခင်းများတွင် ပေါင်းမြက်များကြောင့် စပါးအထွက်နှုန်းကို ထက်ဝက်ခန့်အထိ လျော့ကျသွားနိုင်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

မိုးစပါးအပြီး နွေစပါးအ ဖြစ်သီးထပ်စိုက်ပျိုးသော နွေစပါးစိုက်ခင်းများတွင် ပေါင်းမြက်များကြောင့် စပါးအထွက်ဆုံးရှုံးမှုသည် မနောသုခစပါးမျိုးတွင် ၂၆ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်း၊ ရွှေသွယ်ရင်စပါးမျိုးတွင် ၃၈ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအထိ ဆုံးရှုံးသွားနိုင်ကြောင်းပေါင်းသုတေသနတွေ့ရှိချက်များကို ကိုးကား၍ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"နွေစပါးကို အများအားဖြင့် တမန်းပြင်မှာ တိုက်ရိုက်မျိုးစေ့ချစနစ်နဲ့ စိုက်ပျိုးကြတော့ ပေါင်းပင်နဲ့ စပါးပင် တစ်ပြိုင်တည်း ပေါက်ရောက်ပြီး စပါးပင် ကြီးထွားဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေတယ်။ မပြုပြင်ဘဲထားရင် စပါးအထွက်နှုန်းကို တစ်ဝက်လောက်ထိ ကျသွားနိုင်တယ်"ဟု ယင်းက ပြောကြားသည်။

နွေစပါးစိုက်ပျိုးသည့် လယ်သမား အများစုအနေဖြင့် စပါးအထွက်တိုးရန် နိုက်ထရိုဂျင် ဓာတ်မြေဩဇာ တိုးမြှင့်သုံးစွဲလျက်ရှိသော်လည်း ပေါင်းမြက်များကို မနှိမ်နင်းပါက အကျိုးသက်ရောက်မှုနည်းနိုင်ကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးခြင်း အတွေ့အကြုံရှိသော နေပြည်တော်ဒေသခံလယ်သမားကြီးတစ်ဦးကလည်း "နွေစပါး စိုက်ခဲ့တာ ဆယ်နှစ်လောက်ရှိပြီ။ ဒီဘက်နှစ်တွေမှာတော့ မစိုက်ဖြစ်တော့ပါဘူး။ နွေစပါးက မိုးစပါးထက် အထွက်ပိုကောင်းတယ်။ ဒါပေမဲ့ ပေါင်းမြက်ဖယ်ရှားဖို့အလုပ်သမားခ ပိုကုန်တယ်။ မတ်ပဲစိုက်တာကတော့ ပိုကောင်းတယ်" ဟု ရှင်းလင်းပြောကြားသည်။

# နေပြည်တော်တွင် ကြက်သား၊ ကြက်ဥပြန်လည်ရောင်းချခွင့်ပြု

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၅**

နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ ပုရွက်ဆိတ်ကုန်းကျေးရွာတွင် ယခုလ အစောပိုင်းက သံသယဖြစ်ဖွယ်ကြက်များသေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဈေးများအတွင်း ကြက်သား၊ ကြက်ဥနှင့် ကြက်ထွက်ပစ္စည်းများ ရောင်းချခွင့်တားမြစ်ခဲ့ရာ ယခုလ ၂ ရက်မှ စတင်၍ ပြန်လည်ရောင်းချခွင့်ပြုလိုက်ကြောင်း ဒေသခံဈေးသူဈေးသားအချို့ထံမှသိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြန်လည်ရောင်းချခွင့်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ အဟာရသုခဈေးမှသားငါးဈေးသည်တစ်ဦးက"တစ်နေ့ကပဲ ကြက်သားသည်တွေ ပြန်ရောင်းကြတယ်။ ခွင့်ပြုလို့ပဲဖြစ်မှာပေါ့။ အရင်လိုတော့ ဝယ်သူတွေ မစည်ကားသေးဘူး"ဟု ၎င်း၏မျက်မြင်တွေ့ရှိမှုကို ယမန် နေ့ကပြောသည်။

တောင်ကြီးဒေသမှ ကြက်ဥများ ဖြန့်ဖြူးရောင်းချလျက်ရှိသော လက်လီဈေးသည်တစ်ဦးကလည်း လွတ်လပ်စွာ ရောင်းချနေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ အထက်ပါသံသယဖြစ်ဖွယ် တွေ့ရှိပြီးနောက်ပိုင်းဈေးများအတွင်း ထိုကဲ့သို့ ယာယီပိတ်ပင်ခဲ့သော်လည်း ဈေးမဟုတ်သောတခြားနေရာများတွင် ရောင်းချမှုများရှိခဲ့ကြောင်း ဒေသခံအချို့က ပြောဆိုကြသည်။

ယခုလ အစောပိုင်းကတောင်ငူဒေသဘက်မှ တင်သွင်းလာသော ကြက်များကိုပုရွက်ဆိတ်ကုန်းကျေးရွာအနီးရှိ ခြံတစ်ခြံ၌ ခေတ္တထိန်းသိမ်းထားစဉ်ကြက်သေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး ၎င်းကြက်သေများကို ရန်ကုန်ရှိဓာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း ယင်းနောက်ကျန်ရှိသော ကြက်များကိုလည်း စွန့်ပစ်မြှုပ်နှံခဲ့ကြောင်း ၎င်းအပြင် လွှတ်တော်ကိုယ်စားလှယ်များတည်းခိုရာ စည်ပင်ဧည့်ရိပ်သာတွင်လည်း ကြက်သားမစားသုံးရန် သတိပေးကြေညာစာရွက်ကပ်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း ဒေသခံအချို့ထံမှ သိရသည်။

## ဆိုင်ကယ်လမ်းကြုံ လိုက်စီးသူက ဓားနှင့်ထောက်ကာ လုယက်

စောရန်နိုင်

**အောင်လံ၊ ဖေဖော်ဝါရီ- ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် လမ်းကြုံဆိုင်ကယ် စီးနင်းလိုက်ပါလာသူက ဓားနှင့်ထောက်ကာရွှေကြိုးဖြုတ်ပြီး၊ ဆိုင်ကယ်လုယူထွက်ပြေးသွားမှု ယခုလ ၁၀ ရက်ကဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ အချိန်ခန့်တွင် ဇင်မင်းထွန်းဆိုသူသည် သီးကုန်းကျေးရွာသို့ ဆိုင်ကယ်ဖြင့်ထွက်ခွာလာစဉ် အမည်မသိလူတစ်ဦးကဆိုင်ကယ်ဖြင့် လမ်းကြုံလိုက်လိုကြောင်းပြောဆို၍ဆိုင်ကယ်ပေါ်တင်ခဲ့သည်။ နှစ်ဦးအတူထွက်ခွာလာစဉ် သီးကုန်းရွာနှင့် ထမတန်းလမ်းဆုံ အရောက်လမ်းကြုံစီးလာသူက ဇင်မင်းထွန်းအားဓားနှင့်လည်ပင်းထောက်၍ တန်ဖိုးကျပ် လေးသိန်းခွဲတန် ရွှေဆွဲကြိုးသုံးမတ်သားတစ်ကုံးနှင့်ဆိုင်ကယ်တို့အား လုယူသွားခဲ့သည်။

ဇင်မင်းထွန်း၏ လည်ပင်းဝဲယာပြတ်ရှဒဏ်ရာတစ်ချက်စီနှင့် ဝဲလက်ခလယ်ပြတ်ရှ ဒဏ်ရာတစ်ချက်တို့ရရှိခဲ့သဖြင့် သက်ဆိုင်ရာ ရွှေပန်းတောရဲစခန်းသို့တိုင်တန်းခဲ့ရာ အဆိုပါရဲစခန်းမှ (ပ)၉/၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရအမှုဖွင့်စုံစမ်းစစ်ဆေးရာမှ အဆိုပါပြစ်မှုအား ကျူးလွန်ခဲ့သူမှာ အောင်လံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ ဝင်းလင်းကိုဆိုသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး အမြန်ဆုံး တရားစွဲတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## သီရိရတနာအဆင့်မြင့်ဈေးကို မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စား

စိုင်းသာအောင်

**နေပြည်တော်၊ဖေဖော်ဝါရီ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သီရိရတနာ အဆင့်မြင့်ဈေး (Thiriyadanar Shopping Complex) သည် ဇမ္ဗူသီရိမြို့ ဘောဂသိဒ္ဓိရပ်ကွက်၊ မြတ်ပန်းသဇင်လမ်းနှင့် ဘဏ်များ အနီးတွင်တည်ရှိသဖြင့် မန္တလေးမြို့မှ ကျောက်စိမ်းလုပ်ကွက်ပိုင်ရှင်များ အထည်အလိပ်လက်ကားကုန်သည်ကြီးများ၊ ရွှေဘို၊ မုံရွာ၊ မကွေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုးမြို့တို့မှ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိသည်။

သီရိရတနာအဆင့်မြင့်ဈေး၏ ထူးခြားချက်မှာ မျက်နှာစာ ပုံစံတူတစ်ထပ်အဆောက်အအုံများဖြင့် ဖွဲ့စည်းထားပြီး ကျယ်ဝန်းသော ပန်းခြံများပါရှိသည့်အတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဆင်ပြေသဖြင့် မန္တလေးမြို့မှ လုပ်ငန်းရှင်အပြင် နယ်မြို့များမှ လုပ်ငန်းရှင်များပါ စိတ်ဝင်စားနေခြင်းဖြစ်ကြောင်း မန္တလေးမြို့မှလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုအခါ သီရိရတနာအဆင့်မြင့်ဈေးကို ဝယ်ယူမှုမြင့်မားလာသဖြင့် တိုးချဲ့တည်ဆောက်လျက်ရှိပြီး ရန်ကုန်-မန္တလေးနှင့် မြန်မာနိုင်ငံအရပ်ရပ်မှကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများမှ ကုန်ပစ္စည်းဖြန့်ချိရေးနှင့် အရောင်းပြခန်းများ၊ စတိုးဆိုင်များ၊ အလှပြင်ဆိုင်များ၊ အိမ်သုံးလူသုံးကုန်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ထားသည်။

## ၁၀ ပေ ကျော်ရှည်သော စပါးကြီးမြွေအား မယူတောင်တွင် ဘေးမဲ့လွှတ်

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ- ၂၂**

မောင်တောမြို့နယ် မြောက်ဘက်ပိုင်း တောင်ပြိုမြို့နယ်ခွဲမှ ရရှိခဲ့သော ၁၀ ပေကျော်အရှည်ရှိ စပါးကြီးမြွေတစ်ကောင်အား ဘေးမဲ့အဖြစ်မောင်တောမြို့မြောက်ပိုင်း ဘုန်းတော်ကြီးတည်ရှိရာမယူတောင်အတွင်း ပြန်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

"မြွေကစပါးကြီးရွှေတူမျိုးဖြစ်ပါတယ်။ ပထမဆုံးတော့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကို ပို့မယ်လို့စီစဉ်ထားခဲ့တာပါ။ ရွှေတူမျိုးဖြစ်လို့ ခြောက်မိုင်တောင်မှာ ဒီဇင်ဘာလက ပြန်လွှတ်ပေးခဲ့ပါတယ်"ဟု သစ်တောဝန်ထမ်းတစ်ဦးကပြောသည်။

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့ သွယ်တန်းလျက်ရှိသော မယူတောင်တန်းမှာ ရှားပါးသတ္တဝါမျိုးစုံ နေထိုင်ကျက်စားလျက်ရှိသည့်တောင်တန်းကြီးတစ်ခုဖြစ်ပြီး လွန်ခဲ့သည့်နှစ်ကလည်း စပါးကြီးမြွေတစ်ကောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

## ရခိုင်ိုးရာရထားဆွဲပွဲတွင် နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲ

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ- ၂၂**

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ သုံးညတိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သော မောင်တော နယ်စပ်ရခိုင်ရိုးရာရထားဆွဲပွဲကို မောင်တောအခြေစိုက်အိုင်အင်န်ဂျီအိုအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံခြားသားများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဧည့်သည်များစိတ်ဝင်တစားလာရောက် ဆွဲငင်ခဲ့ကြကြောင်း သိရသည်။ "မောင်တောမှာရှိတဲ့ အိုင်အန်ဂျီအိုအဖွဲ့က နိုင်ငံခြားသား အမျိုးသမီးတွေ ရှေ့ဆုံးကဝင်ဆွဲကြပါတယ်။ မနှစ်ကလည်း လာဆွဲတာတွေ့ခဲ့တယ်။ ဘင်္ဂလားဒေ့ရှ်ကလာတဲ့ဧည့်သည်တွေကတော့ ဝင်ဆွဲတာ ထက်အားပေးတာများတယ်။ ဒီလိုကိုယ့်ရဲ့ ရိုးရာပွဲတွေကို စိတ်ဝင်တစားလာအားပေးတဲ့အတွက်ဂုဏ်ယူမိပါတယ်" ဟု ရထားဆွဲပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးကပြောသည်။ ရထားဆွဲပွဲသုံးညကျင်းပခဲ့သည့်အနက် အမျိုးသားဘက်မှ ၇ ကြိမ်၊ အမျိုးသမီးဘက်မှ ၉ ကြိမ် အနိုင်ရသဖြင့် ယခုနှစ်တွင်လည်းအမျိုးသမီးဘက်မှ အနိုင်ရရှိခဲ့ပြီး ဆယ်နှစ်ဆက်တိုက်အမျိုးသမီးဘက်မှ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ပုသိမ်မြို့ အမှတ်(၄)၊ အခြေခံပညာ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ပုသိမ်၊ ဖေဖော်ဝါရီ- ၂၂**

၁၉၆၂ မှ ၁၉၉၁ ခုနှစ်အတွင်း ပုသိမ်မြို့အမှတ် (၄)၊ အခြေခံပညာအထက်တန်းကျောင်း(ယခင်ပိုးကရင်အထက်တန်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ်လ ၂၆ ရက်၊ နေ့လယ် ၁၂ နာရီတွင် ပိုးကရင်ကျောင်းခန်းမ၊ မိုးလုံလေလုံအားကစားရုံရှေ့၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုသူများသည် ဒေါ်စန်းမြင့်၊ ကျောင်းအုပ် (Precious Educare Centre) ပုသိမ်လေဆိပ်အနီးပုသိမ်မြို့၊ ဦးအောင်ကြိုင် ၀၄၂- ၂၂၇၈၈၊ ဒေါက်တာမောင်မောင်သန်း ၀၉-၅၂၀၃၂၅၀၊ ဦးကျင်ဆိုင် ၀၉-၈၅၈၃၆၁၁၊ ဦးတင်အေး ၀၉-၈၅၅၂၂၆၂၊ဦးထွန်းမာန် (ဂျော်နီ) ၀၄၂-၂၁၆၈၉၊ ၀၉-၅၂၀၂၁၇၉၊ ဦးထွန်းမြင့် ၀၄၂-၂၁၅၅၁၊ ဒေါ်ခင်သန်းမြင့် ၀၁-၃၈၇၉၅၃၊ ဦးရဲမြင့်(ငွေသောင်ယံဆားစက်) ၅ ပန်းခြံလမ်း၊ ပုသိမ်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာထမင်းနှင့်ပတ်သက်၍ မျက်နှာမပျက်စေချင်လျှင်ခိုင်ခိုင်ကျော် သို့ ညွှန်လိုက်ပါ
ချိုင့်ဆွဲပို့ဆောင်ရေး

# ပုဂံယွန်းထည်ဈေးကွက်သို့ နှီးထည်ကုန်ကြမ်းများ အမြင့်မြို့ဟောင်းအနီးမှထုတ်လုပ်တင်ပို့

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၂**

ပုဂံဒေသ ယွန်းထည်ဈေးကွက်တွင် အဓိကကုန်ကြမ်းဖြစ်သည့်နှီးထည်များကို မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်းစံပြကျေးရွာ အရှေ့ဘက်တစ်မိုင်ခန့်အကွာကုန်းသာကျေးရွာ၌ အဓိကထုတ်လုပ်တင်ပို့ကြောင်း သိရသည်။


အာနန္ဒာဘုရားတွင် ရောင်းချနေသော ယွန်းထည်ဆိုင်များကို တွေ့ရစဉ်။
ဓာတ်ပုံ-အားမာန်

"ပုဂံယွန်းထည်ဈေးကွက်ကုန်ကြမ်းတွေဖြစ်တဲ့ နှီးအကြမ်းထည်တွေကို ကုန်းသာကျေးရွာမှာအဓိက ထုတ်လုပ်တင်ပို့ရောင်းချပါတယ်။ နှီးထည်အမျိုးအစား ၆ မျိုးကို အရွယ်အစားအမျိုးမျိုး ထုတ်လုပ်ရောင်းချပါတယ်။ နှီးအကြမ်းထည်ဈေးကွက်မှာလည်း အရွယ်အစားနဲ့အမျိုးအစားပေါ် မူတည်ပြီး ကျပ် ၁၅၀ ကနေ ၂,၅၀၀အထိဈေးအမျိုးမျိုးရှိပါတယ်။ ကုန်ကြမ်းဝါးဈေးကလည်း အရင်နှစ်ကဝါးတစ်လုံး ၂၀၀ကျပ် ဝန်းကျင်ရှိရာက ဒီနှစ်ဝါးတစ်လုံး ၃၅၀ ကျပ်အထိ ဈေးတက်သွားတယ်။ ဝါးဈေးတက်တော့ ယွန်းထည်ကုန်ကြမ်းနှီးထည်တွေလည်း ဈေးတက်ယူလို့သိပ်မကိုက်ဘူး" ဟု အမြင့်မြို့ဟောင်းစံပြကျေးရွာအနီး ကုန်းသာကျေးရွာ ဒေသခံနှီး အကြမ်းထည်လုပ်ငန်းလုပ်ကိုင်သူဦးလှသိန်းက ပြောသည်။ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်းစံပြကျေးရွာ အနီး ကုန်းသာကျေးရွာသည် အိမ်ခြေ ၇၀ ကျော်ရှိပြီး ယွန်းထည်ကုန်ကြမ်းနှီးထည်လုပ်ကိုင်သူ ၅၀ခန့်ရှိသည်။ ပုဂံယွန်းထည်ဈေးကွက် ကုန်ကြမ်းနှီးထည်များအားကုန်းသာကျေးရွာတွင် ၂၀၀၀ ပြည့်နှစ်ခန့်မှ စတင်ထုတ်လုပ်ခဲ့သည်။

# နှစ်လမ်းသွား မောင်တောမြို့အဝင်တံတား ကျပ်သိန်းပေါင်း ၂၃၀၀ အကုန်ကျခံ တည်ဆောက်

**မောင်သန်းဝင်း**

**မောင်တော၊ ဖေဖော်ဝါရီ- ၂၃**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်စည်လည်ပတ်စီးဆင်းမှု အတွက် အဓိကကျသော ဘူးသီးတောင်-မောင်တောလမ်းရှိ မောင်တောမြို့အဝင် တံတားအား မူလတစ်လမ်းသွားတံတားမှ ကွန်ကရစ်နှစ်လမ်းသွားအဖြစ်သို့ သိန်းပေါင်း ၂၃၀၀ အကုန်ကျခံကာအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း မောင်တောခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သိရသည်။

မောင်တောမြို့အဝင်တံတားမှာ နှစ်ကာလသက်တမ်းရင့်ကြာလာသည်နှင့်ကုန်တင်ဝန်ချီကားကြီးများဖြတ်သန်းသွားလာရာ၌ တံတားကြမ်းခင်းများ ပေါက်ပြဲခြင်းများကြောင့် မကြာခဏ ပြုပြင်ဖာထေးလုပ်ဆောင်မှုများရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြုပြင်ဖာထေးမည့်အစားတံတားသစ်သည် ယခုအခါမူလရှိပြီးသား လမ်းအား အကျယ် ၂၄ ပေထိချဲ့ယူကာ ဆယ်စုနှစ်များစွာထိ မပျက်မစီးဘဲခိုင်ခန့်မည်ဖြစ်ကြောင်း သိရသည်။ အရှည် ၁၆ မိုင်သာရှိသော ဘူးသီးတောင်-မောင်တောလမ်းပိုင်းရှိ ရေပြွန်တံတားကြီး ၉ စင်း အပါအဝင် တံတားအစင်းပေါင်း ၄၀ နှင့် အရှည်ပေ ၈၀၀ ကျော်ရှည်လျားသော ဥမင်လိုဏ်ခေါင်းကြီးတစ်ခုအပြင် လိုဏ်ခေါင်းငယ်တစ်ခုလည်း ရှိကြောင်း သိရသည်။

# ကျောက်တင်ကားချောက်ထဲကျ လူသေဆုံးဒဏ်ရာရမှုများဖြစ်

**ထူးအောင်ကြီး**

**မင်းတုန်း၊ ဖေဖော်ဝါရီ- ၂၃**

သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ပုသိမ်-မုံရွာကားလမ်းမပေါ်တွင် ကျောက်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး နောက်ပြန်လိမ့်ကာ ချောက်ထဲကျသောကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း သိရသည်။ ဖေဖော်ဝါရီ ၄ ရက်၊ နံနက် ၁၁ နာရီအချိန်က ပုသိမ်-မုံရွာ ကားလမ်းအတိုင်းမြောက်မှတောင်သို့ ယာဉ်မောင်းဦးဝင်းတင် ပြည်မြို့နေသူ မောင်းနှင်လာသည့် Faw အမျိုးအစားခြောက်ဘီး ယာဉ်သည်အလုပ်သမား ၇ဦးနှင့် လမ်းခင်းကျောက်များတင်ဆောင် မောင်းနှင်လာစဉ်မင်းတုန်းမြို့နယ်၊ ဥယျာဉ်ပုကျေးရွာအနီးမိုင်တိုင်အမှတ် ၁၁၇/၃ မိုင်တွင် ဘရိတ်ပေါက်ပြီးနောက်ပြန်လိမ့်ကျရာ တံတားအမှတ် ၁/၅၈အောက် ပေ ၂၀ ခန့်အနက်ရှိ ချောက်ထဲသို့ကျသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါဥယျာဉ်ပုကျေးရွာမှ အလုပ်သမားများ ဖြစ်ကြသောမမိသူ(၂၂)နှစ်၊ ဦးခင်အောင် (၃၇)နှစ်တို့မှာ နေရာတွင်သေဆုံးပြီး မလွင်လွင်မြင့် (၂၉)နှစ်မှာ ယာခြေသလုံးပြတ်ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းတုန်းရဲစခန်းက (ပ)၁၅/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၃၈/ ၃၀၄(က)အရ အမှုဖွင့်ဆောင်ရွက်ပြီး ယာဉ်မောင်းဦးဝင်းတင် (၄၇) နှစ်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေးအပူတပြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Inforithm-Maze
Innovating for Future

## ဝန်ထမ်းအလိုရှိသည် (အမြန်)

ဖြန့်ဖြူးရေးဝန်ထမ်း ကျား (၁၅) ဦး

- ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
- ပညာအရည်အချင်း အနိမ့်ဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။
- အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
- အင်္ဂလိပ်စာ အခြေခံ အနည်းငယ် ရေးတတ်၊ ဖတ်တတ်ရမည်။
- လူမှုဆက်ဆံရေး အပြောအဆို အလွန် ကောင်းမွန် ပြေပြစ်ရမည်။
- ကျန်းမာရေး ကောင်းမွန်၍ သွက်လက်၊ ဖျတ်လတ်စွာ ဆောင်ရွက်နိုင်ရမည်။
- အရောင်းမြှင့်တင်ရေး တာဝန်များကိုလည်း လုပ်ဆောင်နိုင်ရမည်။
- ကိုယ်ပိုင်စက်ဘီးရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၁၀.၃.၁၁) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(၁၀)ထပ်၊ အမှတ်(၃၇)၊ ... မြို့နယ်။

## Career Opportunity

Dim Joy, a Singapore based restaurant is opening a flagship Chinese restaurant in Marketplace by City Mart, Golden Valley. Dim Joy would like to call for applicants for the following position.

**Sous Chef** Male (2) Posts

Require qualifications:

- Between 25 to 45 years old.
- Good interpersonal skills, neat and tidy appearance.
- Ability to speak Mandarin Chinese an advantage
- Minimum of three years experience in Chinese cuisine

Applicants may be willing to work on weekends.
Interested applicants please send CV, copy of certificates, labour registration and 2 ID photos, within one week after this advertisement to the following address:

Human Resources Department
No. 1-11, Padonmar Stadium (East Wing), Bargayar Street, Sanchaung Township, Yangon, Myanmar. Tel: (951) 508460 / 508461 / 508462 Fax: (951) 512019
Email: humanresources@city.com.mm


ဗောက်မဖြစ်စေဖို့
၄၈ နာရီကြာ
မရပ်မနား ကာကွယ်ပေးသည်။
POWERED BY CLEARTECH™
HIGH PERFORMANCE 2.0
အမျိုးသားတွေမှာ ဗောက်ပိုဖြစ်လွယ်တာကြောင့်
CLEAR men ကိုသုံးစွဲပါ။
Unilever
CLEAR men
COOL SPORT
ခရစ်ယာနို ရော်နယ်ဒို
ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား
CLEARmen

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

## အောင်ကမာ ခရီးသည်တင်အမြန်ယာဉ်အသင်း မုံရွာ-မကွေး တိုးချဲ့ခရီးစဉ်ပြေးဆွဲမည်

မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၂**

မုံရွာ-မန္တလေးခရီးသည်တင်မှန်လုံအမြန်ယာဉ်ငယ်အသင်းတစ်သင်းဖြစ်သောအောင်ကမ္ဘာအမြန်ယာဉ်အသင်းသည် ယခုနှစ် မတ်လ ၁ ရက်မှစ၍ မုံရွာ-မကွေးခရီးစဉ်အား တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

"အောင်ကမ္ဘာယာဉ်လိုင်းအနေနဲ့ မုံရွာ-မန္တလေးခရီးစဉ်အတွက် ကား ၁၂ စီးမုံရွာ-ပခုက္ကူခရီးစဉ်အတွက် ကား ၁ စီးနေ့စဉ်ပုံမှန်ပြေးဆွဲပေးပြီး အပတ်စဉ်စနေနေ့နှင့် ဥပုသ်နေ့တွေမှာ ခရီးသည်ပေးမှုတည်ပြီး မုံရွာ-အလောင်းတော်ကဿပခရီးစဉ် ပြေးဆွဲပေးပါတယ်။ နောက်ထပ်တိုးချဲ့ပြေးဆွဲမယ့် မုံရွာ-မကွေးခရီးစဉ်မှာ နေ့စဉ်တစ်စီးပုံမှန်ပြေးဆွဲပေးဖို့စီစဉ်ထားပြီး ခရီးသည်ပေါ်မူတည်ပြီး ယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု မုံရွာမြို့ အောင်ကမ္ဘာခရီးသည်တင်ယာဉ်အသင်းမှ တာဝန်ခံဦးဝင်းနိုင်က ပြောသည်။

အောင်ကမ္ဘာခရီးသည်တင်အမြန်ယာဉ်ငယ်အသင်းသည် မုံရွာ-မန္တလေးခရီးသည်တင်ယာဉ်လိုင်းအဖြစ်အဓိကပြေးဆွဲခဲ့ပြီး မုံရွာ-ပခုက္ကူ၊ မုံရွာ-အလောင်းတော်ကဿပ၊ မုံရွာ-ယာကြီး-ကလေး၊ မုံရွာ-လာဘို့၊ မုံရွာ- ဝက်လက်ခရီးစဉ်များပြေးဆွဲလျက်ရှိပြီးမုံရွာ-မကွေးခရီးစဉ်အား တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်တွင် နေ့စဉ်ပုံမှန်ခရီးစဉ်အဖြစ်ပြေးဆွဲပေးမည့်ယာဉ်လိုင်းအနေဖြင့် အောင်ကမ္ဘာယာဉ်လိုင်း တစ်လိုင်းတည်းသာ ပြေးဆွဲပေးမည်ဖြစ်ပြီး ခရီးစဉ်အတွက် မုံရွာ-မကွေး ၈၀၀၀ ကျပ်၊ မုံရွာ-ကမ္မ ၂၀၀၀ ကျပ်၊ မုံရွာ-မြစ်ခြေ ၃၀၀၀ ကျပ်၊ မုံရွာ-ဆိပ်ဖြူ ၄၀၀၀ ကျပ်၊ မုံရွာ-ချောက် ၄၀၀၀ ကျပ်၊ မုံရွာ-ရေနံချောင်း ၆၀၀၀ ကျပ်တို့ဖြစ်ပြီး ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ပြီးစီးပါက ပုဂံညောင်ဦးခရီးစဉ်များကိုပါ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရှိရသည်။ အောင်ကမ္ဘာခရီးသည်တင်ယာဉ်လိုင်းမှ ခေတ်မီယာဉ်ကြီးများဖြင့် ယာဉ်အစီးရေ ၄၇ စီး နေ့စဉ်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

## နေပြည်တော်တွင် မွန်အမျိုးသားနေ့ကျင်းပ

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂၅**

လူဦးရေနှစ်သန်းခွဲရှိသောမွန်တိုင်းရင်းသားတို့၏ ၆၄ နှစ်မြောက် မွန် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲကိုနေပြည်တော်ရောက် မွန်လူမျိုးများစုစည်း၍ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မောခမ်းနွမ်စားသောက်ဆိုင်ခန်းမတွင် ယခုလ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ရောက် မွန်လူမျိုးအရာထမ်းများတက်ရောက်ခဲ့သည့်အပြင် ပထမအကြိမ်လွှတ်တော်အစည်းအဝေးကိုလာရောက်သောအခြားတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း အခမ်းအနားတွင် မွန်အမျိုးသားနေ့ ကျင်းပရေး ကော်မတီ(ဗဟို)မှ ပေးပို့သော သဝဏ်လွှာနှင့်ဥက္ကဋ္ဌမိန့်ခွန်းကိုလည်းဖတ်ကြားခဲ့သည်။

## မန္တလေးအိုင်စီတီပါ့ခ် ပေါ်ပေါက်လာရန် လိုအပ်

ယုဇနကိုကို

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

မန္တလေးမြို့၏ ဒုတိယအကြီးဆုံးဈေးကြီးဖြစ်သည့် ရတနာပုံဈေးမီးလောင်ကျွမ်းမှုအထဲတွင် ပါဝင်ခဲ့သော အမ်အိုင်စီတီပါ့ခ် (MICTPark-Mandalay) သည် ယခုအချိန်ထိ ပြန်လည်စုစည်းတည်ဆောက်နိုင်ခြင်းမရှိသေးသဖြင့် ယင်းမြို့၏နည်းပညာဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။


ဓာတ်ပုံ-အောင်အောင်

ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ဖြစ်ပေါ်ခဲ့သည့် အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ပျက်ဆီးဆုံးရှုံးခဲ့သည့် မန္တလေးမြို့၏ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဌာနသည် လက်ရှိကာလတွင် ကုမ္ပဏီတစ်ခုချင်းစီမှ တစ်နေရာချင်းစီတွင် သီးသန့်ဖွင့်လှစ်ထားကြသည့် ပုံစံများဖြင့်သာ လည်ပတ်နေကြရကြောင်း အဆိုပါမြို့၏ နည်းပညာလုပ်ငန်းလုပ်ကိုင်နေသော ကွန်ပျူတာပညာရှင်တစ်ဦးက ဆိုသည်။"အခုက မန္တလေးအမ်အိုင်စီတီပါ့ခ်ကို နေရာပြန်ပြီးချဖို့လိုနေပြီ။ အမ်အိုင်စီတီပါ့ခ်တုန်းကဆိုကုမ္ပဏီတွေတစ်စုတစ်စည်းတည်းလုပ်ကြရတော့အဆင်ပြေတယ်။ အခုကလုပ်ငန်းတွေက အကုန်အပြင်ထွက်ကုန်ပြီးတကွဲတပြားစီဖြစ်နေကြပြီ" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ယင်းကဲ့သို့ မန္တလေးမြို့၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနကို ပြန်လည်တည်ဆောက်မှုမပြုလုပ်ကြသေးသဖြင့် အဆိုပါမြို့၏ နည်းပညာဆိုင်ရာလုပ်ငန်းများသည် ပုံမှန်တိုးတက်မှုထက် နှေးကွေးနေကြောင်းလည်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့ကသုံးသပ်ကြသည်။

မီးလောင်ပျက်စီးမှုများဖြစ်ပေါ်အပြီးတွင် အဆိုပါအမ်အိုင်စီတီပါ့ခ်အား မန္တလေးဘူတာကြီး၏ သုံးထပ်တစ်ခုလုံးအား အထက်ပါဌာနအဖြစ်ပြန်လည်ဖွဲ့စည်းရန် အစိုးရမှယာယီချထားပေးခဲ့ခြင်းများရှိခဲ့သော်လည်း ယင်းအစီအစဉ်သည် နေရာအနေအထားအခက်အခဲများကြောင့် ပျက်ပြယ်ခဲ့ပြီး ယခုလက်ရှိအချိန်ထိ ပြန်လည်တည်ဆောက်ရန် ညွှန်ကြားချက်များမရှိသေးကြောင်းသိရသည်။

မန္တလေးမြို့မှ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာရှင်များဖြင့် အဓိကဖွဲ့စည်းတည်ဆောက်ထားသည့် အဆိုပါသတင်းအချက်အလက်နှင့် နည်းပညာဌာနသည်သာ ယင်းမြို့၏ကွန်ပျူတာပညာရှင်၊ လုပ်ငန်းရှင်နှင့် ကွန်ပျူတာနည်းပညာကိုလေ့လာလိုက်စားနေသော လူငယ်များ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် အဆင်ပြေဆုံးနေရာဖြစ်သည်။မန္တလေးမြို့နှင့် ရတနာပုံဆိုက်ဘာစီးတီအကြားတည်ရှိသည့် ရတနာပုံဆိုက်ဘာစီးတီးမှာမူ နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် အဓိကသက်ဆိုင်သည့် နေရာဖြစ်ကြောင်း ယင်းမြို့တွင်ရှိသော ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။

## စာ(၁၅) တန်ပိုတင်သည့် ရန်ကုန်-မုံရွာ ခရီးသည်တင်ယာဉ် ၅၇ စီး အရေးယူခံရ မှ

"အရင်အခေါက်တွေတုန်းက ကားပြောင်းမစီးဘဲ မုံရွာကိုစောစောရောက်တယ်။ မုံရွာ-ရန်ကုန် လမ်းတစ်လျှောက်မှာ တန်ပိုဂိတ် ၆ ဂိတ်ရှိတာ။ အုန်းတောဂိတ်တစ်ခုပဲ တန်ပိုကြပ်မတ်စစ်ဆေးတာပါ။ ကျန်တဲ့တန်ပိုဂိတ်တွေအားလုံး ခရီးသည်တွေအဆင်ပြေတယ်။ စစ်ကိုင်းအုန်းတောဂိတ်မှာ ခရီးသည်တင် လေအိတ်ကားတွေ ၁၆ တန်ထက်ကျော်လွန်တာနဲ့ ယာဉ်မောင်းကိုတရားစွဲတော့တာ။ ပုံမှန်ပြေးဆွဲနေတဲ့ခရီးသည်လေအိတ်ကားတွေသာမက အလောင်းတော်ကဿပရာသီဘုရားဖူးယာဉ်တွေပါ တန်ပိုစစ်ဆေးတော့ ဘုရားဖူးတွေအတွက် အခက်အခဲကြုံတွေ့ခဲ့ရတာလည်းရှိတယ်"ဟု ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်-မုံရွာခရီးသည်တင်ယာဉ်လိုင်းဖြင့် လိုက်ပါလာသော ခရီးသည်တစ်ဦးက ကိုယ်တိုင်မြင်တွေ့ခဲ့ရပုံကို ပြောကြားသည်။

လမ်းများပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဝင်ရိုး ၂ ခု၊ ၆ ဘီးယာဉ်+ ကုန် ၁၆ တန်၊ ဝင်ရိုး ၃ ခု၊ ၁၀ ဘီးယာဉ်+ ကုန် ၂၁ တန်၊ ဝင်ရိုး ၄ ခု၊ ၁၂ ဘီးယာဉ်+ ကုန် ၂၅ တန်၊ ဝင်ရိုး ၄ ခု၊ ၁၄ ဘီးယာဉ်+ကုန် ၃၄ တန်၊ ဝင်ရိုး ၅ ခု၊ ၁၈ ဘီးယာဉ်+ကုန် ၄၆ တန်၊ ဝင်ရိုး ၆ ခု၊ ၂၂ ဘီးယာဉ်+ ကုန် ၅၅ တန်အဖြစ် သက်ဆိုင်ရာက တရားဝင် သတ်မှတ်ခဲ့သည်။ ကုန်တင်ယာဉ်များကိုသာအဓိက စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီလဆန်းရက်ပိုင်းမှစ၍ စစ်ကိုင်းမြို့၊ အုန်းတောတန်ပိုဂိတ်တွင် ခရီးသည်တင်ယာဉ်ကြီးများကို စစ်ဆေးအရေးယူခဲ့ကြောင်းသိရသည်။ အဆိုပါအုန်းတောတန်ပိုဂိတ်အား ရန်ကုန်-မုံရွာ၊ ရန်ကုန်-မုံရွာ-ရေဦး-တန့်ဆည်၊ မုံရွာ-နေပြည်တော်ခရီးစဉ်များကို အဓိကစစ်ဆေးခဲ့ပြီး ကျန်ခရီးစဉ်ယာဉ်လိုင်းများမှာ ယာဉ်ငယ်များဖြင့်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

## ပြင်စလူမြို့နယ်မှ မြေလွတ်များတွင် အစုအဖွဲ့ပိုင်သစ်တောထူထောင်မည်

အိဖြူမွန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

လပွတ္တာခရိုင်၊ ပြင်စလူမြို့နယ်ရှိ မြေလွတ်များတွင် သစ်တောများပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် ECCDI ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ပေးမည်ဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြင်စလူမြို့နယ် ကြာကန်ကွင်းပေါက်ကြိုးဝိုင်းအနီးရှိ အိမ်ထောင်စု ၅၀အား အစုအဖွဲ့ပိုင် သစ်တောများထူထောင်ခြင်းကို တစ်နှစ်အကြာပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်ခုလျှင် အစုအဖွဲ့ပိုင်သစ်တော ထူထောင်ခွင့်မြေဧရိယာနှစ်ဧကခွဲကျော် လုပ်ပိုင်ခွင့်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"သစ်တောပြုန်းတဲ့နေရာတွေကို သစ်တောတည်ထောင်ခွင့်ပေးမယ်။ အဲဒီအတွက် ပျိုးပင်တွေ၊ နည်းပညာတွေ၊ CF လျှောက်တဲ့ လုပ်ထုံးလုပ်နည်းတွေအကုန်လုံး သင်ပြထောက်ပံ့ပေးသွားမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

တစ်ဧကလျှင် သစ်ပင် ၁,၅၀၀ စိုက်၍ရသောကြောင့် တစ်အိမ်ထောင်လျှင်ပျိုးပင် ၃,၀၀၀ ကျော် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ မြေယာပေးပြီးပါက ဆက်လက်လုပ်ကိုင်ခြင်းရှိမရှိကိုလည်း စနစ်တကျစစ်ဆေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## စာ(၁၅) ကျားသားရေအပါအဝင် တော ိုင်းတိရစာန်ပစည်းများ တရားမဝင် သယ်ဆောင်လာသူများအား ဖမ်းဆီး မှ

ထိုယာဉ် မောင်းသူခင်မောင်ရွှေနှင့် ယာဉ်နောက်လိုက်ပါလာ သူကျော်ဆွေနိုင်တို့နှစ်ဦးအား သက်ဆိုင်ရာ ပခုက္ကူရဲစခန်းက(ပ) ၈၀/၁၁ ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(က)/(ခ)အရ ဖေဖော်ဝါရီ ၁၅ ရက်တွင် အမှုဖွင့်ထားပြီး ထိုအမှုအား အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။










# Education

7DAY NEWS JOURNAL

Vol.9, No.49 • MARCH 3, 2011


## NIM တွင် ဆောက်လုပ်ရေးအင်ဂျင်နီယာဒီပလိုမာ တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆

စင်ကာပူနိုင်ငံရှိ Nanyan Insititute of Management တွင် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဒီပလိုမာ ဘာသာရပ်အား သွားရောက်သင်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ ဘာသာရပ်အား GCE O အောင်မြင်ထားသူများ၊ပညာအရည်အချင်း ၁၂ တန်းနှင့်ညီမျှသူများ လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာ ကျွမ်းကျင်မှုအားဖြင့် IELTS 5 သို့မဟုတ် ၎င်းနှင့် ညီမျှသည့်အရည်အချင်းရှိရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ သင်တန်းတွင် Cost Accountiong & Managerial Finance, Technopreneurship, Project Management, Contract Manangemet, Management System for Construction, Structural Mechanic, Construction Equipment အစရှိသည့်ဘာသာရပ်များ အပါအဝင်ဘာသာရပ် ၂၄ ခုသင်ကြားကြရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ၂နှစ်ကြာမြင့်မည်ဖြစ်ပြီး စာတွေ့ ၁၈ လနှင့် လက်တွေ့ ၄လ သင်ကြားကြရမည်ဖြစ်ကြောင်း သိရသည်။

## ဂျပန်တက္ကသိုလ်တစ်ခုတွင် လူမှုဖူလုံရေးဘာသာရပ် တက်လိုသူများအတွက် ဝန်ဆောင်မှုပေး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂

ဂျပန်နိုင်ငံရှိ Tokyo University of Social Welfare တွင် လူမှုဖူလုံရေးဘာသာရပ် လေ့လာသင်ယူလို့သူများအတွက် ဝန်ဆောင်မှု စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းမြန်မာဂျပန်ဘာသာစကားသင်တန်းကျောင်းက ဆိုသည်။

၎င်းတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူလိုသူများအနေဖြင့် ပြည်တွင်း၌ တက္ကသိုလ်ပထမနှစ်အောင်မြင်ထားရမည်ဖြစ်ပြီး JLPT Level-3 အောင်မြင်ထားမှုကို တင်ပြလျှောက်ထားရမည်ဟုသိရသည်။ ကျောင်းလခအနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်းရှစ်ဆယ်ဝန်းကျင်ပေးသွင်းရမည်ဖြစ်ပြီး ကျောင်းလျှောက်ထားရမည်လများမှာ ဧပြီလနှင့် စက်တင်ဘာလတို့ဖြစ်သည်။ သက်ကြီးရွယ်အိုဂေဟာများ၊ လူမှုဖူလုံရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ တက်ရောက်လေ့လာနိုင်ပြီး အသေးစိတ်ကို www.tokyo-fukushi-ac.jp တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## ပညာရေးသတင်းတိုများ

### ရာသီဥတုပြောင်းလဲခြင်းအကြောင်း ဦးထွန်းလွင်ဟောပြောမည်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅

မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတု ပြောင်းလဲခြင်းအခြေအနေနှင့် ၂၀၁၁ပြည့်နှစ်အတွင်း ရာသီဥတု အလားအလာခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၅ရက်တွင် နေ့လယ် ၂နာရီမှစတင်၍ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMF-CCI ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ၎င်းနေ့တွင် ဒေါက်တာထွန်းလွင်က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

### ထိုင်းတက္ကသိုလ်လေ့လာရေးခရီးစဉ် ဝန်ဆောင်မှုပေး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄

ထိုင်းနိုင်ငံရှိ Webster University သို့ သွားရောက်၍ ပညာရေး လေ့လာမှုခရီးစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MSI ပညာရေး ဝန်ဆောင်မှုမှသိရသည်။ ကျောင်းသားတစ်ဦးလျှင် အုပ်ထိန်းသူတစ် ဦးလိုက်ပါနိုင်မည့် ခရီးစဉ်အတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သတ်မှတ်ထားပြီး၊ မတ်လ ၁၁ရက်တွင် နောက်ဆုံးစာရင်းသွင်းရမည်ဖြစ်သည်။

### အခမဲ့အွန်လိုင်းသင်ခန်းစာများ ကြည့်ရှုလေ့လာနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂

ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများအတွက် အခမဲ့အွန်လိုင်းသင်ခန်းစာများကိုပို့ချသွားမည်ဖြစ်ကြောင်း University of Southern Queensland မှသိရသည်။ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်၏အစီအစဉ်သစ်အရ ကျောင်းသားများအနေဖြင့် ဘာသာရပ်များကို အခမဲ့ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

## ကနေဒါနိုင်ငံတွင် ပညာသင်လိုသူများအတွက် ဝန်ဆောင်မှုစတင်ပေး

သီဟ

ရန်ကုန်၊ဖေဖော်ဝါရီ - ၂၆

မြန်မာနိုင်ငံမှ ကျောင်းသားများ ကနေဒါနိုင်ငံတွင် သွားရောက်ပညာသင်ယူနိုင်ရန် ဝန်ဆောင်မှု စတင်နေပြီဖြစ်ကြောင်းသိရသည်။

ကျောင်းလျှောက်ထားရာတွင် ကျောင်းသားများ၏ ပညာအရည်အချင်းနှင့် IGCSE ရမှတ်များ အင်္ဂလိပ်စာအရည်အချင်း စသည်များအပေါ် မူတည်၍ မိမိတို့နှင့်သင့်တော်မည့် တက္ကသိုလ်ကောလိပ်များသို့ ရွေးချယ်လျှောက်ထားသင့်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် ခြောက်လနှင့်အထက်ကာလများအတွက် ကနေဒါနိုင်ငံတွင် ပညာသင်ကြားမည်ဆိုပါက Study Premit လျှောက်ထားရန်လိုအပ်ပြီး ထိုသို့လျှောက်ထားမည်ဆိုပါက IELTS/TOEFL ရမှတ်များတင်ပြရန်လိုအပ်ကြောင်း သိရသည်။

ကျောင်းလျှောက်ထားလို သူများသည် ကျောင်းဖွင့်မည့်ရက်ထက်အနည်းဆုံး နှစ်လခန့်ကြိုတင်လျှောက်ထားရန် လိုအပ်ကြောင်း ကနေဒါနိုင်ငံ Ontario International College ၏မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Crown Education မှသိရသည်။

မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် ဗီဇာလျှောက်ထားမည်ဆိုပါက ထိုင်းနိုင်ငံသို့မဟုတ် စင်ကာပူနိုင်ငံတွင်လျှောက်ထားနိုင်ကြောင်း သိရသည်။


အဆိုပါနိုင်ငံသို့ ပညာသွားရောက် သင်ယူလိုသူများသည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကွာခြားသဖြင့် ကျန်းမာရေး အာမခံထားရှိထားရန် လိုအပ်ကြောင်း သိရသည်။



ကျောင်းလျှောက်ထားခြင်းဆိုင်အသေးစိတ်အချက်အလက်များ အား Crown Education သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။







# Education

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

## အမေရိကန် တက္ကသိုလ်တစ်ခု၏ အွန်လိုင်းအဝေးသင် ပညာရေးအစီအစဉ်စတင်

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၂**

လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူများအတွက် အွန်လိုင်းအဝေးသင်ဘာသာရပ်သင်ခန်းစာအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်စင်တာမှ သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံ၏ ကိုလိုရာဒိုပြည်နယ်တက္ကသိုလ်မှ လူမှုဖွံ့ဖြိုးတိုးတက်မှုသင်ခန်းစာကို အွန်လိုင်းအဝေးသင်စနစ်(Distance Education Program)ဖြင့် လေ့လာခွင့်ရမည်ဖြစ်ပြီး ၎င်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

၎င်းသင်ခန်းစာအစီအစဉ်ကို မေလ ၆ ရက်တွင် စတင်သွားမည်ဖြစ်ပြီး ခန့်မှန်းခြေခြောက်လခန့်ကြာမြင့်မည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပညာသင်ခွင့်လျှောက်လွှာများကို အမေရိကန်စင်တာတွင် ရယူနိုင်ပြီး AC trainingprograms@state.gov တွင် လည်းတောင်းယူနိုင်သည်။

## မေအင်တာနေရှင်နယ်က အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲကျင်းပ ထူးချွန်သူကို နွေရာသီအခမဲ့ ပညာသင်ဆုပေးမည်

ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃

အခြေခံပညာကျောင်းများမှကျောင်း သားများအတွက် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲများ ကျင်းပပြုလုပ်၍ ၁၅ဦးကို ရွေးချယ်ကာ နွေရာသီသင်တန်းကျောင်းလခကင်းလွတ်ခွင့်များ ပေးအပ်သွားမည်ဖြစ်ကြောင်းမေအင်တာနေရှင်နယ်ကျောင်းမှ သိရသည်။

ကျောင်းသားများအနေဖြင့် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် မေအင်တာနေရှင်နယ်ကျောင်းတွင် အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများ သင်ကြားနေသော အချိန်ပြည့်သင်တန်းနှင့် အင်္ဂလိပ်ဘာသာသင်ကြားနေသော အချိန်ပိုင်းသင်တန်းတို့တွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိမည်ဖြစ်သည်။

အင်္ဂလိပ်စကားပြော ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အင်္ဂလိပ်စာဖတ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာအရေးအသားစွမ်းရည်ပြိုင်ပွဲနှင့် အင်္ဂလိပ်သီချင်းဆိုပြိုင်ပွဲများအတွက် အသက် ၆နှစ်မှ ၈နှစ်၊ အသက် ၉ နှစ်မှ ၁၁နှစ်၊ အသက် ၁၂နှစ် မှ ၁၄နှစ်ဟူ၍ ခွဲခြားယှဉ်ပြိုင်စေမည်ဟုသိရသည်။ မတ်လတွင် ဖွင့်လှစ်သွားမည့် နွေရာသီသင်တန်းများတွင် ပညာသင်ကြားခွင့်အတွက် ကျောင်းသား ၁၅ဦးအား ရွေးချယ်သွားမည်ဖြစ်သဖြင့် မတ်လ၅ရက် နောက်ဆုံးထား၍ မေအင်တာနေရှင်နယ်ကျောင်းတွင် လျှောက်ထားရမည်ဖြစ်သည်။

## ဆန်းဒါးလန်းကောလိပ်၏ အနုပညာဒီပလိုမာသင်တန်း ပြည်တွင်း၌ ဖွင့်လှစ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၂**

ဗြိတိန်နိုင်ငံရှိ City of Sunderland College ၏ အနုပညာဆိုင်ရာဒီပလိုမာသင်တန်းကို ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ရွှေဆည်အနုပညာလုပ်ငန်းမှသိရသည်။



နိုင်ငံတကာအသိအမှတ်ပြု အနုပညာဆိုင်ရာ ဒီပလိုမာသင်တန်းကာလမှာ ၉ လကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၁၀ သိန်းဝန်းကျင်ရှိမည်ဟုသိရသည်။

"ဒါရိုက်တာဦးကြည်စိုးထွန်း၊ ဦးမြင့်သိန်းဖေ၊ ဦးမောင်မောင်မြင့်တို့က အဓိကသင်ကြားပေးမှာပါ။ အထက်တန်းအောင်အဆင့်ဆိုတက်လို့ရပါပြီ။ စာတွေ့က ခြောက်လပါ"ဟု ဒါရိုက်တာဦးရွှေအေးကိုကပြောသည်။

အိမ်နီးချင်းနိုင်ငံများတွင် အနုပညာဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်နေသည်မှာကြာမြင့်ပြီဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် လိုအပ်နေသေးသောကြောင့်ဖွင့်လှစ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသင်တန်းအား ဧပြီလတွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ပြည်တွင်း၌ ပထမဆုံး အနုပညာဆိုင်ရာ ဒီပလိုမာသင်တန်းဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

## ဗြိတိန်ကျောင်းသင်ရိုးများ သင်ကြားပေးမည့် သင်တန်းကျောင်းသစ် စတင်ဖွင့်လှစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၂**

ဗြိတိန်နိုင်ငံမှဘာသာရပ်များကိုသင်ကြားမည့် Myanmar Noble College အမည်ဖြင့် သင်တန်းသစ်အား ဇွန်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နဝရတ်ပညာရေးမှ ဒေါက်တာနေဝင်းနိုင် ကပြောသည်။

အခြေခံပညာရှစ်တန်းအောင်မြင်ထားသော ကျောင်းသားများ တက်ရောက်ပညာသင်ယူနိုင်မည့် သင်တန်းအား ယူကေရှိ City of Sunderland College ၏ ကျောင်းခွဲတစ်ခုဖြစ်သော Sunderland Sixth Form College နှင့် နည်းပညာပူးတွဲသဘောတူညီချက်ရရှိထားသည်ဟုဆိုသည်။ အဆိုပါသင်တန်းမှာ ၂နှစ်ကြာတက်ရောက်သင်ယူရမည်ဖြစ်ပြီး၊ နိုင်ငံတကာအသိအမှတ်ပြု အထက်တန်း အောင်လက်မှတ်ရရှိမည်ဖြစ်ကာ ပြည်ပတက္ကသိုလ်၊ ကောလိပ်များသို့တက်ရောက်ပညာ သင်ယူခွင့်ရရှိမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က သင်တန်းမိတ်ဆက်အခမ်းအနားတွင်ပြောသည်။

သင်တန်းတွင် အချိန်ပြည့်နှင့်အချိန်ပိုင်းသင်တန်းဟူ၍ ခွဲခြားထားပြီး သင်တန်းကြေးမှာ တစ်လလျှင် ကျပ်သုံးသိန်းဖြစ်ကာ တစ်နှစ်အတွက် ကျပ်သိန်းသုံးဆယ် ကျသင့်ကြောင်းသိရသည်။

Myanmar Noble College သည် အလုံမြို့နယ်ရှိ နှင်းဆီလမ်းတွင်တည်ရှိပြီး၊ ဒီပလိုမာ သင်တန်းများလည်း ဖွင့်လှစ်သွားမည်ဟုသိရသည်။

ဂုဏ်ထူးဦးသိန်းနိုင် ဘော်ဒါနှင့် စာသင်ဝိုင်းများ
M.Sc Final
TOP TEN

ဝန်ထမ်းအလိုရှိသည်
Inforithm-Maze
• Receptionist F(2) posts

ဝန်ထမ်းအလိုရှိသည်။
Neo Energy Oasis Development Co., Ltd.
(1) For Engineer Dept:
1. A.E (Civil) (2) Post
2. S.A.E (Civil) (3) Post
3. S.A.E (Mining) (2) Post
4. J.E (Civil) (3) Post
(1-4 for Head Office)
1. Project Asst. Manager (2) Post
2. A.E (Civil) (5) Post
3. A.E (QC) (2) Post
4. A.E (Geologist) (2) Post
5. S.A.E (Civil) (7) Post
6. S.A.E (Mining) (2) Post
7. J.E (Civil) (10) Post
8. J.A.S (B.Sc-Chem.) (3) Post
(1-8 for Site)
(2) HR & Logistic Dept:
1. Admin Manager (2) Post
2. Logistic Manager (2) Post
3. Admin Supervisor (3) Post
4. Admin Asst. Supervisor (3) Post
(1-4 for Head Office)
1. Asst. Manager (for Site) (4) Post
(3) Finance Dept:
1. Accountant (for Head Office) (2) Post
2. Deputy Accountant (for Site) (2) Post
Ph: 01-655665, 09-5190546, 09-5190547

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းဖြင့် အင်တာနက်မျှဝေအသုံးပြုနိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများဖြင့်အင်တာနက်ဆက်သွယ်မှုစနစ်ကိုအသုံးပြုရာတွင်အချင်းချင်းပြန်လည်မျှဝေအသုံးပြုနိုင်သည့် Wi-Fi hot spot အဖြစ်သို့ချိတ်ဆက် အသုံးပြုနိုင်ကြောင်း သုံးစွဲသူများထံမှ သိရသည်။

ထိုကဲ့သို့သုံးစွဲရာတွင် Con-ncetify ဟူသောဆော့ဖ်ဝဲကို အင်တာနက်မှတစ်ဆင့်ဒေါင်းလော့ဒ်လုပ်ရန်လိုအပ်ပြီးအဆိုပါဆော့ဖ်ဝဲကိုရရှိလျှင် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းကိုမိမိ၏ ကွန်ပျူတာလက်ပ်တော့ဖြင့်ချိတ်ဆက်ကာ Wi-Fi Hotspot အဖြစ် အခြားသူများသို့လည်း မျှဝေသုံးစွဲနိုင်မည်ဖြစ်သည်။

အင်တာနက်အသုံးပြုနိုင်သည့် အဆိုပါစီဒီအမ်အေဖုန်းများသည် အမြန်နှုန်း 3 MB အထိရှိသဖြင့် မြန်နှုန်းအလွန်ကောင်းမွန်သော်လည်း Connectify ဆော့ဖ်ဝဲဖြင့် အခြားသူများသို့ ပြန်လည်ဝေမျှသုံးစွဲမှုပြုလုပ်ရာတွင် သုံးစွဲသူဦးရေသုံးဦးထက် ကျော်လွန်သုံးစွဲမည်ဆိုပါကအင်တာနက်မြန်နှုန်းများကျဆင်းနိုင်ပြီး ဆက်သွယ်မှုများပါ ပြတ်တောက်နိုင်ကြောင်း အထက်ပါသုံးစွဲသူများထံမှ သိရသည်။

"ကိုယ့်ဖုန်းကနေ အင်တာနက်စနစ်ကို တခြားသူတွေပါ မျှသုံးလို့ရတာကောင်းပါတယ်။ ဒါပေမဲ့ မျှသုံးတဲ့သူအရမ်းများရင်တော့ မကောင်းဘူး။ သူကဝိုင်ဖိုင်စနစ်နဲ့ဆင်တယ်။အဓိကသုံးစွဲတဲ့သူကနေ နောက်ထပ်နှစ်ဦးလောက်ပဲမျှသုံးတာပိုအဆင်ပြေမယ်" ဟု အဆိုပါစနစ်ကို သုံးစွဲနေသည့် အသက် ၄၀ နှစ်အရွယ်ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကဆိုသည်။

ယင်းကဲ့သို့ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများမှတစ်ဆင့် အင်တာနက်ဆက်သွယ်မှုစနစ်ကို အခြားသူများသို့ ပြန်လည်မျှသုံးစွဲရာတွင် Windows 7 ဗားရှင်းရှိသော ကွန်ပျူတာများတွင်သာ သုံးစွဲမှုပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့အပြင် Connectify ဟူသောဆော့ဖ်ဝဲအပြင် Windows 7 ကွန်ပျူတာများ၏ Setting မှတစ်ဆင့်နက်ဝါခ်များ ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများဖြင့် အင်တာနက်အသုံးပြုရာတွင် အွန်လိုင်းအသုံးပြုနိုင်သည့် 3G Moden တစ်ခုရှိရန်လိုအပ်ပြီး အချို့သောဟန်းဆက်များသည် ယင်းမိုဒမ်းစနစ်မလိုအပ်ဘဲ ဆက်သွယ်ရေးတွင်ငွေကျပ်သုံးသောင်းထပ်မံပေးသွင်းရုံဖြင့် အထက်ပါစနစ်ကိုအသုံးပြုနိုင်မည်ဖြစ်သည်။

## ဘားကမ့်ရန်ကုန်သို့ တက်ရောက်သူ ၄၀၀၀ ကျော်ရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

ရန်ကုန်မြို့၌ ယခုလတတိယပတ်က ကျင်းပခဲ့သည့် ဘားကမ့်ရန်ကုန် ၂၀၁၁ (Barcamp Yangon 2011)တွင် တက်ရောက်ခဲ့သူဦးရေ ၄၂၀၀ကျော်ရှိရာ နိုင်ငံတကာဘားကမ့်ပွဲများ အားလုံးတွင် တက်ရောက်သူ အရေအတွက်အများဆုံးစံချိန်ကို ထပ်မံတင်လိုက်နိုင်ကြောင်း ယင်းနည်းပညာဆိုင်ရာ စုစည်းမှုအစီအစဉ်ကိုစီစဉ်သည့် အဖွဲ့အစည်းထံမှ သတင်းရရှိသည်။

ယခုလ ၁၉ နှင့် ၂၀ရက်များတွင် ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါဘားကမ့်သို့ စုစုပေါင်းတက်ရောက်ဆွေးနွေးဟောပြောလာသူဦးရေမှာ လေးထောင်ကျော်ရှိခဲ့သဖြင့် အဆိုပါအရေအတွက်သည် ပထမအကြိမ်ပြုလုပ်ခဲ့သည့် ဘားကမ့်ရန်ကုန် ၂၀၁၀ ထက် လူဦးရေ တစ်ထောင်ကျော် အထိ ပိုမိုခဲ့သည်။

ယခုကဲ့သို့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ဘားကမ့်ပွဲများ၌ တက်ရောက်လာသူအရေအတွက်များပြားနေရခြင်း၏ အဓိကအကြောင်းရင်းများမှာ နည်းပညာကဏ္ဍကို စိတ်ဝင်စားသူများ များပြားလာခြင်း၊ ထိန်းချုပ် ကန့်သတ်မှုများရှိနေသည့် အခြေအနေမျိုးမျိုးဖြင့်ရှိနေရာမှ ယခုကဲ့သို့ မည်သူမဆိုလွတ်လပ်စွာဖြင့် တက်ရောက်လာသူအချင်းချင်း ဆွေးနွေးဟောပြောဖလှယ်နိုင်သည့် အချက်ကြောင့်ပင်ဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောကြားသည်။

ယခုလအတွင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၁ ဘားကမ့်တွင် အသက် ၁၈ နှစ်မှ



**ဘားကမ့်ရန်ကုန် ၂၀၁၁ မြင်ကွင်း** ဓာတ်ပုံ- အောင်အောင်



ဓာတ်ပုံ- အောင်အောင်



ဓာတ်ပုံ- စည်သူ

၂၅ နှစ်အတွင်း လူငယ်များအများဆုံးတက်ရောက်ခဲ့ပြီး နည်းပညာနှင့် ဆက်စပ်နေသည့် အကြောင်းအရာမျိုးစုံကို တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှ ဆွေးနွေးတင်ပြမှုများပြုလုပ်သွားပြီး ယခုနှစ်အတွင်း ထပ်မံပေါ်ထွက်လာမည့် ကွန်ပျူတာဆော့ဖ်ဝဲအသစ်များကိုလည်း ရေးဆွဲထားသူများမှ တင်ပြသွားခဲ့ကြောင်းသိရသည်။


"ဒီဘားကမ့်ကို လာတက်တာ တချို့နည်းပညာဗဟုသုတတွေကို ပြန်မျှဝေပေးတဲ့ အကြောင်းအရာတွေဆို အရမ်းကိုဗဟုသုတရပါတယ်။ ဥပမာနက်ဝ်ဝက်ဆက်သွယ်မှုနဲ့ပတ်သက်တဲ့ အကြောင်းအရာကို ပြန်ဝေမျှပေးတာကို သွားနားထောင်ပြီးပြန်လာတော့ စီဒီအမ်အေ ၈၀၀ ဖုန်းကနေ အင်တာနက်သုံးရင် အနားက တခြားလူကိုပါ ပြန်မျှသုံးလို့ရတယ်ဆိုတာသိလာပြီး ဘယ်လိုလုပ်ရလဲဆိုတာပါသိလာတယ်" ဟု အဆိုပါ ဘားကမ့်သို့သွားရောက်တက်ရောက်ခဲ့သူ အသက် ၂၅ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကဆိုသည်။

လွတ်လပ်သည့်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲဖြစ်သည့် မြန်မာနိုင်ငံ၏ ဘားကမ့်ကို ပြီးခဲ့သည့် ၂၀၁၀ ဖေဖော်ဝါရီလက ပထမဦးဆုံးတစ်ကြိမ်ကျင်းပခဲ့ပြီး မန္တလေးမြို့တွင် ယခုနှစ်ဖေဖော်ဝါရီလက တစ်နိုင်ငံလုံးတွင် ဒုတိယအကြိမ်မြောက်ပွဲအဖြစ်ကျင်းပခဲ့သည်။ မန္တလေးမြို့တွင် ကျင်းပခဲ့သည့် ဘားကမ့်၂၀၁၁သည်လည်း တက်ရောက်သူဦးရေ သုံးထောင်ကျော် အထိရှိခဲ့သည်။

ယခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ရန်ကုန်ဘားကမ့်သို့ နိုင်ငံတကာမှ တက်ရောက်သူ ၂၀ ကျော်အထိရှိခဲ့သည်။














TOSHIBA
Windows®. Life without Walls™.
Toshiba recommends Windows 7.
HOT ROD ဂိမ်းကစားခြင်း
ကဲ.... .ကစားဖို့ အသင့်ဖြစ်ပြီလား
Qosmio F60
Qosmio F60-BD539
• Intel® Core™ i5-560M Processor 2.66GHz with Turbo Boost Technology up to 3.20GHz
• Genuine Windows® 7 Home Premium
• 2GB DDR3 1066MHz SDRAM expandable to 8192MB
• 500GB (SATA) with shock absorbers HDD
• Built-in HD Web Camera
• Bluetooth V2.1 w/ Enhanced Data Rate
• 1-year carry-in International Limited Warranty (parts & labor), 1-year battery (carry-in)
• Brilliant Red
3D TV-Support
Resolution+
Talk-2-Toshiba
LUCKY BIRD TRADING CO., LTD.
Toshiba iShop:
DESIGNED BY TECHNOLOGY
intel CORE i5 inside
Faster.
Smarter.

7 DAY NEWS JOURNAL
Vol.9, No.49 ▪ MARCH 3, 2011



၂၀၁၁ ခုနှစ်ဇန်နဝါရီလကုန်အထိ လာနီညာအခြေနေနဲ့ပတ်သက်လို့ ပစိဖိတ်သမုဒ္ဒရာအလယ် အီကွေတာရပ်ဝန်းက ပင်လယ်ရေမျက်နှာပြင်အပေါ်က ရေအပူချိန်တွေကို လေ့လာတဲ့အခါမှာ လာနီညာဟာ ၂၀၁၁ အနည်းဆုံးပထမ ၄ လလောက်အထိ ဆက်လက်ရှိနေဦးမယ့် အခြေအနေတွေကို တွေ့နေခဲ့ရပါတယ်။ (၁၆-၂-၂၀၁၁)ရက်နေ့က ထုတ်ပြန်ချက်အရ လာနီညာအညွှန်းကိန်း တွေဟာ အနည်းငယ် အားလျော့လာခဲ့တာမှန်ပေမယ့် ဆက်လက်အားကောင်းနေဆဲရှိနေတာကိုတွေ့ရပါတယ်။


၂၀၁၀နွေရာသီဒေသအများစု ရေရှားပါးခဲ့စဉ်။


၂၀၁၀မိုးရာသီ လာနီညာကြောင့် ရေလျှံစဉ်။

# စောင့်ကြည့်ဖို့လိုနေသေးတဲ့ ၂၀၁၁ လာနီညာအခြေအနေ

မောင်ထွန်းလွင်(မိုးလေဝသ)

**၂၀၁၁ ဇန်နဝါရီလက ထုတ်ပြန်ခဲ့တဲ့ လာနီညာအခြေအနေ ခန့်မှန်းချက်**

လာနီညာအခြေအနေနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ဇန်နဝါရီလတုန်းက ခန့်မှန်းထားခဲ့တာကတော့ ၂၀၁၁ ခုနှစ်၊ မတ်လကုန်တဲ့အခါ လာနီညာဆက်လက်ရှိဖို့က ၈၀ ရာခိုင်နှုန်း၊ ကြားနေနှစ်အဖြစ် ပြောင်းလဲသွားဖို့က ၂၀ ရာခိုင်နှုန်း၊ အယ်လ်နီညိုဖြစ်ဖို့ကတော့ မရှိ(၀ ရာခိုင်နှုန်း)လို့ ခန့်မှန်းရရှိထားပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လကုန်တဲ့အခါမှာတော့ လာနီညာဖြစ်ဖို့က ၁၀ ရာခိုင်နှုန်းနဲ့ ကြားနေနှစ်ဖြစ်သွားဖို့က ၉၀ ရာခိုင်နှုန်း ရှိနေပြီး အယ်လ်နီညိုနှစ်ဖြစ်ဖို့ကတော့ မရှိ( ၀ ရာခိုင်နှုန်း)ဖြစ်နေတာကိုခန့်မှန်းရရှိပါတယ်။ သဘောကတော့ လက်ရှိ လာနီညာဖြစ်စဉ်ဟာ မတ်လအကုန်မှာ ပြီးဆုံးတော့မယ်ဆိုတဲ့သဘောပါပဲ။ ဖေဖော်ဝါရီလ ပထမအပတ်အထိ

**လက်ရှိနောက်ဆုံးအခြေအနေ**

လာနီညာရဲ့ လက်ရှိအင်အားကို ဖေဖော်ဝါရီလအလယ်မှာ တွက်ကြည့်တော့ ပစိဖိတ်သမုဒ္ဒရာ အယ်လ်နီညိုဇရိယာတွေရဲ့ ရေမျက်နှာပြင်အပူချိန်တွေဟာ ပျမ်းမျှအောက် ကျနေတဲ့တန်ဖိုးတွေ ပင်လယ်ရေတွေပိုနွေးလာလို့ နည်းနည်းပြန်တက်လာပြီး လာနီညာအင်အား အနည်းငယ်လျော့ကျလာတာမှန်ပေမယ့် လျော့ကျနေတဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်တွေဟာ ပုံမှန်ရဲ့အောက် -၁ ဒီဂရီဆဲလ်စီးရပ်စ် ကျော်ရှိနေသေးတာကြောင့် အသင့်အတင့်အားကောင်းနေဆဲပဲဖြစ်ပါတယ်။

၂၀၁၁ လာနီညာရဲ့ ထူးခြားမှုကတော့ သမုဒ္ဒရာဖြစ်စဉ် လာနီညာရဲ့အင်အားဟာ အသင့်အတင့် အားကောင်းတဲ့အဆင့်သာရှိပေမယ့် ကမ္ဘာ့လေထုအတွင်းမှာ ဖြစ်ပေါ်လာရတဲ့ ရာသီဥတုဖောက်ပြန်မှုကတော့ လာနီညာသမိုင်းမှာ အဆိုးဝါးအပြင်းထန်ဆုံးဖြစ်နေတာကို တွေ့နေရတာပဲဖြစ်ပါတယ်။ ဒီနှစ် ၂၀၁၀-၂၀၁၁ ရဲ့ လာနီညာရာသီဥတုဖောက်ပြန်မှုကို ဩစတြေးလျ၊ နယူးဇီလန်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဘရာဇီး၊ အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ အီကွေဒို၊ ပီရူး အားလုံး ဆိုးဆိုးဝါးဝါးခံစားခဲ့ကြရပါတယ်။

**သင်္ချာပုံစံသုံးနည်းနဲ့ စာရင်းအင်းနည်းပညာသုံးနည်းတွေရဲ့ ခန့်မှန်းချက်တွေ**

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာတော့ ၂၀၁၁ လာနီညာရဲ့အနာဂတ်နဲ့ပတ်သက်ပြီး၊ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဥရောပ၊ နာဆာ၊ နိုဝါကအစ ကမ္ဘာ့အရပ်ရပ်မှာရှိကြတဲ့ အထင်ကရ အယ်လ်နီညို-လာနီညာစောင့်ကြည့်ရေး ဗဟိုဌာနကြီးတွေက တွက်ချက်ကြည့်တဲ့အခါမှာ သင်္ချာပုံစံသုံး ခန့်မှန်းနည်းသုံးတဲ့ ၁၆ ဌာနနဲ့ စာရင်းအင်းနည်းစနစ်သုံး ၉ ဌာနတို့ရဲ့ တွက်ချက်ရရှိမှုတွေကို ထုတ်ပြန်ခဲ့ပါတယ်။ သင်္ချာပုံစံသုံးခန့်မှန်းခြင်းနည်းနဲ့ရရှိတဲ့ ခန့်မှန်းချက်တွေကို ကြည့်တဲ့အခါမှာတော့ Dynamical Model ၁၆ ခုကတော့ ဧပြီ၊ မေ၊ ဇွန် သုံးလပေါင်းခန့်မှန်းချက်အထိ လာနီညာရှိနိုင်သေးတယ်လို့ အဖြေရရှိထားပါတယ်။ Statistical Model ၉ ခုကတော့ မေ၊ ဇွန်၊ ဇူလိုင်လတွေအထိ လာနီညာဖြစ်ဖို့ရှိနေသေးတယ်လို့ အဖြေထုတ်ယူရရှိထားပါတယ်။ နှစ်မျိုးပေါင်း Models ၂၅ ခုစလုံးကတော့ ဧပြီ၊ မေ၊ ဇွန် သုံးလပေါင်းအထိ လာနီညာဖြစ်နိုင်သေးတယ်လို့ အဖြေရရှိပါတယ်။အဲဒီမှာ ခန့်မှန်းရေးဗဟိုဌာန ၂၅ ခုတို့ရဲ့ ပျမ်းမျှခန့်မှန်းချက်ကိုယူလိုက်တဲ့အခါ တွေ့ရတာကတော့ လာနီညာဟာ ၂၀၁၁ ခုနှစ် မေလကုန်တဲ့အထိ ပျက်ပြယ်ခြင်းမရှိသေးဘဲ၊ အားအနည်းငယ်မှ အသင့်အတင့် ရှိနေနိုင်သေးတယ်ဆိုတာပါပဲ။ ဇွန်လလောက်ရောက်မှ လာနီညာအင်အားဟာ ရေမျက်နှာပြင်အပူချိန်တွေဟာ ပုံမှန်အောက်ကျဆင်းမှု -၀ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်စ်ကို မကျော်တော့တာကို ခန့်မှန်းရရှိပါတယ်။ ဘာကို သတိရစေသလဲ

ဒီမှာ. . စဉ်းစားစရာဖြစ်လာရပါတယ်။ လက်ရှိအခြေအနေတွေကို စဉ်းစားလိုက်တော့ အတိတ်က ၂၀၀၈ နာဂစ်နှစ်ကို ပြေးသတိရမိပါတယ်။ ၂၀၀၈ တုန်းကလည်း ဒီလိုပါပဲ။ ၂၀၀၇ စက်တင်ဘာလကတည်းကစတင်ဖြစ်နေခဲ့တဲ့ လာနီညာဟာ ၂၀၀၈ ခုနှစ်ထဲရောက်တော့ မေလအထိ ဆက်လက်လာနီညာဖြစ်နေခဲ့ပါတယ်။

**ကြိုဖူးသလို ပြောဆိုပါမည်**

ဒီတော့ လက်ရှိအနေအထားတွေအပေါ်မှာ ဒါတွေထူးခြားနေပါတယ်။ (၁) အခု ၂၀၁၁ ကိုလည်း ပညာရှင်များ ခန့်မှန်းထားခဲ့သလို ၂၀၁၁ မေလအထိ လာနီညာ ဆက်လက်ရှိနေဦးမယ်ဆိုရင်တော့ ၂၀၀၈ က ပုံစံနဲ့ အခြေအနေတူနေမှာဖြစ်ပါတယ်။ (၂) လာနီညာနှစ်တွေမှာ မြန်မာပြည်ကို မုန်တိုင်းဝင်တတ်တယ်လို့ ဂျပန်မိုးလေဝသပညာရှင်တွေက လေ့လာတွေ့ရှိထားပါတယ်။ (၃) လက်ရှိ ဆောင်းရာသီကာလတစ်လျှောက်လုံး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း (5°N-10°N ကြား)မှာ လေထုမငြိမ်သက်မှုဟာ အမြဲလိုရှိနေခဲ့ပါတယ်။

**မူလခန့်မှန်းထားတာကတော့**

| March 2011 | |
|---|---|
| below -0.8°C: | 80.0%(Cool) |
| -0.8°C to +0.8°C | 20.0%(Neutral) |
| above+0.8°C: | 0.0%(Warm) |
| June 2011 | |
| below -0.8°C: | 10.0%(Cool) |
| -0.8°C to +0.8°C | 90.0%(Neutral) |
| above+0.8°C: | 0.0%(Warm) |

| Index | Previous | Current | Temperature Change (2 weeks) |
|---|---|---|---|
| NINO3 | -1.3 | -1.0 | 0.3°C warmer |
| NINO3.4 | -1.7 | -1.4 | 0.3°C warmer |
| NINO4 | -1.5 | -1.1 | 0.4°C warmer |

Forecast SST Anomalies (deg C) in the Nino 3.4 Region

| Model | JFM | FMA | MAM | AMJ | MJJ | JJA | JAS | ASO | SON |
|---|---|---|---|---|---|---|---|---|---|
| Average, dynamical models(16) | -1.3 | -1 | -0.8 | -0.6 | -0.4 | -0.4 | -0.3 | -0.3 | -0.3 |
| Average, statistical models(9) | -1.5 | -1.3 | -1 | -0.7 | -0.5 | -0.3 | -0.2 | -0.1 | -0.1 |
| Average, all models (25) | -1.4 | -1.1 | -0.9 | -0.7 | -0.4 | -0.4 | -0.3 | -0.2 | -0.2 |

| | J | F | M | A | M | J | J | A | S | O | N | D |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 2007 | 0.8 | 0.4 | 0.1 | -0.1 | -0.1 | -0.1 | -0.1 | -0.4 | -0.7 | -1.0 | -1.1 | -1.3 |
| 2008 | -1.4 | -1.4 | -1.1 | -0.8 | -0.6 | -0.4 | -0.1 | 0.0 | 0.0 | 0.0 | -0.3 | -0.6 |

ဒီတော့ ဘာပဲပြောပြော လာနီညာသာ မေလအထိ ဆက်လက်ရှိနေမယ်ဆိုရင်တော့ လာမယ့် ဧပြီလနောက်ဆုံးပတ်မှ မေလပထမပတ်အတွင်း မုန်တိုင်းအန္တရာယ်ကို အထူးသတိထားဖို့တော့ ကျွန်တော်တို့ အမှန်လိုနေမှာဖြစ်ကြောင်းပါဗျာ။

*(မှတ်ချက်။ ဒါဟာ နှိုးဆော်ချက်သာဖြစ်ပြီး၊ သတိပေးချက်မဟုတ်သေးပါ။)*

## ဂီရိသင့်ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများကို ဦးစားပေးစနစ်ဖြင့် တည်ဆောက်

ဂျွန်ကိုလင်း

**ပေါက်တော၊ ဖေဖော်ဝါရီ- ၂၅**

ဂီရိမုန်တိုင်းဒဏ်ခံရသူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်ပေးရာတွင် ဦးစားပေးစနစ်ကိုကျင့်သုံး၍ တည်ဆောက်ပေးလျက်ရှိသည်။ ၂၀၁၀အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းဒဏ်အဆိုးဆုံးခံခဲ့ရသော ပေါက်တောမြို့၊ မြေပုံ၊ကျောက်ဖြူ နှင့် မင်းပြားမြို့နယ်များတွင် အရေးပေါ်ကယ်ဆယ်ရေး ကာလအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီရေးအဖွဲ့များက လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။


မုန်တိုင်းဒဏ်ခံရသူ အများစုမှာနေအိမ်များ ပျက်စီးခဲ့ရသောကြောင့် ယာယီတဲထိုး၍နေထိုင်လျက်ရှိကြပြီး မကြာခင် နွေရာသီကာလ ရောက်ရှိလာတော့မည်ဖြစ်ရာတာပေါ်လင် မိုးထားသည့်မိသားစုဝင်များအဖို့ ယခုပင်ပူပြင်းသည့် အခြေအနေများကြုံတွေ့နေရသည်ဟု ပေါက်တောမြို့နယ် ငမဲပြင်ကျေးရွာက ဒေသခံတစ်ဦးကပြောသည်။

“အန်ဂျီအိုအချို့ကတော့ အိမ်ဆောက်ပေးမယ်လို့ပြောတယ်။ သူတို့ကလည်း ဘက်ဂျက်အခြေအနေတွေကြောင့် ရွာလုံးကျွတ်အတွက် မဆောက်နိုင်ဘူးလို့ပြောတယ်။ အဲသည်အခါကျတော့ မုဆိုးမ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းတွေကို ဦးစားပေးပြီးမှဆောက်မယ်” ဟု ဒေသခံကျေးရွာသားတစ်ဦးကပြောသည်။ အန်ဂျီအိုအချို့ကလည်း မုန်တိုင်းသင့်ဒေသများ၌အိမ်ဆောက်ပေးမည့်အစီအစဉ်များတွင် ဒေသထွက်သစ်၊ ဝါး၊ အုန်းခနဲ့ဈေးမြင့်မားခြင်းတို့ကြောင့် ရွာအချို့တွင် ဦးစားပေးစနစ်ငိုကျင့်သုံးရခြင်းဖြစ်ကြောင်းပြောကြားသည်။ ဂီရိမုန်တိုင်းသင့်ဒေသတွင် ဖေဖော်ဝါရီလဆန်းပိုင်းအထိ နေအိမ်တစ်သောင်းငါးထောင်လိုအပ်နေကြောင်း ကုလသမဂ္ဂကသတင်းထုတ်ပြန်သည်။

7DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# အနောက်ရိုးမ၏ အနောက်ဘက်သို့ဆင်းသွားခဲ့စဉ်က

မောင်သာချို


ဆရာဦးအောင်သင်းနှင့် ကျောင်းသား၊ကျောင်းသူများ

(တစ်)

ယခုနှစ် စာဆိုတော်ရာသီကာလ စာပေဟောပြောပွဲကျင်းပရာ ရက်တွေထဲ၌ ကျွန်တော်တို့နှင့် ပိုမိုလို့ရင်းနှီးကျွမ်းဝင်သွားခဲ့ရသည့် ဒေသကတော့ ရခိုင်ကမ်းမြောင်ဒေသပဲ ဖြစ်ပါလေသည်။ နိုဝင်ဘာလကုန်လုကုန်ခင်ရက်တွေကတည်းကစလို့ မတ်လဆန်းသည်အထိ လက်စသတ်လို့ မရနိုင်သေးသော သည်စာပေဟောပြောပွဲရက်တွေထဲမှာ ရခိုင်ကမ်းမြောင်ဒေသကို ကျွန်တော်မကြာမကြာရောက်ပါသည်။ ကျွန်တော်တို့နိုင်ငံ၌ နာမည်ကျော် ရိုးမတောင်တန်းကြီးသုံးသွယ်ရှိရာ ဘင်္ဂလားပင်လယ်အော်နှင့် ကပ်နေသည့် ရိုးမကြီးကရခိုင်ရိုးမဖြစ်ပါသည်။ အချို့ကတော့ သည်တောင်တန်းကြီးသည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးတွင်ရှိသည်ဟုဆိုကာ အနောက်ရိုးမတဲ့။ တောင်မြောက်တန်းနေသည့် သည်ရခိုင်ရိုးမခေါ် အနောက်ရိုးမနှင့် ဘင်္ဂလားပင်လယ်အော်၏ စပ်ကြားကမြေအနေအထားမှာ တော်တော့ကိုကျဉ်းမြောင်းပါသည်။ ပင်လယ်၏ နှုတ်ခမ်းစပ်နှင့်တောင်ခြေရင်းစပ်ကြားလွတ်နေသည့် မြေသား၌ လူနေဒေသတည်ထောင်ထားကြရခြင်းဖြစ်လေရာ ခပ်သွယ်သွယ်ခပ်မြောင်းမြောင်း ဒေသဖြစ်သဖြင့် ရခိုင်ကမ်းမြောင်ဒေသဟု ကျွန်တော်တို့ခေါ်ဝေါ်လိုက်ဖြစ်ခြင်းမှာ တော်တော့ကိုဆီလျော်လှပါသည်။

သည်တောင်တန်းကြီးက နှစ်ပရိစ္ဆေဒတွေ ကြာညောင်းလှပါပြီ။ မြန်မာနိုင်ငံဖြစ်ပေါ်လာမည့် မြေပြင်လွှာသည် မူလကပင်လယ်ရေမျက်နှာပြင်အောက်၌ရောက်၍ နေရာလွန်ခဲ့သည့် နှစ်သန်းပေါင်း ၃၀ နှင့် ၆၀ ကြား၌ သည်ရခိုင်ရိုးမတောင်တန်းကြီးပေါ်လာခြင်းဖြစ်သည်ဟု ဘူမိဗေဒပညာကိုကိုးကားလျက် ဆရာကြီးဒေါက်တာသန်းထွန်းက သူ့ "မြန်မာသမိုင်းပုံ" ထဲမှာရေးဖူးပါသည်။ "မြန်မာ့ရက်စဉ်သမိုင်း" ထဲတွင်ကား သည်ရခိုင်ရိုးမကြီးသည် အီအိုဆင်းကျောက်လွှာတို့တွန့်ခေါက်ကာ တောင်တန်းကြီးများဖြစ်ပေါ်လာရာက လွန်ခဲ့သည့်နှစ်သန်းပေါင်း ၆၀ ၌ ပင်လယ်ရေပြင်ပေါ်သို့ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဆိုထားပါသည်။

စာပေဟောပြောပွဲများကို အခြေခံလျက်နှစ်ပရိစ္ဆေဒတွေ သန်းနှင့်ချီကာတည်တံ့ခိုင်မြဲခဲ့သော သည်ရခိုင်ရိုးမကို ကျွန်တော်အကြိမ်ကြိမ် အခါခါကျော်ခဲ့ရပါသည်။ တစ်ခါတစ်ခါမှာ ရိုးမသွားအကြမ်းပတမ်း မော်တော်ကားကြီးများနှင့်။ တစ်ခါတစ်ခါမှာတော့ အဲမန္တလေးတွေ အဲပုဂံတွေနှင့် ကောင်းကင်ပေါ်က။ အောက်ကကြည့်ကြည့် အပေါ်ကကြည့်ကြည့် တောင်မြောက်သွယ်တန်းကာ အနောက်ဘက်ခြမ်းတစ်ခုလုံးကို ပင်လယ်လှိုင်းတွေ တဝုန်းဝုန်းရိုက်နေသည့် ရခိုင်ကမ်းမြောင်ဒေသက လွမ်းစရာကြီးပဲဖြစ်ပါလေသည်။

(နှစ်)

အနောက်ရိုးမ၏ အနောက်ဘက်ခြမ်းမှာက ကမ်းခြေတွေ ပေါပါသည်။ ဧရာဝတီတိုင်းဘက်က တက်လာခဲ့လျှင် ငွေဆောင်၊ ချောင်းသာ။ ရခိုင်ကမ်းမြောင်ထဲကို ဝင်လာတော့ ကမ်းသာယာ၊ ငပလီစသည်ဖြင့်။

ငွေဆောင်နှင့် ချောင်းသာက တော်တော့ကို စည်ပါသည်။ ရန်ကုန်ကနေ ငါးနာရီဝန်းကျင်လောက်နှင့် အရောက်လာနိုင်တာ၊ လေအိတ်ကားတွေ မောင်းလို့ ရလောက်အောင် လမ်းကပြေပြစ်တာ၊ အဆင့်မြင့်ဟိုတယ်ကြီးများနှင့်အပြိုင် သာမန်ပြည်သူလူထုတည်ခိုနားနေဖို့ ဈေးအသင့်အတင့် အခန်းကလေးတွေရှိနေတာစသည့် အားသာချက်များကြောင့် လူတွေစည်ကားနေခြင်း ဖြစ်ပုံရပါသည်။ ဂွနှင့်သံတွဲကြားကကမ်းခြေကမူ တစ်ချိန်က ကမ်းသာယာအမည်ဖြင့် နာမည်ထွက်လာခဲ့သော်လည်းအခုတော့ တိတ်ဆိတ်ခြောက်ကပ်ကာ လာရောက်အပန်းဖြေသူ မရှိသလောက်ကို ဖြစ်ပါသည်။ ရန်ကုန်အဝေးပြေးဂိတ်ကနေ ညနေ သုံးနာရီခွဲမှာ ထွက်သည့် သံတွဲမော်တော်ကားက ကမ်းသာယာကို နောက်တစ်နေ့နံနက်စောစော သုံးနာရီခွဲဝန်းကျင်လောက်မှ ရောက်မည်ဖြစ်ရာကြမ်းတမ်းသော ရခိုင်ရိုးမဖြတ်ကျော်ခရီးနှင့် ကြာညောင်းလှသော အချိန်က သည်ကမ်းခြေသို့ ခရီးသည်တွေ မလာရောက်နိုင်အောင် ဟန့်လိုက်ပုံရပါသည်။

ငပလီကမ်းခြေကတော့သည် ရခိုင်ကမ်းမြောင်တစ်လျှောက် ကကမ်းခြေတွေထဲမှာ တစ်မျိုး တစ်ဘာသာထူးခြားပါသည်။ ကမ်းခြေက သန့်ပါသည်။ သဲလုံးက ကြီးပါသည်။ ချောင်းသာကမ်းခြေမှာလို ဘောကွင်းငှားသူ၊ စက်ဘီးငှားသူ၊ စွန်ငှားသူတွေကို ကျွန်တော်မတွေ့မိ။ လူသူလေးပါးလည်း ရုတ်ရုတ်သဲသဲ မရှိ။ ညညတွေမှာလည်း ကမ်းခြေတစ်လျှောက် မီးရှူးမီးပန်း လွှတ်သူတွေမရှိ။ ပြီးတော့ မြန်မာလူမျိုး ခရီးသွားက တော်တော့ကို နည်းသည်။ အားလုံးလိုလို နိုင်ငံခြား ခရီးသည်တွေချည်း။ ရန်ကုန်-သံတွဲ တိုက်ရိုက်ခရီးစဉ်ဖြင့်ရောက်ရှိ၍လာကြကာ အေးအေးဆေးဆေးရေကူး၊လမ်းလျှောက် ပင်လယ်လေရှူ။ ထို့အပြင် ငပလီကမ်းခြေမှာက သာမန်ပြည်သူလူထုလာရောက် အပန်းဖြေဖို့ရာ ဟိုတုန်းကလောက် အဆင်မပြေချင်တော့။ ဟိုတုန်းကတော့ ရန်ကုန်-သံတွဲကားနှင့်ငပလီသို့ရောက်လာ၊ ကမ်းခြေနှင့်နီးစပ်ရာရာခြံကလေးတစ်ခြံခြံထဲ၌ ခြံရှင်ကို အခကြေးငွေကလေး နည်းနည်းပါးပါးပေးကာ ခြံထဲ၌ ဝင်ရောက်တည်းခိုပြီးလျှင် စိတ်တိုင်းကျ ရေကူးအပန်းဖြေပြီးမှ ရန်ကုန်ပြန်။ အခုတော့ ငပလီကမ်းခြေတစ်လျှောက်လုံးမှာက ဟိုတယ်ကြီးတွေ ဖြစ်ကုန်ကြပြီ။ တစ်ချိန်က နာမည်ကျော်ခဲ့သည့် ငပလီရွှေဝါချိုင် လူရည်ချွန်စခန်းသည်ပင်လျှင် ထူး၊ သံတဲနှင့် ပတ္တမြားနဂါး ကုမ္ပဏီတို့၏ ဟိုတယ်နေရာတွေ ဖြစ်ကုန်ပြီ။ Amazain တဲ့၊ Bay View တဲ့၊ Sandaway တဲ့၊ Amata တဲ့၊ Aureum Palace Resorts တဲ့၊ ဒါတွေက ပထမတန်းစားဟိုတယ်တွေ။ နောက် သံတဲ beach, Silver beach, PVR, Memento စသည်များအပြင် ဟိုတယ်အသေးအမွှားကလေးများ။

(သုံး)

ရခိုင်ကမ်းမြောင်ဒေသက မြေရှားပါသည်။ တစ်ဘက်မှာက တောင် တစ်ဘက်မှာက ပင်လယ်ဖြစ်ရာ သည်ဒေသမှာ လယ်ယာလုပ်ငန်းလုပ်သူတို့အဖို့ လယ် ငါးဧကပိုင်သည်ဆိုလျှင်ပင် ပမာဏက များလှပြီ။ မိုးရေတက်ရေ တဖွေးဖွေး ကွင်းကျယ်အဝေးဝေးဆိုသလို တစ်မျှော်တစ်ခေါ် လှမ်းငေး၍ မဆုံးနိုင်သည့် လယ်ကွင်းပြင်ကျယ်ကြီးတွေကို ဘယ်နေရာမှာမှ မတွေ့ရ။ လယ်ကွက်ကလေးတွေက လက်တစ်ဝါး၊ ခြေတစ်ဖဝါးစာအကွက်ကလေးတွေ။ မြေရှားပါးကျဉ်းမြောင်းမှုကြောင့် သည်ကမ်းမြောင်ဒေသ၏ နာရေးကိစ္စများတွင် ဂူသွင်းမြှုပ်နှံခြင်း ကမရှိသလောက်။ တချို့ ရွာသင်္ချိုင်းကလေးတွေမှာ အုတ်ဂူတစ်လုံးမှ မရှိ။ ခေတ်အဆက်ဆက် ရပ်မိရပ်ဖတို့က ဂူမသွင်းရဟု သတ်မှတ်ထားခဲ့သော အစဉ်အလာ။

ပြီးတော့သည်ကမ်းမြောင်ဒေသတစ်ခုလုံးမှာက အသားရှားသည်။ ကြက်၊ ဝက်၊ အမဲ မရှိသလောက်ဖြစ်သော ရခိုင်ရွာကလေးတွေ။ ပဲပြုတ်မရှိ၊ နံပြားမရှိ။ ပဲစားတာ နည်းကြလေသတဲ့။ မုန့်ဟင်းခါးလည်း မရှိ။ ဘယ်နေရာကြည့်ကြည့် ရခိုင်မုန့်တီတွေ။ ချင်းပင်စိမ်းခေါ် အာပူရွက်၏ အနံ့က ရခိုင်ဟင်းတွေထဲမှာ သင်းပျံ့၍နေသည်။ ငါးနီတူခြောက်တွေက နေရာ အနှံ့အပြားမှာ နေလှမ်းထားလျက်။ ည-ညတွေမှာ မည်သည့်ကမ်းခြေကိုပဲ ဆင်းလိုက် ဆင်းလိုက် "ကျော့" ခေါ် ငါးဖမ်းစက်လှေတွေကို ဟိုးအဝေးပင်လယ်ပြင်နက်မှောင်ကြီးထဲ၌ မီးထိန်ထိန်ညီးလျက် လှမ်းတွေ့ရသည်။ ငါးကို မြူဆွယ်၍ မဖမ်းရဟုဆိုသော်လည်း ပင်လယ်အမှောင်မှာ မီးရောင်ရှိမှ ငါးလာမည်မို့ "ကျော့" ပိုက်သမားတွေက မီးစက်ကို ညလုံးပေါက်မောင်းကာ ငါးကို ပိုက်ဖြင့်ဝိုင်းကြရသည်။

ကျွန်တော်ပထမတစ်ခေါက် ရခိုင်ကို သွားတော့ ငါးသိုင်းချောင်းဘက်က သွားခြင်းဖြစ်ရာ ပင်လယ်ကမ်းခြေ "ဂွ"မြို့ကလေးကိုရောက်ဖို့ နာမည်ကျော်အနောက်ရိုးမကို အဆင့်ဆင့်ကျော်လွှားရပါသည်။ ရိုးမအတက် "မြောက်စမ်း"ကို ရောက်တော့ တောဝက်သားဟင်း ရပါပြီ။ မျောက်သားဟင်းလည်းရပါပြီ။ ချေသားဟင်းလည်း ရပါပြီ။ ဆတ်သားခြောက်က အစိတ်သားကို ခြောက်ထောင့်ငါးရာတဲ့။ ဒါရိုက်တာချိုတူးဇော်က စိတ်မဝင်စား။ အစ်မကြီး ရွှေကူမေနှင်းက ချိန်ခွင်ရှေ့မှာ မျက်ကလူးဆန်ပြာ။

"နှင်းမြူမှောင်မှောင်၊ တောင်လည်းဆင့်ဆင့်၊ စွင့်စွင့်ငေါ်ငေါ်၊ တောလည်းထပ်ထပ်"တဲ့။ "မြိုင်လည်း မှောင်မှောင်၊ တောင်လည်းသစ်သစ်၊ မြစ်လည်း ဆီးဆီး၊ ခရီးမတွင်၊ ခြေကျင်မသာ"တဲ့ "ကွန့်မြူးမိုးယံ၊ ဖြူးဖြူးပျံ့သား၊ မြို့သံတွဲမည်၊ ရခိုင်ပြည်သို့" တဲ့။ ကုန်းဘောင်ခေတ် စာဆိုတော် ရွှေတိုက်စိုးဦးတိုး၏ စစ်ချီရတုစာသားတွေ။ ဧညဝတီ၊ ရမ္မာဝတီ၊ ဒွါရာဝတီ၊ မေဃဝတီ ဝတီလေးရပ် ရခိုင်အရပ်သို့ ကုန်းဘောင်ခေတ်က ဘိုးတော်ဘုရား၏ သားတော် မဟာဥပရာဇာခေါ် မောင်ပေါ်က စစ်ချီလေသောအခါ ရွှေတိုက်စိုးဦးတိုးလည်း ပါဝင်သွားခဲ့ပေရာသည် ရတုစာသားတွေက ရခိုင်ရိုးမ၏ ခရီးလမ်းပန်းခက်ခဲပုံတွေကို ဖော်ညွှန်းသည်။ ကျွန်တော်ကတော့ လရောင်ရွှန်းမြသည့် ညကြီးထဲ ရိုးမအထပ်ထပ်ကို ကျော်ကာ "ဂွ" မြို့အဝင်၌ လှိုင်းတွေ ဖွေးနေသည့် ဘင်္ဂလားပင်လယ်အော်က ဆီးကြိုနေသည့် မြင်ကွင်းကို စွဲနေမိသည်။

သည်အနောက် ရိုးမပေါ်မှာက အစစ်အဆေးတိကျသပ်ရပ်ပါသည်။ ကားပေါ်က အကုန်ဆင်း အကုန်တက်။ မှတ်ပုံတင်ကတ်ကို ကိုင်ဆောင်ကာ တာဝန်ကျရဲသားက တစ်ယောက်ချင်း လူစစ်ပြီး တင်ဆောင်သည့် စနစ်။ "ဗေဒါ" ဆိုသည့် စခန်းမှာ တာဝန်ရှိသူတစ်ယောက်က ကျွန်တော့်ကိုလာ နှုတ်ဆက်သည်။ တက္ကသိုလ်တုန်းက ကျွန်တော့်တပည့် ကျော်ဇင်ခိုင်။ သည်တောင်ပေါ်မှာ လူ ၇၀၀ လောက် ဖြန့်ကြက်တာဝန်ချထားကြောင်း၊ နိုင်ငံသားမဟုတ်သူတို့ ပင်လယ်ကတစ်ဆင့် ဝင်မှု၊ ထွက်မှု မဖြစ်အောင် အထူးကြပ်မတ်နေကြောင်း ရှင်းပြလာသည်။

"ရခိုင်ရိုးမကြီးလိုပဲ ရခိုင်အမျိုးသားတွေက ခိုင်ခံ့လုံခြုံပါတယ်၊ ဗိုလ်ချုပ်ရာ သူတို့တွေ လူမျိုးခြားနဲ့ လက်ဆက်ခဲတယ်ဟ. . ပြီးတော့ တခြားသာသနာပြုတွေ သူတို့ကို ထိုးဖောက်ဖို့ မလွယ်ဘူး။ သိပ်ကောင်းတယ်"

ဆရာချစ်ဦးညို၏ တစ်ခါကကောက်ချက်။ ကျွန်တော်စိတ်ထဲမှာ လုံခြုံသွားမိသည်။ တစ်ခေါက်ကမ်းခြေရွာကလေးတစ်ရွာဖြစ်သော "တိုင်ကျိုး"မှာ ဟောပြောပွဲလုပ်တော့ ဆရာတော်ဦးပညိန္ဒ၏ ဦးဆောင်မှုဖြင့် ဟောပြောပွဲမစမီ ရခိုင်အကတွေကို ခေတ်အလိုက်ကြည့်ရှုခွင့်ရခဲ့သည်။ "ကျိန္တလီ" ရွာကတော့ စာပေအစဉ်အလာကြီးသော ရွာဖြစ်ရာ ဟောပြောပွဲစင်မြင့်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းဓာတ်ပုံဖြင့် တန်ဆာဆင်ထားရာ ဆရာဦးအောင်သင်းနှင့် ကိုအော်ပီကျယ်က ပြုံးတုံ့တုံ့ကြီးတွေ လုပ်နေကြလေသည်။ "ဂျိတ္တော"ရွာက ကျင်းပသော ပွဲကိုတော့ ငပလီကမ်းခြေမို့လားမသိ နိုင်ငံခြားသားတော်တော် များများက လာရောက်အားပေးကြသည်။ သူတို့မြန်မာစကားနားမလည်ကြ။ သို့သော် လူထု၏ လက်ခုပ်သံများ ဝေါခနဲပွဲကျသံများနှင့် စာပေပွဲသဘင်ကို အံ့ဩမိကြောင်းလာပြောကြသည်။ ဂျာမန်တွေ၊ ပြင်သစ်တွေ၊ ဆွစ်တွေ။ Best Friend Restaurant က ကိုကျော်စိုးထွန်း၏ ဦးဆောင်မှုဖြင့် ရောက်လာသည့် နိုင်ငံတကာအကဲဖြတ်များ။

သည်ဘင်္ဂလားပင်လယ်အော်ကမ်းခြေတစ်လျှောက်သည် ပင်လယ်ပြာပြာကြီးနှင့် ထိစပ်နေသော်လည်း သောက်ရေကတော့ ရှားပါသည်။ တချို့ရွာကလေးတွေမှာ ရေချိုရဖို့ မိုင်နှင့်ချီ၍ ဝေးသောတွင်းရှိရာကိုသွားကြရသည်။

"တိုင်ကျိုး"ရွာမှာက ယူနီဆက်ဖ်အစီအစဉ်ဖြင့် တစ်ပင်တိုင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ ရေဂါလန် ၂၀,၀၀၀ ဆံ့ရေတိုင်ကီကြီးဆောက်ပေးထားသည်။ မိုးရေကို ခံယူကာ စုဆောင်းထားသည့်စနစ်။ အတတ်နိုင်ဆုံးရေကို စုထားဆောင်းထားပြီး နွေခေါင်ခေါင်ရေရှားသည့်အချိန်၌ ဝေငှပေးသည့်စနစ်။

ငပလီ "ဂျိတ္တော" က ကျတော့ ကိုယ်ထူကိုယ်ထ ဒေါင်းသောက်တောင် ဆည်ကိုတည်ဆောက်ပစ်လိုက်သည်။ ရွာလူထု၏ ငွေကြေးသက်သက်နှင့်။ ဆည်ဧရိယာထဲ၌ လယ် ၅ ဧကလောက်ပါဝင်နေရာ တစ်ဧက ၄ သိန်းနှုန်းနှင့် ပေးလျော်ပစ်ခဲ့သည်။ အခုတော့ ဂါလန်သန်း ၅၀ကနေသန်း ၈၀ အထိ ဆံ့သည့် ဒေါင်းသောက်ဆည်ကြီး။ ဟိုးပင်လယ်ကမ်းစပ်အနိမ့်ထဲက ရွာကို ရေပိုက်တွေနှင့် သွယ်ပေးထားသည်။ အိမ်တိုင်ရာရောက်ယူသူတွေက တစ်ဂါလန်တစ်ကျပ်နှုန်း။ အများသုံးရေပိုက်ခေါင်း ၃၄ ခေါင်းမှာ သွားခပ်သူတွေက တစ်အိမ်ကို တစ်နှစ် ၄,၀၀၀ ကျပ်နှုန်း။

"ရွာမှာ ဝမ်းပျက်တာ ဝမ်းလျှောတာ မရှိတော့ဘူး။ နောင်မှာ တခြားရွာတွေကိုပါ ဆက်ပေးမယ်"

ဆည်ကော်မတီထဲက ကိုမြင့်နိုင်တို့၊ ကိုသန်းနိုင်တို့က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ကျွန်တော်က အင်န်ဂျီအိုတွေ ဘာတွေနှင့် ဆက်သွယ်ကာ အလှူကိစ္စစကားစကြည့်ပါသည်။

"မလိုချင်ဘူး ဆရာ။ ကျွန်တော်တို့ ကိုယ့်ဒေသခံတွေရဲ့ အင်အားသက်သက်နဲ့ပဲ ရပ်တည်ချင်ပါတယ်"

ဆရာ ဦးအောင်သင်းနှင့် ကိုအော်ပီကျယ်က ခေါင်းတဆတ်ဆတ်ညိတ်ပါသည်။ ငပလီ၌ ပင်ပန်းမှုကြောင့် ဆရာဦးအောင်သင်း လဲကျပြီး မျက်ဖြူလန်သွားစဉ် ဆေးကုပေးသော ဒေါက်တာမြင့်နိုင်က ဆရာ့ကိုကြည့်ကာ ပြုံးလို့။ သံတွဲလေဆိပ်ကနေ ပြန်သောနေ့က လေဆိပ်မှာ ရခိုင်ကမ်းမြောင်စာပေချစ်သူတွေက အင်ပြည့်အားပြည့် နှုတ်ဆက်ပါသည်။ ပင်လယ်ပြာပြာကြီးပေါ်ကနေ ခုန်တက်လိုက်သော အဲပုဂံက အနောက်ရိုးမကိုဖြတ်၍ ပျံသန်းနေစဉ်ကမ်းခြေတစ်လျှောက်က ရွာများမြို့များ၊ စာချစ်သူများ၊ ရပ်စိတ်ရွာစိတ်ရှိသူများကို ကျွန်တော်သတိရမဆုံး ရှိနေပါတော့သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.49 · MARCH 3, 2011

# အတည်ပြုဖွဲ့စည်းပြီးသော အစိုးရအဖွဲ့စာရင်း

| နိုင်ငံတော်သမ္မတ | ဦးသိန်းစိန် | ဒုတိယသမ္မတများ | သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်း |
|---|---|---|---|

**ပြည်ထောင်စုဝန်ကြီး ၃၀ ဦး**

(၁) ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ (၂) ဗိုလ်ချုပ်လှမင်း၊ (၃) ဗိုလ်ချုပ်သိန်းဌေး၊ (၄) ဦးဝဏ္ဏမောင်လွင်၊ (၅) ဦးမြင့်လှိုင်၊ (၆) ဦးကျော်ဆန်း၊ (၇) ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်၊ (၈) ဦးတင့်ဆန်း၊ (၉) ဦးခင်မောင်မြင့်၊ (၁၀) ဦးသိန်းထွန်း၊ (၁၁) ဦးလှထွန်း၊ (၁၂) ဦးသိန်းထိုက်၊ (၁၃) ဦးဉာဏ်ထွန်းအောင်၊ (၁၄) ဦးတင်နိုင်သိန်း၊ (၁၅) ဦးဝင်းထွန်း၊ (၁၆) ဦးအောင်ကြည်၊ (၁၇) ဦးအုန်းမြင့်၊ (၁၈) ဦးကျော်စွာခိုင်၊ (၁၉) ဦးစိုးသိန်း၊ (၂၀) ဦးသန်းဌေး၊ (၂၁) ဦးအောင်မင်း၊ (၂၂) ဒေါက်တာမြအေး၊ (၂၃) ဒေါက်တာဖေသက်ခင်၊ (၂၄) ဦးအေးမြင့်၊ (၂၅) သူရဦးမြင့်မောင်၊ (၂၆) ဦးခင်ရီ၊ (၂၇) ဦးဇော်မင်း၊ (၂၈) ဦးခင်မောင်စိုး၊ (၂၉) ဦးသိန်းညွန့်၊ (၃၀) ဦးစိုးမောင်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့**

**ဥက္ကဋ္ဌ** - ဦးသိန်းစိုး

**အဖွဲ့ဝင်များ** - ဒေါက်တာတင်အောင်အေး၊ ဒေါ်ခင်လှမြင့်၊ ဦးထွန်းကြည်၊ ဦးစိုးသိန်း၊ ဦးခင်ထွန်း၊ ဦးဆန်းမြင့်၊ ဦးမြင့်ကြိုင်၊ ဒေါ်မိမိရီ

**ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ**

ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြင့်ဟန်

**ပြည်ထောင်စု တရားသူကြီးချုပ်**

ဦးထွန်းထွန်းဦး

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ဥက္ကဋ္ဌ** - ဦးတင်အေး

**အဖွဲ့ဝင်များ** - ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးသာဦး၊ ဦးဝင်းကြည်၊ ဦးညွန့်တင်

**ပြည်ထောင်စုရှေ့နေချုပ်**

ဒေါက်တာထွန်းရှင်

**ပြည်ထောင်စု စာရင်းစစ်ချုပ်**

ဦးလွန်းမောင်

## တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ

### ကချင်ပြည်နယ်

**ဝန်ကြီးချုပ်** - ဦးလဂွျန်ငန်ဆိုင်း

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးသန်းအောင်၊ ဦးညွန့်အောင်၊ ဦးဘိထောဇောင်း၊ ဦးအလေးပါး၊ ဦးကမန်းဒူနော်၊ ဦးအောင်နိုင်၊ ဦးစိုင်းမောင်ရွှေ၊ ဦးခင်မောင်ထွန်း၊ ဒေါ်ဘောက်ဂျာ

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးပါ(ခ)ဦးခင်မောင်ရွှေ (ဗမာ)၊ ဦးအားဆီ(လီဆူး)၊ ဒေါ်ခင်ပြုံးရည်(ရှမ်း)၊ ဦးဂွမ်ရိန်ဒီး(ရဝမ်)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

### ကယားပြည်နယ်

**ဝန်ကြီးချုပ်** - ဦးခင်မောင်ဦး(ခ)ဦးဘူးရယ်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးတင်စိုး၊ ဦးတော့ရယ်၊ ဦးချစ်လှ၊ ဦးရဲဝင်း၊ ဦးစောဟူးဟူး၊ ဦးကိုးရယ်၊ ဦးသန်းကျော်စိုး၊ ဦးပိုးရယ်(ခ) ပိုးရယ်ရန်အောင်၊ ဦးအောင်နိုင်ဦး

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးစိန်ဦး(ဗမာ)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံ/စီးပွားဝန်ကြီးဌာန၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

### ကရင်ပြည်နယ်

**ဝန်ကြီးချုပ်** - ဗိုလ်မှူးချုပ်ဇော်မင်း

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးအောင်လွင်၊ ဦးချစ်လှိုင်၊ ဦးစောခင်မောင်မြင့်၊ ဦးသံဒိုင်၊ ဦးမင်းစိုးသိန်း(ခ) ဦးနိုင်မင်းစိုးသိန်း၊ ဦးစောခရစ္စတိုဖာ၊ ဦးစောဆာလောလ၊ ဦးစောဝင်းထိန်၊ ဦးစောကြည်လင်း

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးခွန်သန်းမြင့်(ပအိုဝ်း)၊ ဦးခင်ကြူး (ဗမာ)၊ ဦးနိုင်ချစ်ဦး(မွန်)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်/ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှု/ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာန

### ချင်းပြည်နယ်

**ဝန်ကြီးချုပ်** - ဦးဟုန်းငိုင်း

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးဇော်မင်းဦး၊ ဦးနန်ဇမုန်၊ ဦးရမ်မန်း၊ ဦးဇန်ထောင်း၊ ဦးကျော်ငြိမ်း၊ ဦးကျင်လျန်းပေါင်၊ ဒေါက်တာဘမောင်၊ ဦးနိန်နိုင်း

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးဝန်ကြီးဌာန

### စစ်ကိုင်းတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးသာအေး

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးကြည်နိုင်၊ ဦးစိန်ဝင်း၊ ဦးစောမြင့်ဦး၊ ဦးစိန်မောင်း၊ ဦးသန်းထိုက်၊ ဦးတင်ဌေး၊ ဒေါက်တာမြင့်သိန်း၊ ဦးတင်ဝင်း၊ ဦးကျော်ဝင်း

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးနိုထန်ဘဲလ် (ခ) နိုထန်ကပ်(ချင်း)၊ ဦးစန်းရွှေ(ရှမ်း)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စွမ်းအင်/သတ္တု/စက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေး/ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန

### တနင်္သာရီတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးခင်ဇော်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးဇော်လွင်၊ ဦးမြတ်ကို၊ ဒေါက်တာဝင်းအောင်၊ ဒေါက်တာဝင်းအောင်၊ ဦးသန်းအောင်၊ ဒေါက်တာကျော်ဆန်း၊ ဦးဝင်းဆွေ၊ ဦးသိန်းလွင်၊ ဦးအောင်ကျော်ကျော်ဦး

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးစောဟာဗီ(ကရင်)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ လယ်ယာ/သစ်တောဝန်ကြီးဌာန၊ သားငါး/စွမ်းအင်ဝန်ကြီးဌာန၊ စက်မှု/သတ္တုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှု/ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

### ပဲခူးတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးဉာဏ်ဝင်း

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးသက်ထွန်း၊ ဦးရဲမြင့်ထွန်း၊ ဦးမြင့်လွင်ဦး၊ ဒေါက်တာကျော်ဦး၊ ဦးကျော်မြင့်၊ ဦးထွန်းဝေ၊ ဦးတင်စိုး၊ ဦးကျော်ဌေး၊ ဦးဘေဘီအုန်း

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးစောဂျူဘလီစံလှ(ကရင်)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး/ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ စွမ်းအင်/လျှပ်စစ်/သတ္တု/သစ်တောဝန်ကြီးဌာန၊ စက်မှု/လက်မှုဝန်ကြီးဌာန

### မကွေးတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးဘုန်းမော်ရွှေ

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးအန့်ဇော်၊ ဦးဝင်းမြင့်မောင်၊ ဦးဝင်းဖေ၊ ဦးနေရှင်း၊ ဦးအောင်ကျော်မင်း၊ ဦးအောင်နိုင်၊ ဦးကြည်မင်း၊ ဦးသိန်းထွန်း၊ ဦးမြင့်နိုင်၊

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးဆလိုင်းလှထွန်း(ချင်း)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လယ်ယာ/သစ်တောဝန်ကြီးဌာန၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စက်မှု/သတ္တုဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန

### မန္တလေးတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးရဲမြင့်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ဦးအောင်ဇံ၊ ဦးမြင့်သန်း၊ ဒေါက်တာဝင်းလှိုင်၊ ဦးဖုန်းဇော်ဟန်၊ ဦးကျော်ဆန်း၊ ဦးသန်းစိုးမြင့်၊ ဒေါက်တာမြင့်ကြူ၊ ဦးအောင်မောင်း

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးစိုင်းမောင်လှ(ရှမ်း)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွား/ကုန်သွယ်/စီမံ/ဘဏ္ဍာ/သမဝါယမဝန်ကြီးဌာန၊ လယ်/ဆည်/သားငါး/သစ်တောဝန်ကြီးဌာန၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် အားကစားဝန်ကြီးဌာန၊ မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး/ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုရေးနှင့် ပြန်ကြားရေး/ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန၊ စက်မှု၊ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာန၊ အလုပ်သမား၊ ဟိုတယ်/ခရီးနှင့် လူမှုဝန်ထမ်းရေးရာဝန်ကြီးဌာန

### မွန်ပြည်နယ်

**ဝန်ကြီးချုပ်** - ဦးအုန်းမြင့်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ ဒေါက်တာခင်မောင်သွင်၊ ဒေါက်တာတိုးတိုးအောင်၊ ဒေါက်တာလှဦး၊ ဦးမျိုးညွန့်၊ ဦးဝင်းမော်ဦး၊ ဦးထွန်းလှိုင်၊ ဦးနိုင်လဝီအောင်၊ ဒေါက်တာမင်းနွယ်စိုး

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးအောင်ကျော်သိန်း(ကရင်)၊ ဦးဖေမြ(ခ)ခွန်ဖေမြ(ပအိုဝ်း)၊ ဦးသက်ဝင်း(ဗမာ)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာန၊ သာသနာရေးနှင့်အလုပ်သမားဝန်ကြီးဌာန၊ စွမ်းအင်နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

### ရခိုင်ပြည်နယ်

**ဝန်ကြီးချုပ်** - ဦးလှမောင်တင်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးထိန်လင်း၊ ဦးကျော်ခင်၊ ဦးကျော်သိန်း၊ ဦးစိုးအေး၊ ဦးမြအောင်၊ ဦးသာလူချေ၊ ဒေါက်တာအောင်ကျော်မင်း၊ ဦးအောင်သန်းတင်၊ ဦးလှဟန်

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးကိုကိုနိုင်(ချင်း)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာ/သစ်တော/ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေး/ပညာရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှု/အလုပ်သမား/အားကစားဝန်ကြီးဌာန၊ သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ယဉ်ကျေးမှု/လူမှုကယ်ဆယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

### ရန်ကုန်တိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးမြင့်ဆွေ

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးတင်ဝင်း၊ ဦးလှမြင့်၊ ဦးစိုးမင်း၊ ဦးကျော်စိုး၊ ဦးသန်းမြင့်၊ ဦးဉာဏ်ထွန်းဦး၊ ဦးအောင်ခင်၊ ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာမြင့်သိန်း

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးစောထွန်းအောင်မြင့်(ကရင်)၊ ဦးဇော်အေးမောင်(ရခိုင်)၊

ဝန်ကြီးဌာနများ - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေး/ကျန်းမာရေး/နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ လယ်ယာ/စီးပွား/ကူးသန်းနှင့်အလုပ်သမားဝန်ကြီးဌာန၊ လျှပ်စစ်/စွမ်းအင်/စက်မှု/ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာအခွန်/သစ်တော/သားငါးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ယဉ်ကျေးမှု/သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန

### ရှမ်းပြည်နယ်

**ဝန်ကြီးချုပ်** - ဦးအောင်မြတ်(ခ) စဝ်အောင်မြတ်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးအောင်သူ၊ ဦးခွန်သိန်းမောင်၊ ဦးသောင်းရွှေ၊ ဒေါက်တာမျိုးထွန်း၊ ဦးတူးမောင်၊ ဦးစိုင်းအိုက်ပေါင်း၊ ဦးစိုင်းဆာလူ၊ ဦးစိုင်းနော်ခမ်း(ခ)ဦးတင်ထွန်းအောင်၊ ဦးစိုင်းထွန်းရင်

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးဒူဝါးဇုတ်ဒေါင်(ကချင်)၊ ဦးလောရင်း(ကယန်း-ပဒေါင်)၊ ဦးနိုင်ဝင်း(ဗမာ)၊ ဦးရှာမွေလရှုန်(လားဟူ)၊ ဦးဝှန်ဆန်(ခ)ဦးယောဝိ(လီဆူး)၊ ဦးပီတာသောင်းစိန်(အာခါ)၊ ဦးဝင်းမြင့်(အင်းသား)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုနှင့် သတ္တုဝန်ကြီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန

### ဧရာဝတီတိုင်းဒေသကြီး

**ဝန်ကြီးချုပ်** - ဦးသိန်းအောင်

**ဝန်ကြီးများ** - ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ ဦးတင်စိုး၊ ဦးဝင်းကိုကို၊ ဦးလှခိုင်၊ ဦးစိုးမြင့်၊ ဦးစန်းမောင်၊ ဦးသန်းထွန်း၊ ဦးစောမြသိန်း၊ ဦးကျော်ဝင်းနိုင်

**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဦးမန်းသန်းရွှေ(ကရင်)

ဦးဘကြူး (ရခိုင်)

**ဝန်ကြီးဌာနများ** - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံ/စီးပွားဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

7 DAY NEWS JOURNAL
Vol.9, No.49 · MARCH 3, 2011

## မျက်နှာဖုံး-စက်သုံးဆီဈေးများ ဆက်တိုက်မြင့်တက် မှ

ထို့ကြောင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင်လည်း ဖေဖော်ဝါရီ၂၀ရက်မှစ၍ နေ့စဉ်ဈေးတက်လာခဲ့ရာမှ ၂၆ရက်နေ့တွင် တစ်ဂါလန် ကျပ်၄၀၀၀ဈေးဖြင့်ရောင်းချလာကြသည်။ ဖေဖော်ဝါရီလ ၂၃ရက်နေ့မှစ၍ ဒီဇယ်တစ်ပီပါလျှင် ကျပ်ငါးထောင်မှ တစ်သောင်းကြား နေ့စဉ်ဈေးတက်လာခဲ့ပြီး ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် ဒီဇယ်တစ်ပေပါ ကျပ်နှစ်သိန်းဝန်းကျင်အထိရှိလာခဲ့သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဖြစ်ပွားခဲ့သည့် ၂၀၀၈ခုနှစ်နောက်ပိုင်းမှစ၍ ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ ဈေးကျခဲ့ရာ ၂၀၀၉ခုနှစ် မတ်လတွင် ရေနံစိမ်းတစ်စည် ဈေးနှုန်းမှာ ၄၆ ဒေါ်လာခန့်သာရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် ရေနံစိမ်းတစ်စည်လျှင် ၁၁၉ဒေါ်လာဝန်းကျင်ထိ ဈေးရှိလာခဲ့သည်။


ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဒီဇယ်တင်သွင်းရောင်းချခွင့်ပြုခဲ့သည့် ၂၀၀၉ နှစ်ကုန်ပိုင်းမှစ၍ ပြည်တွင်းရှိ ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းများမှာ ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် ငွေကြေးအတက် အကျအလိုက် ဈေးနှုန်းပြောင်းလဲဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာ့လောင်စာဆီဈေးနှုန်း စတင်ဈေးတက်သည့်အချိန်နှင့် အမေရိကန်ဒေါ်လာတန်ဖိုး ဈေးတက်လာသည့်ဖေဖော်ဝါရီတတိယပတ်မှစ၍ဒီဇယ်ဈေးတက်လာခဲ့သည်။

"အီဂျစ်တို့၊ လစ်ဗျားတို့ မငြိမ်သရွေ့တော့ ဒီဇယ်ဈေးကမကျနိုင်ဘူး။ ဆက်တက်နိုင်သေးတယ်" ဟု ဒီဇယ်တင်သွင်းသူတစ်ဦးကဆိုသည်။

"အီဂျစ်နိုင်ငံရဲ့ အစိုးရအပြောင်းအလဲဟာ တခြားနိုင်ငံတွေကိုပါ ရိုက်ခတ်ပြီး ဆော်ဒီအစရှိတဲ့ ရေနံအဓိကထုတ်လုပ်ရာ နိုင်ငံတွေရဲ့ ထုတ်လုပ်မှုကို အဟန့်အတားဖြစ်နေတယ်"ဟု စီးပွားရေး ပညာရှင်များကပြောကြောင်း အေပီသတင်းတစ်ရပ်တွင် သုံးသပ်ထားသည်။

ကမ္ဘာ့ရေနံစိမ်းတစ်စည်လျှင် ၁၁၉ဒေါ်လာဖြစ်ခဲ့သော ဈေးနှုန်းမှာ ၂နှစ်ခွဲအတွင်း အမြင့်ဆုံးဖြစ်ပြီး နှစ်ပေါင်း၄၀အတွင်း လောင်စာဆီဈေးနှုန်းသိသိသာသာလေးကြိမ်ဈေးတက်ဖူးသည်။

၁၉၇၃ အာရပ်-အစ္စရေး စစ်ဖြစ်ချိန်၊ ၁၉၇၉ အီရန်တော်လှန်ရေးဖြစ်သည့်အချိန်၊ ၁၉၉၀ အီရတ်မှ ကူဝိတ်သို့ ဝင်ရောက်ကျူးကျော်ချိန်၊ ၂၀၀၈ တရုတ်နှင့် အိန္ဒိယကဲ့သို့ စီးပွားရေးထွန်းကားလာသော နိုင်ငံများ၏ လောင်စာလိုအပ်ချက် မြင့်မားသည့်အချိန်တို့ဖြစ်သည်။ လစ်ဗျားနိုင်ငံသည် လောင်စာဆီထုတ်လုပ်ရောင်းချသောနိုင်ငံများထဲတွင် တစ်နေ့လျှင် စည်ပေါင်းတစ်သန်းကျော်ခန့် ထုတ်လုပ်နိုင်သဖြင့် ယခုမြင့်တက်နေသော ဈေးနှုန်းမှာ ကြာရှည်မခံဘဲ မကြာမီ ပြန်ကျလာနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။



ဖေဖော်ဝါရီ၁၆ရက်မှ ၂၆အတွင်း ဒီဇယ်ဈေးနှုန်းအတက်အကျပြဂရပ်ဖ်

## ဦးတေဇနှင့်အဖွဲ့ အသက်ဘေးမှလွတ်မြောက်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၂

ကချင်ပြည်နယ် ပူတာအိုဒေသရှိ မဒွယ်ရာဇီရေခဲတောင်၌ သုံးရက်ကြာ ပျောက်ဆုံးနေသော ထူးကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးတေဇအပါအဝင်စုစုပေါင်း ၆ဦးအား ဖေဖော်ဝါရီ ၂၄ရက် နံနက်က ကယ်တင်လိုက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။


ထူးကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးတေဇ

"ဒီနေ့ ၃ နာရီလောက် ရန်ကုန်ကို ရောက်မှာပါ။ အားလုံး ကယ်တင်နိုင်လိုက်ပါတယ်" ဟု အဆိုပါကုမ္ပဏီမှ ထိပ်တန်းအရာရှိကြီးတစ်ဦးကပြောသည်။


ရေခဲတောင်များ ထူထပ်သောပူတာအိုဒေသတွင် အပန်းဖြေစခန်းတည်ဆောက်ရန် အတွက် ကြည့်ရှုရန်သွားရောက်စဉ် ရေခဲ တောင်ပေါ်၌ ရပ်လိုက်သော ရဟတ်ယာဉ်မှာ ဘီးကျွံသွားသဖြင့် ပြန်လည်မတက်နိုင်ဘဲ သုံးရက်ကြာ ပျောက်ဆုံးနေခဲ့သည်ဟု ထူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

ဦးတေဇနှင့်အဖွဲ့ ပျောက်ဆုံးစဉ်ကပင် ၎င်းတို့ထံ၌ ပါသွားသောဖုန်းများဖြင့် အဆက်အသွယ်ရခဲ့ပြီး ဒေသခံနယ် မြေကျွမ်းကျင်သူနှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် သွားရောက်ကယ်တင်ခဲ့ခြင်းဖြစ်သည်။

ကယ်တင်ခဲ့သူများထဲမှ လေယာဉ်မှူး၊ ဦးတေဇ၏ ကိုယ်ရေးအရာရှိနှင့် အခြားတစ်ဦးအား SOS ဝန်ဆောင်မှုဖြင့် စင်ကာပူနိုင်ငံသို့ ဆေးကုသရန် ထိုနေ့၌ပင် စေလွှတ်ခဲ့ပြီး ဦးတေဇနှင့် ကျန်နှစ်ဦးအား ပန်းလှိုင်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။

ပန်းလှိုင်ဆေးရုံ၌ တစ်ညတာ ဆေးကုသမှုခံယူနေစဉ် အဆိုပါ ဆေးရုံမှ စင်ကာပူနိုင်ငံသို့ ဆေးကုသမှုခံယူရန် ထပ်မံညွှန်ကြားသဖြင့် ဖေဖော်ဝါရီ၂၅ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ ဆေးကုသရန် သွားရောက်ခဲ့ကြောင်း သိရှိရသည်။

ဦးတေဇသည် ကချင်ပြည်နယ် ပူတာအိုမြို့အနီးရှိ မူလာဒီဒီ ကျေးရွာအနီးတွင် Malikha Lodge အမည်ဖြင့် အပန်းဖြေစခန်းတစ်ခုဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံအနှံ့အပြား၌ ဟိုတယ်များ ဖွင့်လှစ်တည်ဆောက်ထားသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။






7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

မျက်နှာဖုံးသတင်း

# ရန်ကုန်မြို့တွင် ဗုံးပေါက်ကွဲ၍ လူရှစ်ဦး ဒဏ်ရာရ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၅**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး ကွမ်းယာဆိုင်တစ်ဆိုင်တွင် ဖေဖော်ဝါရီ ၂၇ ရက် ညဦးပိုင်းက ဗုံးပေါက်ကွဲသောကြောင့် လူ၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်၁နှင့် ၂ကြားရှိ ကွမ်းယာဆိုင်တွင် ညနေ ၇နာရီ၁၀ မိနစ်ဝန်းကျင်၌ လူတစ်ဦး၏ ဘယ်ဘက်လက်တွင် ကိုင်ဆောင်ထားသော အထုပ်အတွင်းမှ ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးကပြောသည်။

"အဲဒီလူက တက္ကစီအဖြူရောင်ပေါ်က ဆင်းလာပြီး ရှပ်အင်္ကျီအနက်ဝတ်ထားတာ။ သူ့ဘယ်လက်ထဲမှာ အထုပ်တစ်ထုပ်ပါတာတွေ့တယ်။ အဲဒီအထုပ်ထပေါက်တာ"ဟု ဗုံးပေါက်ကွဲသော ကွမ်းယာဆိုင်မှ မသင်းသင်း (၂၅)နှစ်ကပြောသည်။ မသင်းသင်းမှာလည်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည်။

အထက်ပါ ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် သားနှင့်သမီးငယ်များ ထိခိုက်ဒဏ်ရာရရှိ ခံထားရသူ၏ ဖခင်ဦးမင်းမင်းထွန်းက ၎င်းကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကိုအောက်ပါအတိုင်း ပြောကြားသည်။

"မိသားစုငါးယောက် မုန့်ဝယ်ထွက်လာတာ။ သားနဲ့သမီးငယ်နှစ်ယောက် အရှေ့ကသွားတာ။ အုန်းဆိုအသံကြားတော့ ကလေးနှစ်ယောက်လုံး ဒဏ်ရာတွေနဲ့မို့ နီးရာဆေးခန်းကိုပြတော့ ဆေးရုံပို့ပါလို့ပြောတယ်။ သမီးတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့။ နားထဲကလည်း သွေးတွေကျလာတယ်"

ဒဏ်ရာရရှိသူတစ်ဦးဖြစ်သော မောင်ဇော်မင်းထိုက် (၁၃) နှစ်ကလည်း "သားနဲ့ညီမလေး လမ်းလျှောက်လာတုန်း ကွမ်းယာဆိုင်ရှေ့က မီးပွင့်တွေမြင်လိုက်ရတယ်။ အသံလည်းကြားတယ်"ဟု ခန္ဓာကိုယ်ရှေ့တစ်ပိုင်းလုံး ဒဏ်ရာရရှိထားသူ ၎င်းက ပြောသည်။



**ဗုံးပေါက်ကွဲသည့်နေရာကို ကြည့်ရှုနေသူများအား တွေ့ရစဉ်** ဓာတ်ပုံ – သန်းဌေး

အထက်ပါ ဒဏ်ရာရရှိထားသူ ၇ဦးကို အင်းစိန်ဆေးရုံ ကြီးရှိ အထူးကြပ်မတ်ကုသဆောင်တွင် အတွင်းလူနာများအဖြစ် ဆေးဝါးကုသပေးနေပြီး ကိုဇော်မင်းသန့်ကိုမူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဖေဖော်ဝါရီ၂၈ရက် မွန်းတည့်တွင် ဆေးရုံလွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဖြစ်စဉ်အား သက်ဆိုင်ရာအဖွဲ့အစည်းများမှ အမှုမှန်ပေါ်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းစုံစမ်းသိရှိရသည်။

### အင်းစိန် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သူ ၈ ဦး

| | အမည် | အသက် | ဒဏ်ရာရရှိမှု |
|---|---|---|---|
| ၁။ | ကိုဇော်မင်းသန့် | ၂၆ နှစ် | ဘယ်ဘက်ခြေထောက် ကျိုးကြေပြီး ညာဘက်ခြေထောက်နှင့် ဘယ်ဘက်လက် ဒဏ်ရာပြင်းထန်စွာရရှိထားသည်။ |
| ၂။ | ကိုတင့်လွင်ဦး | ၂၇ နှစ် | ဦးခေါင်းနောက်ဘက် ထိခိုက်ဒဏ်ရာရထားသည်။ |
| ၃။ | မဝေပပဆွေ | ၃၂ နှစ် | နားအူနေသည်။ |
| ၄။ | မသင်းသင်း | ၂၅ နှစ် | ဘယ်ဘက်လက်ခလယ် ထိခိုက်ဒဏ်ရာရထားသည်။ |
| ၅။ | ကိုထွန်းထွန်း | ၂၀ နှစ် | ဘယ်ဘက်ခြေနှင့် ပေါင်အရေပြားလောင်ကျွမ်းပြီး ဦးခေါင်းနောက်ဘက်သို့ ဗုံးစဝင်ခံထားရသည်။ |
| ၆။ | မကေသီမျိုးကျော် | ၂၂ နှစ် | ညာဘက်ခြေဖနောင့်နှင့် ညာဘက်ပေါင်ဒဏ်ရာရရှိပြီး နားအူနေသည်။ |
| ၇။ | မောင်ဇော်မင်းထိုက် | ၁၃ နှစ် | ခန္ဓာကိုယ်ရှေ့ဘက်တစ်ခုလုံး ဗုံးထိမှန်ခံရသည်။ |
| ၈။ | မငြိမ်းငြိမ်းထွန်း | ၃ နှစ် | ခန္ဓာကိုယ်ရှေ့ဘက် တစ်ခုလုံး ဗုံးထိမှန်ခံရသည်။ ဘယ်ဘက်ပါးပြင်နှင့် ခြေထောက်နှစ်ဖက်လုံးဒဏ်ရာပြင်းထန်စွာ ရရှိထားသည်။ |






CHICKEN SOUP

# ကောင်းကင်ပေါ်က အသံ

အိန်ဂျယ်လင်း



'ဒါမျိုးတွေဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး' လို့ ကျွန်မသင်နေတဲ့ ရှစ်တန်းကျောင်းသားကလေးတွေရဲ့ရှေ့ဆုံးတန်းမှာထိုင်နေတဲ့ မိုက်ကယ်ကပြောလိုက်တယ်။ ကျွန်မကသူတို့ကို စိတ်အာဟာရစာအုပ်ထဲက ဇာတ်လမ်းကလေးတစ်ပုဒ်ကိုဖတ်ပြနေတာလေ။ ဒီအထဲမှာ ကောင်ကလေးတစ်ယောက်ဟာ အိမ်ကနေကျောင်းကိုခေါင်းငိုက်စိုက်ချပြီး ပြန်လာတယ်။ လမ်းမှာသူ့ရဲ့ စာအုပ်ကလေးတွေကိုလွှင့်ပစ်လိုက်တယ်။ သူက ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့ကြံစည်လာတာလေ။ အဲဒီမှာပဲ လူတကာကိုကူညီတတ်တဲ့ကလေးတစ်ယောက်ကသူ့စာအုပ်ကလေးတွေကို ပြန်ကောက်ပေးတဲ့အခန်းကလေးပါတယ်။ ဒါနဲ့တင်လောကကြီးက သူထင်သလောက်တော့မဆိုးပါဘူးဆိုပြီး စိတ်ပြန်ပြောင်းသွားတယ်။ အဲဒီနောက်မှာသူ့ဘဝကိုအကောင်းပြန်မြင်ပြီး ကြိုးစားအားထုတ်လိုက်တာ ကျောင်းသားဘဝမှာရော၊ အပြင်ဘဝမှာပါ အောင်မြင်တဲ့လူတစ်ယောက်ဖြစ်သွားတယ်ဆိုတဲ့ ဇာတ်လမ်းပါ။

ကျွန်မ ကလေးတွေအားလုံးက ကျွန်မစာဖတ်ပြနေချိန်မှာ ငြိမ်ပြီး နားထောင်နေကြတယ်။ မိုက်ကယ်တစ်ယောက်ပဲသူ့ရဲ့ အဆိုးမြင်မှုကို အကျယ်ကြီးပြောလိုက်တော့ သူ့အသံကအားလုံးကိုဟိန်းသွားခဲ့တယ်။

ကျွန်မကတော့ ကိုယ်ပြောတဲ့ဇာတ်လမ်းဘက်ကကိုယ်ရပ်တည်ရတာပေါ့။ ဒီစိတ်အာဟာရဇာတ်လမ်းတွေက တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတွေချည်းပဲဆိုတာ သူ့ကိုရှင်းပြလိုက်တယ်။ ဒါဟာ ရိုးရိုးသာမန်လူတွေရဲ့ အဖြစ်အပျက်တွေကို ပြန်ရေးထားတာပဲ။ ကျွန်မမှာတောင် ဒီစာအုပ်ထဲထည့်ရေးလို့ရလောက်တဲ့ အတွေ့အကြုံတွေရှိနေတယ်လို့ ပြောလိုက်တယ်။

တကယ်တော့ ကျွန်မဟာ ကိုယ့်အကြောင်းတွေကိုကိုယ်ပြောလေ့မရှိဘူး။ ကျွန်မရဲ့ အတွေ့အကြုံကဆန်းလွန်းလို့ ကြားရတဲ့သူတွေက ကျွန်မခေါင်းချောင်နေပြီလို့တောင် ထင်ကောင်းထင်မယ်။

ဒါပေမဲ့ အတန်းထဲကကလေးတွေက ကျွန်မရဲ့ ဇာတ်လမ်းကိုနားထောင်ချင်လို့ ပြောပြဖို့ ပူဆာကြတယ်။ မိုက်ကယ်တောင်မှ ကျွန်မရဲ့ ကိုယ်ပိုင်ဇာတ်လမ်းဆိုတော့ စိတ်ဝင်စားဟန်ပြတယ်။ နာရီကိုလှမ်းကြည့်လိုက်တော့ အချိန်ကကောင်းကောင်းရသေးတာနဲ့ ကျွန်မရဲ့ ဇာတ်လမ်းကို အေးအေးဆေးဆေးနဲ့ စကားလုံးသေသေချာချာရွေးပြီး ပြောပြတယ်။

'ဆရာမငယ်ငယ်တုန်းကပေါ့ကွယ်။ ဆရာမက ဗုဒ္ဓဟူးနေ့တိုင်း ဘုရားကျောင်းက လူငယ်အဖွဲ့ထဲမှာအပတ်စဉ်ဝင်ပါတယ်။ တစ်ညမှာ ခပ်ငယ်ငယ်မေမွဆရာတစ်ဦးကဟောနေတဲ့ တရားကို ကျွန်မကပရိတ်သတ်တွေနဲ့အတူ ကြမ်းပြင်ပေါ်မှာ ထိုင်ပြီးနာနေတယ်။ ဓမ္မကို နာကြားနေတုန်းမှာပဲ ကျွန်မခေါင်းမှာ အတွေးတစ်ခုသူ့အလိုလိုပေါ်လာတယ်။ အတွင်းထဲကထွက်လာတဲ့ အသံမျိုးပေါ့။ 'အဲဒီမိုက်ကရိုဖုန်းကို ယူလိုက် မင်းကိုပြောစရာတစ်ခုရှိတယ်လို့ ကျွန်တော့်ကိုယ်တွင်းအသံတစ်သံက ကျွန်တော့်ကို ပြောနေတယ်။ ကျွန်တော်က ဒီလိုပြောတာကိုလုံးဝလက်မခံနိုင်ဘူးလေ။ ဒါကြောင့်မို့သူပြောတာကို ကျွန်မအသည်းအသန်ငြင်းခဲ့တာပေါ့။ ဒီလိုတစ်ယောက်တည်းနဲ့ဖြစ်နေတော့ဘေးကမြင်သွားတဲ့ သူတွေကကျွန်မကိုအရူးလို့တောင်ထင်ကြမှာ စိုးရတယ်။ ဒါပေမဲ့ ကျွန်မကိုယ်တွင်းမှာဖြစ်နေတဲ့ ပဋိပက္ခကလည်းတကယ်အမှန်ပဲ ဖြစ်နေတယ်။ ကျွန်မသတိထားမိတဲ့ အချိန်မှာကျွန်မဟာ တရားဟောဆရာရဲ့စင်ကလေးနားကိုရောက်နေပြီလေ။ အဲဒီမှာ တရားဟောဆရာကဒေသနာကြားတာပြီးလို့ ဂိမ်းကစားဖို့တောင်ပြင်နေကြပြီလေ။ ကျွန်မက သူ့လက်ထဲကမိုက်ကရိုဖုန်းကိုလှမ်းတောင်းတော့သူကလည်းယောင်နနနဲ့ လှမ်းပေးလိုက်တယ်။ အခုတော့ ကျွန်မဟာတရားဟောဆရာနဲ့ ပရိတ်သတ်ခြောက်ဆယ်လောက်ကြားမှာနေရာယူထားသလိုဖြစ်သွားတယ်။ လူတွေအားလုံးက ကျွန်မကို စိတ်ဝင်တစားနဲ့လှမ်းကြည့်နေကြတယ်။

ကျွန်မလည်း မိုက်ကရိုဖုန်းကိုကိုင်ပြီး ကျွန်မကို ကျွန်မရဲ့ ကိုယ်တွင်း အသံကပြောခိုင်းတဲ့ အတိုင်းပဲ ပြောလိုက်တယ်။"ဒီပရိတ်သတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့စဉ်းစားနေတဲ့လူရှိတယ်ဆိုတာကျွန်မသိတယ်။ ဒါကိုဘုရားသခင်ကသိလို့ ကျွန်မကိုဒီကိုလွှတ်ပြီးတားခိုင်းလိုက်တာ။ ဒါကြောင့်ကျွန်မပြောတာနားထောင်ပါရှင်။ ဘုရားသခင်မှာ အဲဒီလူအတွက်ကြံစည်စဉ်းစားထားတာရှိတယ်။ ချစ်ခြင်းမေတ္တာလည်းပေးတော်မူတယ်။ဒါကြောင့် ကိုယ်ခံစားနေရတာတွေကိုတစ်ယောက်ယောက်ကိုဖွင့်ပြောလိုက်ပါ" လို့ မိုက်ကရိုဖုန်းကနေတစ်ဆင့်တောက်လျှောက်ပြောချလိုက်တယ်။

ပြောပြီးတာနဲ့ အလျင်အမြန်ပဲထိုင်ချလိုက်တယ်။ ကျွန်မဘာလုပ်လိုက်မိတယ်ဆိုတာကျွန်မကိုယ်တိုင်နားမလည်နိုင်သေးဘူး။ ဒီတော့ကျန်တဲ့သူတွေကတော့ကျွန်မကို ကြောင်သွားပြီလို့ ထင်ကြမှာအမှန်ပဲလေ။ ဒီဇာတ်လမ်းလည်းဒီမှာတင် တစ်ခန်းရပ်ကရော့လို့ထင်ထားလိုက်တယ်။ ဒါပေမဲ့ ဇာတ်လမ်းကမဆုံးသေးဘူး။

နောက်လပိုင်းလောက်အကြာမှာ ကျွန်မအမေနဲ့ အသိမိန်းမတစ်ယောက်ဘုရားကျောင်းအဝင်မှာ မတော်တဆတိုက်မိကြတယ်။ သူတို့ အပြန်အလှန်နှုတ်ဆက်စကားပြောရင်းနဲ့ အဲဒီမိန်းမက သူ့သမီးကလေးအကြောင်း စကားစပ်ပြီးပြောလာတယ်။ သူ့သမီးကလေးကကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့ ကြံစည်ခဲ့ဖူးတယ်တဲ့။ ဒါပေမဲ့ အထမမြောက်ခဲ့ဘူးတဲ့။ အဲဒီနေ့ညနေကသူ့သမီးအိမ်ပြန်လာတဲ့အခါမှာ လူငယ်အသင်းတော်မှာ ကျွန်မနဲ့တွေ့ခဲ့တဲ့အကြောင်းတွေ အပါအဝင်ဇာတ်လမ်းစုံကို အမေလုပ်သူကိုငိုပြီးပြောပြတယ်တဲ့။

ကျွန်မ ကျောင်းသားကလေးတွေဟာကျွန်မပြောပြတဲ့ ကိုယ်တွေ့ဇာတ်လမ်းကိုငြိမ်ပြီးနားထောင်နေကြတယ်။ 'ဆရာမဒီအကြောင်းကို လူတကာကိုပြောလေ့မရှိဘူးကွဲ့။ ဒါပေမဲ့ ဒါကို ပြန်ပြောတိုင်းကြက်သီးဖြန်းဖြန်းထရတယ်'လို့ကလေးတွေကို ပြောပြရတယ်။

အဲဒီအချိန်မှာပဲ ကျောင်းကအတန်းပြောင်းခေါင်းလောင်းထိုးပါတယ်။ ခေါင်းလောင်းသံအပြီးမှာ အမြဲတမ်းလွှင့်နေကျဓမ္မတေးသွားတစ်ပုဒ်ကိုကျောင်းရေဒီယိုက လွှင့်လိုက်တယ်။ ကျောင်းသားတွေရောကျွန်မပါငြိမ်ပြီး ဒီသီချင်းကိုနားထောင်နေမိကြတယ်လေ။

*Ref: 'Spirit in the Classroom '*

*by Kristy Duggan*



**မိတ်**ဆွေဖြစ်သူက သူဖတ်ဖူးသော နိုင်ငံခြားပုံပြင်လေးများကို ပြန်ပြောပြသည်။ အားကစားသမားတစ်ဦးသည် သူရသောဆုကြေးငွေကိုယူ၍ပြန်လာစဉ် လမ်း၌ဆင်းရဲသားမိန်းမတစ်ဦးနှင့်တွေ့သည်။ ဆင်းရဲသားမိန်းမက သူ့ကလေးအသည်းအသန်ဖြစ်၍ ဆေးရုံတင်ထားရကြောင်း၊ ဆေးကုဖို့ရာ ငွေလိုနေသဖြင့် အလှူခံကြောင်းပြောရာ အားကစားသမားက ဆုကြေးငွေအားလုံးကို ဆင်းရဲသည့်သူမအားစွန့်ကြဲလိုက်သည်။ ယင်းကိစ္စကိုသိထားသော အားကစားသမား၏ မိတ်ဆွေကနောက်တစ်ပတ်ခန့်ကြာသော် အားကစားသမားကိုပြောသည်။ "အဲဒီမိန်းမကခင်ဗျားကို လိမ်သွားတာဗျ။ သူ့ကလေးက ဘာမှမဖြစ်ဘူး"ဟုဆိုသည်။ ထိုအခါ အားကစားသမားက "ဟုတ်လား။ တော်သေးတာပေါ့ဗျာ။ ကျွန်တော်က သူ့ကလေးအတွက်စိတ်ပူနေတာ၊ ဘာမှမဖြစ်ဘူးဆိုတော့ စိတ်အေးသွားရပြီ" ဟု ဆိုလေသည်။

နောက်ပုံပြင်တစ်ခုမှာ ဤသို့ဖြစ်သည်။ အိမ်တစ်အိမ်သို့လာ၍ ဆင်းရဲသူမတစ်ဦးက အလှူခံသည်။ အိမ်ရှင်ယောက်ျားက စွန့်ကြဲစရာ ငွေကြေးတစ်စုံတစ်ရာမရှိသဖြင့် သူ့မိန်းမအလှုပြင်ခုံအံဆွဲထဲ၌ တွေ့ရသော လက်စွပ်တစ်ကွင်းကိုယူ၍ စွန့်ကြဲလိုက်သည်။ မိန်းမပြန်လာသော် အကျိုးအကြောင်းပြောပြရာ မိန်းမက ဒေါသဖောင်းသည်။ ဤလက်စွပ်သည် ကျောက်ကချည်းပဲ ဒေါ်လာတစ်သောင်းတန်ကြောင်း၊ ဆွေစဉ်မျိုးဆက် ရှေးဟောင်းလက်ရာလက်စွပ်ဖြစ်သဖြင့် ဒေါ်လာသုံးသောင်းခန့်တန်ကြောင်းပြောပြသည်။ အိမ်ရှင်ယောက်ျားက ကမန်းကတန်းအိမ်ပြင်ပြေးထွက်သွားသည်။ လမ်းထိပ်တွင် အသိနှင့်တွေ့သဖြင့် သူကအကျိုးအကြောင်းပြောပြသည်။ ထိုအခါ အသိဖြစ်သူက "ခင်ဗျားကအခုအဲဒီလက်စွပ်ကို ပြန်တောင်းဖို့ ဒီဆင်းရဲသူမကိုလိုက်ရှာနေတာလား"ဟုမေးသည်။ ထိုအခါ အိမ်ရှင်ယောက်ျားက "ပြန်တောင်းဖို့မဟုတ်ဘူးဗျ။ အဲဒီ လက်စွပ်ကတန်ကြေးရှိတယ်။ တန်ရာတန်ကြေးရမယ့်နေရာမှာသွားရောင်းဖို့၊ တွေ့ကရာနေရာမှာရောင်းပြီး သူဈေးအရနည်းမှာစိုးလို့ပါ" ဟုပြန်ဖြေလေသည်။

# သဘောထားကြီးမှု

ကိုဝမ်း

ဤဇာတ်လမ်းမျိုးက ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကြားနေကျဖြစ်သည်။ ကွယ်လွန်သူရွှေမန်းတင်မောင်၏ နာမည်ကြီးဇာတ်ထုတ်'ရွဲကုန်သည်'ဇာတ်လမ်းဖြစ်သည်။

ဒေဝဒတ်အလောင်း ရွဲကုန်သည်သည် မရိုးသားသူဖြစ်သည်။ ဆင်းရဲသားမြေးအဘိုးက ရွဲနှင့်လဲရန်ပြသောခွက်ကို ရွှေခွက်မှန်းသိလျက်နှင့် အချောင်ရဖို့ရန်အတွက် အဖိုးမတန်သောခွက်ဟုပြောကာ ထွက်သွားသည်။ ဘုရားအလောင်းရွဲကုန်သည် ရောက်လာသော် ရွှေခွက်ဖြစ်ကြောင်း ပွင့်လင်းစွာပြောဆိုကာ ပါသမျှရွဲနှင့် ပါသမျှပိုက်ဆံတွေပေးကာ ရွှေခွက်ကိုယူသွားသည်။ မရိုးသားသော ရွဲကုန်သည်က အချဉ်ဖမ်းရန် ရည်ရွယ်ပြီး နောက်တစ်ခေါက် ပြန်လာသော် ရွှေခွက်က မရှိတော့၊ ရိုးသားသူနောက် ပါသွားခဲ့ပြီ။ ရွှေမန်းတင်မောင်က မရိုးသားသောရွဲကုန်သည်အဖြစ် သရုပ်ဆောင်သည်။ "ပေးပေးပေးပေး . . . ငါ့ရွှေခွက်ပေး"ဆိုသော ရွှေမန်းတင်မောင်၏ သရုပ်ဆောင်မှုက အနုပညာမြောက်လှသည်။

သဘောထားကြီးမှု တစ်နည်း အမြင်ကျယ်မှုဖြစ်သည်။ သဘောထားသေးသိမ်သူသည် အမြင်ကျဉ်း၍ သဘောထားသေးသိမ်သူဖြစ်ရသည်။ ကျွန်တော်၏ ကိုယ်တိုင်အတွေ့အကြုံကိုပြောပြလိုပါသည်။ မကာအိုလူဝမ်ကျွန်းက ဘီစီအမ်ဘဏ်တွင် လုံခြုံရေးတာဝန်ထမ်းခဲ့စဉ်ကဖြစ်၏။ ဘီစီအမ်ဘဏ်မန်နေဂျာသည် ကျွန်တော်က သူ့အား ကူညီမှုကိုကျေးဇူးတုံ့ပြန်ကာ ခရက်ဒစ်အကြွေးဝယ်ကတ်ဗီဇာ(Visa)ကတ်လုပ်ပေးသည်။ပိုတာကတ်မှာငါးထောင်ဖြစ်သည်။ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်တွင် ကျွန်တော် ခရက်ဒစ်ကတ်လျှောက်ရာ ယင်းဗီဇာကတ်က ပိုတာကတ်ရှစ်ထောင်ပေးသည်။ ကျွန်တော်နှင့် ရင်းနှီးသော ဘီစီအမ်ဘဏ်ထက်ပေးတာများသည်။ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်သည် နိုင်ငံတကာဘဏ်ဖြစ်သည်။ ပို၍အမြင်ကျယ်သည်။ တရုတ်ဘဏ် Bank of China တွင် ကျွန်တော်က ခရက်ဒစ်ကတ်လျှောက်ဖို့ သွားရာ စာရေးမက ကျွန်တော့်လို ရွှေ့ပြောင်းအလုပ်သမားကို ခရက်ဒစ်ကတ်လျှောက်ခွင့်မပေးပါ၊ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်၊ ဘီစီအမ်၊ တရုတ်ဘဏ်တို့၏ အမြင် အကျဉ်းအကျယ်ကွာခြားပုံကိုတွေ့ ရှိနိုင်ပါသည်။

နိုင်ငံခြားက ပြန်လာပြီးသော် စူပါမားကက်ချိန်း(Supermarket Chain)ဆိုသော ဆိုင်တစ်ဆိုင်သို့ ဈေးဝယ်ရန်သွားခဲ့သည်။ ကျွန်တော့်အိတ်ကို လော့ကာထဲထည့်ကာတိုကင်ပြန်ပေးသည်။ သဘောက ပစ္စည်းခိုးမှာစိုး၍ အိတ်ယူခွင့်မပြု။ ဒါမျိုးကို ရောက်ခဲ့ရာ ပီနန်၊ ကွာလာလမ်ပူ၊ ဘန်ကောက်၊ ဟောင်ကောင်နှင့် မကာအိုမှာ မတွေ့ဖူးခဲ့၍အံ့ဩမိသည်။ မကြာပါ။ ဤအားနည်းချက်ကို အခွင့်ကောင်းယူ၍ အကြမ်းဖက်သမားက ဗုံးဖောက်ခွဲရာ အခိုးခံရလျှင်ဆုံးရှုံးမည့်ပမာဏထက် ပို၍ဆုံးရှုံးကာ တန်ဖိုးမဖြတ်နိုင်သော လူ့အသက်တွေပါသွားခဲ့သည်။

သူများလုပ်သည့်အလုပ်မျိုးကို လုပ်ချင်သော် သူများလိုတွေးပါ။ သူများလို သဘောထားကြီးပါ။ သူများလိုလည်း လုပ်ချင်သည်။ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အတွေးနှင့်ဆိုက ရော့ခ်အင်ရိုးသီချင်းဖွင့်၍ ချိုမိုင်မိုင်ကနေတာနှင့်ပဲ တူပါလိမ့်မည်။ သဘောထားကြီးသူ အမြင်ကျယ်သူတို့သည် တရားမျှတမှုကို အလေးပေးထားသည်။ တရားမျှတခြင်းသည် သဘောထားကြီးသူတို့၏တန်ဖိုးဖြစ်သည်။ သဘောထားကြီးသူတို့သည် ကိုယ်ကျိုးစီးပွားကို နောက်မှာထားပြီး လူ့ကျင့်ဝတ် လူ့သိက္ခာကိုရှေ့တန်းတင်ကြသည်။ သဘောထားကြီးသည်၊ အမြင်ကျယ်သည်၊ စေတနာကောင်းဖြစ်သည်။ အများအကျိုးကို စေတနာကောင်းနှင့်လုပ်ပါမှ အောင်မြင်ပါသည်။ ။

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

အနုပညာလောကက လူငယ်၊ လူလတ်တွေ ပရဟိတလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင်လာတာကို ဒီနေ့ခပ်စိတ်စိတ်တွေ့လာရတယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ လက္ခဏာဖြစ်ပြီး သာဓုခေါ်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ ဒီလောကကြီးမှာ အတ္တဟိတဆိုတဲ့ ကိုယ်ကျိုးထက်ပရဟိတဆိုတဲ့ အများအကျိုးကို သယ်ပိုးဆောင်ရွက်ချင်တဲ့ စိတ်ဓာတ်တွေပေါ်ပေါက်လာခဲ့တာဟာ ကမ္ဘာကြီးရဲ့ နောင်ရေးအတွက် စိတ်အေးစရာဖြစ်ပါတယ်။

ဒီစိတ်ဓာတ်နဲ့ ဒီအပြုအမူဟာ အလွယ်တကူပေါ်လာတာတော့ ဟုတ်မယ်မထင်ဘူး။ အနိဋ္ဌာရုံတွေရဲ့ ထင်ဟပ်ချက်ကြောင့် ပေါ်လာရတာလို့ ပြောရင်ရပါလိမ့်မယ်။ လူသားတွေ ဖျက်ဆီးခဲ့တဲ့ ဖျက်ဆီးနေတဲ့ ကမ္ဘာကြီးကလူသားတွေကို တုံ့ပြန်ဒဏ်ခတ်မှုတွေဟာ တစ်နေ့ထက် တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် သက်ရောက်မှုတွေပေါ်ပေါက်များပြားလာတာကြာပါပြီ။



သစ်တောတွေ ပြုန်းတီးလာတော့ လူတွေကြောင့်ပေါ်ပေါက်လာခဲ့ရတဲ့ လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စုပ်ယူနိုင်စွမ်း နည်းလာတယ်။ အပူရှိန်မြင့်လာမယ်။ အိုဇုန်းလွှာတွေ ပေါက်ပြဲကုန်မယ်။တစ်ဆက်တည်း ရေခဲတောင်တွေ အရည်ပျော်ကျကုန်မယ်။ ရာသီဥတုတွေ ဖောက်ပြန်ပြီး တောမီးတွေလောင်၊ ရေကြီး၊မြေပြို၊ လျှင်လှုပ်၊ မီးတောင်တွေ ပေါက်ကွဲကုန်ရုံမက နာမည်အမျိုးမျိုးနဲ့ မုန်တိုင်းတွေပေါ်လာမယ်။ ဆူနာမီရေလှိုင်းတွေ ရှိလာမယ်။

ရေကြီးတဲ့နေရာက ကြီးပြီး မိုးခေါင်တဲ့နေရာက မိုးခေါင်လို့ နှင်းတွေထုနဲ့ထယ်နဲ့ကျတဲ့ နေရာက ကျကုန်တော့တယ်။ သဘာဝဘေးအန္တရာယ်တွေဟာ ပုံစံအမျိုးမျိုးနဲ့ လူသားတွေကို ဒုက္ခပေးတော့တယ်။ ဆင်းရဲတာ၊ ချမ်းသာတာ၊ ခေတ်မီတိုးတက်တာ၊ ခေတ်နောက်ကျတာတွေကို ခွဲခြားမနေဘူး။ ကမ္ဘာကြီးကို စုတ်ပြတ်သွားအောင် ဒုက္ခပေးတော့တယ်။

ထက်ကျော်

# ဖောင်ဒေးရှင်းတွေ တိုးလာပြီးနောက်...

ရာသီဥတုဖောက်ပြန်လို့ လယ်ယာထွက်ကုန်တွေ အထွက်နည်းမယ်။ ဒီတော့ဈေးကွက်လို အပ်ချက်အရ ဈေးတွေတက်ကုန်မယ်။ ရေကိုလုံလုံလောက်လောက် မသုံးစွဲနိုင်တဲ့ ဒေသအတော်များများ ပေါ်လာတယ်။ သူရဲ့နောက်ဆက်တွဲ ရလဒ်တွေကို လူတွေပဲခါးစည်းခံရတော့တယ်။

သဘာဝဘေးအန္တရာယ်ကြောင့် မုန်တိုင်းတွေ၊ လှိုင်းတွေ၊ မြေပြိုတောင်ပြိုတာ၊ တောမီးလောင်တာတွေကြောင့် လူတွေ ဒုက္ခရောက်ကြရတယ်။ 'ကယ်ပါယူပါ' တစာစာအသံတွေကြားလာရတယ်။ ဒီအချိန်မှာ လူသားတွေရဲ့ နှလုံးသားဟာ နိုးထလာတယ်။ ဒုက္ခရောက်နေသူတွေကို ဖေးကူချင်တဲ့ ပရဟိတစိတ်တွေ ပေါ်လာကြရတယ်။

ထိုင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ဆူနာမီ၊ မြန်မာပြည်မှာ ကြုံတွေ့ခဲ့ရတဲ့ နာဂစ်တို့ဟာ အဓိက သက်သေပဲဖြစ်လိမ့်မယ်။ ထောင်သောင်းချီပြီး အသက်ဆုံးခဲ့ရတဲ့ လူတွေ၊ မိကွဲ ဖကွဲ ဆွေကွဲမျိုးကွဲ ဖြစ်ခဲ့ကြရတဲ့လူတွေ၊ မိဘမဲ့ကလေးတွေ၊ ကျိုးကန်းလူစဉ်မမီဖြစ်သွားရတဲ့ လူတွေဟာ အားလုံးအတွက် ရင်ကျိုးမတတ် စာနာရမယ့်ပုံပြင်ဇာတ်လမ်းတွေကို သယ်ဆောင်လာကြတယ်။ ဒီတော့ မြင်တွေ့ရသူ ကျန်လူသားတွေအတွက် ကရုဏာသက်စရာ မဖြစ်ဘဲ နေပါ့မလား။ ဒီတော့လည်း မိဘမဲ့ကလေးတွေ ကူညီစောင့်ရှောက်ဖို့၊ ကျောင်းထားဖို့၊ ရေတွင်း ရေကန်တွေ ဖော်ဖို့၊ လယ်ယာစိုက်ခင်းတွေ ပြန်လည်ထူထောင်ဖို့၊ ရွာတွေ ဆောက်ဖို့၊ ကျောင်းတွေဆောက်ဖို့၊ ဆေးရုံဆေးခန်းတွေ ဆောက်ဖို့ လိုလာတာ အမှန်ပဲ။ ဒါဟာတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်ပါတီနဲ့ ဆောင်ရွက်လို့ရမယ် မထင်ပါဘူး။

ဒီတော့ ကရုဏာရှိတဲ့ တစ်ဦးချင်းတစ်ယောက်ချင်းကစပြီး အဖွဲ့အစည်းလေးတွေ ထူထောင်ပြီး အများကိစ္စကို ဆောင်ရွက်ဖို့ ဖြစ်လာတော့တယ်။ ဒါကြောင့်လည်း အမည်နာမအမျိုးမျိုးနဲ့ အဖွဲ့ကလေးတွေ ပေါ်လာ

> ထောင်သောင်းချီပြီး အသက်ဆုံးခဲ့ရတဲ့လူတွေ၊
> မိကွဲ ဖကွဲ ဆွေကွဲမျိုးကွဲ ဖြစ်ခဲ့ကြရတဲ့လူတွေ၊
> မိဘမဲ့ကလေးတွေ၊ ကျိုးကန်းလူစဉ်မမီဖြစ်သွားရတဲ့
> လူတွေဟာ အားလုံးအတွက်
> ရင်ကျိုးမတတ်စာနာရမယ့်ပုံပြင်
> ဇာတ်လမ်းတွေကို သယ်ဆောင်လာကြတယ်။

သလို စိတ်သဘောထားချင်းတိုက်ဆိုင်ပြီး လုပ်နိုင်ကိုင်နိုင်တဲ့လူတွေ စုစည်းကာ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်လုပ်လာတာကို တွေ့ရတယ်။ လုပ်နိုင်တာလေးတွေကို လုပ်ကြရတော့တယ်။

ဖောင်ဒေးရှင်း လို့ပဲ အမည်ခံခံ၊ ဘာအသင်းအဖွဲ့ပဲခေါ်ခေါ်၊ သဘောညီသူတွေစုစည်းထားတဲ့ အစုအစည်းပဲ ဖြစ်ဖြစ် ဒုက္ခရောက်နေတဲ့ မပြည့်စုံတဲ့လူတွေအတွက် တတ်နိုင်သမျှ ကူညီကြဖို့အတွက် ဆောင်ရွက်လုပ်ကိုင်တာမို့ ကြိုဆိုစရာပါ။ အရောင်အသွေးမပါတဲ့

အဲဒီလို အစုအစည်းအသင်းအဖွဲ့တွေဟာ တကယ်ပဲ လူ့လောကရဲ့ လစ်ဟာနေတဲ့ ကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်မှာ သေချာပါတယ်။

လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ အရေးကြီးကိစ္စတွေမှာ စိတ်ကောင်းစေတနာသန့်သန့်နဲ့ ကူညီကြတဲ့အဲဒီပရိဟတသမားတွေကြောင့် ဒုက္ခရောက်နေကြတဲ့ လူအများစုဟာ တစ်စုံတစ်ရာ သက်သာအေးချမ်းခွင့်ရကြတာ အမှန်ပါ။ အဲဒီလို အဖွဲ့အစည်းမျိုးတွေ များများပေါ်ပေါက်လေလေ သက်ဆိုင်ရာ နိုင်ငံများက အစိုးရတွေမှာ ဝန်ထုပ်ဝန်ပိုးပေါ့သွားလေလည်း ဖြစ်တတ်ပါတယ်။

လိုလားကြိုဆိုသင့်တဲ့ အမည် နာမအမျိုးမျိုး တတ်ထားတဲ့ အဲဒီအဖွဲ့အစည်းတွေဟာ ကိုယ်ကျိုးထက် အများအကျိုးကို ဇောက်ချလုပ်ကိုင်တတ်ကြတာကြောင့် လူသာဓုခေါ်၊ နတ်သာဓုခေါ်ကြမှာတော့ သေချာပါတယ်။ နယ်ပယ်အသီးသီးမှာ အများကိစ္စကို ဆောင်ရွက်လုပ်ကိုင်နေကြသူမှန်သမျှဟာ တကယ့်လူသူတော်ကောင်းတွေပဲဖြစ်ပါတယ်။ သူတို့မှာ ကူညီချင်တဲ့စိတ် တစ်မျိုးကလွဲလို့ တခြားဘာမှ မရှိတာလည်း သေချာပါတယ်။ ဒါကိုလည်း ယုံပါတယ်။

တကယ်ပါပဲ၊ ပရဟိတလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်လေလေ အဲဒီတိုင်းပြည် အဲဒီလူမျိုးဟာ တကယ်နိုင်ငံကြီးသားပီသတဲ့ လူ့ယဉ်ကျေးနဲ့ပြည်သူ့နီတိကို နားလည်တဲ့လူယဉ်ကျေးတွေ ဖြစ်နေတယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ လိုမယ်မထင်ပါဘူး။ ဒါကြောင့် ဖောင်းဒေးရှင်းတွေ များများပေါ်လာတာ ကောင်းတယ် လို့ ပြောရတာပဲ ဖြစ်ပါတယ်။

(စေတနာမှန်တဲ့ ဖောင်းဒေးရှင်တွေဟာ ရေရှည်မှာ ဆန်ခါတင်ကျန်ရစ်ခဲ့မှာဖြစ်ပြီး ကိုယ့်ရဲ့ ထင်ပေါ်ကျော်ကြားမှု၊ ကိုယ့်ရဲ့ ကိုယ်ကျိုးအတ္တအထူအပါးနဲ့ယှဉ်ပြီး ပေါ်ပေါက်ဖြစ်တည်ခဲ့တဲ့ ဖောင်ဒေးရှင်း များကတော့ ကြာကြာခံမယ် မထင်ဘူး။ ဒါပေမဲ့ တစ်ရက်ပဲခံခံ၊ တစ်လပဲ ခံခံ၊ တစ်နှစ်ပဲ ခံခံ ဘယ်လောက်အချိန်အတိုင်းအတာပဲ ရှိပါစေ၊ အဲဒီအချိန်လေးများအတွင်းမှာ တတ်နိုင်သမျှ (ဟန်ဆောင်လို့ဖြစ်ဖြစ်) အများအကျိုးဆောင်တာဟာ ကောင်းပါတယ်။) ဒါကြောင့် ဖောင်ဒေးရှင်းတွေ များလာတာ ကောင်းတယ် လို့ ပြောရတာပါ။ ॥

## JOKE

### ဆူညံသံ

နယူးယောက်မြို့ လေကြောင်းထိန်းချုပ်ရေးစင်တာမှ လေယာဉ်တစ်စီးအား ယခုလို ညွှန်ကြားလိုက်သည်။

"လေကြောင်းခရီးစဉ် ၂၃၄၇၊ ဆူညံသံလျော့ပါးသွားအောင် ညာဘက်ကို ၄၅ ဒီဂရီချိုးကွေ့လိုက်ပါ"

ဤတွင် လေယာဉ်မှူးက ပြန်၍မေးခွန်းထုတ်သည်။

"ကျွန်တော်တို့ လေယာဉ်က အမြင့်ပေ ၃၅,၀၀၀ မှာ ရောက်နေတာပါ။ အဲဒီကနေ ဆူညံသံကြားရလို့လား"

"ဟုတ်ကဲ့ပါခင်ဗျာ။ ဘိုးရင်း ၄၇၄ နဲ့ ဘိုးရင်း ၇၃၇ တိုက်မိရင် ဆူဆူညံညံအသံတွေ ဘယ်လောက်ထွက်ပေါ်သလဲဆိုတာ လေယာဉ်မှူးကြုံဖူးပါသလားခင်ဗျာ"

### ခွင့်လွှတ်ပါ

ယာဉ်မောင်းတစ်ဦးသည် ကားမရပ်ရနေရာတွင် ကားကိုဖြစ်သလိုရပ်လိုက်၍ စာတိုတစ်စောင်ကို မိုးရေသုတ်တံနှင့်ညှပ်ကာ အလျင်စလို ထွက်သွားပါသည်။ ၎င်း၏စာတိုတွင်

"လမ်းတစ်လျှောက် အခေါက် ၂၀ ခန့် ပတ်မောင်းနေသော်လည်း ကားရပ်စရာနေရာရှာမတွေ့ပါ။ ချိန်းထားတာ နောက်ကျနေပါပြီ။ ဒီနားမှာမှကားမရပ်ရင် ကျွန်တော် အလုပ်ပြုတ်ပါတော့မယ်။ ခွင့်လွှတ်ပါယာဉ်ထိန်းရဲကြီးခင်ဗျာ" ဟူ၍ရေးထားသည်။

၎င်းယာဉ်မောင်း ပြန်လာသောအခါ မှန်ပေါ်တွင် ဒဏ်ငွေဖြတ်ပိုင်းနှင့် စာတိုတစ်စောင်ကိုပါ တွေ့ရပါလေသည်။

"လမ်းတစ်လျှောက် အခေါက် ၂၀ ခန့်ပတ်သွားသော်လည်း ဖမ်းစရာ ကားတစ်စီးမှ မတွေ့ပါ။ ခင်ဗျားကားကိုမှ မဖမ်းရင် ကျွန်တော် အလုပ်ပြုတ်ပါလိမ့်မည်။ ခွင့်လွှတ်ပါ။ မှတ်ချက်- စာတိုမတွေ့လျှင် မမြင်ချင်ယောင်ဆောင်၍ ဖြစ်နိုင်ပါသည်"

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm

Business
7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# ရာဘာဈေးကောင်းသော်လည်း လျာထားချက်မီအောင် တင်ပို့ရန်ခက်ခဲ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄**

ကမ္ဘာ့ဈေးကွက်တွင်ရာဘာဈေးနှုန်းများ တစ်ရှိန်ထိုးမြင့်တက်နေသော်လည်း ပြည်တွင်း၌ ရာသီဥတုကြောင့် အထွက်လျော့နည်း၍ ပြည်ပတင်ပို့ရန် လျာထားချက် မပြည့်မီနိုင်ကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ သတင်းရရှိသည်။

ပွင့်လင်းရာသီဖြစ်သည့် ရာဘာအစေးခြစ်ချိန်တွင် ရာသီဥတုဖောက်ပြန်ပြီး မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် အစေးခြစ်ရက် တစ်လနီးပါး နောက်ကျခဲ့ရသည်။

"ဈေးက ကောင်းပြီး ခြံရှင်တွေအလုပ်ဖြစ်ပေမယ့် လျာထားချက်မီဖို့မလွယ်ဘူး"ဟု အဆိုပါ အသင်းမှ အတွင်းရေးမှူးဦးခိုင်မြင့်က ရှင်းပြသည်။

၂၀၀၉-၁၀ ဘဏ္ဍာနှစ်က ရာဘာတင်ပို့မှု တန်ချိန်၉၀,၀၀၀ လျာထားသော်လည်း တန်ချိန် ၁၀၀,၀၀၀ နီးပါးထိ တင်ပို့ရောင်းချနိုင်သည်။ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အတွက် လျာထားချက်မှာ တန်ချိန် ၁၂၀,၀၀၀ ဖြစ်သော်လည်း တန်ချိန် ၁၀၀,၀၀၀ကျော်ခန့်သာ တင်ပို့နိုင်ဖွယ်ရှိကြောင်း ဦးခိုင်မြင့်က ပြောသည်။

"ရာဘာဈေးက ဒီနှစ်အကောင်းဆုံးနှစ်လို့ ပြောရမယ်။ ၂၀၀၇ ခုနှစ်ကထက်တောင် ဈေးကပိုရနေတယ်။ ကမ္ဘာမှာလည်း ရာဘာဈေးက အရမ်းတက်တယ်" ဟု ပြည်ပသို့ရာဘာတင်ပို့သည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိ ပြည်တွင်းဈေးကွက်၌ ရာဘာဈေးသည် RSS-1 အမျိုးအစား တစ်ပေါင်လျှင် ၁,၉၀၀ ကျပ် ဝန်းကျင်ရှိသည်။ ယင်းအမျိုးအစားသည် ဇန်နဝါရီလဆန်းပိုင်းက တစ်ပေါင်လျှင် ၁,၅၀၀ ကျပ်ဝန်းကျင်သာရှိသည်။ ယင်းအချိန်က ကမ္ဘာ့ရာဘာပေါက်ဈေးမှာလည်း တစ်တန်လျှင် ကန်ဒေါ်လာ ၄,၅၀၀ ကျော်ရှိပြီး လက်ရှိအချိန်တွင် ကမ္ဘာဈေးကွက်၌ ရာဘာ တစ်တန်လျှင် ကန်ဒေါ်လာ ၆,၃၀၀ ဝန်းကျင်ရှိသည်။



**ရာဘာစိုက်ခင်းတစ်ခုတွင် ရာဘာစေးခံနေစဉ်** ဓာတ်ပုံ- daylife.com

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၇၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၆၇၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၇၆၀ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၃၂၅၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၂၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၆. ၄၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၂၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၃၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၈၃၇. ၅၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၈၇. ၅၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၇၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၃၀၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၂၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၈. ၈၉၁ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၀၁. ၈၀၀ |
| ရေနံ | စည် | ၁၁၂. ၆၅၀ |
| ငွေ | ၁ အောင်စ | ၃၂. ၆၄၅ |
| ကြေးနီ | ပေါင် | ၄၃၄. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၅၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဖေဖော်ဝါရီ ၂၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ကျောက်မျက်ဈေးကွက် အရောင်းအဝယ်ပိုသွက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ကျောက်မျက်ရတနာဈေးကွက်တွင် ယခုရက်ပိုင်း၌ အရောင်းအဝယ်ကောင်းနေသကဲ့သို့ ကျောက်ဈေးနှုန်းများမှာလည်း မြင့်တက်နေကြောင်း ကျောက်ကုန်သည်အချို့ကပြောသည်။

ကျောက်မျက်ပစ္စည်း လတ်တလောအရောင်းအဝယ်ဈေးကွက်သွက်နေခြင်းမှာ မတ်လတွင် နေပြည်တော်၌ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲ နီးလာသဖြင့် ပြပွဲ၌ ဝင်ရောက်ပြသမည့် ကုန်သည်အချို့က ဝယ်ယူလာကြခြင်းကြောင့်ဖြစ်သည်ဟု ဗိုလ်ချုပ်ဈေးရှိ ကျောက်မျက်ကုန်သည် အချို့ကပြောသည်။

ထို့အပြင် ယခုရက်ပိုင်း၌ အမေရိကန်ဒေါ်လာတန်ဖိုးတက်လာခဲ့၍ ယခုကဲ့သို့ ကျောက်မျက်ဈေးနှုန်းများမြင့်လာခြင်းဖြစ်သည်ဟု ကျောက်မျက်ကုန်သည်အချို့ကသုံးသပ်သည်။

"ကျောက် ဈေးကွက်က တရုတ်နှစ်ကူးကာလက အရောင်းအဝယ်အေးနေပေမယ့် ဒီရက်ပိုင်းမှာ ဈေးနှုန်းရော၊ အရောင်းအဝယ်ပါပြန်တက်လာတယ်။ တရုတ်ဈေးကွက် ပြန်စလာတဲ့အပြင် ပြပွဲပါနီးလာတော့ ဈေးကွက်ကောင်းလာတဲ့သဘောပဲ"ဟု ရွှေဘုံသာလမ်းရှိ ကျောက်ကုန်သည်တစ်ဦးကပြောသည်။

ကျောက်အရောင်းအဝယ်ဈေးကွက်၌ အရည်အသွေးကောင်းသောကျောက်များမှာ အရောင်းအဝယ်ပိုဖြစ်နေပြီး အရောင်းအဝယ်ပြုလုပ်သည့်နှုန်းမှာလည်း ယခင်လများနှင့် နှိုင်းယှဉ်ပါက ယခုရက်ပိုင်းတွင် ၂၅ ရာခိုင်နှုန်းဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။

"ဈေးကွက်ကောင်းလာတော့ ကျောက်အမျိုးအစားတော်တော်များများ အရောင်းအဝယ်ဖြစ်တယ်။ အစိမ်းကတော့ တရုတ်ဝယ်လက်လည်းရှိတော့ ပိုသွက်တယ်။ အရောင်းအဝယ်သွက် တဲ့အတွက်ချက်ချင်းမရောင်းဘဲ ဈေးဆွဲခေါ်တော့ ဈေးလည်းပိုရလာတယ်" ဟု ကျောက်စိမ်းကုန်သည်တစ်ဦးက ပြောသည်။



**ကျောက်မျက်ရတနာဆိုင်အများဆုံးရှိရာ ဗိုလ်ချုပ်ဈေး**



7DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# ဒေါ်လာတန်ဖိုး အတက်အကျကိုမှီ၍ ရွှေဈေးပြောင်းလဲ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၃**
ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးအတက်အကျထက် ပြည်တွင်း အမေရိကန်ဒေါ်လာတန်ဖိုးပြောင်းလဲမှုပေါ်တွင်လိုက်၍ ဈေးနှုန်းအတက်အကျများစွာဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။


အမေရိကန်ငွေဈေးမှာ ယခုလလယ်ပိုင်းမှစ၍ ဈေးနှုန်း အတက် အကျများစွာဖြစ်ပေါ်နေ၍ ရွှေဈေးနှုန်းမှာလည်း ဈေးနှုန်းအတက်အကျမြန်ဆန်စွာဖြစ်ပေါ် နေခဲ့သည်။ ထို့ကြောင့် ရွှေအရောင်းအဝယ်ဈေးကွက်မှာလည်း ယခုရက်ပိုင်းတွင် အရောင်းအဝယ်အများဆုံးကာလတစ်ခုပင် ဖြစ်ပေါ်နေကြောင်း လုပ်သက်ရင့်ရွှေလုပ်ငန်းရှင်များကပြောသည်။

"ရွှေဈေးက ဒီရက်ပိုင်းမှာ ကမ္ဘာ့ရွှေဈေး အတက်အကျထက် ဒေါ်လာဈေး အပြောင်းအလဲပေါ်မှာလိုက်ပြီး ဈေးပြောင်းတာများတယ်။ ဈေးအတက်အကျကြမ်းတော့ အရောင်းအဝယ်လုပ်တဲ့နှုန်းကလည်း မြန်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၃၉၀ ဒေါ်လာဝန်းကျင်၌ ဈေးနှုန်းအတက်အကျဖြစ်နေသကဲ့သို့ အမေရိကန်ငွေဈေးမှာလည်း တစ်ဒေါ်လာလျှင် ၉၀၀ ကျပ်ဝန်းကျင်၌ ဈေးနှုန်းအတက်အကျမြန်ဆန်စွာဖြစ်ပေါ်နေကြောင်းသိရသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၀,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ကျပ် ၁၀,၀၀၀ ကျော်အထိ ဈေးနှုန်းအတက်အကျဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

""ဒီရက်ပိုင်းက ဒေါ်လာဈေးကွက် ဈေးကစားနေတော့ ရွှေဈေး အတက်အကျမြန်တယ်။ ကမ္ဘာ့ဈေးက သိပ်မပြောင်းတော့ ပြည်တွင်းဈေးက ကမ္ဘာ့ဈေးထက်မြင့်တဲ့ဈေးကွက်တစ်ခုဖြစ်နေတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုကဲ့သို့ ရွှေဈေးအတက်အကျမြန်နေ၍ အဆိုပါဈေးကွက်ပြောင်းလဲမှုပေါ်တွင်လိုက်ကာ အရောင်းအဝယ်ပြုလုပ်သောလုပ်ငန်းရှင်အချို့ကြောင့် ရွှေဈေးကွက်မှာလည်း ဝယ်ယူသူ၊ ပြန်ရောင်းသူများသော ဈေးကွက်တစ်ခုဖြစ်ပေါ်နေကြောင်း သိရသည်။



**ရွှေဈေးအတက်အကျကြမ်းနေဆဲဖြစ်သည်** ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

"ရွှေဈေးက တက်ပြီးရင် ပြန်ကျတာနည်းတယ်။ ကမ္ဘာ့ရွှေဈေး ဒေါ်လာ ၁၀၀ လောက်ထိ အတက်အကျမဖြစ်ရင်တော့ ဈေးက အမြင့်ပိုင်းမှာပဲရှိနေဦးမယ်။ သင်္ကြန်မတိုင်ခင်အထိတော့ ၆၃၀,၀၀၀ကျပ်အောက်တော့ ကျမသွားနိုင်ဘူး"ဟု ၂၉ လမ်းရှိ ရွှေဆိုင်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

ပြည်တွင်းရွှေဈေးမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၈၃,၅၀၀ ကျပ်ထိ စံချိန်တင်ဈေးမြင့်ခဲ့ပြီး ဖေဖော်ဝါရီ၂၃ရက်တွင် ၆၇၅,၀၀၀ ကျပ်ရှိသည်။ ယင်းနေ့တွင် ၁၅ ပဲရည်မှာ ၆၃၁,၀၀၀ ကျပ်ရှိသည်။




# အာဆီယံစံသတ်မှတ်ချက်ကြောင့် ရန်ကုန်သို့ ကုန်ကားအဝင် နှစ်ဆတိုး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၂**
အာဆီယံစံနှုန်း သတ်မှတ်ချက်ကြောင့် ရန်ကုန်သို့ ကားအဝင် နှစ်ဆတိုးလာကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးလျှင် အိတ်ရေ ၄၀၀၊ ဆယ်ဘီးယာဉ်တစ်စီးလျှင်အိတ်ရေ ၆၀၀၊ ဆယ့်နှစ်ဘီးယာဉ်တစ်စီးလျှင် အိတ်ရေ ၈၀၀ တင်ဆောင်နေရာမှ အာဆီယံစံနှုန်း သတ်မှတ်ချက်ကြောင့် ခြောက်ဘီးယာဉ်မှာ အိတ်ရေ ၁၈၀၊ ဆယ်ဘီးယာဉ်မှာ အိတ်ရေ ၂၂၀၊ ဆယ့်နှစ်ဘီးယာဉ်မှာ အိတ်ရေ ၂၆၀ သာတင်ဆောင်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ယခင်ကကြက်သွန်နီကား ပျမ်းမျှ ၂၀ စီး၊ အာလူးကား ၁၀ စီး ဝင်ရောက်မှုရှိရာမှ ယခုနောက်ပိုင်းတွင် ကြက်သွန်နီကားအစီးရေမှာ ပျမ်းမျှအစီးရေ ၄၀ ကျော်နှင့် အာလူးကားအစီးရေ ၂၀ ဝန်းကျင်ဝင်ရောက်ကြောင်း သိရသည်။

ရန်ကုန်သို့ ဝင်ရောက်သည့် ကုန်တင်ယာဉ်အရေအတွက် နှစ်ဆကျော်တိုးလာသော်လည်း နေ့စဉ်ထွက်ရှိသည့် ကုန်ကားအရေအတွက် နှစ်ဆတိုးမလာကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ကုန်တင်ချိန်လျှော့တင်ရသဖြင့် ကုန်ပစ္စည်းအချို့မှာ ရေလမ်းခရီးနှင့် ရထားခရီးစဉ်တို့ဖြင့် ပြောင်းလဲတင်ဆောင်လာသည့်အတွက် ကုန်တင်ယာဉ်ထွက်ခွာမှု နှစ်ဆတက်လာခြင်းမရှိကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်-တောင်ကြီး(အောင်ပန်း)ခရီးစဉ်တွင် အောက်ခံကုန်ဆန်တစ်အိတ်လျှင် ကုန်စည်ပို့ဆောင်ခ ကားဖြင့်ပို့လျှင် ၄,၀၀၀ ကျပ်ဖြစ်သော်လည်း ရထားဖြင့်ပို့ပါက ၅၀၀ကျပ်သာကုန်ကျသည်။ ထို့အတူ မြစ်ဝကျွန်းပေါ်မှ အညာဒေသသို့ ကားဖြင့် ဆန်တစ်အိတ် ၄,၀၀၀ ကျပ်ကျော်ရှိသော်လည်း သင်္ဘောဖြင့်ပို့ပါက ၁,၅၀၀ ကျပ်ဝန်းကျင်သာ ပေးဆောင်ရ၍ ဘုရင့်နောင်ပွဲရုံသို့ ကားဖြင့် ဆန်တင်ပို့မှုနည်းလာကြောင်း ဆန်ပွဲရုံလုပ်ငန်းရှင်များကပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

7DAY BOOK REVIEW

## မြန်မာတို့ ဇာတ်ပွဲ
(ရွှာစားစိန်တင်ဟန်)




မြန်မာ့အနုသုခုမအနုပညာနှင့် ပတ်သက်လာလျှင် မြန်မာစာပေနယ်၌ ပြောစမှတ်ပြုရသည့် စာအုပ်များ ထွက်ပေါ်ခဲ့ဖူးသည်။ ဥပမာသဘင်ဝန်ဦးနု၏ အနုစာပေ၊ လူထုဒေါ်အမာ၏အငြိမ့်၊ အောင်ဗလ ဖိုးစိန်၊ စိန်ကတုံး၊ ပြည်သူချစ်သော အနုပညာသည်များ စသဖြင့် ယနေ့အချိန်ထိ မှတ်မှတ်သားသားဖြစ်ခဲ့ရသည့် စာအုပ်ကောင်းများရှိခဲ့သည်။ယခုရွှာစားစိန်တင်ဟန်၏ မြန်မာတို့ ဇာတ်ပွဲသဘင်မှုအနုပညာစာပေဆောင်းပါးများ စာအုပ်သည် မြန်မာ့ဆိုင်း၊ ဇာတ်၊ အငြိမ့်လောကမှ ကိုယ်တွေ့ဖြတ်သန်းခဲ့သော သူ၏အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ရေးသားထားသည့်ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

စာအုပ်တွင်အမျိုးသား ဂီတ၊ ဆိုင်းဆင့်၊ ပတ်စာရေစာ၊ ကျွန်တော်ဦးဟန်ပ၊ အငြိမ့်၊ မြင်းခင်းသဘင်၊ ဆိုင်းပြိုင်၊ မမိ၊ ဇီးကွက်ရုပ်၊ မြန်မာတို့ဇာတ်ပွဲ၊ လထွက်ကလေးရယ်တဲ့၊ မင်းကြီးဒေါင်း၊ သီချင်းရေးဆရာ၊ ထူးမခြားနား၊ မုန်လာဥ၊ ဆီးသီးပုံလေး၊မန္တလေးမြို့မှ မြန်မာဆိုင်းဆရာကြီးများ စသဖြင့် ဆောင်းပါးပေါင်း(၂၁) ပုဒ်ပါဝင်သည်။ ဆောင်းပါးများဟုဆိုသော်လည်း ဝတ္ထုဆန်ဆန် ရေးထားသောဆောင်းများကိုလည်း ဝတ္ထုတစ်ပုဒ် ဖတ်နေရသလို ခံစားရမည်ဖြစ်သည်။ ဥပမာ ဘိသိက်ဆရာဆားတောင်သောင်း၊ မင်းကြီးဒေါင်း၊ မမိ၊ ဆိုင်းပြိုင် စသည်တို့ဖြစ်သည်။ စာအုပ်တွင် နတ်မောက်ထွန်းရှိန်က အမှာစာရေးထားသည်။

ပတ်စာရေစာတွင် မြန်မာ့ဆိုင်းဝိုင်း၌ရှိသည့် ပတ်စာနှင့် ရေစာတို့၏ သဘောသဘာဝကို တိတိကျကျနိုက်နိုက်ချွတ်ချွတ် ရေးသားထားသည်ကို စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုနိုင်မည်ဖြစ်သည်။ ပတ်စာ၏စွမ်းဆောင်မှု၊ ပတ်စာပြုလုပ်ပုံ၊ ပတ် စာ ထိုးရာမှာအသုံးပြုသည့်ပစ္စည်း၊ ဆန်အသုံးပြုပုံ၊ထိုးပုံ၊နယ်ပုံကအစ ရေစာနှင့် ပတ်စာတို့၏အတွဲအဖက်ကိုရေးဖွဲ့ရင်း မြန်မာ့ဆိုင်းပညာအတိမ်အနက်ကို ထိထိမိမိသိရှိနိုင်သော ဆောင်းပါးဖြစ်သည်။

ကျွန်တော်ဦးဟန်ပဆောင်းပါးတွင် ရွှာစားကြီးဦးဟန်ပ၏ သားတပည့်အဖြစ် ပညာယူပုံ၊ အလှူပွဲ လက်ခံထားရာမှ ဦးဟန်ပနေမကောင်းဖြစ်ပြီး ဦးဟန်ပ နေရာတွင် အစားဝင်တီးခဲ့ရပုံများကိုရေးဖွဲ့ရင်း အလင်္ကာကျော်စွာ ရွှာစားကြီးဦးဟန်ပ၏ ဘဝတစ်စိတ်တစ်ဒေသကိုလည်း သိရှိဖတ်မှတ်ရမည်ဖြစ်သည်။

ဆိုင်းပြိုင်တွင်ပခုက္ကူမြို့၌ ဆိုင်းဆရာစိန်ဘညိုနှင့် စိန်ဘယူတို့ဆိုင်းပြိုင်ကြပုံ၊ တစ်ဖက်နှင့် တစ်ဖက်ပြိုင်ရာမှာ ဖယောင်းတိုင်ထွန်းပြီးနာရီတိုင်မီးအဖြစ် အသုံးပြုပုံ၊ နှစ်ဖက် ပရိတ်သတ်၏အားပေးပုံ၊ ဆိုင်းဆရာနှစ်ဦး၏ အပြိုင်အဆိုင်တီးခတ်ရင်း ပညာပြိုင်ကြပုံများကိုဖတ်နေရင်းကိုယ်တိုင်ပင်ဆိုင်းပြိုင်ပွဲထဲရောက်သွားသလို တစိမ့်စိမ့် ခံစားလာရသည့် ဆောင်းပါးဖြစ်သည်။

ဘိသိက်ဆရာဆားတောင်သောင်းတွင် ဦးသောင်းခေါ်ဆားတောင်သောင်း၏ဘဝ ကောက်ကြောင်းကိုတို့ထိရေးဖွဲ့ရင်း အညာအလှူပွဲတစ်ခု၌ ဘိသိက်ဆရာ နှစ်ယောက်ဘိသိက်ပြိုင်ဆိုင်ကြပုံကို ရွှာစားစိန်တင်ဟန်ကကိုယ်တိုင်တီးခတ်ရင်း သူ၏အတွေ့အကြုံအားဝတ္ထုဟန်ဖြင့် ရေးဖွဲ့ထားသည်ကို စိတ်ဝင်စားဖွယ် ဖတ်ရမည်ဖြစ်သည်။ စာအုပ်၏ အမှာစာတွင် နတ်မောက်ထွန်းရှိန်ရေးခဲ့သလို ဆောင်းပါးတစ် ပုဒ်ချင်းစီ၌ ပုံနှိပ်ခဲ့သည့်ဂျာနယ်၊မဂ္ဂဇင်းများ၏ခုနှစ်ကိုဖော်ပြနိုင်လျှင် သမိုင်းမှတ်တမ်းအရ ပိုမိုပြီးပြည့်စုံသွားနိုင်ပါသည်။

ယခုစာအုပ်သည် မြန်မာ့ဆိုင်းလော၊ မြန်မာ့ဇာတ် သဘင်၊ အငြိမ့်လောကမှ မှတ်သားစရာ၊ ဗဟုသုတဖြစ်စရာများဖြင့်မြန်မာအနုသုခုမလောကကိုစိတ်ဝင်စားသူများဖတ်မှတ် သိမ်းဆည်းထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဟုဆိုချင်ပါသည်။ ထန်းရွက်ပုတီးစာအုပ်တိုက်မှတန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကျောက်ခေတ်က ယမကာ

ဘီစီ ၆၀၀၀ ကတူရကီနှင့်အာမေးနီးယားဒေသရှိ ကျောက်ခေတ်စပျစ်သီးကုန်သည်များသည် စပျစ်ရည်စတင်ညှစ်ထုတ်ခြင်းကိုပြုလုပ်ခဲ့ကြပြီး ရှေးခေတ်ဆူမားရီးယန်းလူမျိုးများနှင့် အီဂျစ်လူမျိုးများသည် ဘီစီ ၃၀၀၀ ကာလက ပမာဏများပြားသောဘီယာများကို ချက်လုပ်ခဲ့ကြသည်။ သို့သော် ၈ ရာစုတွင် ယနေ့လူများသိထားကြသည့် အရက်ချက်သည့်လုပ်ငန်းစဉ်ကို အီရတ်နိုင်ငံမှ အဂ္ဂိရတ်ဆရာက တီထွင်နိုင်ခဲ့ခြင်းကြောင့် လေးစားချီးကျူးခံခဲ့ရသည်။

ယင်းလုပ်ငန်းစဉ်မှာ အချဉ်ဖောက်ထားသည့်အရည်များကို အပူပေးခြင်းဖြင့် ယမကာစစ်စစ်ကို ထုတ်ယူပြီးနောက် ပြွန်ကောက်ဖြင့်ကဲ့ကာ ထုတ်ယူသည့်ပုံစံမျိုးဖြစ်သည်။ အရက်စုံယမကာသည် စိတ်ပျော်ရွှင်ခြင်းနှင့်လှုပ်ရှားပြောင်းဆန်ကာ ခံစားမှုကသောင်းကနင်းဖြစ်စေနိုင်သောကြောင့် ကမ္ဘာကျော်ခဲ့သည်။ သို့သော်ကံမကောင်းစွာဖြင့် အဆိုပါပုဂ္ဂိုလ်ဖော်ထုတ်ထားသည့် အရက်နာကျခြင်းကို ကုသသည့်နည်းလမ်းမှာ သမိုင်းတွင်ပျောက်ကွယ်သွားခဲ့သည်။

—Source: Reader's Digest

## တစ်ပတ်တာ ကံကြမ္မာ

**မတ် ၂ ရက် မှ ၈ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ဦးတည်လိုက်တိုင်း နေရာတိုင်း၌ အနှောင့်အယှက်များနှင့်ထိပ်တိုက်ရင်ဆိုင်ရမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်ရင်းနှီးသူများနှင့် စကားများရမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိမည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မှုဖြစ်ထွန်းခြင်းအပေါ် မနာလိုသူရှိမည်။ အိုးအိမ်၊ ခြံ၊ မြေကိစ္စအတွက် ပဋိပက္ခဖြစ်မည်။ အိမ်တွင်းရေးအညံ့များရှိမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးခြားအကျိုးပေးမည်။ မြုပ်နေသောငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်ရမည်။ အရပ်ဝေးနှင့်ဆက်သွယ်သောလုပ်ငန်းများမှ ထင်ရှားသောအကျိုးအမြတ်ရမည်။ ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရမည်။ စိတ်ကူးသစ်နှင့်ဆောင်ရွက်ထားသည်များမှ အောင်မြင်မှုရရှိမည်။ မိသားစုတွင် ရသင့်လျက် ကြန့်ကြာနေသောငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ရည်မှန်းချက်အသစ်အောင်မြင်မည်။ အတိုက်အခံကြားမှတိုးတက်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အကူအညီကောင်းများရမည်။ အလုပ်သစ်ရှာဖွေလျှောက်ထားခြင်း၊ အိုးအိမ်နေရာသစ်တိုးချဲ့ခြင်းများ ဆောင်ရွက်ရန်အထူးကောင်းသည်။ ဖြစ်ပေါ်လာသောအခြေအနေသစ်များနှင့် လိုက်လျောညီထွေအောင် ဆောင်ရွက်၍ တိုးတက်မှုများဖန်တီးနိုင်သည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ပေါ်ပေါက်လာသောအပြောင်းအလဲများကို အသုံးချ၍ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည်။ မရောက်ဖူးသောအရပ်ဒေသများသို့ သွားရောက်ရမည်။ အလုပ်စု၊ ငွေကြေးကိစ္စများ အဆင်ပြေမည်။ ခြံ၊ ကား၊ အခန်းအလဲအလှယ်ကိစ္စများကြုံမည်။ မိဘအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။ အခြားသူများ၏ အလုပ်ကိစ္စ၊ ငွေကြေးကိစ္စများ ကြားဝင်ကူညီဆောင်ရွက်ရခြင်းကြုံမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ရင်းနှီးသူများနှင့်စကားများရမည်။ မနာလိုရန်အတိုက်အခံများရှိမည်။ အတူတကွပူးတွဲလုပ်သူများဖြစ်စေ စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ကျန်းမာရေးအညံ့ရှိနိုင်သည်။ တွဲဖက်လုပ်သောလူဟောင်းနှင့် လမ်းခွဲကာ လူသစ်များနှင့်ပူးပေါင်း၍ အုပ်စုဖွဲ့ကာ စုပေါင်းလုပ်ငန်းများ လုပ်ကိုင်ရမည်။ မိဘငြိုငြင်ခံရသော မင်္ဂလာဦးမောင်နှံအား လိုက်လံကူညီပေးရမည်။ အထူးစန်းပွင့်မည်။ အိမ်ထောင်ရေးဆုံးဖြတ်မှုများပြုနိုင်သည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ဆုံးဖြတ်ချက်သစ်များကို ချမှတ်၍ အလုပ်၊ ဘဝတိုးတက်မည်။ အပြောင်းအလဲကြားမှ တက်လမ်းများပေါ်ပေါက်မည်။ ရန်အားလုံးကိုကျော်လွှား၍ အလိုပြည့်စုံခြင်း၊ လာဘ်ပွင့်ခြင်းရှိမည်။ စုပေါင်းတွဲဖက်လုပ်ကိုင်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ငွေကြေးကံကောင်းမည်။ နေရာထိုင်ခင်းကိစ္စများ ပြောဆိုအောင်မြင်မည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်သည်များမှ ထူးခြားသောအကျိုးဆက်ရမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ခရီးနှင့်ပတ်သက်သောကံကောင်းမည်။ အလုပ်အကြံအောင်မည်။ လူကွဲခြားအကျိုးပေးမည်။ ငွေကြေးကိစ္စအတွက် စကားပြောဆိုခြင်းများအောင်မြင်မည်။ အရပ်ဝေးမှ ကောင်းသောသတင်းစကားများ လက်ခံရရှိမည်။ ပြည်ပတိုင်းတစ်ပါးအဆင့် အလုပ်ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း မိသားစုတွင်လည်းကောင်း ပြည်ပခရီးရှိမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

တိုးတက်အဆင်ပြေမှုများ ရှိလင့်ကစား ရန်မနာလိုသူများနှင့် ထိပ်တိုက်တွေ့မည်။ ငွေဝင်လင့်ကစား အကြောင်းအမျိုးမျိုးနှင့် ငွေပြန်ထွက်မည်။ သူတစ်ပါး ပြဿနာများအတွက် ကြားဝင်ဖြေရှင်းရင်း ငွေကုန်၊ အချိန်ကုန် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ အမှုပြဿနာများ၊ အခက်အခဲများကို ရင်ဆိုင်ကာ တစ်ဖက်သတ်အစွပ်အစွဲခံရခြင်း၊ ရှုံးနိမ့်ခြင်းများရှိမည်။ သတိရှိပါ။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

စုစည်းပေါင်းဖက်၍ လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ မိတ်ဆွေကောင်းအကူအညီရမည်။ အပြိုင်အတိုက်အခံများ ကျော်လွှားနိုင်မည်။ မိသားစုအတွင်း မင်္ဂလာရှိသောအကြောင်းအရာနှင့် သတင်းစကားများ ကြုံတွေ့ရမည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ အထောက်အကူကောင်းရမည်။ လာဘ်ပွင့်မည်။ ငွေဝင်ကောင်းမည်။ မြှုပ်နှံထားသည်များမှ ကောင်းသောအမြတ်အစွန်းရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ပြောင်းလဲလာသောအခြေအနေအရပ်ရပ်နှင့် အလုပ်သစ်၊ အကြံသစ်များ ရှေ့တိုးဆောင်ရွက်နိုင်သည်။ အခက်အခဲများ ကျော်လွှား၍ တက်လမ်းများရရှိမည်။ လူမျိုးခြားနှင့် ဆက်ဆံသော လုပ်ငန်းမှ ကောင်းသောအကျိုးဆက်များရရှိမည်။ အကုန်အကျများမည်။ နိုင်ငံခြားနှင့်ပတ်သက်သော လုပ်ငန်းများအကျိုးပေးမည်။ အလုပ်ပို၊ ကိစ္စပိုကြုံမည်။ အချစ်ရေးကံကောင်းမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အတိုက်အခံများနှင့်ကြုံမည်။ အရှိန်အဟုန်မြင့်မားစွာနှင့် လုပ်နေသောကိစ္စများ နှောင့်နှေးသွားမည်။ ပေါ့ပေါ့တန်တန်လုပ်သောသူများ၊ တာဝန်မဲ့စွာလုပ်သောသူများ၊ လုပ်ငန်းအပေါ် အလေးအနက်မထားသူများနှင့်ကြုံပြီး စီမံဆောင်ရွက်ထားသည်များ နှောင့်နှေးကြန့်ကြာခြင်းများကြုံတွေ့မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရမည်။ အနီးကပ်လူ ဒုက္ခပေးမည်။ မတော်တဆထိခိုက်မှုကရုစိုက်ရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အလွယ်တကူဖြစ်သည်ဟူ၍မရှိ။ အတိုက်အခံ၊ အခက်အခဲများကြုံပြီးမှ လိုရာပြည့်စုံမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ သူတစ်ပါး ကတိပျက်ခြင်းကြောင့် မိမိတွင် စိတ်အနှောင့်အယှက်ဖြစ်မည်။ အတိတ်ကာလမှ ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းရမည်။ ရန်အားလုံးကိုကျော်လွှားနိုင်ပေလိမ့်မည်။ ခိုင်မာတည်တံ့သောမေတ္တာအနေအထားနှင့်စစ်မှန်သောအဖော်မွန်ရွေးချယ်ခြင်းမျိုးကြုံမည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011



# အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းကို ဖြတ်သန်းချိန်

ကြည်နေဝင်းမင်း

အီရန်ရေတပ်သင်္ဘောနှစ်စီးသည် အီဂျစ်နိုင်ငံပိုင် စူးအက်တူးမြောင်းကိုဖြတ်သန်း၍ မြေထဲပင်လယ်ထဲ ဝင်ရောက်ကာ ဆီးရီးယားနိုင်ငံသို့ ဦးတည်သွားကြောင်း စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့ သတင်းရင်းမြစ်က ပြောကြားခဲ့ပြီး အစ္စရေးက အီရန်သင်္ဘောများ ဖြတ်သန်းခြင်းကို ရန်စခြင်းဟု ရှုတ်ချလိုက်ပါသည်။

အီရန်သမ္မတ ဟိုစနီမူဘာရက်ပြုတ်ကျပြီးနောက်ပိုင်းတွင် အီရန်သည် အရှေ့အလယ်ပိုင်း အခြေအနေကို သွေးတိုးစမ်းကြည့်နေပုံပေါ်ပါသည်။ ကာလကြာရှည်တည်မြဲခဲ့သည့် အီဂျစ်နိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်မှာ အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနိုင်ငံ၏ လုံခြုံရေးအတွက် အရေးပါသည့် စာချုပ်ဖြစ်ပါသည်။

သင်္ဘောများ၏ လှုပ်ရှားမှုကိုစောင့်ကြည့်နေမည်ဖြစ်ကြောင်း အမေရိကန်က ပြောကြားခဲ့သည်။ အီရန်စစ်သင်္ဘောများသည် ဖေဖော်ဝါရီလ ၂၂ ရက် နံနက် ၅ နာရီ ၄၅ မိနစ်တွင် စူးအက်တူးမြောင်းကို ဝင်ရောက်ခဲ့ပြီး ညနေ ၃နာရီခွဲတွင် မြေထဲပင်လယ်ဘက်သို့ ထွက်ခွာသွားကြောင်း စူးအက်တူးမြောင်းအာဏာပိုင် သတင်းရင်းမြစ်က ပြောကြားခဲ့ပြီး မတ်လ ၃ ရက်တွင် သင်္ဘောများ ပြန်လာနိုင်ကြောင်း ၎င်းကပင် ဆက်ပြောပါသည်။

စူးအက်တူးမြောင်းမှာ အီဂျစ်နိုင်ငံအား ဖြတ်သန်း ဖောက်လုပ်ထားခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းမှ ဥရောပသို့ သွားလာသည့်သင်္ဘောများ အာဖရိကတိုက်တောင်ဘက်အစွန်းမှ ကွေ့ပတ်မသွားရစေရန်နှင့် အလားတူပင် ဥရောပမှ သင်္ဘောများ အရှေ့အလယ်ပိုင်းသို့ အလွယ်တကူသွားရောက်နိုင်ရန် ဖောက်လုပ်ထားခြင်းဖြစ်သည်။

အီရန်ရေတပ်သင်္ဘောများ စူးအက်တူးမြောင်းအား ဖြတ်သန်းခြင်းမှာ ၁၉၇၉ ခုနှစ် အီရန်နိုင်ငံတွင် အစ္စလာမ်မစ်တော်လှန်ရေးဖြစ်ပေါ်ပြီး နောက်ပိုင်း နှစ်ပေါင်း ၃၀ အတွင်းပထမဦးဆုံးအကြိမ်ဖြတ်သန်းခြင်းဖြစ်ပြီး ဖရီးဂိတ်သင်္ဘောတစ်စီးနှင့် ထောက်ပံ့ရေးသင်္ဘောတစ်စီး ပါဝင်သည်။

အစ္စရေးနိုင်ငံကလည်း အီဂျစ်နိုင်ငံနှင့် အခြားဗင်း၏ မဟာမိတ်အမေရိကန်နိုင်ငံနှင့် အလွမ်းသင့်သည့် အာရပ်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို စိုးရိမ်နေသည်။ အီရန်ရေတပ်သင်္ဘောများ ဖြတ်သန်းခြင်းကို လေးလေးနက်နက်ရှုမြင်ပါကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက သင်္ဘောများ မဖြတ်သန်းမီက ပြောခဲ့ပါသည်။

အစ္စရေးဒုတိယဝန်ကြီးချုပ် မိုရှေးယာလွန်ကလည်း အစ္စရေးချယ်နယ် နံပါတ်-၂ တယ်လီဗေးရှင်း၌ စကားပြောကြားရာတွင် "ဒါဟာ အီရန်ရဲ့ ရန်စမှုပဲဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းကို ကြည့်လိုက်ရင် အီရန်ဝင်ပါလာတဲ့အခါတိုင်း အခြေအနေမကောင်းပါဘူး"ဟုပြောသည်။ သို့သော် အီရန်သင်္ဘောနှစ်စီးမှာ အစ္စရေးအပေါ် တိုက်ရိုက်ခြိမ်းခြောက်မှုမဟုတ်ဟု အစ္စရေးဒုဝန်ကြီးချုပ်ကဆိုပါသည်။ သင်္ဘောများ၏ လမ်းကြောင်းကို ခြေရာခံမည်ဖြစ်သော်လည်း ထိပ်တိုက်ရင်ဆိုင်မည်မဟုတ်ကြောင်း ရေတပ်အရာရှိများကိုကိုးကား၍ အစ္စရေးမီဒီယာများကဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ မစ္စတာပီဂျေခရိုလီကလည်း လွတ်လပ်စွာရေကြောင်း သွားလာရေးကို အမေရိကန်က အချိန်ကြာမြင့်စွာကပင် ထောက်ခံခဲ့ကြောင်း၊ ထို့အတွက် အီရန်သင်္ဘောများအား စူးအက်တူးမြောင်း ဖြတ်သန်းခွင့်ပြုခြင်း ဆုံးဖြတ်ချက်မှာ အီရန်နှင့် အီဂျစ်နှစ်နိုင်ငံသာ ပတ်သက်ကြောင်းပြောပါသည်။ သို့သော် ဒေသတွင်း၌ အီရန်နိုင်ငံ၏ လှုပ်ရှားမှုကို စိုးရိမ်ပါကြောင်းနှင့် အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကန်ပြောခွင့်ရပုဂ္ဂိုလ်က ဆက်ပြောပါသည်။

ထိုအတောအတွင်းမှာပင် အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းသို့ ရောက်ရှိလာခြင်းကို အစ္စရေးနိုင်ငံက အံ့အားသင့်နေကြောင်း အီရန်စစ်ဘက်ဒုတိယအကြီးအကဲ အဗ္ဗဒိုရာဟင်မူဆာဗီအားကိုးကား၍ အီရန်အစိုးရသတင်းအေဂျင်စီ အိုင်အာအန်အေကဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံအားရည်ညွှန်း၍လည်း အီရန်စစ်ဘက်အကြီးအကဲက အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ စစ်ဘက်သည် ၎င်းတို့၏ ရည်မှန်းချက်များကိုကာကွယ်ရန် အပြည့်အဝပြင်ဆင်ထားကြောင်း ကမ္ဘာတစ်လွှားမောက်မာနေသူကြီး သိထားရမည်ဟု ပြောဆိုခဲ့ပါသည်။

အီရန်၏ ငယ်ရွယ်နုပျိုပြီးရဲရင့်သော တပ်ဖွဲ့ဝင်များ၏ မိမိကိုယ်ကို ယုံကြည်မှုနှင့် နိုင်ငံ၏ ထိပ်သီးခေါင်းဆောင် (အယာတိုလာအလီခါမေနီ) ၏ လေးနက်သောလမ်းညွှန်မှုမှနေ၍ စူးအက်တူးမြောင်းသို့ အီရန်ရေတပ်သင်္ဘောများ လာရောက်မှုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အီရန်စစ်ဘက်အကြီးအကဲက ပြောကြားခဲ့ပါသည်။





အစ္စရေးနိုင်ငံကလည်း မစ္စတာမူဘာရက် သမ္မတရာထူးစွန့်လွှတ်ပြီး နောက်ပိုင်း ပထမဆုံးပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုကို အဆုံးသတ်လိုက်ပြီး ယင်းစစ်ရေးလေ့ကျင့်မှုသည် စစ်ရေးပြင်ဆင်မှုများကို တိုးတက်စေမည်ဖြစ်သော်လည်း အီရန်ဘက်မှ ခြိမ်းခြောက်မှု ကြီးကြီးမားမား မရှိခဲ့ပါက ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း သုံးသပ်ထားသည်။

ယင်းမှ သီးခြား အခြား သီတင်းတစ်ရပ်တွင် ဒုံးကျည်ကာကွယ်ရေးစနစ်တွင် သုံးသည့် Arrow II ဒုံးကျည်သည် ကယ်လီဖိုးနီးယားကမ်းခြေ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းမှ ပစ်လွှတ်သည့် ပစ်မှတ်ဒုံးကျည်အား ပစ်ချ၍ နောက်ဆုံးလက်တွေ့စမ်းသပ်မှုကို အောင်မြင်ခဲ့ကြောင်း အစ္စရေးနိုင်ငံက ကြေညာခဲ့ပါသည်။

အရှေ့အလယ်ပိုင်းတွင် အသစ်ထွက်ပေါ်လာသည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် Arrow ဒုံးကျည်များ၏ အဆင့်မြင့်မားလာမှုကို စမ်းသပ်မှုက ပြသနေကြောင်း အစ္စရေးကာကွယ်ရေးအရာရှိ အေရီးယားဟားဇော့ဂ်ကပြောသည်။

"Arrow ဟာဒေသတွင်းမှချထားတဲ့ လက်နက်တွေ (ဒုံးကျည်တွေ) အကုန်လုံးကို ကြားဖြတ်ပစ်ချနိုင်ပါတယ်။ အီရန်ကလာနိုင်ခြေရှိတဲ့ ဒုံးကျည်တွေကိုလည်း ပစ်ချနိုင်ပါတယ်" ဟု ဟားဇော့က သတင်းထောက်များအား ပြောကြားခဲ့သည်။

အီဂျစ်အုပ်ချုပ်ရေး စစ်ဘက်ကောင်စီသည်လည်း ဖေဖော်ဝါရီလ ၁၁ ရက်နိုင်ငံအာဏာလွှဲပြောင်းရယူပြီး ပထမဦးဆုံး သံတမန်ရေးရာ ခေါင်းကိုက်စရာကြုံတွေ့ခဲ့ရပြီးနောက် အီရန်စစ်သင်္ဘောများအား စူးအက်တူးမြောင်းကို ဖြတ်သန်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ စူးအက်တူးမြောင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးတွင် အလွန်အရေးပါသည့် ရေလမ်းကြောင်းဖြစ်သလို အီဂျစ်နိုင်ငံ၏ အဓိကဝင်ငွေရပေါက်ရလမ်းကြီးလည်းဖြစ်ပါသည်။

ယင်းဆုံးဖြတ်ချက်မှာ အီဂျစ်ကြားဖြတ်အစိုးရအတွက် ခက်ခဲခဲ့သည်။ ကိုင်ရိုမှာ အမေရိကန်နှင့်မဟာမိတ် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း အီရန်နိုင်ငံနှင့် ဆက်ဆံရေးမှာ နှစ်ပေါင်း ၃၀ အတွင်းအဖုအထစ်များ ဖြစ်ပေါ်ခဲ့သည်။

အရှေ့အလယ်ပိုင်း မငြိမ်မသက်မှုများမှနေ၍ ၎င်းတို့အတွက် အမြတ်ထွက်နေသည်ဟု အီရန်ကရှုမြင်ကြောင်း စိစစ်လေ့လာသူများက ပြောကြားပြီး အမေရိကန်နှင့် အလွမ်းသင့်သော ခေါင်းဆောင်များ အားနည်းလာခြင်းနှင့် ဖြုတ်ချခံရခြင်းမှာ တီဟီရန်အား ပို၍ရဲတင်းလာစေနိုင်သည်။ ထို့အတွက် ၎င်း၏ နျူကလီးယား အစီအစဉ်အပေါ် လိုက်လျောမှုပြုလုပ်ရန် အခွင့်အရေးပိုနည်းလာသည်ဟု သုံးသပ်ကြသည်။ နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ရည်ရွယ်ထားသည်ဟူသောပြောဆိုချက်များကို အီရန်က ငြင်းဆိုထားပါသည်။

*—Ref: Reuters*

TRADEMARK CAUTION
Lightning Protection International Pty Ltd, an Australian corporation of Complex, a Company incorporated in 49 Patriarch Drive, Huntingfield, Tasmania, 7055, Australia is the Owner and Sole Proprietor of the following Trademarks:-
LPI
Reg.No.4/1026/ 2011
ILSE
Reg.No.4/1025/ 2011
In respect of : Class 09" Apparatus for attracting lightning, lightning arresters, lightning conductors"
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate.
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@myanmar.net.mm
www.mipadvocate.com
Ph : 371990 3.March.2011

သဇင်
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊
အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။
မျက်ဝန်းတစ်ဝိုက်အရေအကြောင်းများကို
သုံးရက်အတွင်း သိသာစေခြင်း။

ESWL
USG
(24 hr service)
W1

7 DAY NEWS JOURNAL
Vol.9, No.49 ▪ MARCH 3, 2011

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 62,800 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,300 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 125,600 |
| Intel P4 Core i5 3.06 GHz (540) (1156) Processor | 115,600 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 274,800 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 55,500 |
| MSI P43-C51 (775) Motherboard | 71,900 |
| MSI H55M-E32 (1156) Motherboard | 86,500 |
| MSI H55M-E33 (1156) Motherboard | 96,500 |
| ASUS P7P55D-ELX (1156) Motherboard | 141,000 |
| ASUS P7H55-MLX (1156) Motherboard | 81,900 |
| ASUS P5G41T-MLX (775) Motherboard | 56,400 |
| Gigabyte P41-ES3G (775) Motherboard | 68,300 |
| Gigabyte EP43-UD3L (1156) Motherboard | 91,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 20,000 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| 4 GB DDR3 (1333) Kingston Memory | 42,800 |
| **Harddisk** | |
| 500 GB Seagate SATA | 41,000 |
| 1 TB Seagate SATA | 59,200 |
| 1.5 TB Seagate SATA | 80,000 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 76,400 |
| MSI 8400GS 512MB PCI Express Card | 40,000 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 88,300 |
| ASUS EAH 5750 Formula 1GB PCI Express Card | 143,800 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 51,900 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 73,500 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte 8400STC 512I 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba16 GB | 32,000 |
| Memory Stick SanDisk16 GB | 24,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick HP 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 10,000 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| Power Tree (650 VA) | 38,000 |
| Power Tree (1.2 KVA) | 65,000 |
| SVC (600 VA) | 30,000 |
| SVC (1.2 KVA) | 58,200 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 30,900 |
| EAST (1.2 KVA) | 59,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 27,300 |
| ASUS DVD Writer (SATA) | 29,100 |
| Liteon DVD Writer (SATA) | 24,600 |
| **အိတ်ဆောင်တီဗီငှက်အဘိဓာန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၂၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,15.6″ | 632,000 |
| Intel Core i5 2.67Ghz 2GB DDR3, 640GB HDD,14.0" | 791,000 |
| **Apple** | |
| Intel Core 2 Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,040,000 |
| **HP** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 691,000 |
| **Sony** | |
| Intel Corei5 2.53Ghz 4GB DDR3,500GB HDD,15.5″ | 1,001,000 |
| **Toshiba** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0″ | 637,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 586,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၂၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၇၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၂၅)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၂၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀-၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ (၂၅) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၅၀၀-၅,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၄၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၂၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဖေဖော်ဝါရီလ (၂၄)ရက်က ကြည့်မြင်တိုင်ဗဟိုစ်ပြင်ငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀ ဝန်းကျင် |
| စူဇူကီး ဝက်ဂွန် R⁺ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီးR⁻ (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာဖင်(ရှေ့ကွဲ) | ၈၈ | ၄၀ | ၂၀၀ |
| စူပါရှဖ် | ၈၆ | ၄၀ | ၂၀၀ ဝန်းကျင် |
| မတ်ခ်တူး(ခါတ်ဆီ) ရှေ့ငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၀ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

ဖေဖော်ဝါရီ (၂၅) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Feb(19) | Feb (20) | Feb (21) | Feb (22) | Feb (23) | Feb (24) | Feb (25) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၇၀၀ | ၃,၈၀၀ | ၃,၉၀၀ | ၄,၀၀၀ |
| Premier ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |


SHINE Construction Co.,Ltd.
Member of Shine Group of Companies
3-3-2011 မှ 6-3-2011 အထိ
တွင် ကျင်းပပြုလုပ်မည့်
" Housing & Building 2011 " ပြပွဲတွင်
10% to 30 % Discount
ယူဆောင်လာရုံဖြင့်
ဝယ်ယူခွင့်ရရှိမည့်အခွင့်အရေး
Laptop, Aircon, Electric Oven,
LCD (40")
ရရှိမည့်အခွင့်အရေး
Special Discount
မြို့တော်ခန်းမ
Hot Line : 09 73066849, 09 863 3515 Tel : Pilot No. 01-385344, 01-385340~4


KAUNG MYAT ZAW INT'L CO., LTD
Member of Shine Group of Companies
တပ်မတော်ခန်းမအတွင်း 25-2-2011 မှ 6-3-2011 အထိ ကျင်းပပြုလုပ်မည့် ပြပွဲတွင်
ရရှိနိုင်မည့်အခွင့်အရေး ...
Viglacera အမှတ်တံဆိပ် (Italy Technology, Made in Vietnam)
ကြွေပြား၊ ကျောက်ပြား၊ ဘိုထိုင်၊ ဘေစင်၊ Cotto Tile (အခင်း)၊ အုတ်ကျွတ်အမိုးများ
အစရှိသည့် အိမ်အသုံးအဆောင်ပစ္စည်းများ တပြိုင်နက် လေ့လာဝယ်ယူနိုင်မည့် အခွင့်အရေး...
များ ဝယ်ယူနိုင်မည့်အခွင့်အရေး...
ဖြင့်ပြုလုပ်ထားသော အိပ်ခန်းသုံးတံခါးများ ဝယ်ယူနိုင်မည့်အခွင့်အရေး...
ရရှိနိုင်မည့်အခွင့်အရေး...
- အမှတ်(၂၉)၊ ပြည်ထောင်စု ရိပ်မြုံလမ်း၊ ရိပ်မြုံကွန်ဒို (အောင်ဆန်းကွင်းအထူးတန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
Tel : 01-385340~4
E-mail : kaungmyatzaw@wimaxmial.net.mm, kaungmyatzaw.trading@gmail.com, http://www.shineconstructioncompany.com

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

**(ယမန်နေ့မှအဆက်)**

ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှ ပညာရှင်များ၊ လူအများ လေးစားလောက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင် ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။

ထို့အပြင် မြန်မာနိုင်ငံအတွင်းမှ ကိုယ်တိုင်ခံစားခဲ့ကြရသည့် ကာယကံရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် အသင်းအဖွဲ့တာဝန်ရှိသူများ၏ပြောကြားချက်ကို သိလိုပါသေးသည်ဟုဆိုလျှင်လည်း ထုတ်ပြပါဦးမည်။

၂၀၀၉ ခုနှစ် ဩဂုတ်လ ၃၁ ရက် - စက်တင်ဘာ ၆ ရက် သတ္တပတ်ထုတ် The MyanmarTimes ဂျာနယ်တွင် သတင်းထောက်ရဲလွင်က Reconsider Sanction, Say Businesses and workers ဟူသော သတင်းဆောင်းပါးတစ်ပုဒ်ကို ရေးသားဖော်ပြခဲ့ပါသည်။

ယင်းဆောင်းပါး၌ "အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအကြောင်းရင်းခံများဖြင့် ချမှတ်ခဲ့သော ပိတ်ဆို့မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေခဲ့ပြီး လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံးအလွှာ၌ အလုပ်လက်မဲ့များ တိုးပွားလာအောင် တွန်းအားပေးခဲ့သည်" ဟု အစချီထားသည့် သတင်းထောက်က "ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းမှ အလုပ်လက်မဲ့ဖြစ်သွားခဲ့ရသူ မိန်းကလေးများသည် ပြည်တွင်း၌ ညကလပ်နှင့် အရက်ဘားများတွင်လည်းကောင်း၊ နိုင်ငံခြား၌ လုပ်ခအနည်းငယ်ဖြင့် ပင်ပန်းဆင်းရဲစွာ လုပ်ရသော အလုပ်ရုံများ၌လည်းကောင်း မလွှဲမရှောင်သာ လုပ်ကိုင်နေကြရသည်ဟု လေ့လာသူများက ပြီးခဲ့သည့်ရက်သတ္တပတ်ကပင် အစီရင်ခံခဲ့သည်" ဟုဆိုသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စတင်အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး သတင်းရေးသည့် ၂၀၀၉ ခုနှစ်တိုင်အောင် ပုံမှန်အလုပ်မရှိဘဲ လမ်းပေါ်၌ ပန်းရောင်းရသည့် မဥမ္မာ(၂၇)နှစ်ဆိုသူ အမျိုးသမီးတစ်ဦးကိုလည်း သတင်းထောက်က တွေ့ဆုံမေးမြန်းထားသည်။ ဧရာဝတီတိုင်းဒေသကြီးဇာတိဖြစ်ပြီး လှိုင်သာယာရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ လာရောက်လုပ်ကိုင်နေခဲ့သူ မဥမ္မာသည် အမေရိကန်သို့ အထည်များ မတင်ပို့နိုင်တော့ခြင်းကြောင့် စက်ရုံပိတ်လိုက်ရပြီးကတည်းက အလုပ်လက်မဲ့ဖြစ်ကာ ဘဝရှင်သန်ရပ်တည်ရေးအတွက် ရရစားစားဘဝဖြင့် နှစ်ပေါင်းများစွာ ရုန်းကန်နေရဆဲဖြစ်၏။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမြင့်စိုးက ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် စတင်သည့် အမေရိကန်ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်သားပေါင်း ၈၅၀၀၀ အလုပ်ပြုတ်ကုန်ကြပြီး ယင်းတို့အနက် ၉၅% မှ ၉၈% မှာ အသက်(၁၈)နှစ်မှ (၃၅)နှစ်အကြား အရွယ်ကောင်းအမျိုးသမီးများဖြစ်သည်ဟု မြန်မာတိုင်းမ်ဂျာနယ်ကို ပြောပြခဲ့သည်။

"ပိတ်ဆို့မှုတွေကို လူသားချင်းစာနာမှုအမြင်နဲ့ ပြန်ပြီးသုံးသပ်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ ပိတ်ဆို့မှုတွေဟာ သာမန်ပြည်သူလူထုကို ထိခိုက်စေလို့ပါ" ဟု ဦးမြင့်စိုးက မှတ်ချက်ပြုခဲ့သည်ဟုဆို၏။ ပိတ်ဆို့မှုမတိုင်မီက မြန်မာနိုင်ငံတွင် အထည်ချုပ်စက်ရုံပေါင်း ၃၀၀ ခန့်ရှိခဲ့ရာမှ ပိတ်ဆို့မှုဒဏ်ချက်ကြောင့် ၂၀၀၉ ခုနှစ်တွင် စက်ရုံ ၁၂၀ ခန့်သာ ကျန်ရှိခဲ့ကာ အလုပ်သမ ၈၅၀၀၀ ခန့်သာရှိခဲ့တော့သည်။

အမေရိကန်ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းသာမဟုတ် ရေထွက်ပစ္စည်းလုပ်ငန်း၌လည်း ထိခိုက်မှုရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေက ပြောကြားခဲ့သည်ဟု အဆိုပါဆောင်းပါး၌ဖော်ပြထားသည်။ ၁၉၉၈ မှ ၂၀၀၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် အမေရိကန်သို့ ရေထွက်ပစ္စည်း တင်ပို့ရာ၌ စတုတ္ထအများဆုံး အာရှနိုင်ငံဖြစ်ခဲ့ပြီး ပိတ်ဆို့မှုသာ မရှိခဲ့ပါက ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံ ဖြစ်လာဖွယ်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်ဟုဆို၏။

ပိတ်ဆို့မှုများသည် မြန်မာနိုင်ငံမှ သာမန်ပြည်သူလူထုကို ထိခိုက်စေခဲ့ကြောင်း ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ လုပ်ငန်းရှင်များ၏ အခြားပြောကြားချက်များစွာ ရှိသေးသော်လည်း ယခုတင်ပြလာသည့် လူတန်းစားစုံ၊ အလွှာစုံ၊ နိုင်ငံစုံမှ လူပုဂ္ဂိုလ်များ၏ ပြောကြားထုတ်ဖော်မှုများနှင့်ပင် သိသာနေလောက်ပြီဖြစ်၍ ထိခိုက်မှုကို ဤမျှဖြင့်ပင် ရပ်ထားပါဦးမည်။ ဆက်လက်၍ NLD ၏ စာတမ်း၌ ဤကိစ္စအပေါ် မည်သို့မည်ပုံ စောဒကတက်ထားသည်ကို စောဒနာပြုကာ ဆန်းစစ်သွားပါဦးမည်။

### စာတမ်းပါ စောဒကများနှင့် စောဒနာပြုချက်

အဆိုပါစာတမ်း၌ ပိတ်ဆို့မှုကြောင့် ထိခိုက်မှုနှင့်ပတ်သက်၍ စီးပွားရေးပိတ်ဆို့မှုများကို နိုင်ငံ၏ စီးပွားရေးပြဿနာများအတွက် အရေးပါသောအကြောင်းရင်းခံတစ်ရပ်အဖြစ် IMF က မရှုမြင်ပါဟု IMF ကို သက်သေထူသည်။ သို့ရာတွင် IMF က စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်၍ ထိုသို့ အမြင်သဘောထားရှိကြောင်း ထုတ်ဖော်မှုမျိုး ကိုလည်း မတွေ့ရပါ။ စီးပွားရေးပိတ်ဆို့မှုသည် မြန်မာနိုင်ငံစီးပွားရေးကို အကန့်အသတ်ဖြင့် ထိခိုက်မှုရှိသည်ဟု ဖော်ပြထားသည်ကိုမူ တွေ့မိပါသည်။ **IMF** အနေဖြင့် နိုင်ငံရေးအရ အရေးပါ၍ အထိအခိုက်မခံသော ထိုကိစ္စမျိုးကိုလည်း ပြောလေ့မရှိပါ။ အထူးသဖြင့် နိုင်ငံတကာပိတ်ဆို့မှုများကို ဆန့်ကျင်နေသည့်ကာလတွင် ပို၍ပင်မဖြစ်နိုင်သကဲ့သို့ **IMF** ၏ မူလဖွဲ့စည်းပုံ သဘောတူညီချက်အရလည်း စီးပွားရေးပိတ်ဆို့မှု၊ ငွေကြေးလွှဲပြောင်းခွင့်ပိတ်ဆို့မှုများကို ဆန့်ကျင်ထားသည်။ [IMF သဘောတူညီချက် ပုဒ်မ

**(၆) ပုဒ်မခွဲ(၂)နှင့် ပုဒ်မ(၈) ပုဒ်မခွဲ(၂၁)**

ထိုစာတမ်း၌ ပိတ်ဆို့မှုကြောင့် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီများ လျော့နည်းသွားခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်ဟူသော စွပ်စွဲပြောဆိုချက်မှာ မှန်ကန်မှုရှိ၊ မရှိ စောဒကတက်ထားသည်ကိုလည်း တွေ့ရ၏။ ၎င်း၏အကြောင်းပြချက်မှာ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြား ဖွံ့ဖြိုးမှုအကူအညီ ဒေါ်လာ ၃၇၁၂ သန်းရခဲ့ပြီးဖြစ်ပါလျက် ၁၉၈၇ ဒီဇင်ဘာလကပင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်ကျဆင်းခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၈၈ နောက်ပိုင်း တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ ရပ်ဆိုင်းသွားခဲ့ခြင်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုအားနည်းရခြင်းနှင့်မဆိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအချက်မှာ ရုတ်တရက်ကြည့်လျှင် ဟုတ်မှန်သယောင်ထင်ရသော်လည်း သေချာစဉ်းစားလျှင် ယုတ္တိကင်းမဲ့လှ၏။ ၁၉၇၈ မှ ၁၉၈၈ အကြား မြန်မာက ရရှိခဲ့သော ဖွံ့ဖြိုးမှုအကူအညီမှာ တစ်နှစ်လျှင် ပျမ်းမျှ ဒေါ်လာ ၃၇၁ သန်းသာရှိပြီး လူဦးရေနှင့်စားပါက ပြည်သူတစ်ဦးလျှင် ၁၀ ဒေါ်လာခန့်သာရှိသည်။ အိမ်နီးချင်းနိုင်ငံများမှာ တစ်နှစ်လျှင် ဒေါ်လာ ၂၀ မှ ၄၀ ကျော်ခန့်အထိရကြသည်။ ထိုသို့ ဆင့်ပါးစပ် နှမ်းပက်သလောက်သာရခဲ့သော ဖွံ့ဖြိုးမှုအကူအညီဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းကို မည်သို့ ထိရောက်စွာလုပ်ကိုင်နိုင်ပါအံ့နည်း။

၁၉၈၇ နှစ်ကုန်တွင် မြန်မာနိုင်ငံ၌ စီးပွားရေးအကျပ်အတည်းဖြစ်ခဲ့သည်မှန်ပါ၏။ ထိုကြောင့်လည်း နိုင်ငံရေးမတည်ငြိမ်မှုအဖြစ် ကူးစက်ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ခဲ့သည်။ အလားတူပင် ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၌လည်း စီးပွားရေးအကျပ်အတည်းများ ဖြစ်ခဲ့ဖူးသည်ပင်။ ဥပမာ-ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ၁၉၉၇ ခုနှစ်တွင် အကျပ်အတည်းဖြစ်ခဲ့သည်။ ထိုကာလ၌ **IMF** ကမ္ဘာ့ဘဏ် စသောငွေကြေးအဖွဲ့အစည်းများက ထောက်ပံ့ငွေ ချေးငွေများဖြင့် ပံ့ပိုးကူညီကြသည်။

မြန်မာနိုင်ငံ၌မူ **IMF** နှင့် ကမ္ဘာ့ဘဏ်တို့သည် ၁၉၈၇ ခုနှစ်ကပင် မြန်မာက အကြွေးမဆပ်နိုင်၍ စည်းကမ်းနှင့်မညီဟုဆိုကာ ငွေထပ်မံထုတ်ချေးမှု မပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဘေးကြီး ကြုံရချိန်၌ပင် တစ်ပြားတစ်ချပ်မျှ ကူညီထောက်ပံ့ချေးငှားမှုမပြုခဲ့ပေ။ (ဟေတီကိုမူ ကြွေးကျန်ရှိသည့်ကြားမှ ဒေါ်လာသန်းရာနှင့်ချီကာ ထပ်မံထုတ်ချေးပေးခဲ့သည်။)

အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကလည်း နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ငွေထုတ်ပေးခြင်းမပြုစေရန် ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်တို့တွင် တရား ဝင်ပိတ်ဆို့ထားခဲ့ရာ မြန်မာနိုင်ငံအတွက် မည်သည့်အဖွဲ့အစည်းထံကမျှ ငွေကြေးလက်ခံ ရရှိရန် မျှော်လင့်ဖွယ်မရှိတော့ပေ။

ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးအပ်သည့် ODA ခေါ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီမှာလည်း ၁၉၈၈ နောက်ပိုင်း မရှိသလောက် ရပ်ဆိုင်းသွားခဲ့ရာ ရေနစ်သူကို ဝါးကူ၍ထိုးသကဲ့သို့ဖြစ်တော့သည်။

ပြဿနာမှာ ယင်းစာတမ်း၌ "ရေနစ်သူသည် ရေထဲ၌ နစ်ပြီးဖြစ်၍ ဝါးကူ၍ထိုးသော်လည်း အကုသိုလ်မဖြစ်တော့" ဟူသည့်သဘောမျိုးဖြင့် မိုးကြိုးပစ်ရာ ထန်းလက်ဖြင့်ကာထားခြင်းပင်ဖြစ်၏။ တစ်နည်းဆိုသော် သေလုနီးပါး အားနည်းဖျားနာနေသည့် လူမမာအား သေခါနီးပြီဖြစ်၍ အစာကျွေး ရေတိုက်စရာမလိုတော့ဘဲ ပစ်ထားခြင်းသည် မှန်ကန်သောလုပ်ရပ်အဖြစ် ရှေ့နေလိုက်ပေးခြင်းပင်ဖြစ်တော့သည်။

စင်စစ်၌ လက်ရှိအခြေအနေ၌ပင် မြန်မာနိုင်ငံက လက်ခံရရှိသော ODA အကူအညီမှာ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းစာသော် မယှဉ်သာအောင် နည်းနေဆဲဖြစ်၏။ ဥပမာ-ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်း ဒေါ်လာသန်းရှစ်ထောင်ရမည်ဟု ကတိပြုချက်များ ရရှိထားသော်လည်း လက်တွေ့၌ ဒေါ်လာသန်းလေးထောင်ကျော်ခန့်သာ သဘောတူစာချုပ်ချုပ်ရသဖြင့် ညည်းတွားနေသည်ကိုဖတ်ရှုရသည်။

၂၀၀၈ ခုနှစ်အတွက် စာရင်းဇယားကိုကြည့်ပါက တစ်ဦးကျ ODA ပမာဏတွင် လာအိုက ၄၈ ဒေါ်လာ၊ ကမ္ဘောဒီးယားက ၅၁ ဒသမ ၆ ဒေါ်လာ၊ ဗီယက်နမ်က ၄၃ ဒသမ ၅ ဒေါ်လာနှင့် သီရိလင်္ကာက ၅၀ ဒေါ်လာ ရရှိချိန်တွင် မြန်မာက၁၀ ဒေါ်လာကျော်ခန့်သာရရှိကြောင်းတွေ့ရ၏။ ဤသည်မှာပင် နာဂစ်ကြောင့်ရသည့်အကူအညီများ ထည့်ပေါင်းထား၍ ထိုမျှရခြင်းဖြစ်ပြီး နာဂစ်အကူအညီကိုနုတ်ပါက သုံးဒေါ်လာကျော်သာရှိမည်ဖြစ်၏။

ထို့ကြောင့် တစ်နှစ် တစ်ဦးလျှင် ပျမ်းမျှ ၄၅ ဒေါ်လာနှုန်းရသင့်သည်ဟုတွက်ပါက မြန်မာလူဦးရေ သန်း ၅၀ အတွက် ODA အကူအညီမှာ တစ်နှစ်လျှင် ဒေါ်လာသန်း ပေါင်း ၂၂၅၀ ခန့် ဆုံးရှုံးနေရသည်ဟုဆိုနိုင်သည်။ ထိုမျှသောငွေပမာဏမှာ မြန်မာနိုင်ငံက တစ်နှစ်စာ သဘာဝဓာတ်ငွေ့ရောင်းရငွေနှင့် ညီမျှသလောက်ရှိပေရာ အကယ်၍ ထိုသို့ ရသင့်ရထိုက်သော အကူအညီပမာဏသာ ၁၉၈၈ ခုနှစ်မှစ၍ ရခဲ့မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးရေး၊ အခြေခံလူထု၏ ကျန်းမာရေး၊ ပညာရေးတို့အတွက် မည်မျှအထောက်အကူဖြစ်လိမ့်မည်ဆိုသည်ကို တွက်ဆနိုင်ပေသည်။

သို့သော် မြန်မာအစိုးရအနေဖြင့် ပိတ်ဆို့မှုအမျိုးမျိုးကြား၊ အကူအညီအထောက်အပံ့ဖြတ်တောက်မှုမျိုးစုံအကြားမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ ရုန်းကန်ခဲ့ရသည်။ ထိုသို့ ရုန်းကန်ကြိုးပမ်းကာ ရရှိလာသည့်ဝင်ငွေများမှ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသော အခြေခံအဆောက်အအုံ၊ လမ်းတံတားများကိုလည်း အပြင်းအထန် တိုးချဲ့၍ဖောက်လုပ်ရသည်။ စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုကြီးမားသော ရေအားလျှပ်စစ်စီမံကိန်းများကို အစုလိုက်အပြုံလိုက်ဆောက်ရသည်။ စက်မှုဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်များ တည်ဆောက်ရသည်။ နိုင်ငံရိက္ခာနှင့် စီးပွားရေးအတွက် အဓိကကျသော စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာစေရန် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်းများကိုလည်း အစုအဖွဲ့ဖြင့် တိုးချဲ့တည်ဆောက်ရသည်။ နိုင်ငံကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်ရသည်။ ပညာရေးအတွက် ကျောင်းများ ပညာရေးအတွက် ကျောင်းများ၊ တက္ကသိုလ်များ၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဘက်ပညာသင်တက္ကသိုလ်များကိုလည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိအောင် တိုးချဲ့တည်ဆောက်ရသည်။ ဤသို့ မနေမနားကြိုးပမ်းမှုများကြောင့် သိသာထင်ရှားသော အောင်မြင်မှုများလည်း ရလာခဲ့သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးဖူလုံ့ရုံမျှမက ဆန်တင်ပို့နိုင်သည့် အဓိကနိုင်ငံတစ်ခုဘဝသို့ ရောက်ရှိလာခဲ့သကဲ့သို့ ပဲမျိုးစုံတင်ပို့မှုတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်လာသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးသည်နှင့်အမျှ နိုင်ငံ၏ လူများစုဖြစ်သော တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှာလည်း ယခင်ကနှင့် လုံးဝမတူအောင် ကွဲပြားခြားနားကာ တိုးတက်လာခဲ့သည်။

သို့တိုင်အောင် ယင်းစာတမ်း၌ လူထု၏ပညာရေးနှင့် ကျန်းမာရေးကို အလေးထားဆောင်ရွက်ခြင်း မရှိသဖြင့် လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာခြင်းမရှိဟု ထောက်ပြဝေဖန်ထားသည်မှာ တကတ်တက်စင်အောင် မှားနေပေသည်။ ယင်းစာတမ်းက UNDP ၏ ၂၀၁၁ ခုနှစ် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာကို ကိုးကားဖော်ပြထားသည်။ ယင်း UNDP အစီရင်ခံစာ၌ပင် မြန်မာနိုင်ငံ၏ HDI ခေါ် လူသားဖွံ့ဖြိုးမှုညွှန်းကိန်းမှာ ၂၀၀၅ ခုနှစ်မှစ၍ သိသိသာသာတိုးတက်လာခဲ့သည်ကိုတွေ့နိုင်သည်။ ယင်းစာတမ်း၌ မြန်မာနိုင်ငံသည် လာအိုနှင့် ကမ္ဘောဒီးယားတို့လောက်ပင် လူသား ဖွံ့ဖြိုးမှုမရှိဟုဆိုထားရာ ညွှန်းမှတ်ကိန်းဂဏန်းအရ နိမ့်နေသေးသော်လည်း တိုးတက်မှုနှုန်းပို၍မြင့်မားမြန်ဆန်သည်ကို နှိုင်းယှဉ်ပြလိုပါသည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အကြား မြန်မာနိုင်ငံ၏ HDI ညွှန်းကိန်းတိုးတက်မှုသည် ၀. ၀၄၅ ရှိချိန်၌ လာအိုမှာ ၀. ၀၃၇ နှင့် ကမ္ဘောဒီးယားမှာ ၀. ၀၂၈ သာရှိသည်ကို တွေ့ရ၏။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ လူသားဖွံ့ဖြိုးမှုနှုန်းသည် လာအိုထက် ၂၀% ပိုမို၍ ကမ္ဘောဒီးယားထက် ၆၀ % ပိုမိုမြန်ဆန်စွာတိုးတက်လာခဲ့ခြင်းပင်ဖြစ်၏။ အဘယ်ကြောင့် ညွှန်းမှတ်ကိန်းဂဏန်းတွင် မြန်မာက နိမ့်ကျနေရသေးသည်ကိုလည်း ရှင်းလိုပါ၏။ စင်စစ်၌ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအချက်များ၌ မြန်မာသည် ထိုနိုင်ငံနှစ်ခုနှင့် များစွာမကွာလှသည့်အပြင် အချို့အရေးပါသောအချက်များ၌ များစွာသာလွန်နေသေးသည်ကိုတွေ့ရ၏။ ဥပမာ- ပညာရေးနှင့်ပတ်သက်၍ စာတတ်မြောက်မှုနှုန်း၌ မြန်မာသည် ၈၉. ၉% ရှိနေချိန်၌ လာအိုမှာ ၇၃% နှင့် ကမ္ဘောဒီးယားမှာ ၇၃. ၆% သာရှိ၏။ ကျန်းမာရေးနှင့်ပတ်သက်၍ မီးဖွားမိခင်သေနှုန်း၌ မြန်မာသည် မီးဖွားမှု(အရှင်မွေး)တစ်သိန်းတွင် ၃၈၀ ဦးရှိရာ လာအိုမှာ ၆၆၀ ဦးနှင့် ကမ္ဘောဒီးယားမှာ ၅၄၀ ဦးရှိနေသည်။ သန့်ရှင်းသောအိမ်သာအသုံးပြုနိုင်မှု၌ မြန်မာသည် နိုင်ငံလူဦးရေ၏ ၈၁% သုံးနိုင်ပြီး လာအိုမှာ ၅၃% နှင့် ကမ္ဘောဒီးယားမှာ ၂၉% သာရှိသည်ကို တွေ့ရ၏။

သို့ပါလျက် အဘယ်ကြောင့် HDI ကိန်းဂဏန်းနိမ့်နေရသနည်းဆိုသော် အဓိကအားဖြင့် အချက်နှစ်ချက်ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်းမှန်းဆရ၏။ ပထမအချက်မှာ တစ်ဦးကျ အမျိုးသားဝင်ငွေ GNI တွက်ချက်ရာ၌ မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်း အမျိုးမျိုးရှိနေသောကြောင့် တိကျစွာတွက်ချက်ရန်ခက်ခဲခြင်း၊ စာရင်း၌ မပါဝင်သောအခြားဝင်ငွေများ(ဥပမာ၊ အခွန်မဆောင်ကုန်ပစ္စည်း တင်သွင်း/တင်ပို့မှုနှင့် အခြားလုပ်ငန်းများ)ရှိနေသေးခြင်း စသည့်အကြောင်းများကြောင့် မကြာခင်ပေါ်လာသော ကိန်းဂဏန်းများက နည်းနေနိုင်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ လူသားလုံခြုံမှုကိစ္စ၌ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းခိုလှုံနေရသူအရေအတွက်ကို ၁၈၄၀၀၀ ခန့်အထိ များပြားစွာ ဖော်ပြထားပြီး လာအို၌ ၈၆၀၀၊ ကမ္ဘောဒီးယား၌ ၁၇၃၀၀ ခန့်သာ ဖော်ပြထားရာ ကိန်းဂဏန်းချင်း များစွာကွာခြားလှသည့်အတွက် ယင်းကိုထည့်သွင်းတွက်ချက်သည့်အခါ အနုတ်လက္ခဏာပြမှုကြီးမားကာ မြန်မာက ညွှန်းမှတ်နောက်သို့ ရောက်သွားခြင်းဖြစ်၏။ ဤအတွက်ကား မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ သက်ဆိုးရှည်လှသော ပြည်တွင်းသောင်းကျန်းမှုနှင့် ဒုက္ခသည်စခန်းကို ဗန်းပြကာ လှုပ်ရှားနေကြသူများကိုသာ အပြစ်တင်သင့်ပေသည်။

သို့ဖြစ်ရာ ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံ၌ ထိခိုက်မှုနှင့်ပတ်သက်၍ ကောက်ချက်ဆွဲရသော် အောက်ခြေလူထု၌ပါ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိသည်မှာ မငြင်းနိုင်ပေ။ သို့သော် လူများစု ဘဝပျက်၍ ဖရိုဖရဲဖြစ်ရလောက်အောင် အခြေအနေဆိုးမသွားဘဲ နိုင်ငံစီးပွားရေးပြန်ကောင်းလာသည်မှာ ပိတ်ဆို့သူများက သဘောကောင်းလာ၍ မဟုတ်ပေ။ အမှန်စင်စစ် တစ်စထက်တစ်စ ပို၍တင်းကျပ်စွာ ပိတ်ဆို့လာခဲ့ခြင်းသာရှိပြီး နာဂစ်မုန်တိုင်း မြန်မာနိုင်ငံတွင် ကျရောက်လုဆဲကာလမှာပင် သိလျက်နှင့်ကိုယ်ချင်းမစာဘဲ မြန်မာအပေါ် ပိတ်ဆို့မှုကို သက်တမ်းတိုးသည့်အမိန့်အား အမေရိကန်သမ္မတက လက်မှတ်ထိုးခဲ့သည်ဖြစ်ရာ ဤသို့ စိတ်စေတနာဆိုးရွားလှသည့် ပိတ်ဆို့မှုကြားမှ နိုင်ငံပြန်ထောင်လာနိုင်သည့်ဖြစ်စဉ်မှာ မြန်မာအစိုးရနှင့် ပြည်သူများ၏ စိတ်ဓာတ်ကြံ့ခိုင်စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကိုတည်ဆောက်နိုင်မှု၊ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချနိုင်မှုနှင့် ပတ်ဝန်းကျင်ဒေသတွင်းနိုင်ငံများ၏ နားလည်ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ဟုဆိုလျှင် မှားမည် မထင်ပါ။

သို့စင်လျက် ပိတ်ဆို့သူတို့က သဘောကောင်းစွာဆင်ဆင်ခြင်ခြင် ရှေးချယ်ပိတ်ဆို့မှုကြောင့် အောက်ခြေလူထုကို စိုးစဉ်းမျှထိခိုက်မှုမရှိပါဟု ပရမ်းပတာ မခိုင်လုံလှသော အကြောင်းပြချက်များဖြင့် မြန်မာပြည်သူများနှင့် ကမ္ဘာကို လှည့်စားရန်အား ထုတ်နေခြင်းမှာမူ နိုင်ငံနှင့် ပြည်သူတို့အပေါ် မေတ္တာ ကရုဏာ စသောဗြဟ္မစိုရ်တရားများ မထားရက်လေခြင်းဟုသာ စိတ်မကောင်းစွာ ကောက်ချက်ချရန်ရှိလေတော့သည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် ပိတ်ဆို့သူတို့၏ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်မြင်အောင် မည်မျှလုပ်ဆောင်ပေးနိုင်သည်ဆိုသည့် "ထိရောက်မှု" အပိုင်းကိုလည်း ဆက်လက်၍ ဆွေးနွေးတင်ပြသွားပါဦးမည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

| နိုင်ငံ | HDI ညွှန်းကိန်း | | | | | |
|---|---|---|---|---|---|---|
| | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ |
| မြန်မာ | ၀ . ၄၀၆ | ၀ . ၄၁၉ | ၀ . ၄၃၂ | ၀ . ၄၃၈ | ၀ . ၄၄၄ | ၀ . ၄၅၁ |
| လာအို | ၀ . ၄၆ | ၀ . ၄၆၇ | ၀ . ၄၇၅ | ၀ . ၄၈၃ | ၀ . ၄၉ | ၀ . ၄၉၇ |
| ကမ္ဘောဒီးယား | ၀ . ၄၆၆ | ၀ . ၄၇၅ | ၀. ၄၈၄ | ၀. ၄၈၉ | ၀ . ၄၈၉ | ၀ . ၄၉၄ |

## စာ(၄၁) ကယ်တင်ရှင်များကို ပြန်ကယ်ခြင်း မှ

တတိယအပိုင်းကိုမူ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလ အနှစ်သုံးဆယ် သတ်မှတ်ထားကြောင်း သိရသည်။ ပထမအပိုင်းကိုမူ ၂၀၀၇ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် စိုက်ပျိုးပြီးသားအပင်အချို့ ပျက်စီးသွားခဲ့ရာ ၂၀၀၉ ခုနှစ်တွင် လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံတို့တွင်ရှိသည့် ရွာငါးရွာတွင် ဧက ၄၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဧက ၃၁၀ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒေသခံများစိုက်ပျိုးရာတွင်လည်း နည်းစနစ်မှန်ကန်စေရန်အတွက် စိုက်ပျိုးမှုနည်းစနစ် ပညာပေးစခန်းများအား JICA ၏အကူအညီဖြင့် တည်ဆောက်ကာ ဒေသခံများအတွက် နည်းပညာများဖြန့်ဝေပေးခြင်း မျိုးများဖြန့်ဝေပေးခြင်း စသည်များလည်း ဆောင်ရွက်လျက်ရှိသည်။ ဒီရေတောများသည် ဒေသခံများအတွက် စီးပွားရေးဖွံ့ဖြိုးမှုအား တဖက်တစ်လမ်းမှ အကူအညီပေးလျက်ရှိသည့်အပြင် သဘာဝဘေးအန္တရာယ်များကျရောက်လာပါကလည်း ခံတပ်များသဖွယ်အကာအကွယ်ပေးလျက်ရှိကြသည့် သဘာဝပတ်ဝန်းကျင်အကျိုးပြု အပင်များဖြစ်ကြသဖြင့် နောက်တစ်ချိန်တွင် သဘာဝဘေးအန္တရာယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်ရပါက အကာအကွယ်ဖြစ်စေရန် ဒီရေတောစိုက်ခင်းများအား ဒေသခံနှင့် တာဝန်ရှိသူများပူးပေါင်း၍ စနစ်တကျထိမ်းသိမ်းသင့်ကြောင်း သစ်တောနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာရှင်များက ပြောကြားသည်။

## ရာသီဥတုကြောင့် ၂၀၂၀ တွင် ကမ္ဘာ့မြောက်ပိုင်းသို့ ပြောင်းရွှေ့မည့်သူ သန်း ၅၀ ရှိနိုင်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၁**

ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် နိုင်ငံကိုစွန့်ခွာကာ ကမ္ဘာ့မြောက်ပိုင်းသို့ ခိုလှုံရသော "သဘာဝပတ်ဝန်းကျင်ဒုက္ခသည်" အရေအတွက်သည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေသန်း ၅၀ ခန့်ရှိလာနိုင်ကြောင်း အမေရိကန်အဆင့်မြင့်သိပ္ပံအသင်း AAAS ၏ မကြာမီသေးမီကပြုလုပ်ခဲ့သော ကွန်ဖရင့်တွင် ပညာရှင်များက သတိပေးခဲ့ကြသည်။ လော့စ်အိန်ဂျလိစ်၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ခရစ်တီနာတီရာဒိုက ယင်းကွန်ဖရင့်တွင် "၂၀၂၀ မှာဆို ကုလသမဂ္ဂရဲ့ခန့်မှန်းချက်အရ ကျွန်မတို့ဆီမှာ သဘာဝပတ်ဝန်းကျင် ဒုက္ခသည်သန်း ၅၀ လောက်ရှိလာနိုင်ပါတယ်။ လူတွေဟာပျက်စီးလွယ်တဲ့နေရာတွေမှာ မနေနိုင်ရင် ပြောင်းရွှေ့ကြမှာပါ" ဟု ပြောသည်။

ပညာရှင်များကမူ ယခုအခါဥရောပတောင်ပိုင်းသည် အာဖရိကတိုက်မှ ပြောင်းရွှေ့လာသူများ ပိုမိုစီးဝင်လာရာအရပ်ဖြစ်နေကြောင်း မော်ရိုကိုမှ စပိန်နိုင်ငံသို့ ဂျီဘရော်တာရေလက်ကြားမှ ဝင်လာသူများ၊ လစ်ဗျားနှင့်တူနီးရှားမှ အီတလီနိုင်ငံသို့ဝင်လာသူများ ပိုများလာကြောင်း ပြောကြားထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ်လူပေါင်း ၂ ဒသမ ၂ သန်းခန့်မှာ အစားအစာနှင့် ရေကြောင့်ဖြစ်သော ရောဂါဘယများဖြင့်သေဆုံးနေကြရကြောင်း သိရသည်။ *—Ref: AFP*

## လပွတ္တာမြို့နယ်မှ ဒီရေတောများ နာဂစ်အလွန်တွင် ပြန်းတီးမှု ပိုမြန်လာ

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

လပွတ္တာမြို့နယ်အတွင်း သဘာဝအတိုင်း ပေါက်ရောက်နေသော ဒီရေတောများသည် မူလရှိသော ဒီရေတော ဇရိယာစတုရန်းမိုင်နှစ်သိန်းခုနစ်သောင်းမှ နာဂစ်အလွန် သုံးနှစ်ပြည့်လုနီးသည့်အချိန်၌ ၅၀ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့ကြောင်း သစ်တောဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

နာဂစ်မုန်တိုင်းအပြီးတွင်ကျန်ရှိနေသော ဒီရေတောသည် အကြမ်းဖျင်း ၇၀ ရာခိုင်နှုန်းကျန်ရှိရာမှ အခုအခါ ၅၀ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့သည်ဟုဆိုသည်။ ဒီရေတောဇရိယာ လျော့နည်းလာခြင်းမှာ တရားမဝင်သစ်ခိုးထုတ်ခြင်းများနှင့်လယ်ယာမြေများ ချဲ့ထွင်လာခြင်း၊ လူဦးရေတိုးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ "ကျန်တဲ့တောတွေကလည်း ပျက်စီးလာကြတယ်။ အပင်ပေါက်ကနေ အပင်ကြီးဖို့ မလွယ်နိုင်ဘူး။ ခုတ်တဲ့သူနိုင်လို့ ။ အင်န်ဂျီအိုတွေ၊ အိုင်အင်န်ဂျီအိုတွေကတော့ သစ်တောပြန်လည်ထိန်းသိမ်းရေးအတွက် ဒေသခံတွေကို စီအက်ဖ်(အစုအဖွဲ့ပိုင်သစ်တော)တွေလုပ်ပေးနေတယ်" ဟုအထက်ပါဒေသတွင်စီအက်ဖ်လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

လပွတ္တာမြို့နယ်တွင် ဒီရေတောအဖြစ် ကာကွယ်ထိန်းသိမ်းသော ကြိုးဝိုင်းသုံးခုရှိသည်။ ယင်းတို့မှာပြင်လန်း၊ကြာကန်ကွင်းပေါက်၊ ကာကာယန်းကြိုးဝိုင်းတို့ဖြစ်သည်။ ပြင်လန်းတွင် ကိုးသောင်းခုနစ်ထောင်ရှစ်ရာကိုးစတုရန်းမိုင် ကြာကန်ကွင်းပေါက်တောတွင်ခြောက်သောင်းခြောက်ထောင်ခြောက်ရာငါးဆယ် စတုရန်းမိုင်၊ ကာကာယန်းတွင် ခြောက်သောင်းခြောက်တောင်လေးရာခုနစ်ဆယ်တစ် စတုရန်းမိုင်ကျယ်ဝန်းကြသည်။ နာဂစ်မုန်တိုင်းကြောင့် ဇရိယာစတုရန်းမိုင် လေးသောင်းပျက်စီးခဲ့ရသည်။

Environment Cartoon





ဒီရေတောများသည်
မြစ်နားကမ်းနားရွာများအား
သဘာဝဘေးအန္တရာယ်များ
ဖြစ်သည့် မုန်တိုင်းကဲ့သို့သော
အန္တရာယ်များ
ကျရောက်ချိန်တွင်
ခံတပ်များသဖွယ် . . .

**သီဟ**

# ကယ်တင်ရှင်များကို ပြန်ကယ်ခြင်း

ရွှေးမြစ်၏ ဘေးတစ်ဖက်တစ်ချက်တွင် စိမ်းညို့နေသည့်ဒီရေတောအုပ်များကို ဟိုတစ်ကွက်ဒီတစ်ကွက် တွေ့မြင်နေရသည်။ တောအုပ်များ၏အောက်ခြေတွင် ဗွက်များဖြင့်ထူထပ်နေသော်လည်း အဆိုပါတောအုပ်များသည် လူပေါင်းမြောက်မြားစွာ၏ အသက်များကို ကယ်ဆယ်ပေးခဲ့သော လူ့မိတ်ဆွေတောအုပ်များပင် ဖြစ်တော့သည်။

တကယ်တမ်းဆိုပါက ထိုကဲ့သို့သော တောအုပ်များသည် မြစ်ကမ်းဘေးတစ်ဖက်တွင် ယခုကဲ့သို့ဟိုတစ်ကွက်ဒီတစ်ကွက်ဖြစ်မနေသင့်ဘဲ ထူထပ်ပေါများစွာ ပေါက်ရောက် ရှင်သန်နေသင့်ကြသော အရာများဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ဆိုကြသည်။

အဆိုပါ ဒီရေတောများသည် မြစ်နားကမ်းနားရွာများအားသဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းကဲ့သို့သော အန္တရာယ်များကျရောက်ချိန်တွင် ခံတပ်များသဖွယ်အကာအကွယ်ပေးလျက်ရှိကြသည့်ဒီရေတောများပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင်ဆုံးရှုံးမှုအများဆုံးကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ခဲ့စဉ်က ဒီရေတောအကာအကွယ်ရရှိခဲ့သည့်ရွာများသည် အသေအပျောက် အနည်းဆုံးနှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးရွာများဖြစ်ခဲ့ကြောင်း လေ့လာသူများ၏ အဆိုအရသိရသည်။

သို့သော် အဆိုပါတောအုပ်များသည် ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်ကြောင့် ခုတ်ထွင်မှုခဲ့ကြရာ အချို့သောနေရာများတွင် တောပြုန်းလုနီးပါးဆုံးရှုံးနေပြီဖြစ်သဖြင့် ဒေသအာဏာပိုင်များ၊ သစ်တောဦးစီးဌာနနှင့် အခြားသောစေတနာရှင် အဖွဲ့အစည်းများက ယခင်က စိမ်းလန်းခဲ့သည့်နေရာများတွင် ပြန်လည်စိမ်းလန်းလာစေရန် ဒီရေတောပြန်လည်စိုက်ပျိုးရေးစီမံကိန်းများနှင့် လက်ရှိဒီရေတောများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ပြန်လည်ဖော်ထုတ်လျက်ရှိနေကြပြီဖြစ်သည်။

လက်ရှိတွင်လည်း လပွတ္တာ၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များရှိ သစ်တောကြိုးဝိုင်းလေးခုတွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA) နှင့်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဒီရေတောစီမံကိန်းများကို အပိုင်းသုံးပိုင်းခွဲ၍ အကောင်အထည်ဖော်လျက်ရှိရာ ပထမအသုတ်ပြီးလုနီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများအား ကျေးရွာလူထုများကိုအခြေပြု၍ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး အစုအဖွဲ့ပိုင် ဒီရေတောများကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိကြောင်းသိရသည်။စီမံကိန်းပထမအဆင့်အတွက်မတည်ငွေများအား JICA မှယန်းငွေသန်း ၇၅၀ နှင့်မြန်မာဘက်မှ ကျပ်သန်း ၁၀၀အကုန်အကျခံ ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်း ပထမအဆင့်အား ၂၀၀၇ ခုနှစ် ဧပြီတွင်စတင်ခဲ့ကာ လာမည့် ၂၀၁၂ တွင်ပြီးစီးမည်ဟု မူလက ဆောင်ရွက်ခဲ့သော်လည်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် စီမံကိန်းနှစ်တစ်နှစ်ထပ်တိုးကာ ၂၀၁၃ မှ အပြီးသတ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းများ၏ ရည်ရွယ်ချက်သည် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဒီရေတောများ အားရေရှည်ထိန်းသိမ်းကာ ထိုသို့ထိန်းသိမ်းရင်းဖြင့် ဒီရေတောနှင့် ဒေသခံပြည်သူများ အတူယှဉ်တွဲနေထိုင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်လွင်ကပြောသည်။


ဒီရေတောစီမံကိန်းများ အားအပိုင်းသုံးပိုင်းခွဲ၍ဆောင်ရွက်ရာတွင်ပထမအပိုင်းအား စီမံကိန်းကာလငါးနှစ်သတ်မှတ်ထားပြီး အခြေခံကာလ Foundation Periodအဖြစ်သတ်မှတ်ထားပြီး ဒုတိယအပိုင်းအား တိုးချဲ့ကာလ Extention Period အဖြစ်သတ်မှတ်ထားကာ အဆိုပါကာလကိုလည်း ငါးနှစ်သတ်မှတ်ထားသည်။

**စာ(၄၀) သို့**

## ၂၀၂၀ တွင် ကျားကောင်ရေနှစ်ဆပြန်တိုးရန်မဖြစ်နိုင်ဟု ပညာရှင်ပြောကြား

**ချင်းတွင်းသူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄**



ကမ္ဘာပေါ်တွင်အကောင်ရေ ၃၀၀၀ ကျော်သာကျန်ရှိတော့ခြင်းကိုကမ္ဘာလုံးဆိုင်ရာ ကျားထိန်းသိမ်းရေးစီမံချက်တစ်ခုချမှတ်ကာ ကျားကျန်ရှိနိုင်ငံ ၁၃ နိုင်ငံက ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိရာ ၂၀၂၀ တွင်ကျားကောင်ရေနှစ်ဆ ပြန်လည်မြင့်တက်ရန်မှာမဖြစ်နိုင်ကြောင်း ကမ္ဘာ့တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) မှ တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

၂၀၂၀ တွင်လက်ရှိတစ်ကမ္ဘာလုံးတွင်ရှိသည့်ကျားကောင်ရေ၏နှစ်ဆဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းရန် ၂၀၁၀ ခုနှစ်ဒီဇင်ဘာလအတွင်းက ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကျင်းပကာ ကျားကျန်ရှိနိုင်ငံ ၁၃ နိုင်ငံက သဘောတူညီခဲ့ကြသည်။

"ဘာလို့မဖြစ်နိုင်ဘူးလို့ ပြောရလဲဆိုရင်။ တကယ့်ကျားကျက်စားနေတဲ့နေရာတွေမှာလက်တွေ့ထိန်းသိမ်းမှုအားနည်းနေသေးလို့ဘဲ။ လုပ်စရာတွေအများကြီးရှိတယ်" ဟု ထိုင်းနိုင်ငံဘန်ကောက်အခြေစိုက် WWF မှ တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရေးပညာရှင်က ပြောသည်။ ကမ္ဘာပေါ်တွင်ကျားကောင်ရေများ ယုတ်လျော့နေခြင်း၏ အကြောင်းအရင်းမှာ တရုတ်နှင့်ထိုင်းနိုင်ငံတို့တွင်တည်ရှိသော တောရိုင်းတိရိစ္ဆာန်ဈေးကွက်တွင်ကျားနှင့်ကျားကိုယ်ခန္ဓာအစိတ်အပိုင်းဈေးကွက်တွင် ဝယ်လိုအား အဆမတန်မြင့်မားနေခြင်းမှာ အဓိကကျသောအချက်ဖြစ်နေကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့ဘဏ် (World Bank) ၏ အဓိကထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၊ ရုရှား၊ အိန္ဒိယတို့အပါအဝင် နိုင်ငံ ၁၃ နိုင်ငံတွင် ကျားထိန်းသိမ်းရေးလုပ်ဆောင်မှုများ စတင်နေပြီဖြစ်သည်။ ကျားထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ကျားကျက်စားသော နယ်မြေများတွင် နေထိုင်သော ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကလည်း အရေးကြီးပြီး ကျား၏အစာဖြစ်သော သားကောင်ငယ်များ တောအတွင်း ပေါများစွာကျန်ရှိနေမှုများကလည်း အရေးကြီးသော အချက်များဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ပညာရှင်များက ပြောကြားလိုက်သည်။

Tourism

7 DAY NEWS JOURNAL

Vol.9, No.49 · MARCH 3, 2011

# ဖွံ့ဖြိုးမှုအချိုးမညီသေးတဲ့ ငွေဆောင်

အောင်သူရ

ညီ ညာဖြောင့်ဖြူးနေသော ကတ္တရာလမ်း၏ လမ်းဘေးဝဲယာတွင် ဈေးဆိုင်များအပြည့်နေရာယူထားသည်။ စားသောက်ဆိုင်များ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ တည်းခိုခန်းများ၊ မျိုးစုံပါဝင်သည်။ လွန်ခဲ့သော ၂ နှစ်ခန့်က မြေကွက်လပ်များဖြစ်ခဲ့သောနေရာများမှာပင် ဈေးဆိုင်များတွေ့လာရသည်။ ထိုလမ်းမပေါ်သို့ ပြည်တွင်းပြည်ပဧည့်သည်များလိုက်ပါလာသော ကားများ၊ ဆိုင်ကယ်များ အခါမလပ်ဖြတ်သန်းနေသည်။ ထိုနေရာမှာ ငွေဆောင်ကမ်းခြေရှိရွာမလမ်းဖြစ်သည်။



ငွေဆောင်ကမ်းခြေကို ဖေဖော်ဝါရီ ဒုတိယပတ်က တွေ့ရစဉ်။ ဓာတ်ပုံ-လမင်းနိုင်

သို့သော်ရွာမလမ်းနှင့်အပြိုင်ရှိနေသော လမ်းသုံးလမ်းမှာမူ မြေသားလမ်းအတိုင်းသာ ရှိသေးသည်။ ထိုလမ်းများ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ဈေးများရှိမနေဘဲ ဒေသခံများ၏ နေအိမ်များနေရာယူထားသည်။ မျဉ်းပြိုင်တည်ရှိသော လမ်းလေးခုကြားကူးရန်လမ်းကောင်းကောင်း မဖောက်ရသေး။

ထို့အပြင် ရွာမလမ်းနှင့် ငွေဆောင် ၁ လမ်းကြားရှိ မြေကွက်လပ်များ၌ အမှိုက်များ ဟိုနားတစ်စု၊ သည်နားတစ်စုပြန့်ကျဲလျက်။

"လမ်းမကြီးတွေကို ဆက်ပေးထားတဲ့လမ်းသွယ် ၅ လမ်း မဖောက်သေးတော့ ရွာထဲကလူတွေကမ်းခြေဆင်းစရာမရှိဘူးဒေသခံတွေဈေးရောင်းစားလို့မရဘူး။ သဘော်သီးချင်း တူတာတောင် ရွာမလမ်းက သဘော်သီးက ၅၀၀ ကျပ်ရတယ်။ ၁ လမ်းက သဘော်သီးက ၃၀၀ ကျပ်ရတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ဆယ်နှစ်ကျော်သက်တမ်း ရှိပြီဖြစ်သော ငွေဆောင်ကမ်းခြေနှင့် အနီးဆုံးတည်ရှိနေသော ရွာရှိ လမ်းများတစ်ခုနှင့် တစ်ခုမတူညီမှုဖြစ်သည်။

ကမ္ဘာကျော်ပတ္တရား ကမ်းခြေထက်လှပသော သဘာဝတရားများရှိနေသည်ကို တွေ့ရှိပြီးနောက် ၄ မိုင်ခွဲရှည်လျားသော ကမ်းခြေအား ငွေဆောင်ကမ်းခြေအဖြစ် ၂၀၀၀ပြည့်နှစ်ကသတ်မှတ်ခဲ့သည်။ ထိုကမ်းခြေပေါ်ရှိ ငဆော်ရွာအား ငွေဆောင်ရွာအဖြစ် သမုတ်ခဲ့သည်။ ငွေဆောင်ကမ်းခြေအဖြစ်သတ်မှတ်ခဲ့သည့် လေးမိုင်ခွဲရှည်လျားသော ကမ်းခြေတစ်လျောက်ရှိ ဘူးကွဲလေး၊ကျောက်ကြီး၊အုန်းတော၊ ရွာဟောင်းနှင့် ဇီးတောကျေးရွာများမှာ အိမ်ခြေ ၃၀၀ ကျော်အား ငွေဆောင်ရွာမလမ်းနှင့် အပြိုင် ၁ လမ်း၊ ၂ လမ်း၊ ၃ လမ်းဟူ၍ ဖောက်လုပ်ကာပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ငွေဆောင်မြို့နယ်ခွဲ၏ ရပ်ကွက်များအဖြစ် သတ်မှတ်ခဲ့ကြသည်။

သဘာဝအလှနှင့် လူနေမှုစရိုက်တို့အား တစ်နေရာတည်းလေ့လာသိရှိနိုင်ရန်နှင့် အရှေ့တောင်အာရှတွင်ရှိသော ကမ်းခြေများတွင် မရှိသေးသည့် ကျေးရွာအား အလယ်ထား၍ ဟိုတယ်များတည်ဆောက်ရန် သတ်မှတ်ပေးခဲ့သည်။ သို့သော် ဆယ်နှစ်ကျော်လာသောအခါရွာရှိလမ်းတစ်လမ်းစီ၏ ဖွံ့ဖြိုးမှု အချိုးမညီခဲ့ပေ။ လမ်းများအတိုင်းပင် ဟိုတယ်များ၏ ဖွံ့ဖြိုးမှုချင်းလည်း အချိုးမညီခဲ့။ ငွေဆောင်ရွာ၏ မြောက်ဘက်တွင် ရှိသော ဟိုတယ်အားလုံးမှာဖွင့်လှစ်လုပ်ကိုင်နေပြီး ရွာမလမ်းနှင့်အပြိုင်စည်ကားလျက်ရှိနေသော်လည်း ရွာ၏တောင်ဘက်တွင် ရှိသောဟိုတယ်ဇုန်မှာမူ ထိုကဲ့သို့သော အခြေအနေမျိုးမဟုတ်ပေ။ အဆိုပါအခြမ်းတွင် သတ်မှတ်ထားသော ဟိုတယ်၊၁၇ လုံးရှိသော်လည်း တစ်ဝက်ခန့်သာစနစ်တကျဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး ကျန်ရှိနေသော ဟိုတယ်များမှာ ၁၀ နှစ်တာအတွင်း အပြောင်းအလဲမရှိခဲ့ပေ။

"ကမ်းခြေစဖွင့်ခါစတုန်းကနာမည်ကြီးခဲ့တဲ့ ဟိုတယ်တွေ အကုန်ကျသွားပြီး ပြုပြင်မှုမလုပ်ကြတာလည်းပါတယ်" ဟု EFR ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ကိုကျော်မင်းလှိုင်ကပြောသည်။

ထိုကဲ့သို့ ဖွံ့ဖြိုးမှုအချိုးမညီခဲ့ရခြင်းမှာလည်းအကြောင်းတရားများစွာရှိသည်။ ငွေဆောင် ကမ်းခြေစတင်ဖွင့်လှစ်သည်မှ ၂၀၀၅ ခုနှစ်ထိငွေဆောင်ရွာနှင့် အဆိုပါဟိုတယ်များကို ဆက်သွယ်ထားသောလမ်းမကောင်းခဲ့ခြင်းရွာနှင့်ဝေးသဖြင့် ဧည့်သည်ဝင်ရောက်မှုနည်းခြင်းတို့ကြောင့်ဖြစ်သည်။

ထို့အပြင် ငွေဆောင်ကမ်းခြေဖွင့်လှစ်သည့်အချိန်မှစ၍ ၁၀ နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ် အပါအဝင်အခြားသော အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ဧည့်သည်ဝင်ရောက်မှုမြင့်မားလာချိန်တစ်နာရီမိုင်တစ်ရာခန့်တိုက်ခတ်ခဲ့သော မာလာမုန်တိုင်း တိုက်ခိုက်ခံရ၍ အဆောက်များအအုံပျက်စီးခဲ့ခြင်း ၂၀၀၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သော နိုင်ငံရေးမငြိမ်မသက်မှုများနှင့် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုလျော့ကျခဲ့ခြင်းတို့မှာ ငွေဆောင်ဟိုတယ်များ ကြုံတွေ့ခဲ့ရသည်။

အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ငွေဆောင်ဇုန်ဟိုတယ် လုပ်ငန်းရှင်များကတော့ ကြိုးစားမှု အားကောင်းသည်။ လက်ရှိမြန်မာနိုင်ငံတွင် ခရီးသွားလည်ပတ်မှုအများဆုံး ကမ်းခြေသုံးခုတွင် ငွေဆောင်ဇုန်မှ ဟိုတယ်များမှာ လှုပ်ရှားမှု အများဆုံး ပင်။ တစ်နှစ်တာပတ်လုံးနီးပါးကမ်းခြေဈေးကွက်မြှင့်တင်မှုပွဲများ အခါမလပ်ပြုလုပ်ကြသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှစ၍ ငွေဆောင် ကမ်းခြေတွင် ထမနဲပွဲ၊ ကရင်ဒိုးယိမ်းကဲ့သို့ ရိုးရာပွဲတော်များ ၁၀ နှစ်ပြည့်ပွဲတော်အပါအဝင် ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့၍ ငွေဆောင်ကမ်းခြေအားကြော်ငြာခဲ့ကြသည်။ လာမည့် မတ်လ၌ပင် နိုင်ငံတကာခရီးသွားပြပွဲသို့ပင်သွားရောက်ပြသတော့မည်ဖြစ်သည်။

ထိုကဲ့သို့ ကြိုးပမ်းမှုများကြောင့် ခရီးသွားလုပ်ငန်းပြန်လည်ကောင်းမွန်လာသော ၂၀၀၉ ခုနှစ်မှစ၍ ဧည့်သည်ဝင်ရောက်မှုပြန်လည်မြင့်တက်ခဲ့ပြီး ရွာထဲတွင်လည်း စားသောက်ဆိုင်များ၊ ဈေးသက်သောင့်သက်သာဖြင့် တည်းခိုနိုင်သော တည်းခိုခန်းများပါဖွင့်လှစ်လုပ်ကိုင်လာကြသည်။

ငွေဆောင်ကမ်းခြေတွင် စုစုပေါင်းဟိုတယ် ၂၃ လုံးတည်ရှိပြီး ၁၇ လုံး ဖွင့်လှစ်လုပ်ကိုင်နေကြသည်။ အခန်းစုစုပေါင်း ၆၀၀ မှ ၇၀၀ အကြားရှိသည်။ ငွေကျပ် ၃၀၀၀ လောက်ဖြင့် တည်းခိုနိုင်သော တည်းခိုခန်းပေါင်း ၁၀ခုခန့်ရှိပြီး ဟိုတယ်များတွင် ဈေးအနိမ့်ဆုံး ကျပ်၁၅၀၀၀မှ ကျပ် ၃၀၀၀၀၀ ကျော်အထိ ဈေးအမျိုးမျိုးရှိသည်။

ယခုနောက်ပိုင်း ဈေးနှုန်းသက်သက်သာသာဖြင့် တည်းခိုနိုင်သော EFR နှင့်Ocean Paradise ကဲ့သို့သော ဟိုတယ်များလည်းရှိလာခဲ့သည်။ Ocean Paradise မှာ ဖေဖော်ဝါရီလ အတွင်းမှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ငါးသိန်းတန် ဟန်းဖုန်းများကြောင့် ဆက်သွယ်ရေးပိုလွယ်လာ၍ပင်လယ်စာဝယ်ယူရာတွင် လွယ်ကူလာကြောင်း စပယ်ဖြူ စားသောက်ဆိုင်ပိုင်ရှင်ကိုဇော်မင်းသန်းက "ပင်လယ်စာရောင်းတဲ့လူတိုင်းမှာ ဖုန်းရှိတယ်။ ဖုန်းဆက်လိုက်ရင်လာပို့တယ်။ တစ်နေ့စာတစ်နေ့ပဲ ဝယ်တော့ လတ်လတ်ဆတ်ဆတ်စားလို့ရအောင်လို့" ဟု ဆိုသည်။ညဘက်၌လည်း သီဆိုဖျော်ဖြေနိုင်သော KTV နှင့်ကိုယ်ကာယနှိပ်နယ်ခြင်းလုပ်ငန်းများလည်းဖွင့်လှစ်လာခဲ့ကြသည်။

သို့သော်ငွေဆောင်ဟိုတယ်ဇုန်တွင် အဓိကတွေ့ကြုံနေရသော အခက်အခဲမှာ လျှပ်စစ်မီးဖြစ်သည်။ ၁၀ နှစ်ကြာသည့်တိုင် ကိုယ်ပိုင်မီးစက်အသုံးပြုနေသဖြင့် အခန်းခများ ဈေးလျှော့ချသော်လည်း လျှော့၍မရပေ။

"ရေတာ်ကောင်းမှတည်ဆောက်မယ့် ဘီလပ်မြေစက်ရုံအတွက်သွယ်မယ့် ဓာတ်အားလိုင်းကနေ ငွေဆောင် ဟိုတယ်တွေအတွက် ပေးဖို့တော့အစီအစဉ်ရှိပါတယ်" ဟုငွေဆောင်ဇုန်ဟိုတယ်လုပ်ငန်းရှင် အသင်းဥက္ကဌဦးတင်ဝင်းက ပြောသည်။

ငွေဆောင် ကမ်းခြေသည် ကျယ်ဝန်းသန့်ပြန့်သဖြင့် အဖွဲ့လိုက်လာရောက်မည့် ဧည့်သည်များအတွက် အထူးသင့်တော်သည်ဖြစ်ရာ ဧည့်သည်များ ပိုမိုရရှိရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျကြောင်းနှင့် ဂေါ့ဖ်ကစားသည့်နိုင်ငံများမှ ဧည့်သည်များလာရောက်ရန် ဆောင်ရွက်သင့်ကြောင်း Bay of Bengal Resort မှ အထွေထွေမန်နေဂျာ ဦးထွန်းဦးကအကြံပြုသည်။

"တိတ်ဆိတ်သန့်ပြန့်တယ်။ အရမ်းကောင်းတယ်။ အဲဒီလိုပဲ မျှခြေဖြစ်အောင်လည်ပတ်စရာတွေ ရှိနေမယ်ဆိုရင် ဒါထက်ပိုတိုးတက်လာမှာ ငွေဆောင်ကမ်းခြေက" ဟု ရွှေဟသ်ာဟိုတယ်တွင် တည်းခိုနေထိုင်သူ အစ္စရေးနိုင်ငံသူတစ်ဦးကမှတ်ချက်ပြုသည်။

ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် သဘာဝယဉ်ကျေးမှုနှင့် လူနေမှုစရိုက်တို့ကို နှစ်သက်ကြသည်ဟု ဆရာမကြီး ဒေါ်တင်သန်းယုက ပြောကြားဖူးသည်။ ထို့ကြောင့်အဆိုပါသုံးရပ်အချိုးညီညီဖွံ့ဖြိုးတိုးတက်ပါက ငွေဆောင်ကမ်းခြေကြီးမကြာမီထင်ပေါ်ကျော်ကြားလာမည်မှာ အမှန်ဟု ယုံကြည်မိပါသည်။ ॥

## စားသောက်ဆိုင်များ ဝန်ဆောင်မှုကို စုစည်းဖော်ပြမည့် ဝက်ဘ်ဆိုက်လွှင့်ရန်စီစဉ်

နေလင်းအောင်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

နိုင်ငံတစ်ဝန်းရှိ စားသောက်ဆိုင်များ၏ ဝန်ဆောင်မှုများကို ပထမဦးဆုံးတစ်စုတစ်စည်းတည်းဖော်ပြမည့် ဝက်ဘ်ဆိုက်အား ဝက်ဘ်ဆိုက်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အင်္ဂလိပ်ဘာသာဖြင့် လွှင့်တင်ထားသည့် အဆိုပါ ဝက်ဘ်ဆိုက်အား ပြည်တွင်းသို့လာရောက်မည့် နိုင်ငံခြားသားဧည့်သည်များနှင့် ပြည်တွင်းမှ စားသုံးသူများ အလွယ်တကူလေ့လာနိုင်ရန် ရည်ရွယ်လွှင့်တင်ထားခြင်းဖြစ်ပြီး၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဆိုဒ်တည်ထောင်သူက ပြောကြားသည်။

"ဒီဆိုက်ကို ဖေဖော်ဝါရီ ဒုတိယပတ်မှာစပြီးလွှင့်ထားပါတယ်။ User တွေအနေနဲ့ ဆိုင်တွေကို မသွားခင်ဆိုက်ကနေ ကြိုလေ့လာနိုင်သလို ဆိုင်ရှင်တွေအနေနဲ့လည်း ဆိုင်ရဲ့ဝန်ဆောင်မှုတွေကို ဒီဆိုက်မှာတင်နိုင်မှာပါ" ဟု ၎င်းကဆိုသည်။ အဓိကအားဖြင့် စားသောက်ဆိုင်လမ်းညွှန်အနေဖြင့် စီစဉ်ထားသည့် ယင်းဝက်ဘ်ဆိုက်အား ဆိုင်များ၏တည်နေရာမှအစရောင်း ချသည့် အစားအသောက်အမျိုးအစား ဝန်ဆောင်မှုစသည့် အချက်အလက်များကို ထည့်သွင်းထားမည်ဖြစ်ပြီး User များအနေနှင့် ယင်းဝက်ဘ်ဆိုက်အား www.myanmareating.com တွင် ဝင်ရောက်လေ့လာနိုင်ပြီဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့်ပါဝင်လိုပါက အခပေးစနစ်ဖြင့် ထည့်သွင်းရမည်ဖြစ်ပြီး ဆိုင်တစ်ဆိုင်လျှင် ဝက်ဘ်ဆိုက်စာမျက်နှာ ၄ မျက်နှာအထိ ထည့်သွင်းနိုင်ကြောင်း သိရသည်။

























7DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011



# အိန္ဒိယမှ အဘိုးအို ဇနီး ၃၉ ဦးနှင့် ကလေး တစ်ရာနီးပါးရှိ

**ဂူဝါဟာတီ၊ ဖေဖော်ဝါရီ – ၂၃**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသမှအသက် ၆၆ နှစ်အရွယ် ဇီယွန်နာချာနာဆိုသူ အဘိုးအိုသည် မိန်းမ ၃၉ ယောက်ရှိကာ ကလေး ၉၄ ယောက်၊ မြေး ၃၃ ယောက်ရှိကြောင်း ရိုက်တာသတင်းက ဖော်ပြခဲ့သည်။ မစ္စတာချာနာနှင့် ၎င်း၏ဇနီး၊ သားသမီး၊ မြေးမြစ်များသည်မီဇိုးရမ်ပြည်နယ်ရှိ တောင်ထူထပ်သော ကျေးရွာတစ်ရွာတွင် အခန်း ၁၀၀ ရှိသော လေးထပ်တိုက်တစ်လုံးတွင် နေထိုင်လျက်ရှိကြောင်းသတင်းကဆိုသည်။ မစ္စတာချာနာက "တစ်ခါတုန်းကဆိုကျွန်တော်ဟာ တစ်နှစ်တည်းမှာ မိန်းမဆယ်ဦးအထိ လက်ထပ်ခဲ့ပါတယ်" ဟုမိန်းမများရခြင်းကို ရှင်းပြသည်။

၎င်း၏ သားများနှင့် ချွေးမများ၊ ကလေးများအားလုံးသည်လည်းထိုအဆောက်အအုံ၌ပင် အခန်းအသီးသီးနှင့် နေထိုင်ကြပြီး၊ မီးဖိုချောင်ကိုမူ တစ်ခုတည်းသာ အတူတူအသုံးပြုကြသည်။ မိန်းမများမှာ ချက်ပြုတ်တတ်ကြပြီး သမီးများမှာ အိမ်သန့်ရှင်းရေးနှင့် အဝတ်လျှော်အလုပ်များ လုပ်ကြသည်။ အိမ်မှ ယောကျ်ားလေးများမှာမူ လယ်ယာလုပ်ငန်းနှင့် ကျွဲနွားထိန်းကျောင်းရေးလုပ်ငန်းများ လုပ်ကြသည်။

မိသားစုဝင် စုစုပေါင်း ၁၆၇ ဦး၏ စားသုံးမှုအတွက် တစ်နေ့လျှင် ဆန် ၉၁ ကီလိုဂရမ် (ပေါင် ၂၀၀)၊ အာလူး ၅၉ ကီလိုဂရမ် (ပေါင် ၁၃၀) ခန့် အသုံးပြုရပြီး အိမ်စရိတ်ကို ကိုယ့်ဘာသာရှာဖွေကာတစ်ခါတစ်ရံတွင် အလှူရှင်များထံမှ လှူဒါန်းမှုများလည်းရရှိကြောင်းသိရသည်။ မစ္စတာဇီယန်နာချာသည် ၎င်း၏ ပထမဆုံးဇနီးကို ၁၇ နှစ်သားအရွယ်တွင် လက်ထပ်ခဲ့ပြီး ၎င်းထက်သုံးနှစ်ကြီးသည်ဟု သိရသည်။

—*Ref: Reuters*

# အိမ်ထောင်မရှိသူများ ကြင်ယာရှာတွေ့ရန် စင်ကာပူအစိုးရ ကူညီမည်

**စင်ကာပူ၊ ဖေဖော်ဝါရီ – ၂၁**

စင်ကာပူအစိုးရသည် ကလေးမီးဖွားမှုနှုန်း ကျဆင်းနေခြင်းကို ကာကွယ်ရန်အတွက် လူလွတ်အမျိုးသားနှင့် အမျိုးသမီးများအား လက်တွဲဖော်ရှာဖွေနိုင်ရန် ကူညီပေးသွားမည်ဟုသိရသည်။ ယခုအခါ စင်ကာပူတွင် အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းနေထိုင်သူပိုများလာပြီး၊ လက်ထပ်ထားသောစုံတွဲများမှာလည်း ကလေးယူရန်အချိန်ရွှေ့ဆိုင်းကြခြင်းများလာကြောင်း လူမှုဖွံ့ဖြိုးရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဗီဗီယန်ဘာလက်ခရစ်ရှနန်က ပြောသည်ဟု စထရိတ်တိုင်းမ်သတင်းစာကဖော်ပြသည်။ ဝန်ကြီးဘာလက်ခရစ်ရှနန်းက အစိုးရသည် ထိုကိစ္စကို မကြာမီ ပါလီမန်၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်းဆိုသည်။ ၎င်းက "လူအများစုက အိမ်ထောင်ပြုချင်ကြတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ သူတို့အတွက် သင့်တော်တဲ့လက်တွဲဖော်ရှာဖွေနိုင်ရေး ကူညီဖို့လိုပါတယ်။ သူတို့ စောစောအိမ်ထောင်ကျပြီး မိသားစုဘဝကိုစတင်ဖို့လိုပါတယ်"ဟုပြောသည်။ စင်ကာပူတွင် ကလေးမွေးဖွားမှုနှုန်းသည် ပြီးခဲ့သည့်နှစ်က ၁ ဒသမ ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဝန်ကြီးခရစ်ရှနန်က စင်ကာပူတွင် အိမ်ထောင်ရှင်စုံတွဲများသည် ပုံမှန်အားဖြင့် ကလေးနှစ်ဦးခန့်ယူတတ်ကြောင်း၊ သို့သော် အစိုးရသည် ကလေးမွေးဖွားသည့် စုံတွဲများကို မက်လုံးဆုကြေးများပေးအပ်ရန်အစီအစဉ်မရှိကြောင်း ဆိုသည်။

စင်ကာပူအစိုးရသည် ပညာတတ်လူလွတ်များအကြား လက်ထပ်ထိမ်းမြားမှုတိုးပွားရန် ၁၉၈၄ ခုနှစ်တွင် လူမှုဖွံ့ဖြိုးရေးဌာနကို တည်ထောင်ခဲ့ပြီး နောက်တစ်နှစ်တွင်မူ ဘွဲ့ရပညာတတ်မဟုတ်သောလူလွတ်များအကြား ထိမ်းမြားမှုမြှင့်တင်ရန် လူမှုဖွံ့ဖြိုးရေးဝန်ဆောင်မှုဌာနကို တည်ထောင်ခဲ့သည်။ ထိုဌာနနှစ်ခုကို ၂၀၀၉ ခုနှစ်တွင် တစ်ခုတည်းပေါင်းကာ လူမှုဖွံ့ဖြိုးရေးကွန်ရက်ဟုအမည်ပြောင်းလဲခဲ့သည်။

—*Ref: AFP*








# Apple ၏ iPad မျိုးဆက်သစ် ကွန်ပျူတာ မတ်လတွင် ထွက်ပေါ်မည်ဟုဆို

**နယူးယောက်၊ ဖေဖော်ဝါရီ - ၂၂**

Apple ကုမ္ပဏီသည် ၎င်း၏ ကုမ္ပဏီထုတ် နာမည်ကျော် Tablet ကွန်ပျူတာ iPad ၏ဒုတိယ မျိုးဆက် iPad 2 ကိုမကြာမီဖြန့်ချိဖွယ်ရှိကြောင်း သိရသည်။ ယင်းသတင်းကို All Things Digital ဝက်ဘ်ဆိုက်မှ ကာရာစဝ်စ်ရှာက အခြားသတင်းရင်းမြစ်များစွာကို ကိုးကား၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းက Apple ကုမ္ပဏီသည် iPad 2 ကို မတ်လ ၂၂ ရက်တွင် မီဒီယာသို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ ဖြန့်ချိဖွယ်ရှိကြောင်း၊ ပွဲကို ဆန်ဖရန်စစ္စကိုမြို့ ရာဘာမြူနာအနုပညာစင်တာတွင် ပြုလုပ်နိုင်ကြောင်းဆိုသည်။ အဆိုပါ သတင်းသည် ပြီးခဲ့သည့်အပတ်က ပေါ်ထွက်ခဲ့သော iPad ဖြန့်ချိရေးနှောင့်နှေးနေသည်ဟူသည့် ကောလာဟလများ ပေါ်ထွက်ပြီးနောက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။



သတင်းများအရ iPad 2 သည် ယခင်ကွန်ပျူတာထက် ပိုမိုပါးလွှာပေါ့ပါးကာ အလေးချိန် ၁ ဒသမ ၅ ပေါင်အောက်ရှိပြီး ဗီဒီယိုချက်တင်ပြုလုပ်ရန်အတွက် အနည်းဆုံးကင်မရာတစ်ခုနှင့် အဆင့်မြင့် တင်ထားသော ပရိုဆက်ဆာ၊ မမ်မိုရီပမာဏတို့ပါဝင်မည်ဖြစ်ကြောင်းဆိုသည်။

Apple ၏ ပြိုင်ဘက် မိုတိုရိုလာသည် မကြာမီကပင် iPad ကဲ့သို့သော Motorola Xoom Tablet ကွန်ပျူတာကို ဖြန့်ချိခဲ့ပြီး ယင်းကွန်ပျူတာတွင် ဂူးဂဲလ်၏ Android 3.0 Operating System ကိုအသုံးပြုထားသည့် iPad 2 ထွက်ပေါ်လာပါကလည်း ၎င်းသည် ဈေးကွက်တွင် LG ၏ G-Slate၊ RIM ၏ Black Berry Play book နှင့် HP မှ Touchpad တို့ကို ယှဉ်ပြိုင်ရဖွယ်ရှိသည်။

*—Ref: Reuters*

## စာ(၄၆) - အယ်လ်ဂျာဇီးယား ၊ ပ်သံလိုင်း၏ ဝါရှင်တန်ဗျူ ိုအကြီးအကဲ အက်ဘဒါရာဟင်ဖူကာရာနှင့် တွေ့ဆုံခြင်း မှ

လည်း ကျွန်တော်တို့ သတင်းအပြည့်အစုံလုပ်ရမှာပါ။ ကျွန်တော်တို့က အီဂျစ်၊ အီရတ်သို့မဟုတ် ပါလက်စတိုင်း-အစ္စရေးပဋိပက္ခတွေကို အာရုံစိုက်နေတာက ဒီဇာတ်လမ်းတွေက အာရပ်ကမ္ဘာမှာ ဆယ်စုနှစ်နဲ့ချီအောင် လူတွေရဲ့အမြင်မှာ ရှေ့တန်းကရှိနေခဲ့လို့ပါ။ ဒီသတင်းတွေက ၂၄ နာရီ သတင်းစက်ဝိုင်းထဲ ရှိနေတာကြာလှပါပြီ။ မေးခွန်းကို ဖြေရရင် ကာတာမှာ ဖြစ်ပျက်သမျှကိုလည်း တစ်နေ့ ၂၄ နာရီ အာရုံစိုက်သွားရမှာပဲပေါ့။

**အမေရိကန်အခြေစိုက် အယ်လ်ဂျာဇီးယား ဂျာနယ်လစ်တစ်ဦးအနေနဲ့ အမေရိကန်နဲ့ အာရပ်ကမ္ဘာအကြား ရှိနေတဲ့အကြီးမားဆုံးအတားအဆီးက ဘာလို့ ပြောမလဲ။**

ဒီနှစ်ဖက်စလုံးက တစ်ဦးနဲ့တစ်ဦး တကယ်မသိကြပါဘူး။ ဒီနှစ်ဖက်ကြားထဲမှာ သမိုင်းကြောင်းအရလည်း အများကြီးဖြစ်ပျက်ပြီးခဲ့ပြီ။ ဒါပေမဲ့ သူတို့ဟာ တစ်ဖက်ကိုတစ်ဖက် ရှေးရိုးစွဲအမြင်တွေနဲ့ ကြည့်နေတုန်းပဲ။ ကံမကောင်းစွာဘဲ အယ်လ်ဂျာဇီးယားအပေါ် အမေရိကန်တွေရဲ့ အမြင်ဟာလည်း သူတို့အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို ကြည့်သလို



နည်းလမ်းမျိုးရဲ့ ဩဇာလွှမ်းမိုးခံထားရတယ်။ တာရီရာရင်ပြင်က လူငယ်တွေဟာ အမေရိကန်ကို ဆန့်ကျင်နေတာ မဟုတ်ဘူး။ အစ္စရေးကို ဆန့်ကျင်နေတာမဟုတ်ဘူး။ အနောက်တိုင်းကို ဆန့်ကျင်နေတာမဟုတ်ဘူး။ သူတို့ဟာ အမေရိကန်တွေနှစ်ပေါင်း ၂၀၀ ကျော်လောက် ကောင်းကောင်းနားလည်ခဲ့ကြတဲ့ အရာအတွက် ရပ်တည်နေကြတာပါ။ အဲဒါဒီမိုကရေစီပါပဲ။ ကျွန်တော့် မျှော်လင့်ချက်ကတော့ ပြီးခဲ့တဲ့သုံးပတ်အတွင်း ကိုင်ရိုက ထွက်လာတဲ့ အလင်းရောင်ဟာ အာရပ်ကမ္ဘာရယ်၊ အာရပ်ကမ္ဘာရဲ့ အမေရိကန်အပေါ်အမြင်တွေကို ပြောင်းလဲစေရုံသာမကဘဲ အာရပ်ကမ္ဘာအပေါ် အမေရိကန်တွေရဲ့ အမြင်တွေကိုလည်း ပြောင်းလဲစေမယ်လို့ မျှော်လင့်တာပဲ။ *—Ref: Q & A: Why the U.S needs AL Jazeera*

Leader's Profile

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မစ္စနာဗာနီသမ်ပီလေး



ရဲမင်း

မစ္စနာဗာနီသမ်ပီလေးသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လက်ရှိအကြီးအကဲဖြစ်သည်။ သူမသည် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံး၏ တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ရဝမ်ဒါနိုင်ငံ ကုလသမဂ္ဂရာဇဝတ်မှုဆိုင်ရာ အထူးခုံရုံးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအဖြစ် လေးနှစ်သက်တမ်းကို ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စပီလေးအား ၁၉၄၁ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့အနီး ဆင်းရဲသားရပ်ကွက်၌ မွေးဖွားခဲ့သည်။ အိန္ဒိယ တမီးလ်မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ပြီး သူမ၏ ဖခင်မှာ ဘတ်စ်ကားမောင်းသူတစ်ဦးဖြစ်သည်။ မစ္စပီလေးသည် ဒေသခံအိန္ဒိယလူမျိုးများ၏ အထောက်အပံ့ဖြင့် ကျောင်းတက်ရင်း ၁၉၆၃ ခုနှစ်တွင်နာတယ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့သည်။ ဟားဗတ်တက္ကသိုလ်မှ ၁၉၈၂ ခုနှစ်တွင် ဥပဒေဆိုင်ရာမာစတာဘွဲ့နှင့် ၁၉၈၈ ခုနှစ်တွင် ဒေါက်တာဘွဲ့ကိုရရှိခဲ့သည်။

အသားအရောင်ခွဲခြားမှု စနစ်ကျင့်သုံးနေဆဲ တောင်အာဖရိကနိုင်ငံတွင် ၎င်းအား အလုပ်ခန့်အပ်မည့်သူမရှိ၍ မစ္စပီလေးသည် ၁၉၆၇ ခုနှစ်တွင် သူမ၏ ကိုယ်ပိုင်ဥပဒေအကြံပေးလုပ်ငန်းကို ထူထောင်ခဲ့သည်။ တရားရုံးတွင် တရားသူကြီးအဖြစ်လည်း လုပ်ကိုင်ခွင့်မရခဲ့ပေ။ တောင်အာဖရိကနိုင်ငံတွင် ၂၈ နှစ်ကြာ ရှေ့နေအလုပ် လုပ်ကိုင်ခဲ့စဉ်အတွင်း မစ္စပီလေးသည် အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး လှုပ်ရှားသူများဘက်မှ ရှေ့နေလိုက်ခဲ့သလို နိုင်ငံရေးအကျဉ်းသားများအား ဆိုးဝါးစွာထိန်းသိမ်းထားပုံနှင့် ညှဉ်းပန်းနှိပ်စက်မှုများကိုဖော်ထုတ်ခဲ့သည်။ သူမ၏ အိမ်ထောင်ဖက် အမျိုးသားအား အသားအရောင်ခွဲခြားမှုဥပဒေဖြင့် ထိန်းသိမ်းခံရသောအခါတွင်လည်း ရဲတပ်ဖွဲ့က ဥပဒေနှင့်မညီသောနည်းလမ်းများဖြင့် စစ်ဆေးမေးမြန်းခြင်းမှ ကာကွယ်ရန် ရဲတပ်ဖွဲ့ကို အောင်မြင်စွာ တရားစွဲဆိုခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် မစ္စတာနယ်လ်ဆင်မင်ဒဲလား အပါအဝင် ရော်ဘင်ကျွန်းတွင် ထိန်းသိမ်းထားသည့် နိုင်ငံရေး အကျဉ်းသားများအတွက် ရှေ့နေကိုယ်စားပြုခွင့်ရရေးကို သူမက စွမ်းဆောင်ခဲ့သည်။

တောင်အာဖရိက နိုင်ငံအမျိုးသမီးများ၏ ညွန့်ပေါင်းအဖွဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်နှင့်လည်း တောင်အာဖရိကနိုင်ငံ အခြေခံဥပဒေတွင် လူမျိုး၊ ဘာသာနှင့် ကျား၊ မ လိင်ခွဲခြားမှု ပိတ်ပင်ထားသောပြဋ္ဌာန်းချက် ပါဝင်စေရန် မစ္စပီလေးက ကူညီဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ် မစ္စပီလေးသည်နိုင်ငံတကာ အမျိုးသမီးများ အခွင့်အရေးအုပ်စု Equality Now ကို ပူးတွဲတည်ထောင်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၏ အကြီးအကဲ မစ္စတာမင်ဒဲလား ဖြစ်လာချိန်တွင် မစ္စပီလေးအား တောင်အာဖရိက တရားရုံးချုပ်၏ ပထမဆုံးလူဖြူမဟုတ်သူ အမျိုးသမီးတရားသူကြီး ခန့်အပ်ခဲ့သည်။ မိမိကိုယ်ပိုင် ရုံးခန်းသို့ ဝင်ရောက်ချိန်တွင်သာ တရားသူကြီးတစ်ဦး၏ ရုံးခန်းသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း မစ္စပီလေးက မှတ်ချက်ချသည်။

မကြာမီမှာပင် ကုလသမဂ္ဂ အထွေထွေညီလာခံက မစ္စနာဗာနီသမ်ပီလေးအား ရဝမ်ဒါနိုင်ငံ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ အထူးခုံရုံးအဖွဲ့တွင် တရားသူကြီးအဖြစ် ခန့်အပ်ခဲ့သည်။ သူမသည် ၎င်းခုံရုံးအဖွဲ့တွင် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းအနက် လေးနှစ်ကိုအထူးခုံရုံးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းဖြစ်သည်။ ၎င်းခုံရုံးမှနေ၍ စစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မုဒိမ်းမှုများအား စစ်ရာဇဝတ်မှုအဖြစ် စတင်သတ်မှတ်ခဲ့သည်။

၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် မစ္စနာဗာနီသမ်ပီလေးသည် ပထမဦးဆုံး နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး၌ တရားသူကြီးအဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အကြီးအကဲအဖြစ် အဆိုတင်သွင်းခံရပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

*—Ref: Wikipedia*

# ၈၃ ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် The King's Speech ဇာတ်ကား အောင်ပွဲခံ

**ဟောလီးဝုဒ်၊ ဖေဖော်ဝါရီ - ၂၈**

ဟောလိဝုဒ် Kodak ကဇာတ်ရုံတွင် ပြုလုပ်ခဲ့သည့် ၈၃ ကြိမ်မြောက် အကယ်ဒမီဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဗြိတိသျှရာဇဝင်ဒရာမာဇာတ်ကား The King's Speech က အကောင်းဆုံးဇာတ်ကားဆုအပါအဝင် အော်စကာဆု ၄ ဆုရရှိ၍ အောင်ပွဲခံသွားကြောင်း သိရသည်။ ယင်းဇာတ်ကားအား အော်စကာဆုအတွက် ကဏ္ဍ ၁၂ ခုတွင် အဆိုတင်သွင်းခဲ့ပြီး ၄ ဆုရရှိသွားခြင်း ဖြစ်သည်။

Black Swan၊ The Fighter၊ Inception၊ The Social Network၊ Toy Story 3၊ True Grit စသောဇာတ်ကားများကို ကျော်ဖြတ်၍ အကောင်းဆုံးဇာတ်ကားဆုရရှိခဲ့ခြင်းဖြစ်သည်။

The King's Speech ဇာတ်ကားရိုက်ကူးသူ ဗြိတိသျှဒါရိုက်တာ Tom Hopper က အကောင်းဆုံးဒါရိုက်တာဆုကို ရရှိခဲ့ပြီး အကောင်းဆုံးမင်းသားဆုကိုလည်း ယင်းဇာတ်ကား၏ ခေါင်းဆောင်မင်းသား Colin Firth ကရရှိခဲ့သည်။ ထို့အပြင် အကောင်းဆုံးဇာတ်ဝင် သီချင်းဆုကိုလည်း ၎င်းဇာတ်ကားကပင် ရရှိခဲ့သည်။




အကောင်းဆုံးမင်းသမီးဆုကို Black Swan ဇာတ်ကားမှ ခေါင်းဆောင်မင်းသမီး Natalie Portman ကရရှိခဲ့ပြီး Toy Story 3 ဇာတ်ကားက အကောင်းဆုံး ကာတွန်းရုပ်ရှင်ဆုရရှိသည်။ အကောင်းဆုံးနိုင်ငံခြားရုပ်ရှင်ဆုကိုမူ ဒိန်းမတ်ဒါရိုက်တာ ဆူဇန်းဘိုင်ယာ ရိုက်ကူးသည့် In a Better World ဇာတ်ကားက ရရှိသွားခဲ့သည်။

အကယ်ဒမီ ဆုပေးပွဲအား James Franco နှင့် Anne Hathaway တို့ ပူးတွဲ၍ အခမ်းအနားမှူး အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ခဲ့သည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011



# " လူတွေရဲ့ ပူဆွေးမှုတွေနဲ့ ဆန္ဒတွေကို အာရုံစိုက်ရပါမယ်

## အယ်လ်ဂျာဇီးယား ရုပ်သံလိုင်း၏ ဝါရှင်တန်ဗျူရိုအကြီးအကဲ အက်ဘဒါရာဟင်ဖူကာရာနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

အာရပ်ဘာသာနဲ့ ထုတ်လွှင့်တဲ့ ရုပ်သံလိုင်း အယ်လ်ဂျာဇီးယားဟာ အာရပ်ကမ္ဘာရဲ့တင်းတင်းကျပ်ကျပ်ချုပ်ကိုင်တဲ့ အစိုးရတွေကိုရော၊ အမေရိကန်အစိုးရကိုပါ ဝေဖန်ရင်းနဲ့ ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း နာမည်ကြီးလာခဲ့ပါတယ်။ အယ်လ်ဂျာဇီးယားရဲ့ ထုတ်လွှင့်ချက်တွေထဲမှာ အမေရိကန်တို့ရဲ့ ၂၀၀၃ အီရတ်ကျူးကျော်မှုအတွင်းထိခိုက်သေဆုံးရတဲ့ အီရတ်ပြည်သူတွေအကြောင်းဟာ အရှေ့အလယ်ပိုင်းမှာရော၊ အမေရိကန်က ကျူးကျော်စစ်မလိုလားတဲ့ပြည်သူတွေကြားထဲမှာပါ ရှုတ်ချဆန္ဒပြမှုတွေ ဖြစ်ပေါ်စေခဲ့တာပါ။ ဒီလိုနဲ့ ဝါရှင်တန်မှာတော့ အယ်လ်ဂျာဇီယားဆိုတာ အမေရိကန်ဆန့်ကျင်ရေး ရုပ်သံမီဒီယာတစ်ခုအဖြစ် မှတ်ယူခြင်းခံခဲ့ရပါတယ်။ ဒ့ါကြောင့် အမေရိကန်မှာရှိတဲ့ ကြိုးသွယ်ရုပ်သံကွန်ရက်တော်တော်များများဟာ အယ်လ်ဂျာဇီးယားရဲ့ အင်္ဂလိပ်ပိုင်းအစီအစဉ်ကို ချိတ်ဆက်ပြသ ထုတ်လွှင့်ခြင်းမရှိခဲ့ပါဘူး။

ဒါပေမဲ့ ကမ္ဘာတစ်လွှားမှာတော့ အယ်လ်ဂျာဇီးယားရုပ်သံဟာ အာရပ်ဘာသာနဲ့ရော၊ အင်္ဂလိပ်ဘာသာနဲ့ပါ ထုတ်လွှင့်မှုတွေမှာ ကြည့်ရှုသူပရိသတ်သန်းပေါင်းများစွာရရှိနေပါတယ်။ ဒ့ါအပြင် မကြာမီသေးက အီဂျစ်၊ တူနီးရှားစတဲ့ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကတိုင်းပြည်တချို့မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လှုပ်ရှားမှုတွေ ပေါ်ပေါက်လာတော့ အယ်လ်ဂျာဇီးယားရုပ်သံဟာ သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီတင်ဆက်နိုင်တဲ့အတွက် အမေရိကန်ရုပ်သံ ပရိသတ်တွေကြားမှာပါ ရေပန်းစားလာခဲ့ပါတယ်။ ဒ့ါကြောင့် တိုင်းမ်မဂ္ဂဇင်းဟာ အယ်လ်ဂျာဇီးယား အာရပ်ဘာသာလိုင်းရဲ့ ဝါရှင်တန်ဗျူရိုအကြီးအကဲ အက်ဘဒါရာဟင်ဖူကာနဲ့ တွေ့ဆုံကာ ဒီရုပ်သံလိုင်းရဲ့ တင်ဆက်ပုံအကြောင်း၊ အမေရိကန်ပရိသတ်တွေရဲ့ အာရုံစိုက်မှုရလာတဲ့အကြောင်းတွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**အီဂျစ်သမ္မတ ဟို့စနီမူဘာရက် နုတ်ထွက်ပြီးနောက် ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း အမေရိကန်ကနေ အယ်လ်ဂျာဇီးယားရဲ့အင်္ဂလိပ်ပိုင်း အင်တာနက်ထုတ်လွှင့်မှုတွေကို ကြည့်ရှုသူဦးရေ အထူးများပြားလာပါတယ်။ ဒါဟာ ရုပ်သံဌာနအတွက် ခဏပန်းလှူကြိုက်များလာတဲ့အချိန်ပိုင်းလားခင်ဗျ။**

အမေရိကန်လူမျိုးတွေအတွက်တော့ အီဂျစ်မှာ ဖြစ်နေတာတွေဟာ အမေရိကန်ပြည်ထောင်စုအတွက်လည်း အကျိုးသက်ရောက်မှုတွေရှိတယ်လေ။ ပြီးတော့အမေရိကန်ရဲ့ အကျိုးစီးပွားကလည်းဒီဒေသမှာ ရှိနေပါတယ်။ ဒီတော့ ခေါင်းကုပ်နေတဲ့ ကန်ထောက်လှမ်းရေးအဖွဲ့အစည်းတွေ၊ အဲဒီမှာ ဘာဖြစ်နေလဲဆိုတာနားလည်ဖို့ ကြိုးစားချင်သူတွေ၊ ထကြွမှုတွေက ဘယ်လိုဖြစ်ပြီး ဘာတွေနဲ့ဆက်နွယ်နေသလဲ သိချင်သူတွေစသဖြင့် ပုံစံအမျိုးမျိုးနဲ့ အမေရိကန်လူမျိုးအထွေထွေဟာ အီဂျစ်သတင်းကိုတကယ်စိတ်ဝင်စားလာခဲ့ကြပါတယ်။ ဒီအချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့ရဲ့ အယ်လ်ဂျာဇီးယားမှာ ဖြစ်စဉ်အသေးစိတ်ကို ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အီဂျစ်အကြောင်း သတင်းဖော်ပြချက်ဟာ လူတွေအတွက် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတွေနဲ့ ခွဲခြားမရတဲ့ ဇာတ်လမ်းတချို့ရှိတယ်ဆိုတာကို သရုပ်ဖော်ပြရာမှာ အရေးပါခဲ့ပါတယ်။ ဒ့ါအပြင် လူတွေကိုလည်း အယ်လ်ဂျာဇီးယား အင်္ဂလိပ်ပိုင်းလို ရုပ်သံလိုင်းမျိုးကို ဝင်ကြည့်ဖို့ လိုတယ်ဆိုတဲ့အသိပေးခဲ့ပါတယ်။ အယ်လ်ဂျာဇီးယားဟာ ရင်းနှီးမြှုပ်နှံမှုတစ်ခုလုပ်ခဲ့တာ၊ ဖြစ်ရပ်တစ်ခုဖော်ပြခဲ့တာ၊ အမြင်ရှုထောင့်တစ်ခုနဲ့ သူ့ကျွမ်းကျင်မှုနဲ့ အသိပညာနဲ့ အီဂျစ်လို ဇာတ်လမ်းမျိုးကို မှန်မှန်ကန်ကန်ပြောပြနိုင်ခဲ့တာပါ။

**ဒါဖြင့် အမေရိကန်က နောက်ထပ်ပြည်သူတွေအနေနဲ့ သူတို့ရဲ့ရုပ်သံစက်တွေမှာ အယ်လ်ဂျာဇီးယားကို ပိုကြည့်လာကြတော့မယ့်သဘောပေါ့။**

အမေရိကန်ပြည်သူတွေဆီကကျွန်တော်တို့ရဲ့ ထောက်ခံမှုတွေကတော့ တကယ်ပဲမှတ်သားလောက်စရာအဖြစ်ပါ။ ကျွန်တော်တို့ဟာ တစ်ပတ်တာကာလအတွင်းမှာပဲ ထောက်ခံခဲ့တဲ့ အီးမေးလ်ပေါင်း ၄၀,၀၀၀ ကျော်ရရှိခဲ့ပြီး ဒါဟာ အမေရိကန်မှာ အမြင်အမျိုးမျိုးကွဲပြားစွာ တည်ရှိနေတာကို ပြသနေတာပါပဲ။ ကျွန်တော်တို့ မျှော်လင့်တာကတော့ အယ်လ်ဂျာဇီးယားမှာ အီဂျစ်သတင်းအပြည့်အစုံကို အမေရိကန်ပြည်သူတွေ ကြည့်နိုင်လာပြီးတဲ့နောက်မှာတော့ ကန်ကေဘယ်ကြိုးသွယ်ရုပ်သံလိုင်းကုမ္ပဏီ တွေဟာလည်း အယ်လ်ဂျာဇီးယားကို ချိတ်ဆက်ထားလို့ရရှိထားတဲ့ ရုပ်ပိုင်းအကျိုးအမြတ်တင်မကဘဲ အသိဉာဏ်ပညာကိုပါ ရရှိသွားမှာပါ။

**အာရပ်ဒေသတွင်းမှာ သတင်းရင်းမြစ်တွေ ကြီးကြီးမားမားရှိတာကိုတော့ ထားပါဦး။ အဲဒါကို ဖယ်လိုက်ရင် အယ်လ်ဂျာဇီးယားရဲ့အီဂျစ်အကြောင်း သတင်းဖော်ပြချက်တွေက အမေရိကန်သတင်းကွန်ရက်ကြီးတွေနဲ့ ဘာတွေကွာခြားသွားလို့လဲ။**

နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်က အယ်လ်ဂျာဇီးယားမှာ သတင်းဖော်ပြတာနဲ့ အခြားသတင်းကွန်ရက်တွေမှာ ဖော်ပြတာကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အီဂျစ်တွေအကြား ပြောဆိုဆွေးနွေးနေတာကို အယ်လ်ဂျာဇီးယားမှာမြင်နေရတာ တကယ်စိတ်ဝင်စားစရာပါ။ ဒ့ါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် အယ်လ်ဂျာဇီးယားကိုကြည့်တဲ့သူတွေဟာ ဇာတ်လမ်းကိုပိုကောင်းကောင်း နားလည်သွားတယ်။ ကျွန်တော်တို့ဆီမှာ နိုင်ငံရေးသမားမျိုးစုံက အချိန်နဲ့တစ်ပြေးညီသူတို့ရဲ့ရှုထောင့်တွေက နေပြောဆိုနေကြတာကို ကြည့်နိုင်ပြီး၊ အီဂျစ်မှာ ဘာတွေဖြစ်နေလဲဆိုတာကို သိနိုင်တယ်။ ဒုတိယတစ်ချက်ကတော့ ရိုးရိုးပြောရရင် အီဂျစ်မှာဖြစ်နေတာကို ကောင်းကောင်းပြနိုင်တာပါ။ ဥပမာဆိုရင် ကျွန်တော်တို့ဟာ ရုတ်တရက်ကြီး သတင်းတွေဆီကနေ အီဂျစ်မှာ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့က ဦးဆောင်တဲ့ တော်လှန်ရေးကို ကြောက်ရွံ့နေတာတွေ အရင်ကြားခဲ့ရတယ်။ သူတို့ဟာ တကယ်ရော ဒီတော်လှန်ရေးကို အပိုင်စီးထားတာတဲ့လား။

အယ်လ်ဂျာဇီးယားမှာတော့ ကျွန်တော်တို့ဟာ ဒီတော်လှန်ရေးစကတည်းက တူနီးရှားမှာ ဖြစ်သလိုပဲ ဒါဟာ နိုင်ငံရေးပါတီတစ်ရပ် လှုပ်ရှားမှုတစ်ရပ်က ဦးဆောင်ပြီးဖြစ်လာတာ မဟုတ်ဘူးလို့ ရှင်းရှင်းလင်းလင်း ဖော်ပြထားတယ်။ ဒါဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအရ အသိအမြင်အလုံအလောက်ရှိတဲ့ လူငယ်တွေက ဦးဆောင်ခဲ့တဲ့ ရုတ်တရက်ထကြွမှု spontaneous uprising ဖြစ်ပါတယ်။ ဒါကို အယ်လ်ဂျာဇီးယားမှာကြည့်ရင် ပိုရှင်းသွားမှာပါ။

**လေ့လာသူတွေကတော့ ဒီရုပ်သံဌာန အယ်လ်ဂျာဇီးယားရဲ့တစ်နည်းနည်းနဲ့ တက်ကြွလှုပ်ရှားသူဆန်တဲ့ သဘောကို ပြောနေကြပါတယ်။ အယ်လ်ဂျာဇီးယားအင်္ဂလိပ်ပိုင်းရဲ့အာဘော်အမြင်ကိုရော ဘယ်လိုဖော်ပြမလဲ။**

ရုပ်သံရဲ့ အာဘော်ကတော့ ကမ္ဘာ့အစိတ်အပိုင်းအားလုံးကို အာရုံစိုက်ထားပါတယ်။ ဒ့ါကြောင့် ပရိသတ်အမျိုးမျိုးကိုလည်း ဂရုစိုက်ကြည့်ရှုနေပါတယ်။ တကယ်လို့အကျပ်အတည်း ပြဿနာတစ်ခုကနေ နောက်တစ်ခုကို ပြောင်းသွားရင် ကိုယ့်ရဲ့အမြင်ကိုလည်း ချိန်ညှိရမှာပါ။ ဒါပေမဲ့ ဒီအိုင်ဒီယာမျိုးက ကမ္ဘာ့အစိတ်အပိုင်းအားလုံးအကြိုက် လိုအင်ဖြည့်စွမ်းနေသလိုပဲဖြစ်မယ်။ ကမ္ဘာ့ရွာထဲမှာ နေတယ်ဆိုတဲ့ ယုံကြည်မှုရှိကြပေမယ့် ဒီရွာမှာက မကြာသေးမီအချိန်ကအထိတော့ သတင်း အချက်အလက်ဆိုတာ မြောက်ဘက်ကနေ တောင်ဘက်ကကိုသာသွားခဲ့တာ။ အခုတော့ ခင်ဗျားတို့မှာ ကမ္ဘာ့တောင်ဘက်ကနေမြောက်ဘက်ကို သတင်းစီးဆင်းနိုင်အောင် ကြိုးစားနေတဲ့ ရုပ်သံလိုင်းတစ်ခုရှိလာနေပါပြီ။

ဒ့ါအပြင် ကျွန်တော်တို့နေတဲ့ဒီကမ္ဘာမှာ လွတ်လပ်တဲ့၊ ဒီမိုကရစ်တစ်စနစ်တွေနဲ့ နေထိုင်ချင်တဲ့ပြည်သူတွေရဲ့ ဆန္ဒတွေနဲ့ ပုံဖော်ထားတဲ့ နိုးကြားမှုတစ်ခုလည်းရှိနေပါသေးတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ဟာ လူတွေရဲ့ ပူဆွေးမှုတွေနဲ့ ဆန္ဒတွေကိုလည်း အာရုံစိုက်ရပါမယ်။ အကြောင်းက ဒီလူတွေဟာ ကျွန်တော်တို့ ရုပ်သံလိုင်းကို ကြည့်နေတဲ့သူတွေကိုး။ တကယ်လို့ဒီလူတွေကိုယ်တိုင်ဟာလည်း အစိုးရရဲ့သံသယအမြင် တချို့နဲ့ တဖြည်းဖြည်းအရောင်ဆိုးခံနေရပြီဆို အဲဒီအချက်ကိုလည်း အယ်လ်ဂျာဇီးယားအင်္ဂလိပ်ပိုင်းလို ရုပ်သံလိုင်းမှာ ထင်ဟပ်ဖော်ပြရမှာပဲ။


**အယ်လ်ဂျာဇီးယားကို ကာတာအစိုးရက ငွေကြေးထောက်ပံ့နေဆဲပါပဲ။ ဒီအချက်က ဒီရုပ်သံကွန်ရက်ရဲ့သတင်းပို့မှု၊ တင်ပြမှုတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ။**

တကယ်လို့ ကာတာအစိုးရက အယ်လ်ဂျာဇီးယားကို နှစ်စဉ်ဒေါ်လာသန်းရာနဲ့ချီပြီး ရန်ပုံငွေပေးနေတယ်ဆိုရင် ဒါဟာအလှူလုပ်တာမဟုတ်ဘူးဆိုတာ အထင်အရှားပဲလေ။ ဒါဟာသူတို့တိုင်းပြည်ဂုဏ်သိက္ခာတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုပါ။ ကျွန်တော်ပုဂ္ဂလိက အတွေ့အကြုံအရပြောရရင်လည်း ကျွန်တော် အယ်လ်ဂျာဇီးယားအတွက် ဗျူရိုအကြီးအကဲ လုပ်လာတာ အခုဆိုခြောက်နှစ်ရှိပြီ။ ကုမ္ပဏီအတွက် လုပ်လာတာဆို ကိုးနှစ်ရှိပြီ။ ကာတာအစိုးရအဖွဲ့ထဲက တစ်ယောက်ယောက်က ကျွန်တော်တို့ဆီ လှမ်းဖုန်းဆက်ပြီး ကျုပ်တို့တော့ ခင်ဗျားတို့ကို ဘယ်လို၊ ဘယ်ညာလုပ်စေချင်တယ်လို့ ညွှန်ကြားတာမျိုးပြောတာမျိုးကို တစ်ခါမှ မကြုံဖူးပါဘူး။ ကျွန်တော်ကတော့ ဒီရုပ်သံဌာနဟာ အရှေ့အလယ်ပိုင်းမှာ ကျွန်တော်တို့မြင်ဖူးသမျှအလွတ်လပ်ဆုံးဖြစ်တယ်လို့ ပြောချင်ပါတယ်။

**တကယ်လို့ အခုမြင်နေရသလိုမျိုး ကာတာမှာလည်း ဖြစ်လာမယ်ဆိုရင်ရော၊ အယ်လ်ဂျာဇီးယားမှာ ကျွန်တော်တို့ သတင်းအပြည့်အစုံမြင်ရမှာလား။**

ဒါက ဖြစ်နိုင်ခြေတစ်ခုပါ။ ကျွန်တော့်အမြင်အရတော့ အဲဒီလိုမျိုး တစ်ခုခုဖြစ်လာမယ်ဆိုရင်

စာ(၄၅)သို့



# Entertainment

7DAY NEWS JOURNAL

Vol.9, No.49 • MARCH 3, 2011t




## အမြွှာပူးမွေးဖွားခဲ့တဲ့ လီယောင်အေး

ဆိုးလ်၊ ဖေဖော်ဝါရီ – ၂၁

တောင်ကိုရီးယား၏ နာမည်ကျော် ရုပ်ရှင်မင်းသမီးလီယောင်အေးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၀ရက်က အမြွှာပူးကလေးနှစ်ဦးကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့ကြောင်း သူမ၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားလိုက်သည်။ မင်းသမီးလီ (၄၀နှစ်)သည် ယောက်ျားလေးနှင့် မိန်းကလေးအမြွှာပူးမောင်နှမကို မွေးဖွားခဲ့ခြင်းဖြစ်ပြီး ဆိုးလ်မြို့တော်ဆေးရုံတွင် မွေးခဲ့သည်ဟု သူမ၏ကိုယ်စားလှယ်ကပြောသည်။ သတင်းတွင် ကလေး ၂ဦးနှင့် မိခင်ပါ ကျန်းမာစွာရှိနေကြောင်း ဖော်ပြထားသည်။

လီယောင်အေးသည် ကိုရီးယား-အမေရိကန်စီးပွားရေးသမားတစ်ဦးနှင့် ၂၀၀၉ခုနှစ်က အမေရိကန်နိုင်ငံတွင် တိတ်တဆိတ်လက်ထပ်ခဲ့ပြီး ထိုစဉ်မှစ၍ ပရိသတ်မြင်ကွင်းရှေ့မှ ပျောက်ကွယ်နေခဲ့သည်။ လီသည် ၁၉၉၁ခုနှစ်တွင် ရုပ်သံကြော်ငြာမယ်တစ်ဦးအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး၊ ၂၀၀၃ ခုနှစ်တွင် Jewel in the Palace ဇာတ်ကား၌ နန်းတွင်းတော်ဝင် ဆေးဆရာမ ချန်ဂင်အဖြစ် သရုပ်ဆောင်ကာ အာရှတစ်လွှား လူကြိုက်များသော ကိုရီးယားမင်းသမီးတစ်လက်ဖြစ်လာခဲ့သည်။

—Ref: Xinhua

## မေသန်းနု စီစဉ်မည့် ဖျော်ဖြေပွဲကျင်းပမည်



**အေးသူစံ**


**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၉**

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကမင်းသမီး မေသန်းနု စီစဉ်တင်ဆက်မည့် ဖျော်ဖြေပွဲတစ်ခုသည် အကြောင်းကြောင်းကြောင့်မကျင်းပဖြစ်ခဲ့သော်လည်း ယခုနှစ်ဆန်းပိုင်းတွင် ရုပ်ရှင်ဂီတအနုပညာသမားများစွာဖြင့် Galaxy Night ဖျော်ဖြေပွဲကြီးကိုစီစဉ်တင်ဆက် နိုင်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်ညကသတင်းထောက်များနှင့် တွေ့ဆုံစဉ် မေသန်းနုက ပြောကြားခဲ့သည်။

"ဒီပွဲကို မဆင့်သူငယ်ချင်းကိုထူးထူးဇော်နဲ့ တွဲလုပ်ရတဲ့ အကြောင်းက ထူးထူးဇော်က စီးပွားရေးအရမဟုတ်ဘူး။ ပွဲကြီးကြီးလုပ်ချင်တယ်ပြောတယ်။ ပါရမီရှင်က အရမ်းအောင်မြင်သွားတော့ ပါရမီရှင်ထက်အောင်မြင်ချင်လို့ မဆင့်တို့သူငယ်ချင်းနှစ်ယောက်ပေါင်းလုပ်တာပါ။ တကယ်တမ်း မဆင့်က စီစဉ်တာပဲရှိတယ်။ ကိုယ့်ရဲ့အနုပညာ ညီအစ်ကိုမောင်နှမတွေ ဝိုင်းမကူရင်မဖြစ်နိုင်ဘူး။ ကိုယ်စီစဉ်တဲ့ အစီအစဉ်လေးကိုလည်း ဖန်တီးချင်တဲ့ စိတ်ပေါ့နော်။ မဆင့်လို သရုပ်ဆောင်တစ်ယောက် အနေနဲ့ စီစဉ်သူဆိုတဲ့အပိုင်းကဘာမှ မဆိုင်ဘူးလေ။ ဒါပေမဲ့ ဝါသနာက ပါနေတာ။ ကိုယ်တိုင်ကချင်လို့လည်း မဟုတ်ဘူးလေ။ ဒီပွဲမှာဆို မဆင့်က ပြဇာတ်တစ်ခုတည်းကတာပါ" ဟု မေသန်းနုက ဖျော်ဖြေပွဲကျင်းပရခြင်း အကြောင်းကိုပြောကြားသည်။

စာ(၄၉)သို့

## မဒမ်တူးဆော့ပြတိုက်တွေမှာ တွေ့ရတော့မယ့် ဂျပ်စတင်ဘီဘာ



ဘော့ဂျင်း၊ ဖေဖော်ဝါရီ – ၂၃

ကနေဒါနိုင်ငံမှ လူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာ၏ ပုံတူဖယောင်းရုပ်တုကို နာမည်ကျော် မဒမ်တူးဆော့ ဖယောင်းပြတိုက်တွင် လာမည့် မတ်လမှ စတင်ထားရှိသွားတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြလိုက်သည်။ ပြတိုက်၏ ယင်းကြေညာချက်သည် ဘီဘာက ၎င်း၏ ဆံပင်ကိုညှပ်ကာ ရန်ပုံငွေအဖွဲ့တစ်ခုအတွက် လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာပြီးနောက်တစ်ရက်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အသက် ၁၆နှစ်အရွယ် ဘီဘာ၏ ဖယောင်းပုံတူရုပ်တုကို နယူးယောက်၊ လန်ဒန်နှင့် အမ်စတာဒမ်မြို့များရှိ မဒမ်တူးဆော့ပြတိုက်များတွင် လာမည့်မတ်လမှ စတင်ထားရှိသွားမည်ဟုသိရသည်။ ပြတိုက်တွင် ဖယောင်းရုပ်တုထားရှိကာ ဂုဏ်ပြုခံရခြင်းအတွက် အဆိုတော်ဘီဘာက "ကျွန်တော့်ရဲ့စံပြပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ မိုက်ကယ်ဂျက်ဆင်၊ ပရင့်စ်၊ ဘီယွန်းဆေး၊ အာရှာတို့ရဲ့ အရုပ်တွေနဲ့အတူ ကျွန်တော့်ပုံတူအရုပ်ကို ထားရှိမယ်ဆိုတဲ့အတွက် အရမ်းစိတ်လှုပ်ရှားမိပြီး ဂုဏ်ယူမိတယ်"ဟုပြောသည်။

မဒမ်တူးဆော့ပြတိုက်၏ မန်နေဂျာလစ်ဇ်အက်ဒဝပ်ကလည်း "ဂျပ်စတင်ဘီဘာဟာ တစ်ကမ္ဘာလုံးမှာ လူကြိုက်များတဲ့အဆိုတော်ပါ။ ကမ္ဘာတစ်ဝန်းက သူ့ပရိသတ်တွေကလည်း မဒမ်တူးဆော့ပြတိုက်တွေမှာ သူ့ရုပ်တုကိုထားဖို့တောင်းဆိုခဲ့ကြပါတယ်။ ဒါကြောင့် သူ့ရုပ်တုကို လာမည့်မတ်လမှာ ပြတိုက်တွေမှာ မြင်ရတော့မှာမို့ သူ့ပရိသတ်တွေ ဝမ်းသာကြမှာပါ"ဟုမှတ်ချက်ပေးသည်။

—Ref: Xinhua

## ခေါက်ရိုးကျိုးလမ်းကြောင်းကို ဖောက်ထွက်ထားတဲ့ လင်းလင်း

**အေးသူစံ**

မိုက်စတန်းဒ် (Mic Stand)ကို ထမ်းထားပြီး မန္တလေးကျုံးမြို့ရိုးကြီးကိုလှမ်းမျှော်ငေးကြည့်နေတဲ့ အမျိုးသားတစ်ဦးရဲ့ နောက်ကျောပေးပုံစံကို အခွေဒီဇိုင်းကာဗာအဖြစ် လင်းလင်းက သူရဲ့ 'စဉ်းစားပါ' ဗီစီဒီမှာ အသုံးပြုထားပါတယ်။ သမားရိုးကျဗီစီဒီခွေတွေကနေ ကွဲထွက်လို့ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ ပြင်ဦးလွင်စတဲ့ ယဉ်ကျေးမှုမြို့တော်တွေမှာ သူ့ရဲ့ရော့ခ်သံစဉ်တွေနဲ့လိုက်ဖက်ညီညီ ဖန်တီးထားတာကြောင့် လင်းလင်းရဲ့ 'စဉ်းစားပါ'ဗီစီဒီက ကြည့်မိတဲ့လူတိုင်း လတ်တလော သဘောကျနှစ်ခြိုက်မှုကို ရရှိနေပါတယ်။




လင်းလင်းခွေကို ကြည့်မိတဲ့သူတိုင်း မျက်စိနဲ့ မန္တလေးမြို့ကြီးကို လျှောက်လည်လိုက်ရသလိုပါ။ ကျုံးမြို့ရိုး၊ လူထုသတင်းစာတိုက်၊ မန္တလေး တက္ကသိုလ်၊ဘူတာကြီး၊ မဟာမြတ်မုနိ ရုပ်ရှင်တော်ဘုရားကြီး ၊ ရွှေကျောင်းတော်၊ မန္တလေးတောင်ခြေက သုခမ္မာဇရပ်တန်းကြီးတွေ စတဲ့ မန္တလေး မြို့သားတွေ အလွမ်းပြေသွားမယ့် မြို့မြင်ကွင်းတွေကို ပုံဖော်ရိုက်ကူးထားတာပါ။

'စဉ်းစားပါ' သီချင်းကို ဈေးချို ရှေ့လမ်းလယ်ခေါင်မှာတီးဝိုင်းအဖွဲ့သားတွေနဲ့ လင်းလင်းကဂစ်တာတီးပြီး သီဆိုနေတာကို ပရိသတ်တွေဝိုင်းအုံကြည့်နေကြတဲ့ ရိုက်ကွင်းကတော့ ဖန်တီးရိုက်ကူးထားတာကြည့်ရတာနဲ့တင် အခက်အခဲတွေဘယ်လောက် ရှိမလဲမှန်းဆနိုင်ခဲ့ပါတယ်။ "ဈေးချိုမှာရိုက်တုန်းက ရိုက်မယ့် နေ့ကရုံး ဖွင့်ချိန်ကြီး။ ဈေးချိုရှေ့ နာရီစင်မှာ ထရော်လီတွေ၊ ဒရမ်ဆက်တွေ၊ ဆောင်းဘောက်တွေ ၊ ကင်မရာတွေချိန်ပြီး လမ်းလယ်ခေါင်ကြီး ချလိုက်တော့ လမ်းတွေ အကုန်ပိတ်သွားရော။ စည်ပင်တွေ၊ ရဲတွေ ရောက်လာတော့ကျွန်တော့် သူငယ်ချင်းတစ်ယောက်က 'ကဲ ရိုက်ဖို့လည်း တည်ပြီးပြီ။ မင်းတို့ဖြစ်အောင်သာလုပ်တော့ ဆိုပြီး ရဲတွေလာဖမ်းတော့သူပါ သွားတယ်။ ကျွန်တော်တို့ကတော့ ပြီးအောင် ဆက်ရိုက်လိုက်တယ်။ အားလုံး ရိုက်ပြီးသွားမှ သွားပြီး ရှင်းပြတောင်းပန်ရတာပေါ့" လို့ လင်းလင်းကဈေးချိုရှေ့ကရိုက်ကွင်းအကြောင်း ပြန်ပြောင်းပြောပြပါတယ်။

ရိုက်ကူးရေးအခက်အခဲကဒီသီချင်းတစ်ပုဒ်တည်းနဲ့တင်မကပါ ဘူး။ မန္တလေးအနီးတစ်ဝိုက်ကအင်းဝဘက်ခြမ်းမှာ ရိုက်ခဲ့တဲ့ 'ခေါက်ရိုးကျိုး' သီချင်းဆိုရင် ရိုက်ခွေတွေသိမ်းသွားခံရတဲ့ အထိခက် ခက်ခဲခဲဖြစ်ခဲ့တယ်လို့သိရပါတယ်။ 'ခေါက်ရိုးကျိုး' သီချင်းကိုအင်းဝမြို့က နန်းမတော်မယ်နုကျောင်းတော်ကြီးမှာ နောက်ခံထားပြီး အရောင်အနုအရင့် ကစားထားတဲ့ ရုပ်ငြိမ်ပုံစံကင်မရာရိုက်ချက်တွေနဲ့ ဒါရိုက်တာမင်းထွန်းက ဖန်တီးခဲ့တာပါ။ "မယ်နုအုတ်ကျောင်းမှာ ရိုက်တုန်းကဆိုရိုက်နေတုန်းမှာပဲ ရှေ့ကနေလာပိတ်ပြီးတော့ ကင်မရာယူသွားတာ။ ရိုက်ခွေသိမ်းသွားတာတို့ပေါ့။

စာ(၄၉)သို့

# Entertainment

7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

ဓာတ်ပုံ - အေးသူစံ



## မကြာခင်ကြည့်ရတော့မယ့် သဇင်ရဲ့ "ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ"

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆

စက်တင်ဘာလအတွင်းက တိပ်နှင့်စီဒီထွက်ရှိထားခဲ့သော သဇင်၏ 'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ' စီးရီး၏ ဗီစီဒီတွင် အနုပညာလောကမှ သရုပ်ဆောင်များစွာအပြင် သူမနှင့် ခင်မင်သည့်စာနယ်ဇင်းအချို့ကိုလည်း ပါဝင်သရုပ်ဆောင်ရန် အကူအညီတောင်းခဲ့ကြောင်း သဇင်ကပြောသည်။

"သဇင်ဒီခွေကို စရိုက်တဲ့ အချိန်တုန်းက ကောင်းတယ် မကောင်းဘူးဆိုတာလည်း သိပ်မသိသေးဘူး။ အခက်အခဲတွေ အများကြီးကိုလည်းကြုံခဲ့ရတယ်။ စီးရီးခေါင်းစဉ်သီချင်းဖြစ်တဲ့ 'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ' သီချင်းဆိုရင် သုံးရက်လောက်ကိုရိုက်ခဲ့ရတယ်။ တည်းဖြတ်ခန်းကိုရောက်တော့မှ ကိုယ်စိတ်ကူးထားတဲ့ အတိုင်း ကွက်တိကျအောင် ဒါရိုက်တာတွေက ဖန်တီးလုပ်ပေးနိုင်ခဲ့တာကို တွေ့ရတယ်။ ဒီခွေမှာ သဇင်နဲ့ ခင်မင်ရတဲ့ အန်တီနန်း (ဒေါ်နန်းအိအိဇာ)နဲ့ မချို (ခင်ချိုချိုဦး)တို့ကိုလည်း ပါဝင်ရိုက်ကူးပေးဖို့ အကူအညီတောင်းခဲ့တာပါ" ဟု သဇင်ကပြောသည်။

ဒေါ်နန်းအိအိဇာမှာ သရဖူမဂ္ဂဇင်းမှဖြစ်ပြီး 'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ'သီချင်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဒါရိုက်တာများအဖြစ် ဇော်ဇော်၊ သုံးပေါင်၊ ရဲမြင့်သူ၊ သန့်ဇော်၊ ဇာကြီး၊ စိုင်းလုံးကျောက်နှင့် မီရှဲတို့ရိုက်ကူးပေးထားကြသည်။ ရိုက်ကူးပေးထားသူတစ်ဦးဖြစ်သူ ဒါရိုက်တာဇော်ဇော်ကလည်း "သဇင့်ခွေမှာ စီးရီးခေါင်းစဉ်ကို ရိုက်ရတဲ့အခါ သီချင်းက အရမ်းStrong ဖြစ်လို့ မြန်မာပရိသတ်ကြိုက်ပါ့မလားလို့ စိုးရိမ်မိတယ်။ ဒီသီချင်းကို သုံးရက်လောက်ကိုရိုက်ခဲ့ရတဲ့ အတွက် သဇင်လည်းပိုက်ဆံတော်တော်ကုန်သွားပါတယ်။ ပင်လည်းပင်ပန်းကြပါတယ်။ ဒါပေမဲ့ ပင်ပန်းရကျိုးနပ်မယ်လို့ထင်ပါတယ်။ သဇင့်ခွေမှာ ရိုက်ထားတဲ့ ဒါရိုက်တာတွေ အားလုံးကလည်း တစ်ယောက်တစ်မျိုးစီ သူတို့ပုံစံဖြစ်အောင်ရိုက်သွားနိုင်ကြတဲ့အတွက် ဒီဗီစီဒီက ပရိသတ်ကြိုက်မယ်လို့ထင်ပါတယ်" ဟု ပြောကြားသည်။




## ဖခင်က အားမပေးသော်လည်း ဂီတလမ်းကြောင်းပေါ် ရောက်ရှိလာတဲ့ နွေးနွေးချစ်ဖွယ်

အေးသူစံ


ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

မကြာသေးမီက ရုပ်သံလိုင်းတစ်ခုတွင် ထုတ်လွှင့်ပြသခဲ့သော လူရွှင်တော် သမီးလေးဦးတင်ဆက်သည့် စကားနပန်း အစီအစဉ်တွင် ပရိသတ် သတိပြုမှုကိုရရှိခဲ့သည့် နွေးနွေးချစ်ဖွယ်က ဖခင်ဖြစ်သူမြို့တော်ချစ်ဖွယ်၏ အားမပေးသည့်ကြားက ဂီတအလုပ်များဆက်တိုက် လုပ်ကိုင်ဖြစ်နေပြီး ယခုအချိန်တွင်မူ ဖခင်မှ တားမြစ်ခြင်း မရှိတော့ကြောင်း သူမ ပါဝင်သီဆိုထားသော တီဟုမ်းသင်္ကြန် စီးရီး မိတ်ဆက်ပွဲတွင် ပြောကြားလာသည်။

"ဖေဖေက လုံးဝမကြိုက်ဘူး။ သမီးကို ငယ်ငယ်ကတည်းက နားကြပ်တွေဝယ်ပေးနဲ့ ဖေဖေက ဆရာဝန်အရမ်းဖြစ်စေချင်တာ။ သမီးကလည်းအဖေ့အနုပညာပိုးတွေကအပြည့်ပါလာတော့ အဖေ့ဇာတ်ကတဲ့နေရာတွေအဖေ မခေါ်လည်း အတင်းသွားကြည့်ပြီး သီချင်းတွေ ဆိုချင်တာ။ အခု အဖေ့ရဲ့အကူအညီတစ်ခုမှ မယူဘဲနဲ့ သမီးအဆက်အသွယ်လေးနဲ့ သမီးဂီတအလုပ်တွေလုပ်ဖြစ်တာ။ နောက်ပိုင်းဖေဖေလည်း ပြောလို့ မနိုင်တော့ဘူးပေါ့" ဟု သူမကပြောသည်။

စကားနပန်းအစီအစဉ်၏ အောင်မြင်မှုကြောင့် ယခင်ကတည်းက ခင်မင်ခဲ့သော ရုပ်ရှင်ဒါရိုက်တာအများစုထံမှ ဇာတ်ကားရိုက်ရန်ကမ်းလှမ်းလာမှုများကို သူမအနေဖြင့် ရိုက်ကူးရန်မရှိကြောင်းလည်းပြောကြားသည်။

"စကားနပန်းမှာ ပေါက်သွားတဲ့အတွက် ဒါရိုက်တာတွေက ကမ်းလှမ်းတယ်။ သမီးမှာ အရမ်းအခက်အခဲကြုံနေတယ်။ သမီးက ကင်မရာရှေ့ရောက်ရင် ကြောက်တယ်။ ဒါကြောင့် မရိုက်ဘူးလို့ ဆုံးဖြတ်ထားတယ်။ သမီးကြောင့် အခက်ခဲဖြစ်မှာစိုးရိမ်တယ်။ ရုပ်ရှင်ရိုက်ဖို့အစီအစဉ်မရှိပါဘူး" ဟု ပြောသည်။



ဓာတ်ပုံ - အေးသူစံ

ဖခင်၏ အနုပညာလမ်းကြောင်းဖြစ်သော ဇာတ်သဘင်၊ ရုပ်ရှင်လောကသို့ဝင်ရန် အစီအစဉ် မရှိဘဲ သီချင်းဆိုခြင်းကိုသာ တစ်စိုက်မတ်မတ်လုပ်ကိုင်သွားမည်ဖြစ်ပြီး တစ်ကိုယ်တော်ခွေအတွက် သူမကိုယ်တိုင်ရေးသီချင်းများ အပါအဝင်သီချင်းများ စတင်စုဆောင်းနေပြီဖြစ်ကြောင်း သိရသည်။

"သီချင်းဆို ရတဲ့အရသာက ပိုလွတ်လပ်တယ်။ သီချင်းဆိုတာကိုကြိုက်ပြီးပိုးဝင်သွားတယ်။ နယ်မှာရှိုးသွားဆိုရင်းနဲ့ ကိုယုန်လေးတို့နဲ့ဆုံပြီးခင်သွားတယ်။ ကိုယုန်လေး အကူအညီနဲ့ပဲ ပထမဆုံး 'နှိမိတ်ကောင်းနဲ့လူ' စီးရီးမှာ ကိုယုန်လေးနဲ့ 'ငါ့မင်းအတွက်' သီချင်းလေးဆိုဖြစ်တယ်"ဟုပြောသည်။

သူမကို အဆိုတော်အဖြစ် 'ငါ့မင်းအတွက်' သီချင်းဖြင့် လူသိများလာခဲ့ပြီး ယခုအချိန်တွင် အတွဲခွေပေါင်း ခုနစ်ခွေခန့်သီဆိုထားပြီဖြစ်ကြောင်းနှင့် ရော့ခ်ဂီတကို ကြိုက်နှစ်သက်ကြောင်းပြောကြားသွားသည်။

တီဟုမ်းသင်္ကြန်ခွေတွင် 'တို့တွေမြူးမယ်' ရော့ခ်သီချင်းကိုဗာရှင်းပြောင်းသီဆိုထားပြီး လတ်တလော မတ် ၂ ရက်တွင် ဟိုပင်၊ မတ် ၂၄ ရက်တွင် The Trees တီးဝိုင်းနှင့် R ဇာနည်၊ ဟဲလေး၊ ကောင်းဆက်၊ ခင်မောင်တိုး၊ ချစ်သုဝေတို့ဖြင့် ကချင်ပြည်နယ် တနိုင်းမြို့၌ ရှိုးသီဆိုရန်ရှိကြောင်းသိရသည်။

## စာ – ၄၇၊ ခေါက်ရိုးကျိုးလမ်းကြောင်းကို ဖောက်ထွက်ထားတဲ့လင်းလင်း မှ

တာဝန်ရှိတဲ့သူတွေက ဘယ်သူ့ကို ပြောထားလဲ၊ ရိုက်ဖို့စာပါလား ဘာလားပေါ့။ အဲဒီလို အခက်အခဲလေးတွေဖြစ်တယ်။ ကျွန်တော်တို့ဘက်ကလည်း ရိုက်လို့ရမယ်ပဲ ထင်တာပေါ့" လို့ 'ခေါက်ရိုးကျိုး' မှာကြုံခဲ့ရတဲ့ရိုက်ကွင်းအခက်အခဲလေးတွေကို လင်းလင်းကမျှဝေပြောပြပါတယ်။

'ဖြစ်သလိုမေ့လိုက်ပါ' သီချင်းကတော့ မန္တလေး ဆီဒိုးနားဟိုတယ်နဲ့ မျက်နှာချင်းဆိုင်က မန္တလေး ကျုံးမြို့ရိုးကြီးရှေ့ ပလက်ဖောင်းပေါ်မှာ နေဝင်ချိန်ထိ တစ်နေကုန်သီဆိုနေတဲ့လင်းလင်းတို့အဖွဲ့ကို ၂၆ လမ်းမကြီး ပေါ်က ဖြတ်သန်းသွားတဲ့ ဆိုင်ကယ်တွေ၊ ကားတွေက စိတ်ဝင်တစားအားပေးနေကြပုံတွေနဲ့ ရိုက်ကူးထားပါတယ်။ ကျုံးမြို့ရိုးကြီးရဲ့ခန့်ညားမှုနောက်ခံနဲ့ လင်းလင်းရဲ့သီချင်းကပိုကြွသွားသလို မြို့ခံတွေရဲ့သဘာဝကျတဲ့သရုပ်ဆောင်ချက်တွေက ဒီသီချင်းကို တစ်နည်းတစ်ဖုံ့ပိုးပေးနေပါတယ်။

တစ်ခွေလုံးမှာ အရင်ဆုံးသွားရိုက်ဖြစ်တဲ့သီချင်းက 'အခုထိပါ' သီချင်းဖြစ်ပြီး မန္တလေးမြို့တည်နန်းတည် နှစ် ၁၅၀ ပြည့်ပွဲတော်မြင်ကွင်းတွေပါအောင်လို့ ပွဲတော်ချိန်မှာ သွားရိုက်ထားတာဖြစ်ပါတယ်။ ဒီခွေထဲမှာ ရော့ခ်ကာကြီးလေးဖြူကိုယ်တိုင် အကြိုက်ဆုံးလို့ပြောထားတဲ့'ဝက်ပါ' သီချင်းကို ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ထဲက 'ဝက်ပါ' အဆောက်အအုံထဲမှာ ပုံဖော်ထားတာပါ။ သီချင်းနဲ့ Location ကွက်တိကျသွားတဲ့ ဒီသီချင်းဟာ ရော့ခ်ခပ်ပြင်းပြင်းသံစဉ်တွေအပြင် ဘဝဒဿနဆန်တဲ့ စာသားတွေကြောင့် တော်တော်များများလည်း ကြိုက်နှစ်သက်တဲ့သီချင်း ဖြစ်ပါတယ်။

'မငြိတွယ်နဲ့' သီချင်းကို စစ်ကိုင်းတံတားနားက ရွှေကြက်ယက်ဆိပ်ကမ်းမှာ ရိုက်ကူးထားပြီး ရှားရှားပါးပါး တစ်ခွေလုံးမှာ နှစ်ပုဒ်ပဲသရုပ်ဆောင်ပါတဲ့အထဲက ချစ်သုဝေနဲ့ တွဲဖက် သရုပ်ဆောင်ထားတဲ့သီချင်းလည်းဖြစ်ပါတယ်။ အချစ်ကိုချည်နှောင်ချင်တဲ့ချစ်သူမိန်းကလေးနဲ့ အချစ်ကိုနှောင်တွယ်မခံလိုတဲ့သူ့ရဲ့ခံစားချက်တွေကို အငြိမ်ရိုက်ချက် လေးတွေနဲ့ ရိုက်ထားတာပါ။ ချစ်သုဝေနဲ့လင်းလင်းတို့နှစ်ယောက်ရဲ့ ဆန့်ကျင်ဘက်အသွင်သဏ္ဌာန်ကြောင့် တစ်မျိုးတစ်ဖုံကြည့်ကောင်းတဲ့သီချင်းလေးဖြစ်ပါတယ်။

'လေတွေတိုက်တိုင်း' သီချင်းက မန္တလေးကနေ ပြင်ဦးလွင်ဘက်အသွားလမ်းကနေ ခွဲထွက်ပြီး သွားရတဲ့ ရေတံခွန်တောင်ခြေမှာ ရိုက်ကူးထားတာပါ။ 'အရှုံးတစ်ပိုင်း' သီချင်းကိုတော့ ၂၆လမ်းတစ်ဝိုက်က မန္တလေးဂေါဝိန်ဆိပ်ကမ်းမှာ ရိုက်ထားတာဖြစ်ပြီး ကုန်တင်လှေတွေ၊ သမ္ဗန်တွေပေါ်က လှေလုပ်သားကြီးတွေ၊ လှေသမားမိသားစုတွေ၊ ဧရာဝတီမြစ်ရေပြင်ကို ဘောလုံးကွင်းမြေပြင်လို သဘောထား ဆော့ကစားနေကြတဲ့ကလေးငယ်လေးတွေရဲ့ လိုက်ဖ်မြင်ကွင်းတွေက ရော့ခ်သီချင်းထဲမှာ တစ်မျိုးထူးခြားနေပါတယ်။

'တိမ်လိုလူ' ကတော့ ပြင်ဦးလွင်ကနေ သွားရတဲ့ မိုးကြိုးပစ်ရွာအစွန်အဖျားက တောင်ကုန်းတွေပေါ်မှာ ရိုက်ထားတာပါ။

လင်းလင်းဗီစီဒီမှာ ထူးခြားချက်လေးတွေရှိပါသေးတယ်။ သီချင်းစာသားတွေပေါ်လာပြီး လိုက်ဆိုဖို့ အချက်ပြတဲ့တိုင်မင်စနစ်မပါပါဘူး။ ကာရာအိုကေဆိုမယ်ဆိုရင် လင်းလင်းသီချင်းတွေကိုကျက်မိ၊ မှတ်မိနေဖို့လိုပါမယ်။ Play back ပုံစံမျိုးရိုက်ထားတာမဟုတ်ဘဲ ပါဝင်တဲ့ ရှားရှားပါးပါးသရုပ်ဆောင်ချစ်သုဝေနဲ့ ဂျာနန်တို့ကိုလည်း အလှပုံစံထက် အမှတ်မထင် ဖျတ်ခနဲပုံရိပ်လေးတွေနဲ့သဘာဝကျကျ ရိုက်ကူးထားပါတယ်။ အဆိုတော်နဲ့တီးဝိုင်းပုံစံကလည်း ဗီစီဒီရိုက်ဖို့အတွက် အထူးတလည် ရှိုးထုတ် ပြင်ဆင်ထားခြင်းမရှိဘဲ ပုံမှန်ဝတ်စားထားတဲ့ အဆင်အယင်မျိုးနဲ့မို့ ရိုးတာကပဲ ပြန်ဆန်းသလိုဖြစ်ပြီး ဆွဲဆောင်မှုရှိနေပါတယ်။

ဒီခွေမှာ လင်းလင်း၊ မောင်မောင်ဇော်လတ်၊ အငဲ၊ ဇဝါနဲ့ ကိုဂျော့တို့ရေးသားထားတဲ့ ကိုယ်ပိုင်သံစဉ် သီချင်း ၁၁ ပုဒ်ပါဝင်ပြီး ဟန်ထွန်း၊ သအိုနဲ့ အယ်မင်းတို့က Background Vocal အနေနဲ့ အားဖြည့်ပေးပါတယ်။ တစ်ခွေလုံးကိုဒါရိုက်တာမင်းထွန်းရိုက်ကူးပြီး ဖေဖော်ဝါရီနောက်ဆုံးပတ်က ဖြန့်ချိခဲ့ပါတယ်။ တိပ်၊ စီဒီတုန်းကလည်း အောင်မြင်ခဲ့ပြီး ဗီစီဒီ၊ ဒီဗီဒီမှာလည်း တမူထူးစွာ ဖန်တီးထားလို့ ပရိသတ်တွေ အားပေးကြဦးမှာပါ။ ဘာကြောင့် နယ်ရိုက်ကွင်းတွေမှာ ငွေကြေးတွေ အများကြီးအကုန်ခံပြီးရိုက်ရလဲဆိုတာကို လင်းလင်းပြောစကား နားထောင် ကြည့်ရအောင်ပါ။

"အဓိက ရည်ရွယ်ချက်က ကိုယ့်နိုင်ငံထဲမှာရှိတဲ့ ယဉ်ကျေးမှုနေရာလေးတွေကိုပြချင်တာ။ ကျွန်တော်တို့ အပေါင်းအသင်းတွေ၊ ကျွန်တော်တို့ကိုယ်တိုင် ဘဝမှာ ဂုဏ်ယူစရာလေးဖြစ်အောင်၊ မှတ်တိုင်လေးတစ်ခုလုပ်မယ်၊ အဲဒီအတွက် ကျွန်တော်တို့ဘာမှ မမျှော်လင့်ဘူး။ ရိုးရိုးသားသားနဲ့လိပ်ပြာသန့်သန့်ကြိုးစားမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာပါ"တဲ့။



**အေးသူစံ**

■ ၂၀၁၀ သင်္ကြန်ပွဲတော်ကာလအတွင်း တီးဟုမ်းရန်ကုန်သင်္ကြန်မဏ္ဍပ်၌ သီဆိုဖျော်ဖြေခဲ့သော သင်္ကြန်လိုက်ဖ်ရှိုးခွေတွင် ဂီတ အမျိုးအစားအစုံပါဝင်ပြီး ယင်းစီးရီးကို မတ်လ ၂ ရက်ထွက်ရှိမည်ဖြစ်သည်။ တီဟုမ်းသင်္ကြန်၂၀၁၀ စီးရီးတွင် မြန်မာသံစဉ်သင်္ကြန်သီချင်းများ၊ ပေါ့ပ်၊ အော်တာနေးတစ်ရော့ခ်၊ ကန်းထရီးနှင့် R&B သီချင်းများပါဝင်ပြီး ခိုင်ထူး၊ ဇော်ဝင်းထွဋ်၊ မိုးမိုး၊ ပူစူး၊ Cobra ၊ Elde (အဝေးကစည့်ခန်း)၊ အရိုး၊ ဟက်ကက်၊ ရာစု၊ သဇင်၊ ဇမ်နူး၊ ဆွိတီ၊ အားမူ၊ Zhoenix ၊ မီးနို၊ ယိင်းယိင်းနှင့် နွေးနွေးချစ်ဖွယ်တို့ပါဝင်သီဆိုထားသည်။

■နှစ်စဉ်သင်္ကြန်နီးလာတိုင်း နာမည်ရအမျိုးသမီးအဆိုတော်များဖြင့် စီစဉ်ထွက်ရှိလေ့ရှိသည့် ဧပြီကေရီ(April Queen)သင်္ကြန်တေးစီးရီးများကို တေးရေး စိုးလင်းမှ စီစဉ်လျက်ရှိရာ ယခုအခါ 'ဂီတတံခါးလေးဖွင့်ပါဦး' သီချင်းဆိုပြိုင်ပွဲမှ ဆုရတေးသံရှင်ကလေးငယ်များဖြစ်ကြသော ခင်ဘုန်းပွင့်စံ၊ အက်စတာဒွေး၊ အေးမြဖြူ၊ ကြည်ဖြူခင်၊ အိမ့်ရွှေဖြူ (Candy)၊ မေ့ချစ်သက်၊ ခင်ပိုးပန်းချီ၊ ပင်ကီ၊ တိုးရတီဝင်း၊ မေပြည့်စုံထူး၊ ရဲသီဟ၊ ဖြိုးသီဟ၊ ဝိုင်းလမင်းအောင်၊ သွန်းရွှေလျှံနှင့် ဝေယံမိုးဦးတို့က ပါဝင်သီဆိုထားသည်။

■ ကိုယ်ပိုင်သံစဉ်တေးသီချင်းအသစ် ၁၄ ပုဒ်ပါဝင်သော ကချင်တိုင်းရင်းသားအဆိုရှင်ဒေးဂျာ၏'ဇာတ်ထုပ်' အမည်ရတစ်ကိုယ်တော်စီးရီးကို ဖေဖော်ဝါရီ ၂၅ရက်တွင် ထွက်ရှိမည်ဖြစ်သည်။ ဒေးဂျာ၏ စီးရီးတွင်တေးရေး 4 စည်၊ ဒေးဂျာနှင့်သောင်းတို့ရေးသားပြီး Hard Rock၊ Slow Rock၊ မော်ဒန်ရော့ခ် အမျိုး အစားရော့ခ်သီချင်းများဖြစ်သည်။ ၎င်း၏ တီးဝိုင်းဖြစ်သော Eclat ဖြင့်တီးခတ်ထားပြီး ဘေ့စ်ဂစ်တာပျန်ပီး၊ ကီးဘုတ် အားပန်၊ လိဒ်ဂစ်တာဘောက်နော်နှင့်ဒရမ်ကိုကျော်ဇင်တို့ဖြစ်သည်။

## စာ – ၄၇၊ မေသန်းနု စီစဉ်မည့် ဖျော်ဖြေပွဲကျင်းပမည် မှ

သရုပ်ဆောင်ဘက်တွင်ယခု အချိန်ထိ ကျရာဇာတ်ရုပ်မှ သရုပ်ဆောင်နေဆဲဖြစ်ပြီး စီးပွားရေးအရ ကင်မရာငှားခြင်း၊ ရှူတင်ကားငှားခြင်းလုပ်ငန်းများ လုပ်ကိုင်နေသည့်အပြင် ယခုကဲ့သို့ ဖျော်ဖြေပွဲများကိုပါ စီစဉ်လာသည့်အတွက် နောက်ပိုင်း စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက် လုပ်ကိုင်ခြင်းရှိမရှိကို ၎င်းက "မဆင့်လုပ်တဲ့ပွဲဆို စီးပွားရေးအရ လုံးဝမကိုက်ဘူး။လူကလည်းအများကြီး။ ကုန်ကျစရိတ်ကလည်း အများကြီး။ ဒါပေမဲ့ကုန်ကျစရိတ်ကာမိအောင်တော့ မဆင့်တို့ခွေလေးဘာလေး ပြန်ထုတ်ရမှာပေါ့။ အခက်အခဲတွေက အများကြီး။ အနုပညာမောင်နှမတွေ အများကြီးပါတော့ လူအများကြီးကိုစုမိဖို့က မလွယ်ဘူးလေ။ ခေါင်းတော့ နည်းနည်းခဲတာပေါ့"ဟု ပြောကြားသွားသည်။ ယခင်ဖျော်ဖြေပွဲကြီးမဖြစ်မြောက်ခဲ့သည့်အပေါ် သတင်းစကားမျိုးစုံကို သူမအနေဖြင့်မည်သို့ သဘောထားသနည်းဆိုခြင်းကို "စကားဆိုတာက သူ့အမြင်ကိုယ့်အမြင်ပြောကြတာပဲလေ။ သိပ်ကြီးလည်း ဂရုစိုက်စရာမလိုဘူးပေါ့။ ကိုယ်မှန်လား၊မှားလားဆိုတာ မဆင့်တို့က ကိုယ့်အသိုင်းအဝိုင်းနဲ့ လုပ်တာလေ။ ကိုယ့်လုပ်ရပ်က မှန်လား၊မှားလား ဆိုတာ ကိုယ့်သူငယ်ချင်းအပေါင်းအသင်းတွေလည်း သိနေတာပဲလေ။ ကိုယ့်လိပ်ပြာမသန့်စရာအကြောင်းတွေ့မရှိပါဘူး။ ပြောတဲ့သူကတော့ ပြောနေကျကတော့ ပြောမှာပဲ"ဟုဖြေကြားသည်။

မေသန်းနုစီစဉ်သော Galaxy Night ဖျော်ဖြေပွဲတွင် ရန်အောင်၊ရဲအောင်၊မင်းမော်ကွန်း၊ ခန့်စည်သူ၊ နေတိုး၊ နေမျိုးအောင်၊ နေဆန်း၊ မိုးအောင်ရင်၊ အောင်ရဲလင်း၊ စွမ်း၊ ရဲတိုက်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ မေကဗျာ၊ မိုးပြည့်ပြည့်မောင်၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ အေးမြတ်သူ၊ စိုးပြည့်သဇင်၊ မိုးယုစံ၊ ဇူးဇူးမောင်၊ R ဇာနည်၊ ထွန်းထွန်း၊ ဖြူဖြူကျော်သိန်း၊ စန္ဒီမြင့်လွင်စသည့် ရုပ်ရှင် ဂီတအနုပညာပေါင်းစည်းတင်ဆက်မှုဖြစ်ပြီး မတ်လ ၁၈ ရက် ညနေ၆ နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်သည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Unknown | Warner Bros. Pic. | ၂၅,၄၅၃,၀၁၅ | ၁ |
| ၂။ | Gnomeo & Juliet | Touchstone Pic. | ၅၆,၄၃၆,၂၄၉ | ၂ |
| ၃။ | I Am Number Four | Dream Works Studios | ၂၂,၇၅၅,၈၅၄ | ၁ |
| ၄။ | Just Go With It | Columbia TriStar Motion Pic. | ၆၄,၁၃၆,၉၈၈ | ၂ |
| ၅။ | Big Mommas: Like Father, Like Son | 20th Century Fox | ၁၈,၇၃၅,၀၂၆ | ၁ |
| ၆။ | Justin Bieber: The Director's Fan Cut | Paramount Pic. | ၅၁,၂၃၆,၉၃၇ | ၂ |
| ၇။ | The King's Speech | The Weinstein Company | ၁၀၄,၇၇၅,၈၇၃ | ၁၃ |
| ၈။ | The Roommate | N/A | ၃၃,၀၆၁,၈၇၃ | ၃ |
| ၉။ | The Eagle | Focus Features | ၁၅,၈၄၀,၂၄၂ | ၂ |
| ၁၀။ | No Strings Attached | Paramount Pic. | ၆၆,၄၉၀,၀၈၄ | ၅ |

## Movie Review

### Rango




Rango သည် ဘဝတစ်လျှောက်လုံး အခြားလူများနှင့်သင့်တော်အောင်နေလာခဲ့သည့် ပုတ်သင်ညိုတစ်ကောင်ဖြစ်သည်။ ဘဝအတွက် ရည်မှန်းချက်လည်း ကြီးကြီးမားမားမရှိလှပေ။ သို့သော် အခြေအနေများ ရုတ်တရက်ပြောင်းလဲသွားချိန်တွင် Rangoသည် သဲကန္တာရတစ်ခုအတွင်းမှ ရက်စက်ကြမ်းတမ်းသည့် မြို့လေးတစ်မြို့သို့ရောက်ရှိသွားသည်။ ထူးဆန်းထွေလာသတ္တဝါပေါင်းစုံကြားတွင် Rangoက ထင်ပေါ်နေသည်။ အခြားသတ္တဝါငယ်များကလည်း ၎င်းအား အားကိုးနေရာ Rango မှာ ယခင်က သူစိတ်ကူးယဉ်ခဲ့သည့် သူရဲကောင်းကြီးဘဝကိုရရှိလာခဲ့ပြီး ပုတ်သင်ညိုလူဆိုးထိန်းကြီးဖြစ်လာခဲ့ရာ. . .။

အက်ရှင်၊ စွန့်စားမှု ရောပြွန်းထားသည့် ကလေးများအကြိုက် ကာတွန်းကားကို Gore Verbinski က ရိုက်ကူးထားပြီး Jonny Depp၊ Alanna Ubach၊ Abrigail Breslin တို့က အသံဖြင့် သရုပ်ဆောင်ထားသည်။ Paramount Pictures က မတ်လ ၄ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011


ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေသော မြန်မာမြားပစ်အားကစားသမားများ ဓာတ်ပုံ- အောင်အောင်

# အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာ အဆင့်တစ်ရ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

နိုင်ငံပေါင်း ၂၀နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၁ ခုနှစ်၊ ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့သည် ရွှေတံဆိပ်ငါးခုအပါအဝင် စုစုပေါင်းရွှေတံဆိပ်ဆယ်ခုရရှိကာ နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ကြောင်း သတင်းရရှိသည်။


အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုရရှိခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် ရွှေတံဆိပ်ငါးခုကို အမျိုးသား Compound အသင်းက အသင်းလိုက်အမှတ်ပေးပြိုင်ပွဲနှင့် အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲတို့တွင်လည်းကောင်း၊ အမျိုးသမီး Compound အသင်းက အသင်းလိုက်အမှတ်ပေးပြိုင်ပွဲနှင့် အသင်းလိုက် ရှုံးထွက်ပြိုင်ပွဲတို့တွင်လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း Compound အမှတ်ပေးပြိုင်ပွဲတွင် အောင်ဇင်မိုးကလည်းကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

ငွေတံဆိပ်တစ်ခုကို Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ အောင်ဇင်မိုးက ရယူပေးခဲ့ပြီး၊ ကြေးတံဆိပ်လေးခုကိုမူ Compound Mix-Team ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ဇင်မိုး အတွဲကလည်းကောင်း၊ Compound အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရဲမင်းဆွေကလည်းကောင်း၊ Recurve အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် သင်းသင်းခိုင်ကလည်းကောင်း၊ Compound အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေကလည်းကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းပြိုင်ပွဲကို ကမ္ဘာ့မြားပစ်ထိပ်သီးနိုင်ငံများဖြစ်သော ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အီရန်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၀ နိုင်ငံမှ အားကစားသမား၁၅၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

## ပရီးမီးယားလိဂ် ကစားသမားဟောင်းကို နည်းစနစ်ဒါရိုက်တာအဖြစ် မကွေးခန့်အပ်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

MNL ပြိုင်ပွဲဝင် မကွေးအက်ဖ်စီအသင်းသည် အသင်း၏ နည်းပြအဖွဲ့တွင် ပထမဆုံး နိုင်ငံခြားသားခေါ်ယူမှုအဖြစ် မန်ယူနှင့် နယူးကာဆယ်ကစားသမားဟောင်း ဒေးဗစ် မက်ခရီရီအား နည်းစနစ်ဒါရိုက်တာအဖြစ် ခေါ်ယူခဲ့ကြောင်း သတင်း ရရှိသည်။

"သူ့ကိုတစ်နှစ်စာချုပ်နဲ့ခေါ်ယူလိုက်တာပါ။ အသင်းနဲ့ အံဝင်မယ်ဆိုရင် သက်တမ်းတိုးဖို့ စီစဉ်သွားမှာပါ"ဟု မကွေးအက်ဖ်စီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ သို့သော် မကွေးအက်ဖ်စီအသင်းသည် နည်းစနစ်ဒါရိုက်တာ၏ လစာနှုန်းထားကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။

အသက် ၅၃ နှစ်အရွယ်ရှိ မက်ခရီရီသည် ၎င်း၏ ကစားသမားဘဝအား မန်ချက်စတာယူနိုက်တက် အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး၊ ကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးကာ မြောက်အိုင်ယာလန်လက် ရွေးစင်ကစားသမားဟောင်းလည်း ဖြစ်သည်။ ထို့အပြင် မေဂျာလိဂ်နှင့် တောင်အမေရိကတိုက်တို့တွင်လည်း နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးကြောင်းသိရသည်။

မကွေးအသင်းသည် MNL ပွဲစဉ်(၄)အပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရှုံးပွဲမရှိသေးဘဲ ရမှတ်ရှစ်မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်နေပြီး၊ နည်းပြချုပ်အဖြစ် ဦးကြည်လွင်က တာဝန်ယူထားသည်။ ယခင်နည်းစနစ်ရာထူးတာဝန်ယူထားသူ ဦးတင်ဟန်သည် မကြာသေးမီက အသင်းမှနုတ်ထွက်သွားခဲ့ကြောင်းသိရသည်။

## မြန်မာအိုလံပစ်အသင်း အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့သော်လည်း မျှော်လင့်ချက်ရှင်သန်ဆဲ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

၂၀၁၂ လန်ဒန်အိုလံပစ် ဘောလုံးပြိုင်ပွဲ အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲ၊ ပထမအကျော့ပွဲစဉ်တွင် မြန်မာအသင်းမှ အိန္ဒိယအသင်းအား တစ်ဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း (အဝေးကွင်း)တစ်ဂိုး ရရှိခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်ရေး မျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့ရသည်။


ပုံစာ ဓာတ်ပုံ- အောင်အောင်

ဖေဖော်ဝါရီ ၂၃ ရက်က အိန္ဒိယနိုင်ငံ၊ ပူနေးလ်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် အိန္ဒိယအသင်းမှ ပွဲချိန် ၂၄ မိနစ်နှင့် ၄၀ မိနစ်တို့တွင် ဦးဆောင်ဂိုးနှင့် အနိုင်ဂိုးများသွင်းယူသွားခဲ့ပြီး မြန်မာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၃၃ မိနစ်တွင် တိုက်စစ်မှူး မိုင်အိုက်နိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအိုလံပစ်ဘောလုံးအသင်းနှင့် အိန္ဒိယအိုလံပစ်ဘောလုံးအသင်းတို့သည် ၂၀၀၈ ခုနှစ်၊ ဘေဂျင်းအိုလံပစ်အာရှဇုန် ခြေစစ်ပွဲ ပထမအဆင့်၌လည်း ဆုံတွေ့ခဲ့ကြဖူးပြီး၊ နှစ်ကျော့ပေါင်း ရလဒ် ၂-၂ ဂိုးသရေဖြစ်နေ၍ပယ်နယ်လ်တီအဆုံးအဖြတ် ကန်သွင်းရာတွင် အိန္ဒိယအသင်းက ၅-၂ ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၀၈ အိုလံပစ်ခြေစစ်ပွဲက ရှုံးကြွေးကိုဆပ်ပြီး၊ အိန္ဒိယအသင်းကို ကျော်ဖြတ်ကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ရန်အတွက် လာမည့်မတ်လ ၉ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် ရလဒ်ကောင်းရရှိရန် အရေးကြီးနေသည်။

အဆိုပါ ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိနိုင်လျှင် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ်သည်။ သို့သော် ဂိုးအပြန် အလှန်သွင်းပါက နှစ်ဂိုးပြတ်နှင့်အထက် သွင်းနိုင်ပါမှ အခြေအနေ ကောင်းမည်ဖြစ်သည်။ သို့သော် နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်နိုင်ပါက ၂၀၀၈ က ကဲ့သို့ ပင်နယ်တီအဆုံးအဖြတ်ခံရမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့် ဖေဖော်ဝါရီလအဆင့်သတ်မှတ်ချက်တွင် အိန္ဒိယအသင်းသည် ကမ္ဘာ့အဆင့် ၁၄၅ တွင်ရှိနေပြီး၊ မြန်မာအသင်းက အဆင့် ၁၄၉ ၌ ရပ်တည်နေကာ အိန္ဒိယအသင်းက မြန်မာအသင်းထက် အဆင့်သတ်မှတ်ချက် လေးဆင့်မြင့်မားလျက်ရှိသည်။

## နိုင်ငံတကာအဆင့် တစ်ဦးချင်း အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

နိုင်ငံတကာ တစ်ဦးချင်းအလွတ်တန်းစစ်တုရင်ပြိုင်ပွဲ (International Open Chess Tournament) ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဇူလိုင်လ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးငွေစုစုပေါင်း ကန်ဒေါ်လာတစ်သောင်းချီးမြှင့်သွားရန်ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဦးမောင်မောင်လွင်ကပြောသည်။

"ဒီပြိုင်ပွဲမှာ အဆင့် ၁ ကနေ ၁၀ အထိ ဆုချီးမြှင့်သွားမှာဖြစ်ပြီး၊ ပထမဆုကို ကန်ဒေါ်လာသုံးထောင်ချီးမြှင့်ဖို့ လောလောဆယ်ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က စုစုပေါင်း ကန်ဒေါ်လာတစ်သောင်း မတည်ထားပါတယ်။ အလှူရှင်တွေ၊ စပွန်ဆာတွေပေါ်လာမယ်ဆိုရင် ဆုကြေးငွေက ဒီထက်များလာဖို့ပဲရှိပါတယ်"ဟု ဦးမောင်မောင်လွင်ကပြောသည်။

အမျိုးသား၊ အမျိုးသမီး အသက်အကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေနှစ်ရာသတ်မှတ်ထားကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းစစ်တုရင်ကစားသမားများပါ ဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ထားကြောင်း ၎င်းကပြောသည်။

"ပြိုင်ပွဲဝင်ဦးရေကို နှစ်ရာသတ်မှတ်ထားတော့ ဥပမာ-နိုင်ငံတကာက ပြိုင်ပွဲဝင်မယ့်ဦးရေတစ်ရာ့ငါးဆယ်ရှိတယ်ဆိုရင် ကျန်တဲ့ငါးဆယ်ကို ပြည်တွင်းကစားသမားတွေအတွက် နေရာပေးသွားမှာပါ။ ဒါပေမဲ့ ပြိုင်ပွဲဝင်တွေရဲ့ လက်ရည်အဆင့်အတန်းစိစစ်မှုကိုတော့ အဖွဲ့ချုပ်က ဆောင်ရွက်သွားမှာပါ။ နိုင်ငံတကာက ထိပ်တန်းစစ်တုရင်ကစားသမားတွေနဲ့ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက် မြန်မာစစ်တုရင်သမားတွေအတွက် အတွေ့အကြုံအများကြီးရရှိစေမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့၊ စင်ထရယ်ဟိုတယ်တွင် ရှစ်ရက်ကြာကျင်းပမည့် အဆိုပါပြိုင်ပွဲသို့ စစ်တုရင်ဝါသနာရှင်များအနေဖြင့် ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

# အိုလံပစ်အသင်း တိုက်စစ်အတွက် အင်အားထပ်ဖြည့်

**အောင်သူရ၊ ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၈**

မြန်မာနိုင်ငံတွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာအိုလံပစ်အသင်းအတွက် ကစားသမားနှစ်ဦး ထပ်မံအားဖြည့်ထားကြောင်း နည်းပြချုပ်ကပြောသည်။

ဒုတိယအကျော့အတွက် ထပ်မံဖြည့်တင်းထားသည့် ကစား သမားနှစ်ဦးမှာ တိုက်စစ်အားသန်သည့် ရဲဇော်ထက်အောင်(ရတနာပုံ)နှင့် တိုက်စစ်မှူးကျော်ကိုကို(ဇေယျာရွှေမြေ)တို့ဖြစ်သည်။

"ဒီပွဲအတွက် ကစားသမား ၅၀ စာရင်းသွင်းထားတဲ့အတွက် သူတို့နှစ်ဦးကို ထပ်မံထပ်ဖြည့်လို့ရတယ်။ အိန္ဒိယမှာ သွားကစားတုန်းကတော့ ကစားသမား ၁၈ ဦးပဲခေါ်သွားတာပါ"ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် MFF မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကစားသမားကျော်ကိုကိုအား ပထမအကျော့မတိုင်ခင်က ရွေးချယ်ထားခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ထားခဲ့ရခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် ဒဏ်ရာရနေသောကစားသမား တစ်ဦးမျှမရှိကြောင်း မြန်မာအသင်းနည်းပြချုပ် မီလန်ဇီဗာဒီနိုဗစ်က ပြောသည်။


လန်ဒန်အိုလံပစ်ခြေစစ်ပွဲ ဒုတိယအကျော့အတွက် ဖေဖော်ဝါရီ ၂၈ ရက်နေ့က လေ့ကျင့်ခန်းဆင်းနေသော အိုလံပစ်အသင်း ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

အဆိုပါပွဲစဉ်တွင် အသင်း၏ကစားပုံကို များစွာအပြောင်းအလဲပြုလုပ်မည်မဟုတ်ဘဲ တိုက်စစ်အသားပေးကစားကွက်ဖြစ်သည့် ၃း၅း၂ နှင့် ၄း၄း၂ တို့ဖြင့် ကစားသွားမည်ဟု နည်းပြချုပ်က ပြောသည်။ အိမ်ကွင်းတွင် ကစားရမည့်ပွဲ၌ ရာသီဥတုပူပြင်းမှုမှာလည်း ဧည့်သည်အသင်းအပေါ် အသာစီးရမည့် အချက်တစ်ချက်ဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လာမည့် မတ်လ ၉ ရက် ညနေ ၄ နာရီအချိန်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည့် အဆိုပါပွဲစဉ်အား ပရိသတ်များ ကွင်းလုံးပြည့်လာရောက်အားပေးနိုင်ရန် MNL အသင်းများနှင့် အပျော်တမ်းကလပ်အသင်းများမှ အားပေးမည့် ပရိသတ်များအား လက်မှတ်အခမဲ့လိုသလောက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း MFF မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲ(ဒုတိယအကျော့)ပွဲစဉ်အားမြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ကွင်းဝင်ကြေးအဖြစ် လက်မှတ်တစ်စောင်လျှင် အထူးတန်း ကျပ် ၁,၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

# အား/ကာ သိပ္ပံသင်တန်းသားများ ယခင်နှစ်များကထက် တိုးမြှင့်ခေါ်ယူမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့်ကာယပညာသိပ္ပံသင်တန်းသားများကို ယခင်နှစ်များထက် အရေအတွက်ပိုမိုတိုးမြှင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ အောင်မြင်မှုရရှိစေဖို့ ရည်ရွယ်ပြီးတော့ ဒီနှစ်မှာ ရန်ကုန်အတွက် သင်တန်းသား ၆၀၀ နဲ့ မန္တလေးအတွက် သင်တန်းသား ၆၀၀ ခေါ်ယူသွားဖို့ လျာထားပါတယ်။ ပုံမှန်နှစ်စဉ် သင်တန်းသား ၂၀၀ ကျော်စီပဲ ခေါ်တာ"ဟု အား/ကာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်မှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့်(မန္တလေး)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများသို့ တက်ရောက်ရန် သင်တန်းသား လျှောက်လွှာများ ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း တက်ရောက်လိုသူများသည် ၂၀၁၁ ဇွန်လ ၁ ရက်တွင် အခြေခံပညာအလယ်တန်းအတွက် အသက် ၁၄ နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက် ၁၆ နှစ်ထက်မကြီးသူများ လျှောက်ထားနိုင်ပြီး သတ္တမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးမည်ဖြစ်သည်။

အားကစားလေ့ကျင့်ရေးသင်တန်းသည် ပညာသင်ကြားရေးမပါသောအားကစားလေ့ကျင့်ရေးသီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍ ၂၀၁၁ ဇွန်လ ၁ ရက်တွင် အသက် ၁၆ နှစ်မှ ၂၀ နှစ် အတွင်းရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားသည့် အားကစားနည်းတွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက် အထိုက်အလျောက်ကျွမ်းကျင်မှုရှိရမည်ဖြစ်ပြီး အားကစားလေ့ကျင့်ရေးသင်တန်းအတွက် ခရိုင်အဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်ရှိရမည်ဖြစ်သည်။

ဘောလုံး အားကစားနည်းအတွက် ထူးချွန်အဆင့်ရှိသူများကိုသာ ရွေးချယ်မည်ဖြစ်ပြီး၊ ဘော်လီဘောအားကစားနည်းအတွက် အနည်းဆုံး အမျိုးသား အရပ် ၆ ပေနှင့် အမျိုးသမီး အရပ် ၅ ပေ ၁၀ လက်မရှိရမည်ဖြစ်သည်။

# နိုင်ငံတကာစက်ဘီးသမဂ္ဂ၏ ရေဒီယိုအသံလွှင့်စက်မသုံးရန်အချက်ကိုပယ်ဖျက်ရေး အသင်းများတောင်းဆို

**ပါရီ၊ ဖေဖော်ဝါရီ - ၂၆**

နိုင်ငံတကာပရော်ဖက်ရှင်နယ်စက်ဘီးအသင်းများသည် ကစားသမားများပြိုင်ပွဲဝင်ချိန်တွင် ရေဒီယိုအသံလွှင့်စက်အသုံးပြုမှုကို ပိတ်ပင်ခံထားရရာ ၎င်းကို ပယ်ဖျက်နိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် နိုင်ငံတကာစက်ဘီးသမဂ္ဂ (UCI)သို့ တောင်းဆိုလိုက်ကြောင်းသိရသည်။ UCI အဖွဲ့သည် စက်ဘီးပြိုင်ပွဲများ၌ ရေဒီယိုအသံလွှင့်စက်များ အသုံးပြုခြင်းကို ပိတ်ပင်ထားရခြင်းမှာ အသင်းများသည် ရေဒီယိုဆက်သွယ်မှုအပေါ် မှီခိုရလွန်းပြီး ယင်းကို အသုံးပြု၍ နည်းဗျူဟာပိုင်းအားသာချက်များ ရယူနေခြင်းကြောင့်ဖြစ်ကြောင်းဆိုသည်။ ယခုအခါ UCI ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သော ကစားသမားများရှိနေပြီး ဂျာမန်ကစားသမား ယန်ဗွိုက်ကလည်း ၎င်း၏အသင်းသည် ပိတ်ပင်မှုရှိသော်လည်း Omloop Het Nienwsblad ပြိုင်ပွဲတွင် ရေဒီယိုစက်များ အသုံးပြုသွားမည်ဟုဆိုထားသည်။ သို့သော် UCI ၏အကြီးအကဲပတ်မက်ကွစ်က အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်ကို မလိုက်နာသောအသင်းများ ပြိုင်ပွဲများကို ပိတ်ပင်မည်ဟု ဆိုထားသည်။ ပရော်ဖက်ရှင်နယ်စက်ဘီးအသင်းများ၏ အဖွဲ့ချုပ် AIGCP ကလည်း ၎င်းတို့သည် UCI နှင့် ညှိနှိုင်းအဖြေရှာသွားမည်ဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ထားသည်။ *—Ref: AP*



# World's Best ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကင်ညာမှ ကမ္ဘာ့ချန်ပီယံနှစ်ဦးပါဝင်မည်မဟုတ်

**လန်ဒန်၊ ဖေဖော်ဝါရီ - ၂၅**

ကင်ညာနိုင်ငံမှ ကမ္ဘာ့ချန်ပီယံအပြေးသမားများဖြစ်ကြသော ဗီဗီယန်ချာရီယော့နှင့် လင်းနတ်မာဆိုင်းတို့သည် မတ်လအတွင်းကျင်းပမည့် World Cross Country ချန်ပီယံရှစ်အပြေးပြိုင်ပွဲတွင် ပါဝင်ရန်အတွက် ဖွာတိုရီကို၌ပြုလုပ် သော World's Best 10 Km အပြေးပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ကြောင်းသိရသည်။ ကစားသမားများ ထိုသို့ နုတ်ထွက်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ဗြိတိသျှမန်နေဂျာရစ်ကီဆင်းမ်က "ဗီဗီယန်နဲ့ လင်းနတ်တို့ဟာ ဖွာတိုရီကို ပြိုင်ပွဲမှာ ဝင်ပြိုင်ပြီး စံချိန်ချိုးချင်ခဲ့ပါတယ်။ ဒါပေမဲ့ ကင်ညာပြေးခုန်ပစ်အဖွဲ့ချုပ်က ဖွာတိုရီကိုမှာဝင်ပြိုင်တဲ့ ဘယ်ကစားသမားမဆို World Cross Country ချန်ပီယံရှစ်မှာ ဝင်ပြိုင်ခွင့်မရှိဘူးဆိုလို့ ဝင်မပြိုင်တော့တာပါ"ဟု ရှင်းပြသည်။ ဗီဗီယန်ချာရီယော့သည် လက်ရှိ၌ မီတာ ၅,၀၀၀ ကမ္ဘာ့ချန်ပီယံဖြစ်ပြီး လင်းနတ်မာဆိုင်းမှာ မီတာ ၁၀,၀၀၀ ကမ္ဘာ့ချန်ပီယံဖြစ်သည်။

*—Ref: Reuters*






7 DAY NEWS JOURNAL
Vol.9, No.49 • MARCH 3, 2011

# လီဗာပူးကို အနိုင်ကန်ရမယ့် မန်ယူနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၉) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)မှာတော့ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီးတို့ အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး၊ ချယ်လ်ဆီး၊ မန်ယူတို့ကတော့ အဝေးကွင်းပွဲတွေကစားရမှာပါ။ ဒီအပတ်ပွဲစဉ်တွေထဲမှာ လီဗာပူး-မန်ယူ ထိပ်တိုက်တွေ့ဆုံ နေမှုပါဝင်နေပြီး နယူးကာဆယ်-အဲဗာတန်၊ အာဆင်နယ်-ဆန်းဒါးလန်း၊ ဝုလ်-စပါး ပွဲစဉ်တွေဟာလည်း အကြိတ်အနယ်ရှိလာနိုင်ပါတယ်။



**၅ မတ်၊ စနေ**

**ည ၇း၁၅ နာရီ**

**ဘာမင်ဂမ် - ဝက်စ်ဘရွန်း**

ပ-ကျော့ရလဒ် ၁-၃

ဘာမင်ဂမ်တို့ ပထမအကျော့ အရှုံးကို ချေဖျက်ဖို့ကြိုးစားရမှာပါ။ ဘာမင်ဂမ်ဟာ ဒီနောက်ပိုင်း အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရထားတာမို့ ဝက်စ်ဘရွန်းကို နိုင်ခြေရှိနေပါတယ်။ ဘာမင်ဂမ် ကပ်နိုင်ဖွယ်ရှိပြီး ဂိုးနည်းမှာပါ။

**ည ၉း၃၀ နာရီ**

**အာဆင်နယ် - ဆန်းဒါးလန်း**

ပ-ကျော့ရလဒ် ၁-၁

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ တစ်ကြိမ်စီ အပြန်အလှန်နိုင်ထားပြီး တစ်ကြိမ်သရေကျထားပါတယ်။ အာဆင်နယ်မှာ ဒဏ်ရာကြောင့် ဖာဘရီဂတ်စ် ပါဝင်နိုင်ဖွယ်မရှိဘဲ အနိုင်ရဖို့ လူစုံထုတ်ကစားရမှာပါ။ အိမ်ကွင်းခြေစွမ်းကောင်းတဲ့ အာဆင်နယ်ကို ရွေးချယ်သင့်ပါတယ်။

**ည ၉း၃၀ နာရီ**

**ဘော်လ်တန် - ဗီလာ**

ပ-ကျော့ရလဒ် ၁-၁

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဗီလာက နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားပါတယ်။ ဗီလာဟာ ပြီးခဲ့တဲ့အဝေးကွင်းသုံးပွဲမှာလည်း နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရထားပြီး ခြေစွမ်းအသင့်အတင့် သာရှိပါတယ်။ သရေပွဲဖြစ်နိုင်သလို ဗီလာနိုင်ရင်လည်း ဂိုးနည်းမှာပါ။

**ည ၉း၃၀ နာရီ**

**ဖူလ်ဟမ် - ဘလက်ဘန်း**

ပ-ကျော့ရလဒ် ၁-၁

ဖူလ်ဟမ်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရထားပြီး ချယ်လ်ဆီးနဲ့သရေကျခဲ့တာဟာ အမြင့်ဆုံးခြေစွမ်းဖြစ်ပါတယ်။ ဘလက်ဘန်းတို့ ရုန်းကန်ရဖွယ်ရှိပြီး အိမ်ရှင်ဖူလ်ဟမ်ဘက်က နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**

**နယူးကာဆယ် - အဲဗာတန်**

ပ-ကျော့ရလဒ် ၁-၀

နှစ်သင်းလုံး နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျထားပြီး နယူးကာဆယ်က တစ်ကြိမ်နိုင်ထားပါတယ်။ နယူးကာဆယ်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ စပါး၊ အာဆင်နယ်တို့နဲ့ သရေကျခဲ့ပြီး၊ ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ထားပါတယ်။ တိုက်စစ်အားသာတဲ့ နယူးကာဆယ်ကိုပိုကြိုက်ပြီး ဂိုးနည်းမယ်ထင်ပါတယ်။

**ည ၉း၃၀ နာရီ**

**ဝက်စ်ဟမ်း - စတုတ်စီးတီး**

ပ-ကျော့ရလဒ် ၁-၁

ပထမ အကျော့တုန်းက သရေပွဲဖြစ်ခဲ့ပေမယ့် အောက်တိုဘာမှာ ကစားခဲ့တဲ့ လိဂ်ဖလားပွဲမှာတော့ ဝက်စ်ဟမ်းက နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်း ဝက်စ်ဟမ်းတို့ အိမ်ကွင်းရော၊ အဝေးကွင်းပါ ရှုံးပွဲများနေတာမို့ ဧည့်သည်စတုတ်စီးတီးဘက်က နေသင့်ပါတယ်။

**၆ မတ်၊ တနင်္ဂနွေ**

**နံနက် ၀၀း၀၀ နာရီ**

**မန်စီးတီး - ဝီဂန်**

ပ-ကျော့ရလဒ် ၂-၀

အိမ်ကွင်းခြေစွမ်းကောင်းတဲ့ မန်စီးတီး အနိုင်သုံးမှတ်အပြည့်ရသွားနိုင်ပါတယ်။ ဝီဂန်ဟာ ပြီးခဲ့တဲ့အဝေးကွင်းသုံးပွဲမှာ လီဗာပူး၊ ဝက်စ်ဘရွန်းတို့နဲ့ သရေ၊ အာဆင်နယ်ကိုတော့ ရှုံးထားပါတယ်။ မန်စီးတီးတို့ နှစ်ဂိုးအသာလောက်ရသွားမှာပါ။

**ည ၈း၀၀ နာရီ**

**လီဗာပူး - မန်ယူ**

ပ-ကျော့ရလဒ် ၂-၃

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ မန်ယူက သုံးကြိမ်၊ လီဗာပူးက နှစ်ကြိမ် နိုင်ထားပါတယ်။ ဒါ့အပြင် စာရင်းအရ မန်ယူဟာ လီဗာပူးကို ၂၀၁၀ မတ်လကစလို့ ရှုံးပွဲတစ်ပွဲမှ မရှိသေးပါဘူး။ မန်ယူတိုက်စစ်မှာ လူစုံပါလာနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားဖွယ်ရှိပါတယ်။

**ည ၁၀း၃၀ နာရီ**

**ဝုလ် - စပါး**

ပ-ကျော့ရလဒ် ၁-၃

ဒီနောက်ပိုင်း ရှုံးပွဲများနေတဲ့ အိမ်ရှင်ဝုလ်တို့ သရေရအောင် ခံကစားမှာပါ။ စပါးဟာ လိဂ်မှာ ဆက်တိုက်နိုင်ပွဲဆက်နေပြီး ဒီအဝေးကွင်းပွဲမှာလည်း ဝုလ်ကို နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိပါတယ်။

**၈ မတ်၊ အင်္ဂါ**

**နံနက် ၂း၃၀ နာရီ**

**ဘလက်ပူးလ် - ချယ်လ်ဆီး**

ပ-ကျော့ရလဒ် ၀-၄


ဘလက်ပူးလ်တို့ ဒီနောက်ပိုင်း ရှုံးပွဲများနေတာမို့ ဒီအိမ်ကွင်းပွဲမှာလည်း ချယ်လ်ဆီးကို ခံကန်ဖို့မလွယ်ပါဘူး။ ဧည့်သည်ချယ်လ်ဆီးတို့ အလယ်တန်းနဲ့ တိုက်စစ်ပိုသာတာကြောင့် ဂိုးပြတ်နိုင်ပါတယ်။

## ချယ်လ်ဆီးတွင်သာ ဆက်ရှိမည်ဟု အန်ဆယ်လော့တီဆို

**လန်ဒန်၊ ဖေဖော်ဝါရီ - ၂၆**

ပရီးမီးယားလိဂ်အသင်း ချယ်လ်ဆီး၏နည်းပြအန်ဆယ်လော့တီကဂင်းသည် အသင်း၏ရလဒ်များ ဆိုးရွားနေသော်လည်း ချယ်လ်ဆီးအသင်းတွင်သာ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်းပြောဆိုကာ ရီးမားသို့ပြောင်းမည်ဟူသောသတင်းများကိုပယ်ချလိုက်သည်။ ချယ်လ်ဆီးသည် ယခုအခါ အက်ဖ်အေဖလားပြိုင်ပွဲတွင် အဲဗာတန်ကို ရှုံးနိမ့်ခဲ့ရပြီး၊ ပရီးမီးယားလိဂ်တွင်လည်း ချန်ပီယံဆုနှင့် အလှမ်းဝေးရဖွယ်ရှိနေသည်။ ထို့ပြင် ပြီးခဲ့သည့်အပတ်ကလည်း အီတလီကလပ် ရိုးမားမှ နည်းပြရေနီရာရီ နုတ်ထွက်သွားခဲ့သဖြင့် ရိုးမားသို့ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် အန်ဆယ်လော့တီက "ကျွန်တော်ရှိနေတဲ့နေရာမှာပဲ ဆက်ရှိနေမှာပါ။ လက်ရှိမှာ ချန်ပီယံလိဂ်ပွဲကို အာရုံစိုက်နေပြီး ပရီးမီးယားလိဂ်မှာလည်း အနိမ့်ဆုံးအဆင့်လေးနေရာရအောင်ကြိုးစား သွားမှာပါ"ဟု ငြင်းပယ်ပြောဆိုခဲ့သည်။ *—Ref: AFP*



## အင်ဒီးယားနားဂရင်းပရစ်ကပ်ပြိုင်ပွဲတွင် မိုက်ကယ်ဖဲလ်ပါဝင်မည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၆**

အမေရိကန်နိုင်ငံမှ နာမည်ကျော်အိုလံပစ်ရွှေတံဆိပ်ဆုများရှင် ရေကူးသမား မိုက်ကယ်ဖဲလ်သည် လာမည့်အပတ်အတွင်းကျင်းပမည့် အင်ဒီယားနားပါးလစ်ဂရင်းပရစ်ကပ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ ဖဲလ်သည် ဇန်နဝါရီလကလည်း ယူအက်စ်တိုးပြိုင်ပွဲတွင်ပါဝင်ခဲ့ပြီး အကောင်းဆုံးပုံစံ ပြန်မရသေးပေ။ ယခု အင်ဒီယားနားပွဲတွင်မူ အခြားအမေရိကန်အိုလံပစ်ချန်ပီယံများဖြစ်သော ရိုင်ယန်လော့ချ်၊ ဂျေဆင်လီဇက်တို့အပြင် ဂျပန်မှ အိုလံပစ်ရွှေတံဆိပ်ဆုရှင်ကိုဆုကီကီတာဂျီးမား၊ ဩစတြေးလျမှ မားကပ်စ်ရိုဂန်၊ တောင်အာဖရိကမှ ဒါရီယန်တောင်းဆန့်၊ ဆွစ်ဇာလန်မှ ဒိုမီးနစ်မစ်ချ်ထရီတို့လည်း ပါဝင်ကြမည်ဟုသိရသည်။ ယင်းပြိုင်ပွဲသည် လာမည့်ဇူလိုင်လတွင် ရှန်ဟိုင်း၌ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ်ရေကူးပြိုင်ပွဲအတွက် အကြိုပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။ *—Ref: Xinhua*





## မြောက်ကိုရီးယားက အစားအစာအတွက် ကမ္ဘာ့အကူအညီတောင်းခံ

**ပြုံယမ်း၊ ဖေဖော်ဝါရီ - ၂၃**

ကြမ်းတမ်းသည့် ဆောင်းရာသီ၊ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများဖြစ်ပွားနေမှု၊ ရေဘေးဒုက္ခများနှင့်ရင်ဆိုင်နေရသော မြောက်ကိုရီးယားနိုင်ငံက နိုင်ငံသားများအား ကျွေးမွေးရန်အတွက် အကူအညီတောင်းခံကြရန် သံရုံးများအား ညွှန်ကြားထားကြောင်း လေ့လာသူများက ပြောကြားသည်။

ထို့အတွက် အမေရိကန်နှင့် မဟာမိတ်များအား အငတ်ဘေးရင်ဆိုင်နေရသည့် နိုင်ငံ၏ တောင်းဆိုမှုများကို လျစ်လျူရှုရမည်လား သို့မဟုတ် အစားအသောက်မလိုအပ်သူများကို ဖြန့်ဝေပေးလေ့ရှိသည့် နိုင်ငံကို လိုက်လျောရမည်လား ဝေခွဲမရဖြစ်စေသည်ဟု ဝါရှင်တန်ပို့စ်သတင်းက ဖော်ပြသည်။

မြောက်ကိုရီးယားသို့ စားနပ်ရိက္ခာ အကူအညီပေးခြင်းကို လွန်ခဲ့သည့် ၂နှစ်က အမေရိကန်နိုင်ငံက ဆိုင်းငံ့ထားခဲ့သည်။ လောလောဆယ်တွင်လည်း စားနပ်ရိက္ခာထောက်ပံ့ရန် အစီအစဉ်မရှိသေးကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှဆိုင်ရာ ထိပ်တန်းအရာရှိ ကာ့တ်ကင့်ဘဲလ်ကပြောကြားသည်။

မြောက်ကိုရီးယား၏ စားနပ်ရိက္ခာကိစ္စကို ကိုင်တွယ်နေသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကလည်း မြောက်ကိုရီးယားတွင် နောက်ထပ် တစ်လစာ အစားအစာဖြန့်ဝေနိုင်သေးကြောင်း ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံတွင် အစားအသောက် ခွဲတမ်းချပေးသည့်စနစ်မှာ လွန်ခဲ့သည့် နှစ် ၂၀ ကပင် ပြိုလဲသွားခဲ့ကြောင်းနှင့် ထိုအချိန်မှစ၍ အခြေခံအဆင့် ပုဂ္ဂလိကဈေးများ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၁၉ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြားရှိသော စားနပ်ရိက္ခာအကူအညီများကို မြောက်ကိုရီးယားအစိုးရက စစ်ဘက်အားထောက်ပံ့ခြင်း၊ ဈေးများတွင် ပြန်လည်ရောင်းချခြင်းကိစ္စနှင့် ပတ်သက်၍ သုတေသီများနှင့် အင်န်ဂျီအိုများကြား သဘောထားကွဲလွဲမှုများရှိကြောင်း သတင်းကဖော်ပြသည်။ —*Ref: UPI*

## မလေးရှားနိုင်ငံတွင် ကွန်ဒုံး ခုနစ်သိန်းကျော် ခိုးထုတ်မှုဖြင့် လူသုံးဦးကို ရဲတပ်ဖွဲ့ ဖမ်းဆီး

**ကွာလာလမ်ပူ၊ ဖေဖော်ဝါရီ - ၂၁**

မလေးရှားရဲတပ်ဖွဲ့သည် ကွန်ဒုံးပေါင်း ၇၂၅,၀၀၀ ကိုခိုးထုတ်ရာတွင်ပါဝင်ခဲ့သည်ဟု သံသယရှိသော တရားခံသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

မလေးရှားနိုင်ငံမြောက်ပိုင်း ပီရတ်ပြည်နယ်မှ ရဲအဖွဲ့အကြီးအကဲ မိုဟာမက်ရှုကရီဒါလန်က အဆိုပါခိုးထုတ်မှုသည် အတွင်းလူဖြင့် ခိုးထုတ်ခြင်းဖြစ်ကြောင်း ဖမ်းထားသူသုံးဦးမှာ ကုမ္ပဏီမှကွန်ဒုံးများကို စက်ရုံမှ ဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်ရာတွင် တာဝန်ရှိသူများဖြစ်ကြောင်းဆိုသည်။

အဆိုပါကွန်ဒုံးများကို ဂျပန်နိုင်ငံသို့တင်ပို့မည်ဖြစ်သည်။ ဂျပန်၏ အကြီးမားဆုံးကွန်ဒုံးထုတ်လုပ်ရေးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော ဆာဂါမီရာဘာအင်ဒပ်စထရီကလည်း ကွန်ဒုံးသေတ္တာပေါင်း ၈၅,၀၀၀ ပျောက်ဆုံးသွားခဲ့ကြောင်း၊ ကွန်ဒုံးများ၏တန်ဖိုးမှာ ကန်ဒေါ်လာ ၁ ဒသမ ၅ သန်းရှိကြောင်းဆိုသည်။ သံသယဖြင့် အဖမ်းခံထားရသူများသည် ကွန်ဒုံးများကို မလေးရှားနိုင်ငံတွင်ရောင်းချရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ကွန်ဒုံးများကို ယခုအချိန်အထိ ရှာမတွေ့သေးကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ —*Ref: AP*

## ရုရှား-ဥရောပသမဂ္ဂ ဆက်ဆံရေးအကြောင်း ဆွေးနွေးရန် ရုရှားဝန်ကြီးချုပ် ဘရပ်ဆဲလ်မြို့သို့ ရောက်

**ဘရပ်ဆဲလ်၊ ဖေဖော်ဝါရီ - ၂၃**

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန်နှင့်ရုရှားနှင့် ဥရောပကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိလာကြောင်းသိရသည်။

ယင်းဆွေးနွေးမှုများအတွင်း ရုရှားနှင့် ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ ရုရှားနိုင်ငံဝင်ရောက်ရေးတို့ကို ဆွေးနွေးမည်ဖြစ်သလို စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလည်း ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

မစ္စတာပူတင်နှင့်အတူ ထိပ်တန်းရုရှားအစိုးရ အရာရှိကြီးများအပြင် နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့၊ ဘဏ္ဍာရေးဝန်ကြီး အလက်ဆီကူဒရင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး နာဘူလီနာနှင့် စွမ်းအင်ဝန်ကြီး ဆာဂျီရှမက်ကိုတို့လည်း လိုက်ပါခဲ့ကြောင်း သိရသည်။



မစ္စတာပူတင်နှင့် ဥရောပခေါင်းဆောင်များ၏ ဆွေးနွေးမှုသည်နှစ်လိုဖွယ်ရာ ဖြစ်ချင်မှဖြစ်မည်ဟု ဥရောပသမဂ္ဂဆိုင်ရာ ရုရှားကိုယ်စားလှယ် ဗလာဒီမာချီဇော့ဗ်ကပြောကြားပြီး ဆက်လက်၍ ရုရှား-အီးယူ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုအသစ်အတွက်ဆွေးနွေးမှုမှာ ရုရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခွင့်ရသည့်အချိန်အထိ ပြီးပြတ်မည်မဟုတ်ကြောင်း ၎င်းကပြောသည်။

ယခင်ရုရှား-အီးယူသဘောတူညီချက်မှာ ၂၀၀၇ ခုနှစ်တွင် သက်တမ်းကုန်သွားသော်လည်း ဆက်လက် သက်တမ်းတိုးထားသည်။ သို့သော် နောက်ပိုင်းတွင် ပိုလန်နှင့် လစ်သူယေးနီးယားကိစ္စ၊ ရုရှား-ဂျော်ဂျီယာ စစ်ပွဲတို့ကြောင့် ဆွေးနွေးမှုများ ရပ်တန့်ခဲ့ပြီး ၂၀၀၈ ဒီဇင်ဘာလတွင်မှ ဆွေးနွေးမှုများ ပြန်လည်စတင်ခဲ့သည်။ —*Ref: Ria Novosti*



TRADEMARK CAUTION

SIME DARBY MALAYSIA BERHAD, a Company incorporated in Malaysia,at 19TH FLOOR, WISMA SIME DARBY, JALAN RAJA LAUT, 50350 KUALA LUMPUR, MALAYSIA is the Owner and Sole Proprietor of the following Trademarks:-

O'LIFE

Reg.No.4/310/2011

Reg.No.4/309/2011

In respect of :"Edible fat; edible oil; refined, bleached, deodorized palm olein; soft oil; blended cooking oil; corn oil; sunflower seed oil; soya bean oil; canola oil; all included in Class 29."

NURICH

Reg.No.4/311/2011

In respect of :"Edible fat; edible oil; groundnut oil; peanut oil or arachis oil; refined, bleached, deodorized palm olein; soft oil; blended cooking palm oil; blended cooking oil; all included in Class 29."

Reg.No.4/308/2011

In respect of : "Edible fat; edible oil; refined, bleached, deodorized palm oil; neutralized, bleached, deodorized palm oil; refined, bleached, deodorized palm olein; neutralized, bleached, deodorized palm olein; all included in Class 29."

Reg.No.4/312/2011

In respect of : "Edible fat; edible oil; refined, bleached, deodorized palm olein; groundnut oil, peanut oil or arachis oil; blended cooking oil; soft cooking oil ; all included in Class 29."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mlpadvocate.com
Ph : 371900 3.March.2011



## နယူးဇီလန်မြေငလျင်ကြောင့် လူ ၇၅ ဦး သေဆုံးပြီး ၃၀၀ ကျော် ပျောက်ဆုံးနေ

**ခရစ်ချာ့ချ်၊ ဖေဖော်ဝါရီ – ၂၃**

နယူးဇီလန်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၂ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ခရစ်ချာ့ချ်မြို့၌ လူပေါင်း ၇၅ ဦးသေဆုံးပြီး ၃၀၀ ကျော် ပျောက်ဆုံးနေကာ အဆောက်အအုံများ အကြီးအကျယ်ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

နယူးဇီလန်နိုင်ငံသမိုင်းတွင် ဒုတိယအဆိုးဝါးဆုံး ဖြစ်သည့် အင်အား ၆ ဒသမ ၃ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ပြီးနောက် လူအများအပြားမှာ ပြိုကျပျက်စီးနေသော အဆောက်အအုံများကြားတွင် ပိတ်မိနေကြောင်းနှင့် နောက်ဆက်တွဲ ငလျင်ငယ်များလည်း လှုပ်ခတ်နေကြောင်းသိရသည်။

ခရစ်ချာ့ချ်မြို့လယ်ရှိ ၂၆ ထပ်မြင့်သော ဂရင်းချန်ဆယ်လာ ဟိုတယ်မှာ ပြိုလဲလုဆဲဆဲဖြစ်နေကြောင်းနှင့် ဟိုတယ်၏ အထပ်တစ်ထပ်ပြိုကျထားပြီး ထောင်လိုက် အရှေ့ဘက်သို့ ၃ ပေခန့် ယိုင်နေ၍ ၎င်းဟိုတယ်အနီးအနား ဝန်းကျင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားရကြောင်း နယူးဇီလန် ဟာရယ်လ်သတင်းစာကဖော်ပြသည်။

နောက်ဆက်တွဲ ငလျင်ငယ်များဆက်လက် ဖြစ်ပေါ်နေ၍လည်း ဟိုတယ်ပြိုကျပါက လုံခြုံရေးအန္တရာယ် အလွန်ကြီးမားကြောင်း ခရစ်ချာ့ချ်မြို့တော်ဝန် ဘော့ဘ်ပါကားက ပြောကြားသည်။ နောက်ဆုံးသတင်းပေးပို့မှုအရ ခရစ်ချာ့ချ်မြို့ အရှေ့တောင်ဘက် ၆ မိုင်ခန့်အကွာ မြေအောက် ၃ မိုင်ကို ဗဟိုပြု၍လည်း ပြင်းအား ၄ ဒသမ ၂ ရှိ နောက်ဆက်တွဲ ငလျင်တစ်ခု လှုပ်ခတ်သွားခဲ့သည်။

ခရစ်ချာ့ချ်မြို့သည် ၂၀၁၀ စက်တင်ဘာလကလည်း ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်ဒဏ်ကို ခံစားခဲ့ရသည်။ ငလျင်လှုပ်ခတ်ပြီးနောက် နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီးက အမျိုးသားအရေးပေါ်အခြေအနေကို ကြေညာထားပြီး ခရစ်ချာ့ချ်မြို့ ပြန်လည်နာလန်ထူလာလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောသည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မီးဆလိုက်များထွန်း၍ တစ်ညလုံး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး လူပေါင်းများစွာအား ပြိုကျနေသော အဆောက်အအုံများအောက်မှ ဆွဲထုတ်ခဲ့ကြောင်းရဲတပ်ဖွဲ့ကို ကိုးကား၍ စီအင်န်အင်န် သတင်းကဖော်ပြခဲ့သည်။

ပြိုကျနေသော မြို့လယ် အဆောက်အအုံ နှစ်လုံးအောက်တွင် လူအများအပြား ပိတ်မိနေခြင်းနှင့် သေဆုံးသူများရှိနေခြင်းကိုလည်း ရဲတပ်ဖွဲ့များက သိရှိပါကြောင်း ရဲတပ်ဖွဲ့ ကြေညာချက်တစ်ရပ်က ဖော်ပြသည်။

ငလျင်ကြောင့် ဖြစ်ပေါ်သည့် အပျက်အစီးမှာ အလွန်ဆိုးရွားပြီး လျှပ်စစ်ဓာတ်အားလိုင်းများ၊ တယ်လီဖုန်းလိုင်းများ ပျက်စီးခဲ့သလို လမ်းကြီးလမ်းငယ် အသွယ်သွယ်မှာလည်း ကျိုးပြတ်သွားသည်။ ရေပိုက်လိုင်း၊ ရေဆိုးထုတ်မြောင်းများလည်း ပေါက်ထွက်ခဲ့သည်။

ခရစ်ချာ့ချ်ဆေးရုံတွင် ဒဏ်ရာပြင်းထန်သူ လူပေါင်း ၂၀၀ ခန့် အားလက်ခံ ကုသပေးနေပြီး အခြားဆေးရုံအများအပြားမှ ဝန်ထမ်းများမှာလည်း ငလျင်ဒဏ်ခံဒေသများတွင် ရောက်ရှိနေပြီး အပျက်အစီးပုံကြား ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရန် (ခြေလက်) ဖြတ်တောက်မှုများ ပြုလုပ်ပေးနေကြောင်း နယူးဇီလန် တယ်လီဗေးရှင်းသတင်းကပြောကြားသည်။

ဩစတြေးလျမှ ကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၂၀၀ နှင့်စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိလာ၍လည်း ၎င်းတို့အားခရစ်ချာ့ချ်မြို့ ရိုလက်စတန်အကျဉ်းထောင်တွင် နေရာချထားပေးရန် ပြင်ဆင်လျက်ရှိသည်။ အခြားကယ်ဆယ်ရေးအဖွဲ့များကို နေရာချထားပေးရန်အတွက်လည်း ဝယ်လင်တန်နှင့် အုတ်ကလန်မြို့ ဟိုတယ်များရှိ ခရီးသွားများအား နယူးဇီလန်စစ်ဘက်က ရွှေ့ပြောင်းပေးခဲ့ရသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး အမေရိကန်နိုင်ငံတကာဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြား၍ လိုအပ်ပါက ထပ်မံအကူအညီပေးရန် အသင့်ရှိကြောင်း အိုဘားမားက ဆက်လက်ပြောကြားသည်။

—*Ref: UPI*

## ရက်ပ်အယ်လ်ဘမ် ထုတ်ဝေဖွယ်ရှိသည်ဟု ယူဂန်ဒါသမ္မတ ပြောကြား

**ကမ်ပါလာ၊ ဖေဖော်ဝါရီ – ၂၃**

ယူဂန်ဒါသမ္မတ ရိုဝီရီမူဆီဗီနီသည် ရက်ပ်အယ်လ်ဘမ် တစ်ချပ်ထုတ်ဝေရန်ရှိနေကြောင်း မကြာသေးမီကပြောကြားလိုက်သည်။ ၎င်း၏ ရက်ပ်သီချင်းတစ်ပုဒ်သည် မကြာမီက ယူဂန်ဒါနိုင်ငံရှိ ရေဒီယိုအသံလွှင့်ရုံများနှင့် နိုက်ကလပ်များတွင် လူကြိုက်များလာခဲ့ပြီးနောက် ယခုကဲ့သို့ အယ်လ်ဘမ်သစ်ထုတ်ဝေဖွယ်ရှိသည်ဟုဆိုလာခြင်းဖြစ်သည်။ ရွေးကောက်ပွဲများမတိုင်မီပြီးခဲ့ သည့်အပတ်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အသက် ၆၇ နှစ်အရွယ်ရှိ သမ္မတက "လူငယ်တွေရဲ့ နှစ်သက်မှုကို ရတဲ့အတွက် ကျွန်တော်သိပ်ပျော်မိပါတယ်။ အကြောင်းက ဒါဟာ သူတို့ဘိုးဘေးတွေရဲ့ ဂီတကိုသူတို့ ဆာလောင်နေတယ်ဆိုတာ ပြတာပါပဲ" ဟုပြောသည်။

M7 ဟုအမည်ပြောင်ရထားသော သမ္မတသည် ပြီးခဲ့သည့်လအနည်းငယ်အတွင်း ယူဂန်ဒါအနောက်ပိုင်းရှိ မွေးရပ်မြေတွင်ပြုလုပ်သည့် ရွေးကောက်ပွဲမဲဆွယ်ပွဲများတွင် ကလေးနှစ်ဦးနှင့်အတူ သီချင်းများတွဲဖက်ကာသီဆိုခဲ့ခြင်းဖြစ်သည်။ ထို့နောက်တေးသံသွင်းပညာရှင်များသည် သမ္မတ၏သီဆိုမှုကို ဟစ်ဟော့ပ်တီးလုံးများ၊ မူဆီဗီနီ၏ ပရိသတ်သို့ မိန့်ခွန်းပြောကြားချက်များဖြင့် ရောစပ်ကာ ရက်ပ်သီချင်းတစ်ပုဒ် ပြန်ဖန်တီးခဲ့ကြသည်။ You want another rap ဟုအမည်ပေးထားသောယင်းသီချင်းသည် စတင်ဖြန့်ချိပြီး မကြာမီမှာပင်မြို့တော် ကမ်ပါလာ၌ အရောင်းသွက်ခဲ့သည်။

—*Ref: Reuters*



## လူထုအုံကြွမှုကို နှိမ်နင်းရန် ကဒါဖီ အမိန့်ပေး

**ထရီပိုလီ၊ ဖေဖော်ဝါရီ – ၂၃**

နှစ်ပေါင်း ၄၁ နှစ်ကြာ ၎င်း၏အုပ်ချုပ်မှုကို ကိုင်လှုပ်ခဲ့သည့် လူထုအုံကြွမှုကိုနှိမ်နင်းရန် လစ်ဗျားခေါင်းဆောင် ကဒါဖီက တပ်ဖွဲ့များအား အမိန့်ပေးလိုက်ပြီး လက်နက်ကိုင်ဆန္ဒပြသူများအား သုတ်သင်ပစ်မည်ဟု သတိပေးလိုက်ကာ အဆုံးအထိ တိုက်ပွဲဝင်သွားမည်ဟုကြုံးဝါးခဲ့သည်။

တယ်လီဗေးရှင်းမှ မိန့်ခွန်းပြောကြားရာ၌ ကဒါဖီက ၎င်းသည် လစ်ဗျားနိုင်ငံတော်လှန်ရေး၏ခေါင်းဆောင်အဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း ၎င်း၏မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့သည့်နိုင်ငံတွင်သာ သူရဲကောင်းအဖြစ် အသေခံမည်ဖြစ်ကြောင်း၊ နောက်ဆုံးသွေးစက်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူများက ၎င်းအားထောက်ခံနေသေးကြောင်း ပြောကြားရင်း စစ်ဘက်နှင့် ရဲတပ်ဖွဲ့အား လူထုအုံကြွမှုများကို ဖြိုခွင်းပစ်ရန် အမိန့်ပေးခဲ့သည်။ စစ် ဘက်နှင့် ရဲတပ်ဖွဲ့က လက်နက်မဲ့ဆန္ဒပြသူများအပေါ် အင်အားသုံး၍ နှိမ်နင်းမှုများရှိနေသည်ဟုသတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသော်လည်း ကဒါဖီက "ငါတို့ အင်အားမသုံးရသေးပါဘူး" ဟု ပြောသည်။

သို့သော် လစ်ဗျားနိုင်ငံအပေါ် ကဒါဖီ(၆၈ နှစ်)၏ ထိန်းချုပ်နိုင်မှုမှာ ယိုင်နဲ့လာကြောင်း သတင်းကဖော်ပြသည်။ နိုင်ငံခြားသံအမတ်ကြီးများနုတ်ထွက်မှုရှိလာသလို ဆန္ဒပြသူများအားပစ်ခတ်ရန် အမိန့်ပေးခံရသော တိုက်လေယာဉ်မှူးများကလည်း ပစ်ခတ်မည့်အစား မယ်လ်တာနိုင်ငံသို့ လေယာဉ်များဖြင့် ရောက်ရှိလာကြသည်။

ထိုအတောအတွင်း အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ကဒါဖီဆီသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုခဲ့သည်။ လစ်ဗျားအကျပ်အတည်းကို ငြိမ်းချမ်းစွာအဖြေရှာရန် ကဒါဖီက မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သလို လစ်ဗျားဆန္ဒပြသူများအား အီတလီအစိုးရက လက်နက်တပ်ဆင်ပေးမှုမရှိဟု ပြောဆိုခဲ့ကြောင်း အီတလီသတင်းဌာနအန်ဆာက ဖော်ပြသည်။ —Ref: AFP


## ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲထားသော အမေရိကန်များကို သတ်ဖြတ်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ – ၂၃**

အိန္ဒိယသမုဒ္ဒရာရေပြင်တွင် ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးသွားသည့် အမေရိကန်ရွက်လှေမှအမေရိကန်နိုင်ငံသားများအား အမေရိကန်စစ်ဘက်က ဝင်ရောက်ကယ်ဆယ်ရန် ကြိုးစားစဉ် အမေရိကန်နိုင်ငံသား လေးဦးနှင့် ဆိုမာလီယာပင်လယ်ဓားပြနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

S/V Quest ရွက်လှေအား ပင်လယ်ဓားပြများက လွန်ခဲ့သော ၃ ရက်က ပြန်ပေးဆွဲသွားချိန်မှစ၍ အမေရိကန် တပ်ဖွဲ့များက အနီးကပ်စောင့်ကြည့်နေခဲ့သည်။ ရွက်လှေပေါ်မှ ပစ်ခတ်သံကြားရပြီးနောက်အမေရိကန်တပ်ဖွဲ့များက ၎င်းရွက်လှေပေါ်သို့တက်ရောက်ခဲ့ရာ အမေရိကန်ခရီးသည်လေးဦးအား ပင်လယ်ဓားပြများက ပစ်ခတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့၏အသက်ရှင်သန်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ဒဏ်ရာများကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးကြေညာချက်ကဖော်ပြသည်။

အမေရိကန်ခရီးသည်များ သေဆုံးခဲ့ခြင်းအတွက် အလွန်အမင်းဝမ်းနည်းကြေကွဲရပါကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေး အကြီးအကဲဗိုလ်ချုပ်ကြီး ဂျိမ်းစ်အင်မက်တစ်ကပြောကြားသည်။



S/V Quest ရွက်လှေပိုင်ရှင်များဖြစ်သည့် ဂျင်နှင့် စကော့အဒမ်တို့သည် အငြိမ်းစားယူထားသူများဖြစ်ပြီး ၎င်းတို့ရွက်လှေဖြင့် ကမ္ဘာပတ်နေသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဂျီဘောက်တီနိုင်ငံသို့ ရွက်လွှင့်နေစဉ် ပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ —Ref: AP

## ဆော်ဒီအာရေးဗီးယားဘုရင်က ကန်ဒေါ်လာ ၃၇ ဘီလီယံ အကူအညီပေးရေး အကျိုးခံစားခွင့်အစီအစဉ်ကို ဖော်ထုတ်

**ရီးယာ့ဒ်၊ ဖေဖော်ဝါရီ – ၂၃**

ဆော်ဒီအာရေးဗီးယားဘုရင် အဗ္ဗဒူလာသည် နိုင်ငံရပ်ခြားတွင် သုံးလအကြာ ဆေးကုသမှု အစီအစဉ်မှ ဖေဖော်ဝါရီ ၂၃ရက်တွင် နိုင်ငံသို့ ပြန်လည်ရောက်လာခဲ့ပြီး ကန်ဒေါ်လာ ၃၇ ဘီလီယံ အကျိုးခံစားခွင့်အစီအစဉ်အား ဖော်ထုတ်ခဲ့ကြောင်းသိရသည်။ ယင်းမှာ အာရပ်ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် ကန့်ကွက်မှုများ နိုင်ငံသို့ကူးစက် မလာစေရန်ကြိုးပမ်းမှုဟု ရိုက်တာ သတင်းကဖော်ပြသည်။



ဆော်ဒီအာရေးဗီးယား ဘုရင်သည် လွန်ခဲ့သည့် နိုဝင်ဘာလကအမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် နောက်ကျောခွဲစိတ်ကုသခံယူခဲ့ပြီး မော်ရိုကိုနိုင်ငံတွင် အနားယူနေခဲ့သည်။

နိုင်ငံသို့ ဘုရင်အဗ္ဗဒူလာ မရောက်လာရှိသေးချိန်မှာပင် နိုင်ငံတော်မီဒီယာမှနေ၍ဝင်ငွေနည်းပါးသူနှင့် အလယ်အလတ်ဝင်ငွေရှိသူများအား အကူအညီပေးရေး အစီအစဉ်ကို ကြေညာခဲ့သည်။ ယင်းအစီအစဉ်တွင် ငွေကြေးဖောင်းပွမှုကို ကာမိစေမည့် လစာတိုးမြှင့်ခြင်းအစီအစဉ်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်နှင့် စျေးနှုန်းသက်သာသည့် မိသားစုအိမ်ရာစီမံကိန်းများလည်း ပါဝင်ကြောင်းသိရသည်။

အာရပ်ကမ္ဘာတွင် ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ခြစားမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများအပေါ် မကျေမနပ်ဆန္ဒပြပွဲများ ဖြစ်ပေါ်လျက်ရှိရာ တူနီးရှားနှင့် အီဂျစ်ခေါင်းဆောင်တို့အား ပြုတ်ကျသွားစေခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံနှင့် ရေလက်ကြားတစ်ခုသာခြားသော ဘာရိန်းနိုင်ငံမှာပင် ကန့်ကွက်ဆန္ဒပြမှုများ ရှိနေပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံတွင်မူ ယင်းအခြေအနေများ မဖြစ်ပေါ်သေးကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ —Ref: Reuters

## ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံ စားနပ်ရိက္ခာအတွက် ပိုမိုယှဉ်ပြိုင်ရမည်

**လန်ဒန်၊ ဖေဖော်ဝါရီ – ၂၁**

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကိုးဘီလီယံအထိရှိလာမည်ဖြစ်ရာ လူအများသည် စားနပ်ရိက္ခာအတွက် ပိုမိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံတွင်ပြုလုပ်သည့် သိပ္ပံကွန်ဖရင့်တစ်ခု၌ပြောကြားလိုက်သည်။ ဖေဖော်ဝါရီ ၂၀ရက်က ပြုလုပ်ခဲ့သည့် ယင်းအမေရိကန်အဆင့်မြင့်သိပ္ပံပညာအသင်း၏ ကွန်ဖရင့်တွင် ကမ္ဘာ့လူဦးရေတိုးလာမှုကြောင့် ဆင်းရဲသောနိုင်ငံများ၌ အစားအစာထုတ်လုပ်မှု ပိုမိုလိုအပ်လာပုံကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးမှုများအရ ကမ္ဘာ့လူဦးရေ အားလုံးအတွက် နှစ်ပေါင်းလေးဆယ်အတွင်း လိုအပ်မည့် ရိက္ခာပမာဏမှာ ယခင်နှစ်ပေါင်း ၈,၀၀၀ အတွင်း ကမ္ဘာပေါ်တွင်ထုတ်လုပ်ခဲ့သမျှ ရိက္ခာပမာဏစုစုပေါင်းနှင့် တူညီနေကြောင်းသိရသည်။ လူဦးရေတိုးနှုန်းမှာ အာဖရိကနှင့် တောင်အာရှနိုင်ငံများတွင် အမြင့်ဆုံးဖြစ်လာနိုင်ပြီး ယင်းနိုင်ငံများတွင် ပြည်သူတို့၏ ဝင်ငွေမှာလည်း လေးဆခန့်ပိုမြင့်တက်လာမည်ဟု မျှော်လင့်ထားသည်။

ကမ္ဘာ့တောရိုင်း တိရစ္ဆာန်ရန်ပုံငွေအဖွဲ့မှ ဂျေဆင်ကလေးကလည်း အေအက်ဖ်ပီသတင်းသို့ "လူပိုများလာမယ်။ ဝင်ငွေပိုများလာမယ်။ စားသုံးမှု ပိုများလာမယ်။ ဒါပေမဲ့ ကမ္ဘာကတော့ ဒီကမ္ဘာပဲ" ဟုပြောသည်။ ဆက်လက်၍ ၎င်းက စားနပ်ရိက္ခာထုတ်လုပ်မှုနည်းလမ်းများကိုပြောင်းလဲရန် အစိုးရများနှင့် သိပ္ပံပညာရှင်များအား တိုက်တွန်းထားသည်။ သို့သော် ကွန်ဖရင့်တွင် အခြားပညာရှင်များက ဖွံ့ဖြိုးဆဲနိုင်ငံ၌ မိသားစုစီမံကိန်းများအတွက် ရန်ပုံငွေပိုထောက်ပံ့ကာ လူဦးရေထိန်းချုပ်ရန် တိုက်တွန်းထားသည်။ —Ref: Dailymail



7DAY NEWS JOURNAL

# International

Vol.9, No.49 • MARCH 3, 2011

## လစ်ဗျား မငြိမ်မသက်မှုကြောင့် တူနီးရှားနှင့် နယ်စပ်တွင် ဒုက္ခသည်များ စုပြုံနေ

**ရက်စ်ဂျဒါး၊ ဖေဖော်ဝါရီ – ၂၈**

လစ်ဗျားနှင့် တူနီးရှားနိုင်ငံနယ်စပ်တွင် လစ်ဗျားနိုင်ငံ၌ ဖြစ်ပေါ်နေသည့် မငြိမ်မသက်မှုများကြောင့် တိမ်းရှောင်ထွက်ပြေးလာသည့် ဒုက္ခသည်များနှင့် ပြည့်နှက်နေကြောင်း၊ ဒုက္ခသည် အများစုမှာ အီဂျစ်နိုင်ငံမှရွှေ့ပြောင်းလုပ်သားများဖြစ်ကြောင်း အကူအညီပေးရေးလုပ်သားများက ပြောသည်။



နယ်စပ်၌ အီဂျစ်လူမျိုး နှစ်သောင်းခန့်သောင်တင်နေပြီး ၎င်းတို့တွင် စားစရာနှင့် နေစရာများ လိုအပ်နေကြောင်း၊ အများစုမှာ အအေးဒဏ်ကို အန်တုရ၍ ကွင်းပြင်များမှာပင် အိပ်စက်နေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်အရာရှိတစ်ဦးက ဘီဘီစီသတင်းဌာနအား ပြောကြားသည်။ အချို့ဒုက္ခသည်များက ကန့်ကွက်မှုများ ပြုလုပ်နေကြကြောင်းလည်း သိရသည်။

မငြိမ်မသက်မှုများကြောင့် လစ်ဗျားနိုင်ငံမှ ထွက်ပြေးလာသည့်ဒုက္ခသည်ပေါင်း တစ်သိန်းခန့်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

နယ်စပ်သို့ အီဂျစ်အလုပ်သမားများ အုံနှင့်ကျင်းနှင့် ထွက်ပြေးမှုမှာ လွန်ခဲ့သည့် လေးရက်ခန့်ကပင် စတင်ဖြစ်ပေါ်ခဲ့ပြီး နေ့စဉ်ပိုမိုများပြားလာကြောင်း ရက်စ်ဂျဒါနယ်စပ်မှ ဘီဘီစီသတင်းထောက်က ပြောကြားသည်။

လူအမြောက်အမြား ဝင်ရောက်လာမှုကို တူနီးရှားအာဏာပိုင်များကလည်း ကိုင်တွယ်နိုင်စွမ်းမရှိတော့ကြောင်း ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီ၏ အရာရှိ လစ်အိုင်စတာက ဘီဘီစီသတင်းဌာနအား ပြောကြားသည်။

တူနီးရှားနိုင်ငံသို့ဝင်ရောက်လာသူများအား အာဏာပိုင်များက ကျောင်းများ၊ အိမ်များ၊ နားခိုရာနေရာများတွင် နေရာချထားပေးနေသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီပံ့ပိုးရန်လိုအပ်နေကြောင်း ကုလအရာရှိက ဆက်လက်ပြောကြားသည်။

*—Ref: BBC*

## တူနီးရှားဝန်ကြီးချုပ် နုတ်ထွက်

**တူးနစ်၊ ဖေဖော်ဝါရီ – ၂၈**

ကြားဖြတ်အစိုးရအဖွဲ့မှ ဝန်ကြီးအချို့အား ဖယ်ရှားပေးရေး တောင်းဆိုသည့် ကန့်ကွက်ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား ရင်ဆိုင်တိုက်ခိုက်မှုများ ရှိနေချိန်မှာပင် ရာထူးမှ နုတ်ထွက်ကြောင်း တူနီးရှားဝန်ကြီးချုပ် မိုဟာမက်ဂန်နော့ချီက ပြောကြားသည်။

ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မိမိ၏တာဝန်ဝတ္တရားများမှ ထွက်ပြေးခြင်းမဟုတ်ဘဲ ဝန်ကြီးချုပ်သစ်အတွက် လမ်းဖွင့်ပေးခြင်းဖြစ်ကြောင်း တူနီးရှားဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ၎င်း၏ နုတ်ထွက်မှုသည် တူနီးရှားနိုင်ငံ၊ တော်လှန်ရေးနှင့် တူနီးရှားနိုင်ငံ၏ အနာဂတ်အတွက် အကျိုးပြုနိုင်ကြောင်း ဂန်နော့ချီက ပြောသည်။

ယင်းမတိုင်မီတစ်ရက်က ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား ရင်ဆိုင်မှုများကြောင့် လူသုံးဦးသေဆုံးခဲ့သည်။ တူနီးရှားနိုင်ငံတွင် ဆန္ဒပြမှုများကြောင့် ဇန်နဝါရီလ ၁၄ ရက်က သမ္မတဖိုင်အဘီဒင်းဘင်အလီအစိုးရ ပြုတ်ကျခဲ့ပြီးနောက် အခြားအာရပ်နိုင်ငံများတွင်လည်း လူထုအုံကြွမှုများဖြစ်ပေါ်လာခဲ့သည်။

ဖေဖော်ဝါရီလ ၂၅ ရက်တွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်စေခြင်းအတွက် လုံခြုံရေးတပ်ဖွဲ့များက လူပေါင်း ၈၈ ဦးကို ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်း လူပေါင်း ၁၀၀ ကျော်အား ဖမ်းဆီးခဲ့သည်။

ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြမှုများကြားတွင် ဝင်ရောက်၍ သပ်လျှိုလှုံ့ဆော်ပေးနေသူများရှိနေခြင်းကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြစ်တင်ပြောကြားသည်။

*—Ref: AFP*

## ၈၃ ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် The King's Speech ဇာတ်ကား အောင်ပွဲခံ



The King's Speech ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုရ Tom Hopper



The Fighter ဇာတ်ကားအတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ Christian Bale၊ Black Swan ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရ Natalie Portman ၊ The Fighter ဇာတ်ကားမှပင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ Melissa Leo နှင့် The King's Speech ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရရှိသူ Colin Firth တို့အား ဟောလိဝုဒ် Kodak ကဇာတ်ရုံ၏ စာနယ်ဇင်းခန်းမတွင်တွေ့ရစဉ်




အကောင်းဆုံးဇာတ်ကားဆုရ The King's Speech ဇာတ်ကား ပိုစတာ

